www.burmeseclassic.com

# မြန်မာ့ကျေးလက်ဟာသများ(၁)

တွင်းကြီးသားတင်ဝင်းဦး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၃၅၁၁၂၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၁၃၁၈၁၂၁၀

■

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၁၁၊ ဇန်နဝါရီလ၊ အုပ်ရေ ၁၀၀၀

■

ပုံနှိပ်သူ
ဒေါ်ကျင်ယုံ (မြ-၀၅၃၃၂)
ကောင်းစံပုံနှိပ်တိုက်၊ ၂၇၉၊ လမ်း ၄၀
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးလှတိုး (မြ-၀၃၇၇၂)၊ ရန်အောင်စာပေ

■

အတွင်းဖလင် - A-7
ကွန်ပျူတာစာစီ - ကိုနေလင်း
မျက်နှာဖုံးဒီဇိုင်း - မောင်မောင်တိုး
တန်ဖိုး - ၁၂၀၀ ကျပ်

၈၀၈.၈၇
တင်ဝင်းဦး၊ တွင်းကြီးသား
မြန်မာ့ကျေးလက်ဟာသများ-၁/တွင်းကြီးသားတင်ဝင်းဦး။-ရန်ကုန်။
ရန်အောင်စာပေ၊ ၂၀၁၀။
၂၀၅ - စ၊ ၁၈.၅x၁၂ စင်တီ။
(၁) မြန်မာ့ကျေးလက်ဟာသများ-၁

BURMESE CLASSIC .com

## မာတိကာ

၁။ မမရေ သတိထား ၇
၂။ လွယ်ရင် သူကြွယ်တောင် စိတ်မချရပါကလား ၁၃
၃။ ငါပြောသားပဲ ၁၆
၄။ ကြောက်ပါတယ်ဆိုမှ ၂၀
၅။ ကျုပ်အရင်ဝင် သူ့အရင်ဝင် ၂၃
၆။ အဲဒီအခါကျရင် ချမ်မယ် ၂၈
၇။ ချိန်ခွင် အကိုင်ကျွမ်းသူ ၃၂
၈။ သူတို့ရဲ့ နစ်ပါးသွား ၃၆
၉။ လင်ကံ မကောင်းဘူး ၄၀
၁၀။ လင်ဖြစ်သူ ကိုအေးလှရဲ့ ညည်းချင်း ၄၃
၁၁။ သေတော့မှာပဲ ၄၈
၁၂။ အားလုံးတို့... ၅၁
၁၃။ ဘယ်သူနဲ့ မွေးတာလဲကွ ၅၅
၁၄။ ပင်ပန်းလိုက်တာဗျာ ၅၉
၁၅။ ကောက်သင်းကောက်တွေရဲ့စကား ၆၂
၁၆။ ငိုခဲ့ရတဲ့နေ့ ၆၆
၁၇။ ကံတင့် နေမကောင်းတဲ့ဆီက ပြန်လာတာ ၆၉
၁၈။ ကပ်သောက်ချင်ဦး ၇၃
၁၉။ ကျုပ်ဟာ ဘယ်ဟာတုန်း ၇၆
၂၀။ အဖေလာရင်တော့ ၇၉
၂၁။ အမည်ပေးကောင်းလွန်းလို့ ၈၂
၂၂။ အမေလိုက်ခဲ့မယ်ကွယ် ၈၆
၂၃။ အဆင်ပြေအောင်လုပ်ပေးမယ် ၈၉
၂၄။ ချိုသွေးတဲ့ဥက္ကဋ္ဌကြီး ၉၃
၂၅။ ချဉ်ပေါင်ရှက်ဝယ်မယ် ၉၆
၂၆။ ဖုန်းဆက်တဲ့အဖေ ၉၉
၂၇။ ချစ်လိုက်ကြစို့ကွယ် နမရယ် ၁၀၁
၂၈။ နင့်ယောက်ျားကတော့လေ ၁၀၄

www.burmeseclassic.com

www.burmeseclassic.com


၂၉။ အပျိုကြီး ဆီးပေါက်သလို ၁၀၈
၃၀။ ဘာအသံလဲဟ ၁၁၂
၃၁။ ယာတဲမှရွာထဲ ရေးလိုက်တဲ့စာ ၁၁၇
၃၂။ ဒါတော့ မိုသွားပြီကွာ ၁၂၂
၃၃။ အဖေတို့ပေးမယ့်ပစ္စည်းတွေ ၁၂၆
၃၄။ အမည်တွင်ခဲ့ပုံက ၁၃၀
၃၅။ သွားပြမယ်ကွာ ၁၃၄
၃၆။ မခပ်သေးဘူး ၁၃၈
၃၇။ တော်ပါသေးရဲ့ ၁၄၁
၃၈။ ဘယ်လိုတော်သလဲ ၁၄၂
၃၉။ တာတီးရဲ့စကား ၁၄၆
၄၀။ ပိုင်ပါတယ်ကွာ ၁၅၀
၄၁။ လွှဲရစေသား ဆုတောင်းသွားမယ် ၁၅၄
၄၂။ ကောင်းတယ် ကောင်းတယ် ၁၅၇
၄၃။ ရောဂါပျောက်သွားပြီ ၁၅၈
၄၄။ တော်စမ်းပါကွာ ၁၆၁
၄၅။ အမြင်မကျယ်သူ ၁၆၄
၄၆။ ပြနေတဲ့ ဆပ်ကပ်ထဲမှာ ၁၆၆
၄၇။ ကိုဖိုးကြွား ၁၆၉
၄၈။ အတော်မိုက်တဲ့ကောင် ၁၇၁
၄၉။ လူကပ်လုညည်သမားနှင့် အချောင်သမား ၁၇၅
၅၀။ နမူနာ ၁၇၈
၅၁။ ကူညီကြပါဗျာ ၁၈၂
၅၂။ ဟုတ်တယ် ဘယ်ခွေးကရယ်လို့လဲ ၁၈၆
၅၃။ သိပြီလား ၁၈၇
၅၄။ ရှင့်အမည် ဘယ်သူလဲ ၁၉၁
၅၅။ အဲဒါချကွာ ၁၉၅
၅၆။ မှတ်ချက်ပေးလိုက်သည် ၁၉၆
၅၇။ အလှူငွေ ထည့်ဝင်လိုက်တာက ၁၉၉
၅၈။ ရေးတဲ့အတိုင်း ရယ်လိုက်တယ် ၂၀၂


## မမရေ သတိထား

တစ်ခါက အထက်အညာအရပ်က ရွာတစ်ရွာမှာ မောင်အေးဆိုတဲ့ ကာလသားတစ်ယောက် ရှိသတဲ့။ အဲဒီ မောင်အေးရဲ့ မိဘတွေက တောင်သူ တစ်ရှဉ်းလုပ်ရတဲ့ လယ်ယာမြေအချို့ ရှိခဲ့သတဲ့။ အဲဒီတော့ အဲဒီရွာမှာ မောင်အေးတို့ မိဘတွေက လူချမ်းသာတောင်သူစာရင်းထဲ ပါတဲ့သူတွေ ဖြစ်သတဲ့။ ဒါပေမယ့် မောင်အေးဟာ ကျောင်းပညာကို လေးတန်းအထိ လောက်သာ သင်ယူခဲ့ရတဲ့သူဖြစ်တယ်။ တောင်သူလုပ်ငန်းကိုပဲ လုပ်ကိုင်ခဲ့ ရတဲ့သူဖြစ်ခဲ့ပြီး ရိုးသားတဲ့လူ၊ နုတဲ့ အတဲ့လူငယ်လည်း ဖြစ်သတဲ့။ ပြီးတော့ မောင်အေးဟာ တစ်ဦးတည်းသောသားသာ ဖြစ်သတဲ့ကွယ်။

အဲဒီ မောင်အေးဟာ ရွာထဲက မြတင်ဆိုတဲ့ ကောင်မလေးကို လိုချင်တဲ့သူ ဖြစ်သတဲ့။

''မောင်အေး''

''ဗျာ...''

''မြတင်က တကယ်ချောတယ်နော်''

''အပါး-- လောကမှာ အမှန်ဆုံးစကားပဲဗျာ''

''မြတင်ရဲ့ ကိုယ်လုံးကိုယ်ပေါက်က တကယ်ညီညာတယ်နော်။ တောင့်လို့ ဖြောင့်လို့''

www.burmeseclassic.com

www.burmeseclassic.com



"အဟီးဟီး- ရေမြင်းလို တစ်ပြေးညီတဲ့ ခန္ဓာကိုယ်ဗျ"

ရွာထဲက ကာလသားတွေက မောင်အေးဟာ မြတင်ကို လိုချင်မှန်းသိတော့ အဲသလို စကြပြောင်ကြ နောက်ကြသတဲ့။ မောင်အေးကလည်း မြတင်ဆိုတဲ့အမည် ကြားရပြီဆိုရင် ထမင်းမေ့ဟင်းမေ့ အလုပ်အကိုင်တောင်မေ့တဲ့အထိပဲတဲ့။ မောင်အေးရဲ့မိဘတွေက မြတင်ဆိုတဲ့ကောင်မလေးကို ကြိုက်နေတာကို ရိပ်မိကြသတဲ့။ ဒါပေမယ့် သားဖြစ်သူကို မြတင်နဲ့ သဘောတူနေလေတော့ ခွင့်လွှတ်ထားကြသတဲ့။

အဲ-ဒါပေမယ့် သားဖြစ်သူ မောင်အေးကသာ တစ်ဖက်သီးလည်ပြီး ကြိုင်နေတာ၊ မြတင်က ပြန်ကြိုက် မကြိုက် မသိကြသေးဘူးပေါ့။ အဲဒါနဲ့ မိဘတွေက မြတင်ရော မြတင်ရဲ့မိဘတွေကိုပါ ရင်းနှီးအောင်လုပ်နေကြပြီး စကားဦးသမ်းနေရသတဲ့။

"ကျုပ်တို့သားကတော့ ရှာမှရှားပဲ တော်ရေ။ တောင်သူလုပ်ငန်းကလွဲပြီး ဘာမှ စိတ်ဝင်စားတာမဟုတ်ဘူး"

"အရက်၊ ထန်းရည်နဲ့ လောင်းကစားဆိုတာ ဝေလာဝေး၊ ဆေးလိပ်ကွမ်းတောင်မစားဘူး၊ မသောက်ဘူး။ အဲလောက်အထိ သိတတ်တာ"

"ကျုပ်တို့သားက ဘုရားပေးတဲ့သားပါပဲတော်။ တကယ့်ကို လိမ္မာတဲ့ကလေးတော့"

မောင်အေးရဲ့ မိဘတွေခမျာ မြတင်ရဲ့မိဘတွေကို အဲသလိုစကားဦးသမ်းရင်းနဲ့ ကိုယ့်ဘက်ပါအောင်၊ သဘောတူချင်အောင် ရေလာမြောင်းပေးလုပ်ရုံမက ဆည်မြောင်းပါ တူးနေရတဲ့အထိပေါ့။ အဲ- မြတင်တို့ဟာ တောင်သူတစ်ရှဉ်းလုပ်ရတဲ့ လယ်ယာမြေတွေရှိပြီး သားသမီးနှစ်ယောက်ပဲရှိသတဲ့။ မြတင်ဆိုတဲ့ အပျိုလေးက အကြီးဆုံးဖြစ်ပြီး ဆယ်နှစ်ကျော်ကျော်ရှိတဲ့ မောင်ဝင်းဆိုတဲ့ ကောင်လေးက အငယ်ဆုံးဖြစ်သတဲ့။

"မောင်အေးရေ..."

"ဗျာ..."

"မြတင်ကို လိုချင်သလားဟေ့"

BURMESE CLASSIC .com



"အရှင်ရရ၊ အသက်မသေဘဲရရ ရရင်လိုချင်တာပေါ့ဗျာ"

"ဒါဆိုရင် အောင်သွယ်ရှာရတယ်ကွ"

"ဘယ်သူ့ကို အောင်သွယ်ထားရမလဲဗျာ။ အကြံပေးပါဦး"

အဲဒါနဲ့ ရွာထဲကကာလသားတွေက အကြံပေးသတဲ့။ အဲဒီအကြံက အခြားမဟုတ်ဘူး။ မြတင်ရဲ့ မောင်အငယ်ဆုံးဖြစ်တဲ့ မောင်ဝင်းကို ပစ်မှတ်ထားခိုင်းသတဲ့။

"မှတ်ထားမောင်အေး... မြတင်နဲ့ အနီးဆုံးလူဖြစ်တဲ့ မောင်ဝင်းဆိုတဲ့ ကောင်လေးကို ခင်အောင်ပေါင်း၊ ကောင်လေးကို လိုချင်တာဝယ်ပေး။ စားချင်တာ ဝယ်ကျွေးရတယ်ကွ"

"စိတ်ချ... နွားတစ်ကောင်ဖိုး ကုန်ချင်ကုန်ပစေ၊ မြတင်ကိုရရင်ပြီးရော..."

အဲဒီနောက်မှာတော့ မောင်အေးဟာ မောင်ဝင်းအကြိုက် အကုန်ဝယ်ပေး၊ အားလုံးဝယ်ကျွေးခဲ့ရှာသတဲ့။

အဲဒါနဲ့ မောင်အေးနဲ့မောင်ဝင်းဟာ အလွန်ခင်သွားခဲ့သတဲ့။ ခင်မင်သွားပြီးတဲ့နောက်မှာတော့ မောင်အေးက မောင်ဝင်းကို အကူအညီတောင်းခဲ့သတဲ့။

"မောင်ဝင်း ညီလေး"

"ဗျာ..."

"မင်းကို အကူအညီတောင်းချင်လို့ကွ"

"ပြော..."

"ဟို- မင့်မမ မြတင်ကိုသိလား"

"ဟာဗျာ ကိုအေးကလဲ၊ ကျုပ်မမပဲ မသိဘဲနေမလား။ ကျုပ်နဲ့ မမနဲ့ အတူတူအိပ်ရတာဗျ။ အဖေနဲ့အမေက ကျုပ်ကို သူတို့နဲ့မသိပ်ဘူး။ ကျုပ် နှစ်နှစ်သားကတည်းက ခွဲသိပ်ထားတာ၊ ဘာပြုလို့လဲ မသိဘူး"

"အေး၊ အဲဒါတွေ နောက် ငါနဲ့ မင့်မမတင်ရမှ ရှင်းပြမယ်။ အခု ဒီစာကို မင့်မမတင်ဆီ ပို့ပေးစမ်း"

www.burmeseclassic.com

www.burmeseclassic.com



"ဘာစာလဲဗျာ"

"ရည်းစားစာလေ"

"အဟား··· ရတယ် ရတယ်။ ကျုပ်ကို မုန့်ဖိုးပေးရမယ်နော်"

"အများကြီး ပေးမယ်။ မလိုချင်လောက်အောင်ကို ပေးမယ်"

အဲသလိုနဲ့ မောင်ဝင်းဟာ မြတင်ကို စာပေးခဲ့သတဲ့။ မောင်ဝင်းက လူပါးဆိုတော့ ညအိပ်ရာဝင်ကြပြီဆိုမှ···

"မမမြတင်"

"ဟင်··· ဘာလဲကွယ်"

"ရော့···"

အဲသလိုပြောပြီး စာပေးခဲ့သတဲ့။ အဲသလိုနဲ့ မောင်အေးဟာ မောင်ဝင်းကို ပေးကျွေးပြီး စာပေးခဲ့တာ၊ အစောင်ရေ လေးရာကျော်ပြီးတဲ့နောက်မှာတော့ မြတင်ဆီက ချစ်ပါတယ်ဆိုတဲ့ပြန်စာ ရခဲ့သတဲ့။ အဲဒီပြန်စာရတဲ့နေ့က မောင်ဝင်းကို အထူးစပါယ်ရှယ် ကျွေးခဲ့သတဲ့။ တစ်ရက်မှာ မောင်အေးနဲ့ မောင်ဝင်းကို တွေ့ကြသတဲ့။ မောင်ဝင်းက မောင်အေးကို မေးတယ်။

"ကိုမောင်အေး"

"အေး···"

"ကျုပ် မမမြတင်နဲ့ရရင် ဘာလုပ်မှာလဲဟင်"

"ဟာကွာ ယောက်ဖကလဲ၊ မင့်မမကို ကြံရည်ကြိတ်သလို ဖျစ်ဖျစ်မြည်အောင် ပွေ့ဖက်ပြီး ပါးကို နမ်းပစ်လိုက်မယ်။ ပြီးတော့···"

"တော်ပါတော့ဗျာ၊ ကျုပ် ရှက်တယ်"

အဲဒီနောက်မှာတော့ မောင်အေးက မောင်ဝင်းရဲ့အကူအညီနဲ့ ရွာအောက ပြောင်းခင်းစပ်မှာ ချိန်းတွေ့ကြသတဲ့။ အဲသလို ချိန်းတွေ့မယ်လုပ်တော့ မောင်ဝင်းက မောင်အေးကို ပြောတယ်။

"ကိုမောင်အေး"

"ဘာလဲကွ"



"မမနဲ့တွေ့ရင် ကြံရည်ကြိတ်သလို မလုပ်ရဘူးနော်"

"စိတ်ချပါ။ အဲဒီထက် ဆိုးစေရမယ်"

အဲသလိုနဲ့ ပြောင်းခင်းအစပ်မှာ ချိန်းတွေ့ကြတော့ မောင်ဝင်းက အပင်ပေါ်ကိုတက်ပြီး ချောင်းကြည့်သတဲ့။ မောင်အေးနဲ့ မြခင်ဟာ တစ်ယောက်နဲ့တစ်ယောက် ဝါးတစ်ပြန်လောက်မှာ ထိုင်ပြီးနေကြတယ်။ မြတင်က···

"ပြောစရာရှိတာပြောလေ ကိုမောင်အေး"

"ဟို··· နင် ထမင်းစားပြီးလား"

"ဘာဆိုင်လဲ"

"နွားတွေရော ကျွေးခဲ့ပြီးပြီလား"

"ဒါလည်း ဘာမှ မဆိုင်ဘူး"

အဲဒီနောက်မှာတော့ မြတင်က စိတ်ဆိုးပြီး ပြန်သွားခဲ့သတဲ့။ အဲသလို မြတင်ပြန်သွားတော့ မောင်အေးခမျာ ရှက်လည်းရှက်၊ သူ့ကိုယ်သူလည်း အားမရဘဲ ဒေါသဖြစ်နေခဲ့တော့တာပေါ့။

"တောက်··· ငါ့နှယ် ညံ့လိုက်တာ၊ အလိုက် နလိုက်တာ။ ဟဲ့- မောင်အေး လူနလူအကြီးရဲ့။ မြမြက ပြောပါဆိုတာ မပြောရဲတဲ့အကောင်။ မြမြရဲ့ ပါးလေးတွေ၊ လက်လေးတွေကိုတောင် မထိရမကိုင်ရ လိုက်ရတဲ့အကောင်။ ဘာအသုံးကျလို့လဲ။ အေး- နောက်တစ်ခါတွေ့ရင်တော့···"

အဲသလို တစ်ဦးတည်းပြောရင်း မြတင် ပြန်သွားရာလမ်းဆီကြည့်ဆဲမှာပဲ ကျွဲချေးပုံတစ်ပုံကို နင်းမိပြီး လဲကျသွားသတဲ့။ အဲသလို လဲအကျမှာ မောင်အေးခမျာ ဘေးမှာရှိတဲ့ ကျွဲချေးပုံထဲ ကျွမ်းစိုက်ပြီး ကျသွားသတဲ့။

အဲသလို မောင်အေးပြောတာ၊ မောင်အေး ကျွဲချေးပုံထဲ ကျသွားတာကို သစ်ပင်ပေါ်က မောင်ဝင်း မြင်သတဲ့။ ညနေရောက်တော့ ထမင်းဝိုင်းမှာ မောင်ဝင်းရယ်၊ မြတင်ရယ်၊ မိဘနှစ်ပါးရယ်ထိုင်ပြီး ထမင်းစားတဲ့အချိန်မှာ မောင်ဝင်းက မြတင်ကို···

www.burmeseclassic.com

www.burmeseclassic.com



"မမ"

"ဘာလဲ ဟဲ့"

"မမကို ကြိုပြီး ပြောထားရဦးမယ်"

"အံမယ်… ဘာလဲပြောစမ်းပါဦး"

အဲဒီအချိန် မောင်ဝင်းစကားကြောင့် မြတင်ခမျာ မျက်လုံးပြူးသွားပြီး ဖခင်ဖြစ်သူနဲ့ မိခင်ဖြစ်သူမှာလည်း ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်သွားသတဲ့။

မောင်ဖြစ်သူရဲ့ စကားက

"ဒီတစ်ခါ ကိုမောင်အေးနဲ့တွေ့ရင် ဒီကနေ့တွေ့သလို အဝေးကြီးကပဲတွေ့နော်။ ကိုမောင်အေးလေ ဘာတွေမကျေနပ်တယ် မသိဘူး၊ ကျွဲချေးပုံထဲ ချိုးသွေးနေတယ်ဗျ။ သတိထား"

အဲဒီအဖြစ်၊ အဲဒီစကားက အဲဒီရွာမှာ ရာဇဝင်တွင်သွားပြီး ကြားရသူတွေအားလုံး မရယ်ဘဲ မနေနိုင်ကြဘူးတဲ့။ တဟားဟား တဝါးဝါးပေါ့။

BURMESE CLASSIC .com

## လွယ်ရင် သူကြွယ်တောင် စိတ်မချရပါကလား

တစ်ခါက အထက်အညာရပ်က ရွာတစ်ရွာမှာ ငွေကြေးချမ်းသာတဲ့ ဦးဘကြွယ်-ဒေါ်လှတင့် ဆိုတဲ့ လင်မယားရှိသတဲ့။ အဲဒီ ဦးဘကြွယ်တို့ လင်မယားမှာ အိမ်ထောင်ကျသွားတဲ့ သားသမီးသုံးယောက်နဲ့ အိမ်ထောင်မကျသေးတဲ့ သားနှစ်ယောက်၊ စုစုပေါင်း သားသမီးငါးယောက် ရှိတဲ့ မိသားစု ဖြစ်သတဲ့။

ဦးဘကြွယ်တို့ဟာ ချမ်းသာကြတယ်။ ရွှေပေါင်ငွေတိုးပေးစားတဲ့အပြင် တောင်သူနှစ်ရှည်းလုပ်ရတဲ့သူတွေ ဖြစ်သတဲ့။ ရွာထဲက အချို့လူတွေဆိုရင် ဦးဘကြွယ်တို့ဆီက သီးနှံတွေ ချေးကြ၊ ငွေချေးကြနဲ့ဆိုတော့ ကင်းကွာလို့မရတဲ့သူတွေ ရှိသတဲ့။

ဦးဘကြွယ်တို့လင်မယားဟာ အသက်(၇၅)နှစ်ကျော်နေကြပြီး လူပျိုသားနှစ်ယောက်ကို တောင်သူလုပ်ငန်း လုပ်နိုင်းထားရသတဲ့။ ဦးဘကြွယ်ကတော့ အိမ်မှာထိုင်ရပ်သဘောမျိုးနဲ့ တောင်သူလုပ်ငန်းကို စီမံပေးရုံသက်သက်ပဲ နေရတော့သတဲ့။ ဒေါ်လှတင်ကတော့ ပစ္စည်းအပေါင်၊ ပစ္စည်းလာရွေးရင် ငွေလက်ခံ၊ အတိုးတွက်ယူတဲ့ အလုပ်ကိုပဲ လုပ်ကိုင်နေရသူပဲ ဖြစ်တယ်။

တစ်ရက်တော့ ရွာထဲက ကိုဘမှိုဆိုတဲ့ ဆင်းရဲတဲ့လူတစ်ဦးဟာ

www.burmeseclassic.com

www.burmeseclassic.com



မိန်းမဖြစ်သူ မြကျင်ဝတ်တဲ့ မိုးကြိုးနားဆွဲ လာပေါင်သတဲ့။

"ဒေါ်လှတင်… ကျုပ်မိန်းမဝတ်တဲ့ မိုးကြိုးနားဆွဲလေး ပေါင်ချင်လို့"

"ရတယ်လေ"

အဲသလိုပြောပြီး ကိုဘမိုတောင်းတဲ့အတိုင်း ငွေပေးလိုက်သတဲ့။ အဲသလိုနဲ့ ကိုဘမိုဟာ မိုးကြိုးနားဆွဲလေးကို ဆီဖိုးဆားဖိုးနဲ့ ပေါင်ခဲ့တာ သုံးလကျော် ကြာခဲ့သတဲ့။ အဲဒီအထည်ကို မရွေးနိုင်ရှာဘူး။ မရွေးနိုင်ပေမယ့် မလှတင်ဟာ ဘာမှ မပြောခဲ့ဘူး။ အဲဒီအချိန်မှာ ကိုဘမိုဟာ တစ်ရွာကိုသွားပြီး အလုပ်လုပ်ရှာရသတဲ့။ အဲဒီတော့ အိမ်မှာ မမြကျင်နဲ့ ကလေးနှစ်ဦးသာ ကျန်ခဲ့တော့တာပေါ့။

တကယ်တော့ မြကျင်ဟာ အသက်သုံးဆယ်ကျော်ရုံပဲ ရှိတယ်။ အသားအရေ အရပ်အမောင်းက သင့်တင့်တယ်။ ရုပ်ရည်က ရွှက်ကြမ်းရေကျိုသဘောမျိုး။ တောအရပ်တောဓလေ့အရ မဆိုးတဲ့ရုပ်ရှည်နဲ့ပေါ့။

အဲသလိုနဲ့ တစ်ရက်မှာတော့ မြကျင်ဟာငိုယိုပြီး ရောက်လာသတဲ့။ ဥက္ကဋ္ဌက…

"ဘာကိစ္စလဲ မြကျင်"

မြကျင်က လာရင်းကိစ္စကို ပြောလိုက်တော့ ကျေးရွာတာဝန်ရှိသူတွေ အံ့သြသွားကြသတဲ့။

"ဟုတ်ပါတယ် ဥက္ကဋ္ဌကြီးရယ်။ အဲဒါ မနေ့ညက ဦးဘကြွယ်အိမ်ကို ရောက်လာပြီး ကျုပ်ကို မတော်မတရား… အဟင့်-အဟင့်-ဟင်း…အီး-အီး-အီး"

မြကျင်ဟာ ပြောရင်း ငိုခဲ့သတဲ့။ အဲဒီတော့ ဒီအမှုဟာ ပေါ့သေးသေးအမှု မဟုတ်ဘူးဆိုတာ သိရတော့ ဦးဘကြွယ်ကို ရုံးကို ဆင့်ခေါ်လိုက်သတဲ့။ ဦးဘကြွယ် ရုံးကိုရောက်တော့ တာဝန်ရှိသူတစ်ဦးက…

"ကဲ- ဦးဘကြွယ်၊ ခင်ဗျားကို မြကျင်က တိုင်ထားတယ်။ မနေ့ညက သူအိပ်တဲ့နေရာမှာ ခင်ဗျားက ဝင်ပြီး မတော်မတရား ကြံတယ်ဆို"



အဲသလိုမေးတော့ ဦးဘကြွယ်က မဟုတ်ဘူးလို့ ဝန်မခံပါဘူးတဲ့။ တကယ်လည်း ဟုတ်နေတာဆိုတော့…

"ဟုတ်ပါတယ်၊ စိတ်မထိန်းနိုင်ဖြစ်ပြီး စော်ကားမိပါတယ်ကွယ်"

အဲသလိုဝန်ခံအပြီး တာဝန်ရှိသူက မြကျင်ကို မေးလိုက်သတဲ့။

"နေပါဦး၊ မြကျင်က ဘယ်မှာ အိပ်တာလဲ"

မြကျင်က ဖြေတယ်။

"မြကျင်က အိမ်ပေါက်ဝမှာ ပက်လက်ကြီး အိပ်ပျော်သွားတာပါရှင်"

အဲသလို မြကျင်ဖြေအပြီး တာဝန်ရှိသူတစ်ဦး ပြောလိုက်တဲ့စကားကြောင့် ကြားရသူတွေ မအောင့်အီးနိုင်ဘဲ ချုံးပွဲချ ရယ်မောမိကြသတဲ့။

အဲဒီစကားက…

"အမလေး… တပ်လမ်းအိပ်တာကို။ အင်း… လွယ်ရင် သူကြွယ်တောင် စိတ်မချရဘူးဆိုတာ ဒါမျိုးခေါ်တာကိုး"

အဲဒီအဖြစ် အဲဒီစကားက ရာဇဝင်တွင်သွားတော့သတဲ့။ နောက်တော့ အဲဒီရွာမှာ ပြောစမှတ်ပြုကြတဲ့ စကားတစ်ခွန်း တွင်သွားသတဲ့။

လုံလုံခြုံခြုံရှိတဲ့နေရာ အိပ်ကြဟော့…။

သူကြွယ်ကြီးနဲ့ တွေ့မယ်…။

အဲဒီစကားပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## ငါပြောသားပဲ

တစ်ခါက အထက်အညာအရပ်မှာရှိတဲ့ ရွာတစ်ရွာမှာ မကျင်အေး ဆိုတဲ့ မိန်းမတစ်ယောက် ရှိသတဲ့။ အဲဒီ မကျင်အေးဟာ အသက်(၃၅)နှစ် ဝန်းကျင်မှာရှိပြီး ရုပ်ရည်က အလွန်ချောမောတဲ့ မိန်းမတစ်ဦး ဖြစ်သတဲ့။ အဲဒီ မကျင်အေးဟာ အသားဖြူတယ်။ အရပ်အမောင်းကောင်းပြီး မျက်နှာ ဝိုင်းတယ်။ မျက်လုံးမျက်ခုံးနဲ့ နှာတံ၊ နှုတ်ခမ်းနှစ်လွှာကအစ အပြစ်မရှိ အောင်ချောတဲ့သူ ဖြစ်သတဲ့။

အဲဒီ မကျင်အေးဟာ အဲသလိုချော၊ အဲသလို လှပေမယ့် အိမ်ထောင် နှစ်ဆက်ကျထားတဲ့ လင်ရှိမုဆိုးမတစ်ဦးဖြစ်တယ်။ ဘာပြုလို့ အဲသလို ခေါ်ရသလဲဆိုရင် ပထမလင်တုန်းကလည်း မကျင်အေးကို ပစ်သွားပြီး ဒုတိယလင်ဖြစ်သူဟာလည်း မကျင်အေးကို ပစ်ထားခဲ့လို့ပဲ ဖြစ်သတဲ့။ မကျင်အေးဟာ လင်နှစ်ယောက်ရခဲ့ပေမယ့် သားသမီးမရှိတဲ့သူ ဖြစ်သတဲ့ ကွယ်။

အဲဒီတော့ မကျင်အေးဟာ အဲဒီရွာမှာ အချောဆိုလည်း နာမည်ရ၊ လင်ယူတာ လင်ကွဲတာလည်း နာမည်ကြီးတဲ့အပြင် စီးပွားရေးလုပ်ရာမှာ လည်း သွက်လက်ချက်ချာတဲ့သူ၊ အရောင်းအဝယ်မှာလည်း နာမည်ကြီးတဲ့သူ ဖြစ်နေသတဲ့။ တကယ်တော့ မကျင်အေးဟာ မွေးချင်းမောင်နှမ မရှိဘူးတဲ့။



မကျင်အေးရဲ့အဖေဟာ မြန်မာလူမျိုးဖြစ်ပြီး မကျင်အေးရဲ့မိခင် ဖြစ်သူဟာ တရုတ်အမျိုးသမီး ဖြစ်သတဲ့။ သူတို့လင်မယားညားအပြီး မကျင်အေးကို ကိုယ်ဝန်ဆောင်ခဲ့ရတယ်။ အဲဒီအချိန် ဖခင်ဖြစ်သူဆုံးပါးခဲ့ပြီး တရုတ်မခများ မကျင်အေးကိုလွယ်ရင်း အဲဒီရွာမှာ နေခဲ့ရတော့တာပေါ့။

လင်ဘက်ကလည်း အကူအညီမရ၊ သူတို့ဘက်ကလည်း အကူ အညီမရတဲ့ မိခင်ဖြစ်သူဟာ မကျင်အေးကို မွေးခဲ့ရသတဲ့။ မကျင်အေးမွေး လို့ လူလားမြောက်တဲ့အရွယ်မှာ မိခင်ဖြစ်သူလည်း ဆုံးပါးသွားခဲ့ပြီး မကျင် အေးတစ်ယောက်တည်း နေခဲ့ရသတဲ့။ အခုတော့ တရုတ်သွေးပါတဲ့ မကျင် အေးဟာ စီးပွားအရှာကောင်းတော့ စီးပွားရေးအဆင်ပြေခဲ့တဲ့အပြင် ရခဲ့တဲ့ ယောကျ်ားနှစ်ယောက်ဆီက ရခဲ့တဲ့ပစ္စည်းတွေကို တိုးပွားအောင်လုပ်ရင်း အတိုးပေးစားရင်းနှင့် ရှိသတဲ့။

တစ်ရက်တော့ မကျင်အေးတို့ရွာကို တရုတ်ကြီးတစ်ယောက် အရောင်းအဝယ်နဲ့လာသတဲ့။ အဲဒီတရုတ်ကြီးအမည်က ကိုကျင်ဟုတ်ဖြစ် သတဲ့။ ကိုကျင်ဟုတ်ဟာ အဝတ်အစားတွေနဲ့ အခြားအသုံးအဆောင်တွေ လာရောင်းချရင်းနဲ့ မကျင်အေးနဲ့ခင်သွားပြီး မကျင်အေးဆီမှာပဲတည်း၊ မကျင်အေးဆီမှာပဲ စားခဲ့ရာက နောက်ဆုံးမှာ တရုတ်သွေးပါတဲ့ မကျင်အေး ဘဝကို သိသွားပြီး ကိုကျင်ဟုတ်က မကျင်အေးကို လက်ထပ်ယူလိုက် သတဲ့။

"ဟော့… ကိုကျင်အေးနဲ့ ကျင်ဟုတ်တော့ ညားသွားပြီဟော့"

"စီးပွားရေးသမားအချင်းချင်း ရသွားပြီကွ"

"ကိုကျင်ဟုတ်ပဲ ခံရမလား၊ မကျင်အေးပဲ ခံရမလား မသိဘူး ဟော့…"

ရွာထဲက အဲသလို ပြောကြသတဲ့။ ဒါပေမယ့် ကိုကျင်ဟုတ်က မကျင်အေးကို တကယ်ချစ်ရှာသတဲ့။

"ဝလေ ကျင့်ကို အရမ်းချစ်လယ်၊ ကျင်ကလည်း ဝကို မပစ်နဲ့၊ ဝကလည်း ကျင့်ကို မပစ်ဘူး။ ဆီဝဆုံးလှဲအထိ ချစ်တွားလယ်…"

www.burmeseclassic.com

www.burmeseclassic.com



ကိုကျင်ဟုတ်က အဲသလို ပြောခဲ့သတဲ့။ အဲသလိုနှင့် မကျင်အေးမှာ ကိုယ်ဝန်ရှိခဲ့သတဲ့။ မကျင်အေး ကိုယ်ဝန်ရှိတာကို ကိုကျင်ဟုတ် မသိရှာဘူး။ အဲဒီအချိန် ကိုကျင်ဟုတ်မှာ မိုက်နာရောဂါ စွဲကပ်နေသတဲ့။ အဲဒီတော့ ရွာထဲကဆရာမကို ခေါ်ပြီး ပြခဲ့သတဲ့။ မပြလို့လည်း မရဘူးလေ။ ကိုကျင်ဟုတ်က မိုက်နာရောဂါ၊ မကျင်အေးက အမူးရောဂါ ဖြစ်နေကြတာကိုး။

"ဟုတ်တယ်ဆရာမ ကျင်ဟုတ်နော်။ ဗိုက်အရမ်းလာလယ်။ ကျင်ဟုတ် မိန်းမနော်။ ဒီခေါင်းတွေ အရမ်းအရမ်း မူလယ်လှဲ။ အဲဒါနော် ပျောက်ချင်လယ်"

ဆရာမက

"ကဲ- ကိုကျင်ဟုတ်ရေ။ ရှင်တို့နှစ်ယောက်စလုံး မြို့ကဆေးရုံကို သွားပြကြတာ အကောင်းဆုံးပဲ"

ဆရာမက ဆေးထိုး၊ စားဆေးပေးပြီး အဲသလို ပြောတော့ နောက်ရက်မှာ မြို့က ဆေးရုံကိုပြဖို့ လင်မယားနှစ်ယောက် လာခဲ့ကြသတဲ့။

"ဝလေ- ဗိုက်အရမ်းလာတယ်။ ဝမိန်းမနော်... ခေါင်းအရမ်းမူးလယ်"

အဲသလိုပြောအပြီး ဆရာက နှစ်ယောက်စလုံးကို စမ်းသပ်တယ်။ ပြီးတော့ ပြောသတဲ့။

"ကဲ- ဆီးစစ်ရမယ်။ ဒီပုလင်းထဲကို ဆီးပေါက်ထည့်ပြီး ဒီမှာ ပို့ပါ"

အဲသလိုပြောတော့ကို ကျင်ဟုတ်နဲ့ မကျင်အေးတို့ဟာ ဆီးပေါက်ပြီး ပုလင်းထဲထည့်ကြတယ်။ ပြီးတော့ ဆရာမဆီ ပို့လိုက်သတဲ့။ မကြာပါဘူး။ ဆရာဝန်က ကိုကျင်ဟုတ်ကို ခေါ်လိုက်သတဲ့။

"ကိုကျင်ဟုတ်"

"ဟုတ်... လာပီ... လာပီ"

အဲသလိုပြောပြီး အခန်းထဲ ဝင်ခဲ့သတဲ့။ အခန်းထဲရောက်တော့



ဆရာဝန်က ကိုကျင်ဟုတ်ကို ကြည့်ပြီး

"ကိုကျင်ဟုတ်"

"ဗျာ..."

"စိတ်တော့ မကောင်းဘူးဗျာ။ ပြောရတော့မှာပဲ။ ခင်ဗျားရဲ့ဆီးကို စစ်ကြည့်လိုက်တော့ ခင်ဗျားမှာ ကိုယ်ဝန်နှစ်လ ရှိနေပြီ"

အဲဒီစကားကြောင့် ကိုကျင်ဟုတ်ခမျာ သူ့ဗိုက်ကြီးကို ကြည့်ပြီး တက်မတတ် ငိုချလိုက်သတဲ့။ ကိုကျင်ဟုတ် ငိုတဲ့အသံနဲ့ ပြောတဲ့စကားကြောင့် ကြားရသူတွေ ဝါးကနဲ ရယ်မိကြသတဲ့။

"အီး-ဟီး-ဟီး... ကိုယ်ဝန်ရှိနေပြီ၊ ကိုယ်ဝန်နှစ်လ ရှိနေပြီ။ အမနေ့ ဝပြောသားပဲ။ ကျင်အေးလေ ကျင်အေးပေါ့၊ ဝစကား နားမထောင်ဘူး။ ဝက ကရေးမလိုချင်ဘူးဆိုတာကို ကျင်အေးက အတင်း- အတင်း ယူမယ်လို့ ပြောခဲ့လယ်။ ဝက သူယူမယ် ထင်ခဲ့တာကိုး။ အခုတော့ ကျင်အေး ဗိုက်လည်းမရှိဘဲနဲ့ ဝဗိုက်လည်း ကရေးရှိနေတာတဲ့ဗျာ။ အမလေး... အီး-ဟီး-ဟီး..."

(တကယ်တော့ ဆီးပုလင်း မှားစစ်တာကို မသိခဲ့ဘူးတဲ့။ နောက်မှ သိရသတဲ့။)

အဲဒီအဖြစ်၊ အဲဒီစကားက ရွာအထိ ပြန့်သွားပြီး ကနေ့အထိ ပြောစမှတ်တွင်ခဲ့ပဲ ဖြစ်သတဲ့။

www.burmeseclassic.com

www.burmeseclassic.com

## ကြောက်ပါတယ်ဆိုမှ

တစ်ခါက ရွာတစ်ရွာမှာ ကိုကြီးမြင့်-မအေးတင့် ဆိုတဲ့ လင်မယား ရှိသတဲ့။ အဲဒီလင်မယားမှာ တောင်သူတစ်ရှဉ်းလုပ်ရတဲ့ စီးပွားရေးရှိတယ်။ ပြောရမယ်ဆိုရင် စီးပွားရေးက မဆိုးတဲ့အဆင့် ရှိသတဲ့။ အဲဒီရွာဟာ ပြောရမယ်ဆိုရင် လူချမ်းသာပေါတဲ့ရွာဖြစ်ပြီး အဲဒီ လူချမ်းသာတွေအားလုံး ဓားပြ ကြောက်နေကြရသတဲ့။

အဲဒါကြောင့် ဓားပြကြောက်လို့လည်း ရွာထိပ်တွေရဲ့ လေးဘက် လေးတန်မှာ ကင်းတဲတွေဆောက်၊ ညတိုင်း ကင်းစောင့်ကြရသတဲ့။ ရွာက လူငယ်တွေကလည်း တုတ်(ဒုတ်)၊ ဓား၊ လှံတွေကိုင်ပြီး ကင်းစောင့်ပေး ကြသတဲ့။

အဲဒီအချိန်က ကင်းစောင့်မပေးလို့လည်း မရဘူး။ မကြောက်လို့ လည်း မဖြစ်ဘူးလေ။ ဘာပြုလို့လည်းဆိုရင် ပြည်တွင်းသောင်းကျန်းမှုတွေ ထနေတဲ့အချိန်ကိုး။ အဲဒါကြောင့် ကိုကြီးမြင့်တို့ရွာဟာ ပိုပြီး ကြောက်ကြ ရတာက နယ်စွန်နယ်ဖျား ဖြစ်နေလို့ပဲတဲ့။

အဲသလိုနဲ့ တစ်ညမှာတော့ ကိုကြီးမြင့်တို့လမ်းမှာရှိတဲ့ ဦးဘယုရဲ့ အိမ်နဲ့ ဦးမြသင်းရဲ့အိမ်ကို ဓားပြဝင်တိုက်သတဲ့။

''ဟော့... တစ်ယောက်မှ မလှုပ်နဲ့''



''အားလုံး မသာပေါ်သွားမယ်''

''ဒိုင်း...ဒိုင်း...''

ဓားပြတွေဟာ အဲသလို အော်ပြောအပြီး သေနတ်နှစ်ချက် ဆင့်ပြီး ပစ်လိုက်တဲ့အတွက် ရွာခံလူငယ်တွေရော လူကြီးတွေပါ အားလုံးငြိမ်နေ ကြရပြီး ဓားပြအဖွဲ့ဟာ ဦးဘယုအိမ်နဲ့ ဦးမြသင်းရဲ့အိမ်ကိုဝင်ပြီး ရွှေတွေ ငွေတွေ တောင်းသတဲ့။ လိုတာမရတော့ အိမ်ရှင်တွေကိုပါ ရိုက်နှက်ကြ သတဲ့။

အဲသလို ဓားပြဝင်ပြီး ဓားပြတိုက်ပြီဆိုတဲ့အချိန်မှာ ဦးကြီးမြင့်တို့ လင်မယားနဲ့ သားသမီးတွေဟာ လန့်သွားကြသတဲ့။

''ဟော့... မယ်အေး''

''ရှင်...''

''ရွာကို ဓားပြဝင်နေပြီ''

''ဟုတ်-ဟုတ်''

''ကလေးတွေ ခေါ်ထား''

''ဟုတ်''

''လာလာ...''

အဲသလိုပြောပြီး အိမ်အနောက်ဘေးက ကိုမြခင်ရဲ့အိမ်ဘက်ထွက်တဲ့ ဝင်းထရံကိုဖြဲပြီး တိုးဝင်ခဲ့တယ်။ ပြီးတော့ အဲဒီ ကိုမြခင်အိမ်မှာ ပုန်းခဲ့ရ သတဲ့။ အဲဒီညက ကိုဘယုတို့အိမ်နဲ့ ဦးမြသင်းအိမ်ကိုတိုက်တဲ့ ဓားပြတွေ ဟာ အဲဒီနှစ်အိမ်ကို တိုက်ပြီး ပြန်ထွက်သွားကြတယ်။ အဲ- နောက်တစ်လ အကြာမှာ ကိုကြီးမြင့်တို့ရဲ့ မြောက်ဘက်လမ်းက သူဌေးနှစ်ဦးအိမ်ကို ဝင်တိုက်ပြန်သတဲ့။

''ဘယ်သူမှ မလှုပ်နဲ့''

''ခုခံမယ် မကြံနဲ့ဟေ့''

''အားလုံးသေကုန်မယ်''

''ဒိုင်း...ဒိုင်း...ဒိုင်း...''

www.burmeseclassic.com

www.burmeseclassic.com



အဲသလိုအော်ဟစ်ပြီး သေနတ်သုံးချက် ပစ်ခဲ့သတဲ့။ ပြီးတော့ သူတို့တိုက်မယ့်အိမ်ကို ဝင်ပြီးတိုက်၊ တိုက်ရတဲ့ပစ္စည်းတွေကို ယူပြီး ထွက်သွားကြတာပေါ့။ အဲသလိုနဲ့ အဲဒီရွာဟာ တစ်နေ့တခြား ဓားပြကြောက်နေရပြီး အားလုံးကျိုးလန့်စာစား နေကြရသတဲ့။

တစ်ရက်မှာတော့ တာဝန်ရှိရဲသားတွေ ရောက်လာပြီး ကိုမြခင်ဆိုတဲ့လူကို သက်သေခံပစ္စည်းတွေနဲ့ ဖမ်းသွားကြတဲ့အခါမှာ တစ်ရွာလုံး အံ့သြကြရပြီး အားလုံး မယုံသူမယုံ၊ ယုံသူယုံနဲ့ ထိတ်လန့်ကြ၊ ကြောက်ကြရသတဲ့။

"အမလေး… ဓားပြဗိုလ်က မြခင်တဲ့"

"မြခင်က ဓားပြဗိုလ်တဲ့"

"ဓားပြအဖွဲ့က ရှစ်ယောက်ရှိသတဲ့"

"အခြားဓားပြတွေပါ ဖမ်းပြီးပြီတဲ့"

"လုပ်သေနတ်ငါးလက်ပါ မိသတဲ့"

အဲသလို ဓားပြဗိုလ်မြခင်ကို ဖမ်းတဲ့အချိန် ရွာကလူတွေက မြခင်ဖမ်းထားတာကို ဝိုင်းပြီး ကြည့်ကြတဲ့အချိန် ကိုကြီးမြင့်တို့ လင်မယားပါ ပါကြသတဲ့။ အဲသလို ကြည့်ရင်းနဲ့ ကိုကြီးမြင့်ပြောလိုက်တဲ့ စကားကြောင့် အားလုံးပြုံးမိကြသတဲ့။

ကိုကြီးမြင့် ပြောလိုက်တာက

"အမလေး… ဓားပြကြောက်လို့ ပုန်းပါတယ်။ ဓားပြဗိုလ်အိမ် ပုန်းမိရက်သား ဖြစ်နေတော့တာကိုး။ တော်ပါသေးရဲ့"

အဲဒီစကားက အဲဒီရွာမှာ ရာဇဝင်တွင်သွားသတဲ့။

# ကျုပ်အရင်ဝင် သူ့အရင်ဝင်

တစ်ခါက အထက်အညာအရပ်မှာ ရွာကြီးတစ်ရွာရှိတယ်။ အဲဒီရွာမှာ အဲဒီခေတ်က သူကြီးအုပ်ချုပ်တဲ့ ခေတ်ဖြစ်ပြီး အဲဒီရွာကို အုပ်ချုပ်တဲ့ သူကြီးအမည်က ဦးဖိုးမောင်းဆိုတဲ့ သူကြီးဖြစ်ပြီး ဦးဖိုးမောင်းမှာ ဇနီးဖြစ်သူ ဒေါ်အေးကြိုင်ရယ်၊ သားဖြစ်သူ မောင်တင်အောင်ဆိုတဲ့ သားတစ်ယောက်ရှိပြီး မိသားစုသုံးယောက်သာ ရှိတဲ့အတွက် စီးပွားရေးက အဆင်ပြေကြတဲ့ အပြင် တောင်သူနှစ်ရှဉ်းလုပ်လည်း ရှိတယ်။ ပြီးတော့ ရွှေပေါင်ငွေတိုးလည်း ပေးတဲ့သူတွေ ဖြစ်သတဲ့။

သူကြီးဦးဖိုးမောင်းဟာ ရပ်ရွာကိစ္စတွေ ဆောင်ရွက်နေရတဲ့သူ ဖြစ်လေတော့ တောင်သူလုပ်ငန်းကို လူငှားနှစ်ဦးခေါ်ပြီး နိုင်းနေရတယ်။ သားဖြစ်သူတင်အောင်ကိုတော့ တောင်သူလုပ်ငန်း မခိုင်းဘူးတဲ့။ တင်အောင်ကလည်း တောင်သူလုပ်ငန်းကို စိတ်မဝင်စားဘူး။ တင်အောင်စိတ်ဝင်စားတာက ငွေတိုးပေးစားတယ်။ သီးနှံအတိုး ပေးစားချင်တယ်။ အဲဒါ တင်အောင် ဝါသနာပါတဲ့ အလုပ်ပဲဖြစ်တယ်။ ပြောင်းဆန်အတိုး လာယူရင် ပေးတယ်။ သီးနှံသိမ်းချိန်လာဆပ်ရင် သိမ်းတယ်။

အဲ-တင်အောင်က အရက်တော့ သောက်ချင်တယ်။ ဆန်းရေလည်း သောက်ချင်တယ်။ အပေါင်းအသင်းကလည်း ပေါတယ်။ ဖခင် သူကြီး

www.burmeseclassic.com

www.burmeseclassic.com



အရှိန်ရယ်၊ ငွေကြေးအရှိန်အဝါရယ်ကြောင့် တင်အောင်က အပေါင်းအသင်း ကပေါ၊ အသောက်အစားက မကင်းတဲ့အပြင် မိန်းမလည်း ရှုပ်ချင်တဲ့လူ ဖြစ်သတဲ့။

အဲ-ရွာထဲက မိန်းကလေးတွေကလည်း တင်အောင့်အပေါ်ကို အရေး ပေးကြ၊ အလေးပေးကြသတဲ့။ အရှိန်အဝါကကြီးတာကိုး။ အဲဒီတော့ အဲဒီ ရွာမှာ တင်အောင်နဲ့လွတ်ကင်းတဲ့သူ မရှိသလောက်ပါပဲတဲ့။ အချို့ဆိုရင် ရှက်လို့မပြောကြသလို၊ အချို့ကလည်း ကြောက်လို့ မပြောကြဘဲ ရင်နှင့်နှုတ် ပိတ်နေတဲ့သူတွေ ရှိတယ်တဲ့။ အပျိုထဲကရော အိမ်ထောင်သည်တွေပါ တင်အောင့်စက်ကွင်းက မလွတ်ဘူးပေါ့။ (တော်တော်သောင်းကျန်းတဲ့ သူကြီးသားပဲ။)

အဲဒီရွာမှာ ရွာအရှေ့ပိုင်းက မြသစ်ဆိုသူနဲ့ ရွာအနောက်ပိုင်းက မြနုဆိုတဲ့ မိန်းကလေးနှစ်ယောက် ရှိတယ်။ မြသစ်နဲ့မြနုဟာ အသက်သိပ် မကွာဘူး။ ရွယ်တူလောက်ရှိကြပြီ (အသက်ကို ပြောတာပါ။) တင်အောင့် အသက်နဲ့ မတိမ်းမယိမ်း ဖြစ်သတဲ့။ အဲဒီမြသစ်နဲ့ မြနုကို တင်အောင်ဟာ အရှိန်အဝါသုံးပြီး နှစ်ယောက်အပြိုင်ပိုးတဲ့အခါမှာ အဲဒီ နှစ်ယောက်စလုံး ကလည်း တင်အောင့်ကို အပြိုင်ပြန်ချစ်ကြသတဲ့။

တင်အောင်က ဖခင်အရှိန်နဲ့ ပစ္စည်းအရှိန်အဝါကြီးတော့ မြသစ် မိဘတွေကလည်း သဘောတူတဲ့အပြင် မြနုမိဘတွေကလည်း ပေးစားချင် ကြတာ အရှုးအမူးပါပဲတဲ့။

"အင်း- မောင်တင်အောင်နဲ့ မြန်မြန်ပေးစားမှ"

"သူကြီးသားနဲ့ မြန်မြန်ယူမှ အေးမှာ"

မြသစ်နဲ့မြနုတို့ မိဘတွေက အဲသလို အပြိုင်ကြံဆဲမှာပဲ တစ်ညနေ တော့ တင်အောင် ထန်းရေမူးနေတယ်။ အဲဒီတော့ တင်အောင့် အပေါင်း အသင်းတွေက

"ကိုတင်အောင်"

"ဟေး... ဘာလဲကွ"



"ဒီကနေ့ည မြသစ်နဲ့ ချိန်းထားတယ်ဆို"

"ဟာ... မြနုနဲ့လည်း ချိန်းထားတယ်မဟုတ်လား"

"အေး... နှစ်ယောက်စလုံး ချိန်းထားတာကွ"

အဲသလိုနဲ့ တင်အောင်ဟာ မြသစ်နဲ့ မြနုကို တစ်လှည့်စီ ချိန်းတွေ့ သတဲ့။ အဲသလို ချိန်းတွေ့ပြီးနောက် ညမှာ မြသစ်ကို ခေါ်ပြေးတယ်။ နောက်မနက်မှာ မြသစ်မိဘတွေဆီ ပြန်ပို့ပြီး တင်အောင့်မိဘတွေက မိသား ဖသားပီပီ တောင်းရမ်းပါ့မယ်ဆိုပြီး ကတိပြုခဲ့တယ်။ အဲ-နောက်တစ်ည ရောက်တော့ မြနုကို ခိုးပြေးပြန်ရော။ အဲ-နောက်မနက်မှာ မြနုကိုလည်း သူ့မိဘတွေဆီ ပြန်ပို့ပြီး တောင်းရမ်းယူပါ့မယ်လို့ ကတိပြုခဲ့ရသတဲ့။

"ဟား... တင်အောင်ကတော့ လုပ်ချလိုက်ပြန်ပြီဟေ့"

"မိန်းမအပြိုင်ယူပြီး မင်္ဂလာဆောင်ပါ့မယ်လို့ ကတိပြုခဲ့တာ၊ ဘယ် လိုဆောင်မယ် မသိဘူးဟေ့"

"အဲဒီ မင်္ဂလာဆောင်ကတော့ ထူးဆန်းမှာတော့ အမှန်ပဲကွ"

အဲသလိုနဲ့ ရွာထဲကလူတွေ စိတ်ဝင်တစားနဲ့ စောင့်ကြည့်နေကြ သတဲ့။ အဲသလို စောင့်ကြည့်နေကြဆဲမှာပဲ မြသစ်နဲ့ မြသစ် မိဘတွေက လည်း တင်အောင်က အရင်ခိုးပြေးတဲ့သူဆိုတော့ မယားကြီးဖြစ်တယ်။ ဒီတော့ မင်္ဂလာဆောင်ရင် သူ့ကို အရင်ဝင်တောင်းရမယ်။ အဲ-မြနုတို့ ဘက်ကလည်း ရည်းစားဖြစ်စဉ်က သူက တင်အောင်နဲ့ အရင်ဖြစ်တယ်။ ဒီတော့ သူသာလျှင် မယားကြီးဖြစ်လို့ မင်္ဂလာဆောင်ရင် သူ့ကို အရင် တောင်းပေးရမယ်ဆိုပြီး သူကြီးဦးဖိုးမောင်ဆီကို နားပူနားဆာ လုပ်နေကြ သတဲ့။

"ကျုပ်ကို ကိုတင်အောင်က အရင်ခေါ်ပြေးတာ။ ကျုပ်က မယား ကြီး..."

"ရည်းစားဖြစ်တုန်းက ကျုပ်နဲ့ ကိုတင်အောင် အရင်ဖြစ်ကြတာ၊ ကျုပ်ကသာ မယားကြီး"

"ကျုပ် အရင်တောင်းပေးရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် အရင်မင်္ဂလာဆောင်ပေးရမယ်"

အဲသလို ပြောနေကြသတဲ့။ မကြာပါဘူး။ သူကြီးဦးဖိုးမောင်းက

"အင်း- မထူးဘူးကွာ။ သားကို တစ်ရက်တည်း မင်္ဂလာဆောင် ပေးရုံပဲ"

"အဲသလို မင်္ဂလာဆောင်တာတော့ ဟုတ်ပြီ။ ဘယ်သူ့ဆီ အရင် ဝင်တောင်းပြီး ဘယ်သူ့ကို နောက်မှ ဝင်မလဲ"

"အေး- ဒါတော့ ကြည့်စီစဉ်တာပေါ့"

သူကြီးခမျာ အဲသလို စဉ်းစားပြီး မင်္ဂလာပွဲကျင်းပခဲ့သတဲ့။ အဲ- သူကြီးက ဘယ်သူက မယားကြီး၊ ဘယ်သူက မယားငယ်ဆိုပြီး မသတ်မှတ်ဘဲ အိမ်ထောင်ကိုတော့ အချိုးတူ တင်ပေးခဲ့သတဲ့။ နွားတစ်ရှဉ်းစီ၊ လယ်ငါးဧက၊ ယာငါးဧကစီနဲ့ ရွှေတစ်ဆယ်သားစီ၊ ငွေသားနှစ်သိန်းစီ တင်တောင်းဖို့ စီစဉ်ခဲ့သတဲ့။

အဲသလိုနဲ့ မင်္ဂလာပွဲရက် ရောက်ခဲ့တယ်။

မင်္ဂလာပွဲရက်မှာ ညနေခံချိန်အပြီး မိန်းကလေးတွေကိုသွားပြီး တောင်းရမ်းမယ့် အချိန်ရောက်ခဲ့သတဲ့။ အဲဒီအချိန်မှာ တင်အောင့်ခမျာ ပိုးပုဆိုး တောင်ရှည်ဝတ်၊ တိုက်ပုံအင်္ကျီ၊ မောင့်ကျက်သရေ ခေါင်းပေါင်းနဲ့ပေါ့။ မြသစ်နဲ့ မြနုကလည်း အပြိုင်အဆိုင်ဝတ်ထားပြီး သူတို့အိမ် အသီးသီးကနေ စောင့်နေကြသတဲ့။ တင်အောင်တို့အိမ်ကနေပြီး ထွက်လာတဲ့အခါ လမ်းဆုံ ရောက်ခဲ့ပြီ ဖြစ်သတဲ့။

အဲဒီအချိန် မြသစ်ရော မြနုပါ လမ်းဆုံကနေ စောင့်ပြီး

"ကိုကိုတင် မြသစ်ဆီ အရင်တောင်းပေး"

"ကိုတင်အောင် မြနုဆီ အရင်တောင်းပါ"

"ကိုကိုတင် မြသစ်ဆီ အရင်ဝင်"

"ကိုကိုအောင် မြနုဆီ အရင်ဝင်"

"ကျုပ်ဆီ အရင်ဝင်"

"ကျုပ်ဆီ အရင်ဝင်"



"ကျုပ်ဆီ အရင်ဝင်"

"ကျုပ်ဆီ အရင်ဝင်"

"ဟိုကောင်မကို နောက်မှလုပ်"

"ကျုပ်ကို အရင်လုပ်"

အဲသလိုပြောရင်းနဲ့ မြသစ်နဲ့ မြနုဟာ တင်အောင့်ကို အပြိုင်လုပြီး ဆွဲကြသတဲ့။ မြသစ်က ပုဆိုးဆွဲ၊ မြနုက မောင့်ကျက်သရေ ခေါင်းပေါင်းဆွဲ၊ ဟိုဆွဲဒီဆွဲနဲ့ ဆွဲလိုက်ကြတာ တင်အောင့်ခမျာ ပုဆိုးမပါ၊ တိုက်ပုံမရှိ၊ ခေါင်းပေါင်းမကပ်တော့တဲ့အထိဖြစ်ပြီး အိမ်ကို ပြန်ပြေးရသတဲ့။

အဲဒီအဖြစ်က အဲဒီရွာမှာ နာမည်ကြီးပြီး ရာဇဝင်တွင်သွားသတဲ့။

ပြောစမှတ်လည်း တွင်သွားသတဲ့။ နောက်ရက် တင်အောင့်ကို စကြနောက်ကြသတဲ့။

ကျုပ်အရင် ဝင်ပါတော်…။ ကျုပ်အရင် လုပ်ပါတော်တဲ့…။ ကဲ…မှတ်ကရော။

www.burmeseclassic.com

www.burmeseclassic.com

## အဲဒီအခါကျရင် ချစ်မယ်

တစ်ခါက ရွာတစ်ရွာမှာ ဘချစ်ဆိုတဲ့ ကာလသားတစ်ယောက်ရှိသတဲ့။ အဲဒီ ဘချစ်တို့ရွာဟာ အိမ်ခြေငါးရာနီးပါးရှိပြီး ဘုန်းကြီးကျောင်းနှစ်ကျောင်းရှိသတဲ့။ အဲဒီရွာရဲ့ အနောက်ဘက်မှာ နှစ်ပေါင်းများစွာက ဟည်ထားခဲ့တဲ့ စေတီပျက်တစ်ဆူရှိပြီး အဲဒီစေတီပျက်ဝန်းကျင်မှာ သစ်ပင်တွေနဲ့ ဝန်းရံနေတဲ့ တောအုပ်တစ်ခုရှိပြီး တောရကျောင်းလို့ခေါ်တဲ့ ကျောင်းဆောင်တစ်ခုရှိတယ်။ အဲဒီ စေတီပျက်ကြီးကိုလည်း တောရကျောင်းစေတီလို့ ခေါ်ကြသတဲ့။

အဲဒီ ဘချစ်တို့ရွာမှာ ဘုန်းကြီးကျောင်း နှစ်ကျောင်းစလုံးက နှစ်စဉ်နတ်တော်လအတွင်း ဘုရားပွဲနဲ့ ပြာသိုလအတွင်း ဘုရားပွဲကျင်းပပြီးနှစ်စဉ်ပွဲထည့်သတဲ့။ အဲဒီ ရွာသူရွာသားတွေက ပွဲကြိုက်တဲ့ရွာပွဲ ငတ်တဲ့ရွာဖြစ်လေတော့ နတ်တော်၊ ပြာသို နှစ်လကပ်နေတာတောင် နတ်တော်လမှာပွဲတစ်ပွဲနဲ့ ပြာသိုလမှာ ပွဲတစ်ပွဲကို ဆက်ပြီး ထည့်ကြသတဲ့။

အဲဒါကြောင့် ဘေးရွာက လူတွေက ပြောကြသတဲ့။

"တော်တော်ပွဲငတ်တဲ့ ရွာကွာ"

"ဟုတ်ပါ့။ နှစ်လကြီးများတောင် ဆက်ပြီး ပွဲထည့်ရတယ်လို့"

"တော်ကြဟော့။ သူတို့ရွာ ပွဲထည့်လို့ ကြည့်ကြရတာ။ အသာနေ"



အဲဒီလို ပြောကြတဲ့အထိပဲတဲ့။ အဲဒီနှစ်လ ပွဲထည့်ကြ၊ ဘုရားဆွမ်းချပွဲလုပ်ကြပေမယ့် ကျောင်းနဲ့တောရစေတီကြီးကိုတော့ မပြုမပြင်ဘဲထားကြပြီး ဘုရားပွဲလည်း မကျင်းပကြ၊ ပွဲလည်း မထည့်ကြတာ နှစ်တွေအတော်ကြာခဲ့ပြီ ဖြစ်သတဲ့။

အဲဒီရွာက ဘချစ်ဆိုတဲ့လူဟာ တစ်ရွာတည်း အတူနေတဲ့ မြခင်ဆိုတဲ့ ကောင်မလေးကို ချစ်နေသတဲ့။ ဘချစ်ဟာ တောင်သူကြီးရဲ့ သားသမီးမဟုတ်ဘူး။ လက်လုပ်လက်စား မိဘတွေက မွေးခဲ့တဲ့လူဖြစ်တယ်။ ဆင်းရဲတဲ့ မိဘတွေကမွေးတော့ ဘချစ်ဟာလည်း ဆင်းရဲသားတစ်ဦးပဲဖြစ်တော့ မြခင်က ဘချစ်ကို မချစ်ခဲ့ဖူးတဲ့။

တကယ်တော့ မြခင်က လှချမ်းသာစာရင်းဝင်တဲ့သူ ဖြစ်တယ်။ မြခင်ရဲ့မိဘတွေက တောင်သူတစ်ရှဉ်းလုပ်ရှိတဲ့ လယ်ယာမြေတွေ ပိုင်ဆိုင်ခဲ့တဲ့သူ ဖြစ်တာကိုး။ ဒီတော့ ဘချစ်အပေါ် ဘယ်ချစ်မှာလဲ။ မြခင်ကချမ်းသာတယ်။ ရုပ်ရည်ကလည်း လှသတဲ့။ မြခင်က စိတ်မဝင်စားပေမယ့်ဘချစ်ကတော့ မြခင်ကို အသေရရ အရှင်ရရ ဖြစ်နေသူပဲ ဖြစ်သတဲ့။

"ဘချစ်ရေ"

"ဗျာ..."

"မြခင်ကို ချစ်နေတယ်ဆို..."

"အား...ချစ်တာမှ ဟောဒီရင်ဘတ်ကြီးနဲ့ အပြည့်ပဲဗျာ"

"မင့်ဟာ မင့်ရင်ဘတ်နဲ့ ပြည့်ပြည့်၊ ဘာနဲ့ပဲပြည့်ပြည့်၊ ချစ်နေရင်လိုက်ပြီး စကားပြောရဲရတယ်ကွ။ မပြောရင် ဘယ်ရမလဲကွာ"

အဲသလိုရွာထဲက ကာလသားတွေ မြှောက်ပေးကြတော့ ဘချစ်ဟာအရဲစွန့်ပြီး မြခင်ကိုလိုက်ပြီး စကားပြောဖို့ ကြိုးစားသတဲ့။

တစ်ရက်တော့ မြခင်ဟာ ရွာဦးက ရေကန်မှာ ရေခပ်ထွက်လာသတဲ့။ မြခင်ဟာ အဲဒီနေ့က အဖော်မပါဘူးတဲ့။ အဲဒီတော့ အကွက်ချောင်းနေတဲ့ ဘချစ်က မြခင်ကို စောင့်ပြီး ရည်းစားစကား ပြောခဲ့သတဲ့။

"မြ...မြခင်..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ..."

"ဘာမှ မလဲပါဘူး မြ-မြခင်ရယ်၊ ဟို-ဟို... နင်-နင်- ငါ့နာမည် သိသလားဟင်"

"ဟဲ့- သေနာကောင်ရဲ့။ တစ်ရွာတည်းနေတာ မသိဘဲရှိမလားဟဲ့ ကာလနာရဲ့။ နင့်နာမည်က ဘချစ်တဲ့။ နင့်နာမည်တောင် နင် မမှတ်မိတော့ဘူးလား"

"ဟို-ဟို-ဒီလိုပါ။ ငါ့အမည်က ဘချစ်ဆိုတော့ နင့်ကို ချစ်နေလို့"

"ဟင်း- ပါးကျိုးချင်ပြီလား၊ မြွေပွေးကိုက်..."

အဲသလိုနဲ့ လေးငါးဆယ်ရက်လိုက်ပြီး စကားပြောတော့ မြခင် စဉ်းစားရ ကျပ်လာသတဲ့။ လိုက်မပြောနဲ့၊ နောက်တစ်ခါ မမြင်ချင်ဘူး။ မကြားချင်ဘူးပြောလည်း မရဘူး။ ဘချစ်ကတော့ နွားသိုးကြိုးပြတ်လိုက်နေတော့ အခက်တွေ့နေတော့တာပေါ့။ အဲသလိုနဲ့ တစ်ရက်မှာ မြခင်နဲ့ သူငယ်ချင်းသုံးဦးဟာ ရေခပ်ထွက်လာကြတယ်။ ထုံးစံအတိုင်းပဲ ဘချစ်က စောင့်နေသတဲ့။

"မြ-မြခင်"

"ဟော့... တွေ့ပြန်ပြီ၊ ဒီသေနာကျုံ့"

"ငါ-ငါ ချစ်တယ်ပြောထားတယ်လေ၊ အဲ-အဲဒါ အဖြေ- အဖြေ သိ-သိချင်"

သူငယ်ချင်းတွေက မြခင် ဘယ်လိုဖြေမလဲ၊ ဘာပြောမလဲဆိုတာ စောင့်ကြည့်ရင်း ရှိသတဲ့။ မြခင်က

"ဘချစ်"

"ဟင်... မြ-မြခင်..."

"နင် ငါ့ကို တကယ်ချစ်သလား"

"ချစ်-ချစ်ပါတယ်ဟာ"

"ငါ့အချစ်ကို လိုချင်တယ်ပေါ့"

"အင်း..."



အဲဒီတော့ မြခင် ပြောလိုက်တဲ့စကားကြောင့် ဘချစ်ခမျာ မျက်လုံးပြူးသွားပြီး မြခင်ရဲ့ သူငယ်ချင်းတွေ ဖြိုင်တူပြုံးလိုက်ကြသတဲ့။ မြခင် ပြောလိုက်တဲ့စကားက

"ဒီမယ်ဘချစ်... တောရကျောင်းက စေတီကြီးပြုပြင်ပြီးလို့ အဲဒီစေတီကြီး ဘုရားပွဲကျင်းပပြီး ပွဲပါတဲ့နှစ်ကျရင် နင့်ကိုချစ်မယ် ဘချစ်"

"ဂျာ..."

ဘချစ်ခမျာ (ဗျာ)ကိုတောင် ပီအောင်မပြောနိုင်ဘဲ (ဂျာ)ဆိုပြီး ငေးကြည့်ရင်း ကျန်ရစ်သတဲ့။ အဲဒီအဖြစ် အဲဒီစကားက အဲဒီရွာမှာ နာမည်ကြီးပြီး ရာဇဝင်တွင်သွားသတဲ့။

ဘချစ်ကိုလည်း သူငယ်ချင်းတွေက နာမည်ပြောင်းပေးကြသတဲ့။ တောရကျောင်း အချစ်ကြီး...တဲ့။

www.burmeseclassic.com

www.burmeseclassic.com

## ချိန်ခွင် အကိုင်ကျွမ်းသူ

တစ်ခါက အထက်အညာအရပ်မှာ ကုန်းကြီးဆိုတဲ့ ရွာတစ်ရွာ ရှိသတဲ့။ အဲဒီ ကုန်းကြီးရွာမှာ မကျင်မြဆိုတဲ့ မိန်းမတစ်ယောက် ရှိသတဲ့။ အဲဒီ မကျင်မြဆိုတဲ့ မိန်းမမှာ ကိုကျော်သက်ဆိုတဲ့ ယောကျ်ားရှိပြီး သားသမီးသုံးဦး ရှိကြသတဲ့။ မကျင်မြတို့မိသားစုဟာ မိသားစုငါးဦးရှိပြီး မကျင်မြရဲ့ ပင်တိုင်အလုပ်က ငါးစိမ်းရောင်းတဲ့ အလုပ်လုပ်ခဲ့သတဲ့။

ယောကျ်ားဖြစ်သူ ကိုကျော်သက်က ရွာနဲ့ လေးမိုင်ဝေးတဲ့ မြစ်နားက အင်းကိုသွားပြီး ငါးယူတယ်။ အင်းက ငါးမရရင် မြစ်နားက တံငါတဲတွေ ဆီသွားပြီး ငါးယူတယ်။ အဲသလို ငါးယူပေးရပြီး မကျင်မြက ယောကျ်ား ပြန်လာတဲ့အချိန်၊ ရွာထဲလှည့်ပြီး ငါးစိမ်းရောင်းရသူ ဖြစ်သတဲ့။

တစ်ခါတစ်ရံ မနက်စောစော ငါးရရင် မနက်စောစောပဲ လှည့်ပြီး ရောင်းခဲ့သတဲ့။

"ယောဒီက ငါး-ငါး-ငါး..."

"ငါးတွေစုံတယ်နော်...လတ်တယ်နော်။ ဆွမ်းအုပ်ပို့အမီ ချက်နိုင် ကျော်နိုင်တယ်နော်"

အဲသလိုအော်တတ်ပြီး နေ့လယ်ခင်း ငါးရောက်ခဲ့ရင်လည်း...

"ငါးတွေနော်၊ ငါး-ငါး...နေ့လယ် လက်ဖက်ရည်မြည်းတဲ့အချိန် အံကိုက်ပဲနော်"



အဲသလိုအော်ပြီး ညနေခင်းမှ ငါးရောက်ပြန်ရင်လည်း...

"ငါးတွေနော်... ညနေစာအမီ ညနေစာအမီ"

အဲသလိုအော်ဟစ်ပြီး ရောင်းတတ်သတဲ့။ အဲသလို ငါးရောင်းတဲ့ မကျင်မြဟာ မနက်ပဲရောင်းရောင်း၊ နေ့လယ်နဲ့ ညနေပဲရောင်းရောင်း မကုန်မရှိဘူးတဲ့။ ငါးရောင်းသူက မကျင်မြတစ်ဦးတည်း ရှိတာဆိုတော့ အလုအယက် ဝယ်ကြတာချည်းပဲပေါ့။ မကျင်မြရဲ့ အသံဟာ ငါးစိမ်းသည်ပီပီ ကျယ်တယ်။ ကျယ်တဲ့အထဲ မြည်တယ်။ မြည်တဲ့အထဲ အော်သေးတာဆိုတော့ ပိုမြည် ပိုကျယ်သတဲ့။ ပြီးတော့ မကျင်မြက စွာတယ်။ ဒါ ငါးစိမ်းသည်တွေရဲ့ အကျင့်ပဲကိုး။

တစ်ရက်ကျတော့ ထုံးစံအတိုင်း ကိုကျော်သက် ငါးယူသွားတယ်။ ငါးက နေမြင့်မှ ပိုက်ချတာဆိုတော့ နေမြင့်မှ ရောက်လာသတဲ့။ အဲဒါနဲ့ အဲဒီရက်က ငါးတွေ အတော်ရသတဲ့။ ငါးမှုန်ငါးမွှားတွေအပြင် ငါးကြီးကြီးတွေပါ ရခဲ့တာကိုး။ အဲဒီတော့ မကျင်မြက ကိုကျော်သက်ကို ပြောသတဲ့။

"ကိုကျော်သက်...တော်ပါ ငါးရောင်းလိုက်ခဲ့ဦး"

"အင်း-အင်း- မောင်တစ်ရွက် မယ်တစ်ထမ်းပေါ့ဟာ"

အဲဒါ ကိုကျော်သက် ငါးရောင်းလိုက်ခဲ့ရသတဲ့။

"ယောဒီက ငါး-ငါး..."

"ငါးစုံနော်၊ ငါး အစုံပါတယ်"

အဲသလို လှည့်ရောင်းလိုက်တာ အတော်ကုန်သွားပြီး ရောင်းရင်းနဲ့ ရွာလည်လမ်းကို ရောက်ခဲ့သတဲ့။ အဲဒီရွာလယ်လမ်းမှာ ခပ်စေးစေးနဲ့ ခပ်နေ့နေ့ ဈေးဝယ်တတ်တဲ့ မမယ်ရှင်ဆိုတဲ့ မိန်းမရဲ့ အိမ်ရှေ့ရောက်လာသတဲ့။ မမယ်ရှင်က

"ချဦး၊ ဝယ်ဦးမယ်"

အဲဒါကြောင့် မကျင်မြတို့ ငါးဇလုံးတွေချလိုက်တော့ ဘေးအိမ်က မိန်းမတွေ လေးငါးဦးပါ ဝယ်ဖို့ထွက်လာကြသတဲ့။ အဲသလိုထွက်လာပြီး ငါးဇလုံထဲက ငါးတွေကို ကြိုက်တဲ့ငါးရွေးပြီး ချိန်သတဲ့။ အဲသလို ချိန်မယ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်တော့ မကျင်မြ ချိန်ခွင်အကိုင်ကောင်းတာ၊ ကျွမ်းတာကိုသိတဲ့ မမယ်ရှင်က ပြောသတဲ့။

"ကျင်မြ"

"တော်..."

"အခြားအိမ်တွေကို ရောင်းရင် ညည်းချိန်လို့ရတယ်။ ဒီနားမှာတော့ ညည်းကို အချိန်မခံဘူး။ အဲ- ကျော်သက်ချိန်ပေး"

အဲသလိုပြောတော့ ကျင့်မြက မကျေမနပ်နဲ့ ကိုကျော်သက်ကို ချိန်ခွင်ကိုင်ခိုင်းလိုက်သတဲ့။ အဲဒီတော့ ကိုကျော်သက်ခမျာ မကျွမ်းတကျွမ်းနဲ့ ချိန်ခွင်ကိုင်ပြီး တစ်ပိဿာ နှစ်ပိဿာအထိ၊ အစိတ်သား ငါးဆယ်သားအထိ ချိန်ပေးလိုက်ရတော့တာပေါ့"

အဲဒီအချိန် မကျင်မြက ကိုကျော်သက်ကို ကြည့်ပြီး-

"အား-အား... ခါးနာလိုက်တာ၊ ခါးကို ကော့-ကော့-ကော့... ခါးကို ကော့-ကော့..."

အဲသလို တစ်ခါချိန်ရင် တစ်ခါ၊ အဲဒါပဲ ပြောနေသတဲ့။ အဲဒါ ကိုကျော်သက်က သတိမထားဘဲ ချိန်ပေးနေသတဲ့။

မကျင်မြကတော့-

"အား...ခါးနာ...ကော့-ကော့-ကော့...ခါးနာ..."

အဲသလိုပဲ ပြောနေတော့ အကြောင်းသိတဲ့ မမယ်ရှင်တို့က ရယ်ကြသတဲ့။ ဘာပြုလို့လည်းဆိုတော့ မကျင်မြက ချိန်ခွင်အကိုင် ကျွမ်းတာကိုး။ ချိန်ခွင်ရဲ့တစ်ဖက်မှာ ငါး၊ တစ်ဖက်မှာ အလေးထည့်ပြီးပြီဆိုရင် ငါးရှိတဲ့ဘက်ကို လက်ကိုင်ကိုကော့လိုက်ရင် လျှာထွက်ပြီးသွားတာကိုး။ ဒီချိန်ခွင်၊ ဒီအလေးနဲ့ လုပ်စားခဲ့တာ အံတိုနေတဲ့ မကျင်မြကို မမယ်ရှင်တို့အဖွဲ့က ပညာပြလိုက်တာပေါ့။

အဲသလိုနဲ့ ငါးဝယ်လို့ ငါးချိန်တာပြီးသွားတော့ ကိုကျော်သက်က-

"ကျင်မြ..."

"ဘာတုန်း..."



"စောစောက ခါးနာတယ်ဆို၊ ခါးကြီးကော့ကော့ပြနေတာလေ၊ အိမ်ရောက်မှ နင်းပေးနှိပ်ပေးမယ်လေ"

ကိုကျော်သက် စကားအဆုံး မကျင်မြ ပြောလိုက်တဲ့စကားကြောင့် မမယ်ရှင်တို့ ငါးဝယ်တဲ့မိန်းမတွေ အားလုံးတဟားဟား ရယ်ကြသတဲ့။

မကျင်မြ စကားက-

"ဟဲ့-သေနာကျကြီးရဲ့၊ ကျင်မြ ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ။ ခါးနာလို့ ပြောနေတာမဟုတ်ဘူး။ ငါးချိန်တဲ့အခါ လက်ကိုင်ကို ကော့ခိုင်းတာ၊ အလေးဘက်ကို လက်ကိုင်ကော့လိုက်ရင် ချိန်ခွင်လျှာက ငါးဘက်ထွက်ပြီး အလေးချိန်စီးတယ်ဟဲ့။ အခုတော့ ရှင်က ငါးဘက် ကော့ကော့နေသတော့..."

အဲဒီအဖြစ်နဲ့ အဲဒီစကားက ရာဇဝင်တွင်သွားပြီး ကိုကျော်သက်ကို ရွာထဲက လူတွေက ပြောကြသတဲ့။

အလေးဘက် ကော့ပေးနော်...တဲ့။

www.burmeseclassic.com

www.burmeseclassic.com

## သူတို့ရဲ့ နှစ်ပါးသွား

တစ်ခါက အထက်အညာအရပ်မှာ ရွာတစ်ရွာ ရှိသတဲ့။ အဲဒီရွာက ပြာသိုလမှာ နှစ်စဉ်နှစ်တိုင်း ဘုရားပွဲကျင်းပကြသတဲ့။ အဲသလို ကျင်းပတိုင်းလည်း ဘုရားပွဲဆွမ်းချ အောင်ပွဲအထိမ်းအမှတ်အဖြစ် အရပ်ဇာတ် က,ကြသတဲ့။ လူငယ်အပိုင်းက သီချင်းဆိုပြီး လူလတ်ပိုင်းက ပြဇာတ်က,ကြပြီး နှစ်ပါးသွားအကပါ စင်တင်နိုင်တဲ့အထိ အဲဒီရွာက အနုပညာဝါသနာပါသူပေါသတဲ့။

အဲသလိုနဲ့ အဲဒီရွာဟာ ပြာသိုလ ဘုရားပွဲနီးတော့ အရပ်ဇာတ်ပါဝင်ကပြရေးအတွက် အစည်းအဝေးလုပ်ကြသတဲ့။ အဲသလို အစည်းအဝေးလုပ်တော့ နှစ်တိုင်းနှစ်တိုင်း ငွေကုန်ကြေးကျခံကြတဲ့ ခေါင်းဆောင်လူငယ်တွေနဲ့ ဝါသနာရှင်တွေအားလုံး တက်ကြတဲ့အပြင် အမျိုးသမီးတွေပါ အစည်းအဝေး တက်ကြသတဲ့။

"ကဲ- ဖိုးပြားက လူငယ်ခေါင်းဆောင်လည်း ဖြစ်တယ်။ ငွေကုန်ကြေးကျလည်း ခံနိုင်တယ်။ အဲဒီတော့ ဖိုးပြားနဲ့ လူငယ်အဖွဲ့က စတိတ်ရှိုးကပွဲနဲ့ ပြဇာတ်ကပွဲ တာဝန်ယူ"

"ဟုတ်ကဲ့"

"ကိုအေးငွေကတော့ နှစ်ပါးသွားကဖို့ တာဝန်ယူပေါ့"

"ရတယ်လေ..."

အဲဒီနောက်မှာတော့ ခေါင်းဆောင်ဖိုးပြားက သီချင်းဆိုဖို့နဲ့ ပြဇာတ်ကဖို့ စီမံခန့်ခွဲတော့တာပေါ့။



"မြင့်သန်း... မင်းက သီချင်းဆိုမယ့် လူငယ်တွေနဲ့ အမျိုးသမီးတွေ စာရင်းကောက်"

"ဟုတ်ကဲ့"

"ကျက်တောက ပြဇာတ်ကဖို့ လူရွေးရမယ်"

"ဖြစ်တယ်"

"ကိုကျင်မောင်က ပြဇာတ်ရေးဖို့နဲ့ ပြဇာတ်တိုက်ဖို့ တာဝန်ယူ"

"အိုခေး-အိုခေး..."

"အိုကေပါ ကိုကျင်မောင်ရာ၊ ဘယ့်နှယ် အိုခေးရမှာလဲ"

အဲဒီနောက်တော့-

"ကဲ-နှစ်ပါးသွား က,ဖို့အတွက်ကို အေးငွေက တာဝန်ယူ"

"ကေအို-ကေအို..."

"လုပ်ပြန်ပြီ တစ်ယောက်က... အိုကေပါဗျာ"

အားလုံးရယ်ရယ်မောမောနဲ့ အစည်းအဝေး ပြီးခဲ့သတဲ့။ သူ့တာဝန်နဲ့သူဆိုတော့ ဖိုးပြားတို့၊ မြင့်သန်းနဲ့ ကျက်တော၊ ကျင်မောင်တို့က အပြေးအလွှား အစီအစဉ်ဆွဲနေကြသလို နှစ်ပါးသွားတာဝန်ယူရမယ့် ကိုအေးငွေမှာလည်း ပြင်ရှ ဆင်ရတော့တာပေါ့။

ကိုအေးငွေက-

"ကိုကြီးမောင်"

"ပြော..."

"နှစ်ပါးသွားသီချင်း ဆယ်ပုဒ်လောက် စပ်ထားဖို့၊ ရေးပြီးရင် ကျုပ်ကိုပြ၊ ကျုပ်က ပြန်စိစစ်ပြီး အဆိုကျင့်ရမယ်ဗျ"

"ရမယ်လေ၊ ဘီယာနှစ်ပုလင်းတော့ ပေးရမယ်"

"ရမယ်...ရမယ်"

အဲသလိုနဲ့ သီချင်းဆိုဖို့၊ ပြဇာတ်ကဖို့နဲ့ ငွေကောက်ခံဖို့၊ ဇာတ်ခုံဆောက်ဖို့ ပြင်ဆင်ကြသလို ကိုအေးငွေခမျာလည်း နှစ်ပါးသွားကဖို့ ပြင်ဆင်ရတော့တာပေါ့။ အဲသလိုနဲ့ ဆယ်ရက်အကြာမှာ ကိုကြီးမောင် ရေးပေး

www.burmeseclassic.com

www.burmeseclassic.com



တဲ့ နှစ်ပါးသွားသီချင်း ရပြီးတဲ့နောက် နောက်ကနေပြီး မင်းသမီးအဖြစ် ကပြကြမယ့်သူတွေကို ခေါ်လိုက်သတဲ့။

မင်းသမီးက ရှစ်လက်ဖြစ်ပြီး မင်းသားက ကိုအေးငွေနဲ့ ကိုစောသိန်းတို့က ပါဝင်ကြမှာ ဖြစ်သတဲ့။ မင်းသမီးဆိုတာ ရွာထဲက ရုပ်ချော၊ အသံကောင်းပြီး ပုဆိုးအင်္ကျီ လက်ဆောင်ပေးထားတဲ့သူတွေကို ကိုအေးငွေက ရွေးလိုက်သတဲ့။

"မြကျင်၊ အေးမိ၊ မိပြား၊ မိချွေ၊ အေးဝင်း၊ မိကျော့၊ ကျင်ရွှေနဲ့ မိခင်တို့ကို ရွေးလိုက်တယ်ဟေ့။ အားလုံးဝယ်စရာ ဝယ်ထားကြ"

အဲသလိုနဲ့ သီချင်းတိုက်ကြသတဲ့။ မင်းသားအေးငွေက တစ်ကြိမ်၊ မင်းသားစောသိန်းက တစ်ကြိမ် သီချင်းဆိုပြီး ကကြတယ်။ မင်းသမီးတွေက လက်ခုပ်တီး ညာသံပေးကြတယ်တဲ့။ အဲသလိုနဲ့ နှစ်ပါးသွားသီချင်း မပြီးခင်မှာ ကိုအေးငွေက-

"မြကျင်၊ နင်က- ငါက ချစ်ရဲ့လားဆိုရင် မချွေခင်က ကြွေပြီးသားလို့ပြော"

"ဟုတ်ကဲ့"

"အေးမိ…နင်က ငါမေးရင် မလှမ်းခင်က ကမ်းပြီးသားလို့ ပြော"

"မှတ်မိပြီ"

"မိပြား… နင်က မဆွတ်ခင်က ညွတ်ပြီးသားပါလို့ ပြောရမယ်"

"နားလည်ပြီ"

"မိချွေ နင်က ငါချစ်ရဲ့လား မေးရင် မလွမ်းခင်က ကျွမ်းပြီးသားလို့ ပြောရမယ်နော်"

"စိတ်ချ…"

"အေးဝင်း… နင်က မပြောခင်က ချောပြီးသားပါ မောင်ရဲ့လို့ ပြောရမယ်"

"သိပါပြီတော်"

"အားလုံး မှတ်မိပြီနော်"



"မှတ်မိပြီ"

အဲသလိုနဲ့ အရပ်ဇာတ် က,ကြသတဲ့။ အရပ်ဇာတ်က သီချင်းဆိုတာ၊ ပြဇာတ်ကတာ၊ နှစ်ပါးသွား က,တာတွေကောင်းတော့ အေးရွာက လူတွေ ပါလာပြီး ကြည့်ကြ၊ အားပေးကြသတဲ့။ အဲသလိုနဲ့ သီချင်းကဏ္ဍ၊ ပြဇာတ်ကဏ္ဍတွေပြီးတော့ တစ်ရွာလုံးက စောင့်တနေတဲ့ နှစ်ပါးသွားကဏ္ဍ ရောက်ခဲ့တော့ ကိုအေးငွေနဲ့ ကိုစောသိန်းတို့ဟာ အဖျော်စားပြင်ဆင်ထားသလို မင်းသမီးရှစ်လက်ကလည်း အဖျော်စားဝတ်ဆင်ထားသတဲ့။

အဲသလိုနဲ့ မင်းသားအေးငွေက နှစ်ပါးသွားသီချင်းဆိုပြီး ချစ်ခန်းကြိုက်ခန်းတွေ ဆိုအပြီး…

"ညီမလေး မြကျင်က မောင့်ကိုချစ်ရဲ့လား… ချစ်လိုက်ကြစို့ကွယ်"

ကိုအေးငွေ အဲသလိုမေးသလို မြကျင်၊ အေးမိ၊ မိပြား၊ မိချွေနဲ့ အေးဝင်းတို့ကို တစ်ဦးချင်း ဆက်ပြီး မေးသွားသတဲ့။ အဲဒီ အမေးစကားအဆုံး မြကျင်တို့ မင်းသမီးငါးဦးဆက်တိုက် ဖြေသွားတဲ့ အဖြေတွေကြောင့် ပွဲကြည့်ပရိသတ်အားလုံး တဝါးဝါးနဲ့ ပွဲကျသွားကြသတဲ့။

အဲဒီအဖြေတွေက…

"မချွေခင်က သေပြီးသားပါ မောင်ရဲ့"

"မဆွတ်ခင်က ကျွတ်ပြီးသားပါ မောင်ကြီးရဲ့"

"မနမ်းခင်က ရှောင်ပြီးသားပါ မောင်ရဲ့"

"မတွေ့ခင်က လှန်ပြီးသားပါမောင်ရဲ့"

"မလွမ်းခင်က ငိုပြီးသားပါ မောင်ကြီးရဲ့"

အဲဒီစကားတွေ အပြိုင်ဖြေလိုက်တဲ့အတွက် မင်းသားအေးငွေမှာ လာလုပ်လို့ ဘာပြောရမှန်းမသိ ဖြစ်သွားသတဲ့။

နောက်ရက် အဲဒီရွာမှာ အဲဒီအပြောတွေ ပြန့်သွားပြီး သူတို့နှစ်ပါးသွားကိုလည်း အမည်ပေးကြသတဲ့။

သေ,ကျွတ်,ရှောင်,လှန်,ငို…ပြီးသား နှစ်ပါးသွားတဲ့လေ။

www.burmeseclassic.com

www.burmeseclassic.com

## လင်ကံ မကောင်းဘူး

တစ်ခါက အထက်အညာအရပ်က ရွာတစ်ရွာမှာ သင်းမေဆိုတဲ့ မိန်းမတစ်ဦး ရှိသတဲ့။ အဲဒီ သင်းမေဆိုတဲ့ မိန်းမဟာ အသက်လေးဆယ်နားကပ်နေပြီး ရုပ်ရည်က ချောမောတဲ့သူ၊ အသားအရေကောင်းတဲ့သူ၊ အရပ်အမောင်းနဲ့ မျက်နှာက လိုက်ဖက်တဲ့သူ၊ အပြောအဆိုနဲ့ ဆက်ဆံရေးက ညက်ညောတဲ့သူ ဖြစ်သတဲ့။

ဒါပေမယ့် အဲဒီမသင်းမေဟာ အိမ်ထောင်သက် ခြောက်ဆက်ရှိပြီ ဖြစ်သတဲ့။ အဲသလို အိမ်ထောင်ကျပြီး အိမ်သားတွေဆုံးခဲ့တာ အိမ်ထောင်အဆက် ခြောက်ဆက်ဖြစ်ပေမယ့် ဘယ်ယောက်ျားနဲ့မှ သားသမီးမကျန်ရစ်ဘူးတဲ့။ သားသမီးမရှိတော့တဲ့အတွက်လည်း မသင်းမေဟာ အပျိုလိုဖြစ်ပြီး တစ်ယောက်ပြီးတစ်ယောက် ယူခဲ့တာဖြစ်လို့ မသင်းမေနဲ့ တွေ့မိတဲ့ ပုရိသယောက်ျားတိုင်း အရူးအမူးနဲ့ အစွဲအလမ်းကြီးခဲ့ကြတာ ဖြစ်သတဲ့။

အဲဒီတော့ မသင်းမေကို ရွာထဲက ပြောကြ ကဲ့ရဲ့ကြတာပေါ့။

"သင်းမေမှာ ဆေးပါသတဲ့အေ..."

"ဟုတ်တယ်။ တို့ဆေး ပါသတဲ့"

"ဒါကြောင့် သူ့ကို စွဲလမ်းပြီး ယူကြတာပေါ့အေ..."

"ဒါမျိုးပေါ့အေ... လူသတ်တဲ့ မိန်းမဆိုတာ..."



အဲသလို အပြစ် ပြောကြသတဲ့။

အဲဒီအချိန်မှာ အဲဒီရွာက မောင်ဘအေးဆိုတဲ့ ကာလသားတစ်ယောက်ဟာ မသင်းမေကို အရူးအမူး ဖြစ်နေရှာသတဲ့။ မောင်ဘအေးရဲ့ မိဘတွေခမျာ သားဖြစ်သူဟာ မသင်းမေကို အစွဲကြီးစွဲနေတာကိုသိတော့ တားကြ ပြောကြသတဲ့။

"လူလေးရာ စဉ်းစားပါကွာ။ မင်းက လူပျို၊ ဟိုက ယောက်ျားခြောက်ယောက်ရပြီးသားကွယ့်"

"ခုနစ်ယောက်မြောက် သေချင်ပုံရပြီကွာ"

"ဒီကောင်မနဲ့ ရတဲ့ယောက်ျားမှန်သမျှ တစ်နှစ်တောင် မနေရဘူးကွယ့်"

မိဘတွေက အဲသလို ပြောကြတော့...

"မသင်းမေကို မရရင် ကျုပ်သေမယ့်အတူတူ ရပြီးမှ သေသွားချင်တယ်ဗျာ"

"ဘုရားရေ"

"မြတ်စွာဘုရားဒွေါ"

မိဘတွေခမျာ တားမရဘူး ဖြစ်နေသတဲ့။ မကြာပါဘူး။ မောင်ဘအေးဟာ မသင်းမေကို ခိုးပြီးပြေးသတဲ့။ တစ်ရွာမှာ ဆယ်ရက်ပဲနေပြီး ပြန်လာသတဲ့။ အဲဒီလိုပြန်လာတော့ မောင်ဘအေး မိဘတွေက လက်ခံကြရတော့တာပေါ့။

အဲဒါနဲ့ ထုံးစံအတိုင်း မိဘဝတ္တရားနဲ့အညီ ကန်တော့တစ်ပွဲ, ရွာထဲက လူကြီးလေးငါးဦးနဲ့ ကန်တော့ပွဲစင်ပြီး အကျဉ်းချုံးလို့ လက်ထပ်ပေးခဲ့တယ်။ အဲဒီရက်က မသင်းမေအိမ် ရောက်တော့...

မောင်ဘအေးရဲ့ ဖခင်က ပြောသတဲ့။

"လူလေး..."

"ဗျာ..."

"လူလေးက သေလူ၊ သေမယ့်လက်မှတ် ရထားပြီးသား။ သေမင်း

www.burmeseclassic.com

www.burmeseclassic.com

ဆီသွားဖို့ လက်မှတ်ရပြီးသား။ ဒီတော့ သေမှာ အမှန်ပဲ။ ဒါ့ကြောင့် ဘုန်းကြီးတွေ အလုပ်မရှိတဲ့ရက်မှာ သေပါကွယ်။ အဖေတို့ကတော့ လူလေးရဲ့ အသုဘချဖို့ အရံသင့်လုပ်ထားပြီးသား''

အဲသလို လူကြားထဲမှာ ပြောတော့ မောင်ဘအေးရော မသင်းမေပါ မျက်လုံးပြူးနေကြသလို၊ အခြားသူ လေးငါးဦးလည်း မျက်လုံးပြူးနေကြတာပေါ့။

အဲဒီအချိန် မောင်ဘအေးရဲ့ မိခင်ပြောလိုက်တဲ့ စကားကြောင့် အားလုံးပြုံးရယ်ကြပေမယ့် မောင်ဘအေးတို့ လင်မယားမှာတော့ ပိုပြီး မျက်လုံးပြူးသွားသတဲ့။

မိခင်ဖြစ်သူရဲ့ စကားက...

''လူလေးရယ်... မင်းမိန်းမ အမည်ကိုက သင်းမေတဲ့။ သင်းမေဆိုတာ သေမင်းကွယ့်။ သေမင်း-သေမင်း''

အဲဒီအဖြစ်နဲ့ အဲဒီစကားက ရာဇဝင်တွင်သွားသတဲ့။

## လင်ဖြစ်သူ ကိုအေးလူရဲ့ ညည်းချင်း

အထက်အညာအရပ်က ရွာတစ်ရွာမှာ ကိုအေးလူ၊ မအေးမြင့်ဆိုတဲ့ လင်မယားနှစ်ယောက် ရှိသတဲ့။ အဲဒီလင်မယားနှစ်ယောက်မှာ သမီးတစ်ယောက်နဲ့ သားတစ်ယောက် ရှိကြပြီး စီးပွားရေးက တောင်သူတစ်ရှဉ်းလုပ်တဲ့ အဆင့်ရှိသတဲ့။ ကိုအေးလူဟာ နာမည်နဲ့အလိုက် အေးအေးလူလူနေတတ်တဲ့လူ ဖြစ်တယ်။ တောင်သူလုပ်ငန်းကို ဇောက်ချလုပ်ကိုင်တတ်ပြီး တောင်သူလုပ်ငန်းလည်း ကျွမ်း၊ တောင်သူလုပ်ငန်းလည်း ဝါသနာပါတဲ့သူ ဖြစ်သတဲ့။

အဲဒီ လင်ဖြစ်သူကိုအေးလူ တောင်သူလုပ်ငန်း ကြိုးစားလုပ်သလောက်၊ ဝါသနာကြီးသလောက်၊ အသွားအလာ၊ အနေအထိုင်၊ အစားအသောက် စည်းကမ်းကြီးသလောက်၊ ဇနီးဖြစ်သူ မအေးမြင့်က တောင်သူလုပ်ငန်းကို စိတ်မဝင်စားဘူး။ ဝါသနာမပါဘူး။ ဈေးရောင်းချင်သလိုလို၊ လမ်းသလားချင်သလိုလို၊ ချဲဒိုင်ခံချင်သလိုလို ဝါသနာပါတဲ့သူဖြစ်ပြီး ပွဲလမ်းသဘင်ရှိရင်လည်း ရွာမှာရှိတဲ့ပွဲတင်မကဘူး။ အခြားရွာမှာရှိတဲ့ ပွဲလမ်းမှန်သမျှ သွားလာတတ်သတဲ့။

''အေးမြင့်ရာ ငါက တောင်သူလုပ်ငန်းကို လုပ်နေချင်တာ၊ နင့်က ဝါသနာမပါဘူးဆိုတော့''

www.burmeseclassic.com

www.burmeseclassic.com



"အို- ကိုအေးလှုကလည်း ကျုပ်မှ ဝါသနာမပါတာ၊ ကျုပ်က အခြားနည်းနဲ့ စီးပွားရေးဖြစ်ချင်တာ"

ကိုအေးလှုက အဲသလိုပြောလည်း နားမထောင်ဘူးတဲ့။ ဘာပြုလို့လည်းဆိုတော့ ကိုအေးလှုက မအေးမြင့်ကို ကြောက်ရတာကိုး။

"တော်… ကျုပ်ကို မပြောနဲ့၊ မကြားချင်ဘူး"

"အေးမြင့်ကို ဘာမှတ်လဲ၊ ရှင် ပါးရှစ်စိတ်ကွဲချင်လို့လား"

အဲသလို ပြောတတ်သလို အေးမြင့်က ဆဲဆိုရာမှာ ကိုယ်စောင့်နတ် မကပ်နိုင်တဲ့အထိ အဆဲအဆိုကြမ်းတဲ့ မိန်းမဖြစ်သတဲ့။ ယောက်ျားဖြစ်သူကတော့ ဘာမှပြန်မပြောရဲတော့ ခေါင်းငုံပြီး နေရသတဲ့။ အဲ…မအေးမြင့်ကတော့ သူထင်ရာလုပ်တတ်သတဲ့။ အပြောကလည်း ကြမ်း၊ အဆဲက ကြမ်းသလို သာမန်စကားပြောရင်တောင်မှ မအေးမြင့်အသံက မြည်လွန်းလို့ ရွာထဲကတောင် ပြောကြသတဲ့။

"အမလေး… အေးမြင့်အသံက လူမှာရှိရင် အသက်ထွက်နိုင်တယ်"

အဲသလို ပြောတတ်ကြတယ်။ အဲဒီတော့ ကိုအေးလှုသာမကဘူး၊ ရွာထဲတောင် လန့်နေရတဲ့သူဖြစ်တယ်။ မအေးမြင့်ဟာ ပထမ ဈေးရောင်းတယ်။ ကိုအေးလှုကတော့ ဘာမှ မပြောဘူး။ အေးမြင့် စိတ်ချမ်းသာရင် ပြီးရောဆိုပြီး လွှတ်လိုက်တာ တစ်နှစ်အကြာမှာ ဈေးတောင်းပြုတ်ပြီး အကြွေးတင်သွားတယ်။ အဲဒီ ဈေးတောင်းပြုတ်ပြီးတဲ့နောက် တရားမဝင်တဲ့ ချဲ့ရောင်းသတဲ့။ အဲသလို ချဲရောင်းရင်း ချဲထိုးလိုက်တာ လေးငါးကြိမ်လျော်ရတော့ ရှိတဲ့ယာထဲက သုံးကန့်ရောင်းဆပ်လိုက်ရပြန်ရော။ နောက် ငွေချေးငွေနဲ့လိုက်တဲ့ မအေးမြင့်ခမျာ ချဲဒိုင်ခံလိုက်တာ၊ ကျန်တဲ့ လယ်ယာတွေ၊ နွားတွေအပြင် အိမ်နဲ့ဝင်းရောင်းပြီး ရွာအနောက်ဘက်က အမွေရလို့ ကျန်နေတဲ့ သရက်ခြံထဲရွှေ့သွားရတဲ့ အထိပါပဲတဲ့။

အဲသလို ဘဝပျက်အောင် ချဲလုပ်တဲ့ မအေးမြင့်ကို ရွာထဲက ကဲ့ရဲ့ကြ၊ အပြစ်တင်ကြနဲ့ပေါ့။



"အမယ်လေး… အာဂမိန်းမပဲဟော့၊ အိုးအိမ်နဲ့လယ်ယာ ကျွဲနွားကိုတောင် ကုန်အောင်လုပ်ပစ်တယ်"

"ဟုတ်ပါ့တော်… အံ့ပါရဲ့"

"ဒီတစ်ခါနေရတဲ့ခြံကို ရောင်းလုပ်မယ်ဆိုရင် ဘယ်နေကြမလဲမသိဘူး"

"သင်္ချိုင်းကုန်းရွှေ့ရုံ ရှိတော့တာပေါ့"

"ကြားဖူးပေါင်များ"

အဲသလို အပြစ်ပြောခဲ့ကြသတဲ့။ အဲသလို ဘဝပျက်ခဲ့ပေမယ့် မအေးမြင့်က အပြုံးမပျက်ဘူးတဲ့။ ရယ်ရယ်မောမော ပျော်ပျော်ပါးပါးပါပဲတဲ့။ အဲ-ကိုအေးလှုမှာတော့ ရှက်လွန်းလို့ ရွာထဲတောင် မထွက်ရဲတဲ့အပြင် ဆုံးပါးသွားတဲ့ လယ်ယာမြေတွေ၊ ကျွဲနွားတွေကို နှမြောလွန်း၊ သတိရလွန်းလို့ ပိန်ချုံးသွားသတဲ့။

အဲ-အဲ-အဲသလိုနဲ့ ဘဝပျက်ခဲ့တဲ့ မအေးမြင့်ဟာ အဲဒီချဲကိစ္စကြောင့် အကြွေးတင်တာ။ စားရေးသောက်ရေးနဲ့ လူမှုရေးကိစ္စတွေကြောင့် ကြွေးတင်နေတာကို မစဉ်းစားဘဲနဲ့ အကြွေးကင်းသလိုလို၊ အကြွေးမရှိသလိုလိုနဲ့ ဟန်ဆောင်ရင်း အရင်ကအတိုင်း သုံးမြဲသုံး၊ ဖြုန်းမြဲဖြုန်းနေဆဲပဲ။ အဲ-အဲသလို ဖြစ်နေတဲ့ မအေးမြင့်က ဒီနှစ် ဘုရားပွဲမှာ သူကြိုက်တဲ့မင်းသားတွေပါတဲ့ ဇာတ်ပွဲမှာဆုံတော့ ပွဲကိုဝတ်ဖို့နဲ့ ဘုရားပွဲမှာဝတ်ဖို့ အဝတ်အစားတွေ ချုပ်သတဲ့။ အဲ-ကိုအေးလှုအတွက်တော့ မပါဘူးပေါ့။

"ကိုကိုအေး"

"ဟင်…"

"ဒီအစကြည့်စမ်း၊ အေးနဲ့ မလိုက်ဘူးလား။ ဒါက ပွဲကြည့်ရင် ဝတ်ဖို့"

"လိုက်-လိုက်"

"ဒါက ဘုရားပွဲရက်ဝတ်ဖို့ မလှဘူးလား"

"လှ-လှ"

www.burmeseclassic.com

www.burmeseclassic.com



"အဟင်း-ဟင်း ဟင်း…"

"ငါ့-ငါ့အတွက်ရော…"

"ရှိတာဝတ်… ဒါပဲ"

"ကောင်း-ကောင်း…"

အဲသလိုနဲ့ အပျံစားဝတ်စားထားတဲ့ မအေးမြင့်ဟာ ပွဲနှစ်ညစလုံး မင်းသားငါးလက်ကတဲ့ နှစ်ပါးသွားမှာ ပုဆိုးတစ်ထည်၊ ရှပ်အင်္ကျီတစ်ထည်စီ ဆုချခဲ့သတဲ့။

"သားသားတို့ရဲ့ မမအေးမြင့် ဆုချတဲ့အတွက် သားသားတို့ ဆုတောင်းချင်တာက လာမယ့်နှစ်မှာ အဲဒီထက်ပိုပြီး ဆုချနိုင်ပါစေလို့ ဆုတောင်းပါတယ်ဗျာ"

မင်းသားတွေက အဲသလိုပြောတော့ မအေးမြင့် ပြုံးနေပေမယ့် ကိုအေးလူမှာတော့ ပွဲခင်းဈေးထဲက အကြော်ဖိုမှာ အကြော်မစားနိုင်လို့ အဖန်ရည်သောက်ရင်း ရင်ဖိနေရသတဲ့။

"အင်း… အိမ်မှာ မနက်စာဆန်မရှိ၊ အကြွေးတွေပိုင်းနေတာတောင် သူက ပုဆိုးနဲ့အင်္ကျီတွေ၊ ကြွေးဝယ်ပြီး ဆုချသတဲ့။ ရက်-ရက်ပါတယ် အေးမြင့်ရာ။ ငါ့ကျတော့ အကြော်ဖိုးတောင် မပေးဘူး၊ မသထာရှာဘူး"

အဲသလို တွေးခဲ့ရသတဲ့။ အဲဒီအချိန် လူတွေက မအေးမြင့်ကို မချီးကျူးတဲ့အပြင် အပြစ်ပြောကြသတဲ့။

"မကြားဘူးပေါင်ဗျာ"

"ဟုတ်ပါ့"

"ကိုယ့်မှာ ဘဝပျက်နေတာတောင်…"

"အင်း… စေတနာပေါ့လေ"

"ဒါ စေတနာမဟုတ်ဘူးကွ၊ မွဲဆေးဖော်တာ"

အဲသလို အပြစ်ပြောသံတွေကြားတော့ ခါးကုန်းအောင်လုပ်ခဲ့ရတဲ့ လင်ဖြစ်သူ ကိုအေးလူက ထိုင်ရာကထပြီး စာချိုးချိုးပြီး ငိုချလိုက်သတဲ့။



"××လုပ်သမျှ×ဒုက္ခပါပဲဗျာ×××အဟုတ်ပ××မင်းသားတွေဆုချတဲ့ ကျုပ်မယားဟာဖြင့်××ကျုပ်စကား နားမထောင်တဲ့အပြင်×××အကြွေးတင်ခံပြီးငွေကိုယူ×အကြွေးထူတာလဲ မပြောပါနဲ့×××လူတောသွားရမှာတောင် ရှက်ပါဘိ×××သဘက်ခါအထိ ကျုပ်မနေချင်ပါဘူး×××ရှက်ပါဘိ×ကျုပ်မယားလုပ်ချက်ကယ်ကြောင့်×××အဟုတ်သား ကျုပ်ဝန်ခံရရင်ဖြင့်××× အပူဟာန်သရုပ် တကယ်လောင်တဲ့မီးတွေက×××ထိန်ညည်းကာမနေပါနဲ့တော့×××သေရွာကိုသာအမြန်ပို့လိုက်ပါလားဗျာ×××အီး-ဟီးဟီးဟီး…"

ကိုအေးလူခမျာ အဲသလို စာချိုးချိုးရင်း အသံကုန်ဟစ်လိုက်တာကြောင့် ကြားရသူတွေအပြေး လာဝိုင်းကြည့်ကြရင်း ဟားတိုက်ရယ်လိုက်ကြသတဲ့။

အဲဒီအဖြစ်၊ အဲဒီစာချိုးက အဲဒီရွာသာမကဘူး၊ အခြားရွာတွေအထိ နာမည်ကြီးသွားလိုက်တာ ဟိုးလေးတကျော်ကျော်ပါပဲတဲ့။

www.burmeseclassic.com

www.burmeseclassic.com

## သေတော့မှာပဲ

တစ်ခါက အထက်အညာအရပ်မှာ ရွာတစ်ရွာရှိတယ်။ အဲဒီရွာမှာ ဦးထွန်းလှိုင်-ဒေါ်ကောင်းဆိုတဲ့ လင်မယားမှာ မောင်ဒေါင်းဆိုတဲ့ သား တစ်ယောက် ရှိသတဲ့။ အဲဒီ ဦးထွန်းလှိုင်တို့မှာ တောင်သူတစ်ရှည်းလုပ်ရတဲ့ လယ်ယာမြေတွေရှိပြီး စီးပွားရေးက အသင့်အတင့်ရှိတဲ့သူတွေ ဖြစ်သတဲ့။ အဲဒီ ဦးထွန်းလှိုင်ရဲ့မျိုးရိုးဟာ အရပ်ရှည်ပြီး အလွန်ဝတဲ့ အဝလွန်သူဖြစ်ပြီး ဒေါ်ကောင်းကတော့ သာမန်ဝရုံလောက်ရှိပြီး အရပ်က ဦးထွန်းလှိုင်နီးပါး ရှိတဲ့သူ ဖြစ်သတဲ့။

အဲဒီတော့ သားဖြစ်သူ မောင်ဒေါင်းဟာလည်း အဖေနဲ့အမေ အရပ်ရှည်သလို မျိုးရိုးအလိုက် အရပ်ရှည်သူ ဖြစ်သတဲ့။ အရပ်ရှည်ရုံမကဘူး၊ မောင်ဒေါင်းက သူ့ဖခင်ဦးထွန်းလှိုင်လို ဝတဲ့သူ ဖြစ်သတဲ့။ ဝလိုက်တာမှ သားအဖနှစ်ယောက် ရွာထဲသွားရင် ညီအစ်ကိုလို့တောင် ထင်ရသတဲ့။

''ဟော... ဒီညီကို ဘယ်သွားမလို့လဲဟေ့''

''အဝေးကကြည့်ရင် ဘယ်သူက အဖေ၊ ဘယ်သူက သားမှန်း မသိရဘူးဟေ့''

အဲသလို ပြောတတ်ကြသတဲ့။ ပြီးတော့ သူတို့သားအဖ တောသွားလို့ လှည်းနဲ့သွားကြရင်တောင်မှ ပြောကြသတဲ့။

''ခင်ဗျားတို့ သားနှစ်ယောက်ဆိုတော့ လှည်းကျိုးမှာ သေချာတယ်''

''လှည်းကျိုးရင် လှမ်းခေါ်လိုက်နော်''



''နွားမရုန်းခဲ့ရင် လှမ်းမှာလိုက်''

အဲသလိုနောက်ပြောင်ပြီး ပြောကြသတဲ့။ အဲသလောက်အထိ ဝတဲ့ သားအဖတွေ ဖြစ်သတဲ့။ တစ်ခါက တစ်ရွာက လှည်းလေးနဲ့အလှာ၊ သူတို့ သားအဖ လမ်းကြုံလို့လိုက်ခဲ့တာ လမ်းရောက်တော့ နွားတောင် ဝပ်သတဲ့။ ဒါ့ကြောင့် သူတို့သားအဖကို ဘယ်လှည်းကြုံကမှ မတင်ချင်ကြဘူးတဲ့။

တကယ်တော့ မောင်ဒေါင်းရဲ့ အသက်ဟာ (၂၀)ကျော်ရုံပဲ ရှိသေးသတဲ့။ အဲဒီမောင်ဒေါင်းဟာ ရွာက ကောင်မလေးတစ်ယောက်ကို လိုချင်နေတဲ့သူ ဖြစ်သတဲ့။ အဲဒီကောင်မလေးအမည်က စာဥဆိုတဲ့ ကောင်မလေး ဖြစ်တယ်။ စာဥဟာ မောင်ဒေါင်းတို့လိုပဲ တောင်သူတစ်ရှည်းလုပ် ရှိတဲ့သူ လေးဖြစ်တယ်။ အရပ်အမောင်းက ခပ်ပုပု၊ အသားက ဖြူဖြူ၊ မျက်နှာက ဝိုင်းဝိုင်းလေးနဲ့တဲ့။ ချောတာတော့ အတော်ချောတဲ့ ကောင်မလေး ဖြစ်သတဲ့။

''မောင်ဒေါင်း''

''ဟေး''

''စာဥကို လိုချင်လို့ဆို''

''အင်း''

''ကြိုးစားဟေ့... ရဖြစ်ပါတယ်ကွ''

သူငယ်ချင်းတွေက အဲသလို မြှောက်ပေးကြသတဲ့။ မောင်ဒေါင်းရဲ့ မိဘတွေကလည်း သားဖြစ်သူ မောင်ဒေါင်းကို အဲဒီ စာဥဆိုတဲ့ ကောင်မလေးနဲ့ သဘောတူနေသတဲ့။ ဘာပြုလို့လည်းဆိုတော့ စာဥက ချောတယ်။ စီးပွားရေးလည်း ရှိတယ်။ ပြီးတော့ တောင်သူလုပ်ငန်းလည်း ကျွမ်းတယ်တဲ့။

''အင်း- မိန်းမရေ၊ မိန်းကလေးထဲမှာတော့ စာဥက ရှားတယ်ဟေ့။ တောင်သူလုပ်ငန်း သိပ်ကျွမ်းတာကွ''

''ဒီကောင်မလေးသာ ကျုပ်တို့သားနဲ့ရရင်''

''တောင်သူလုပ်ငန်းကို အပြီးလွှဲလိုက်ရုံပဲ''

''ဟုတ်တယ်။ တော်နဲ့ မောင်ဒေါင်းက ထွန်းစီးလို့မှ မရတော့တာ။

www.burmeseclassic.com

www.burmeseclassic.com



တော်နဲ့ မောင်ဒေါင်းကို ထွန်စက်တောင် ရှန်းမှာ မဟုတ်ဘူး”

အဲဒါကြောင့် ပေးစားချင်နေသတဲ့။ မကြာပါဘူး။ မောင်ဒေါင်းက အခု ကိုချစ်ရေးဆိုခဲ့သလို၊ မောင်ဒေါင်းမိဘတွေကလည်း တာဥမိဘတွေကို ပြောထားသတဲ့။ ပေးစားကြဖို့ပေါ့။

“အင်း… သူငယ်ချင်းအဆင်ပြေရင် ပေးစားရုံပဲတော်”

အဲသလိုနဲ့ သိပ်မကြာပါဘူး။ မောင်ဒေါင်းနဲ့ တာဥတို့ဟာ ချစ်သူတွေ ဖြစ်သွားကြတယ်။ အဲဒါကြောင့် လက်ထပ်ပေးကြဖို့ တိုင်ပင်အပြီး လယ်သိမ်း ချိန် အပြီးမှာ မင်္ဂလာဆောင်ဖို့ စီစဉ်ခဲ့ကြသတဲ့။

အဲသလိုနဲ့ လယ်သိမ်းပြီးချိန်မှာ မောင်ဒေါင်းနဲ့ တာဥတို့မင်္ဂလာပွဲ ကျင်းပခဲ့သတဲ့။ ဦးထွန်းလှိုင်တို့အိမ်က သားတစ်ဦးတည်း ရှိတာဆိုတော့ အစည်ကားဆုံးဖြစ်အောင် ဝက်သားကျွေးပြီး မင်္ဂလာဆောင်ပေးခဲ့သတဲ့။

မင်္ဂလာပွဲအစရက်မှာ မနက်ခင်း အသံချဲ့စက် ဝင်တယ်။ မင်္ဂလာမဏ္ဍပ်ထဲမှာလည်း လူအပြည့်ရှိသတဲ့။ မင်္ဂလာသီချင်းဖွင့်အပြီး အသံချဲ့စက်ဆရာက တွံတေးသိန်းတန်ရဲ့ သီချင်းတစ်ပုဒ် ဖွင့်လိုက်သတဲ့။

“ဒေါင်းဥကို တာသူငယ်ဝပ်တော့ ရင်ကွဲလို့ သေတတ်တယ်×××
တာဥကို ဒေါင်းဝပ်တော့ ဥကွဲလို့ ကျေတတ်တယ်×××”

အဲဒီသီချင်း ဖွင့်နေဆဲမှာ ကာလသားတစ်ဦးက မောင်ဒေါင်းနဲ့ တာဥတို့ကို သတိရပြီး ပြောလိုက်တဲ့စကားကြောင့် အားလုံးရယ်မောမိကြသတဲ့။

အဲဒီကာလသားရဲ့ စကားက–

“ဟေ့ကောင်တွေ နားထောင်ကြကွ။ ဘာတဲ့–ဘာတဲ့… တွံတေးသိန်းတန်က ဆိုနေပြီ။ တာဥကို ဒေါင်းဝပ်ရင် ဥကွဲလို့ ကျေတတ်သတဲ့။ အင်း… ကောင်မလေးတော့ ကျေရုံမကဘူး၊ သေတော့မှာပဲ”

အဲဒီအဖြစ်၊ အဲဒီစကားက မောင်ဒေါင်းတို့ အသက်(၇၀)ကျော်လို့ သားသမီးတွေ ရတဲ့အထိ ပြောကြတုန်းပဲတဲ့။

မှတ်ကရော။

## အားလုံးတို့…

တစ်ခါက အောက်ပြည်အောက်အရပ်က ဧည့်သည်နှစ်ဦး၊ အညာအရပ်ကို ရောက်လာကြသည်။ အလည်လာကြခြင်းဖြစ်သလို ငါးပိ၊ ငါးခြောက်ရောင်းရင်း၊ ဆွေမျိုးတွေဆီ လာလည်ရင်း တန်ခိုးကြီးဘုရားများကို ဖူးရင်းဖြစ်သည်။ တစ်ချက်ခုတ် အချက်များစွာ ပြတ်သည့် သဘောမျိုး။

ဧည့်သည်များသည် အိမ်ရှင်များဆီ ငါးပိ၊ ငါးခြောက်များကိုအပ်၍ ရောင်းစေပြီးတော့ ဘုရားဖူးထွက်ကြသည်။ ဘုရားဖူးအပြီး ရွာကိုပြန်လာ၍ ကျန်သည့် ရောင်းစရာ ငါးခြောက်များကိုလိုက်၍ ရောင်းချရင်း အခြားရွာကို သွားကြသည်။

“အောက်သားရေ… ကျည်စုရွာကို သွားရောင်းမယ်ဟေ့”

“သွားလေ”

အိမ်ရှင်ယောက်ျားနှင့် ဧည့်သည်နှစ်ဦး ငါးခြောက်များကိုထမ်း၍ ထွက်ခဲ့ကြသည်။ ရွာနှင့် ကျည်စုရွာသည် သုံးမိုင်ခန့်သာ ဝေးသည်။ မကြာပါ။ သူတို့သုံးဦးသည် ကျည်စုရွာကို ရောက်ခဲ့သည်။

“အစ်မတို့… ငါးခြောက် ယူဦးမလား”

“လတ်ဆတ်တယ်နော်၊ အောက်ပြည်က ငါးခြောက်တွေ”

www.burmeseclassic.com

www.burmeseclassic.com



လှည့်ရောင်းသည်။ တစ်အိမ်က ခေါ်သည်။ ခေါ်သည့်အိမ်ကို ဝင်သည်။ ငါးခြောက်များကို ကြည့်သည်။ ဈေးမေးသည်။

"ကျွန်တော်တို့က တစ်လလောက်နေမှ ပြန်လာပါ"

"လဆိုင်း ရောင်းမှာပါ"

ထို့ကြောင့် ကျည်စုရွာမှ ငါးခြောက်များကို ဝယ်ကြသည်။ အောက်ပြည်မှ ညှိသည်များသည် ကျည်စုရွာရှိ အတိုးကြီးအဘွားကြီးတွေ၊ လူလတ်လူငယ်တွေနှင့် ကလေးတွေကို ကြည့်ရင်း ရယ်ချင်နေသည်။ ထိုသို့ ရယ်ချင် ပြုံးချင်ချင်နှင့် ငါးခြောက်များကို ရောင်းခဲ့ရာက တစ်ပိဿာခန့်သာ ကျန်တော့သည်။ အိမ်ရှင် ယောကျ်ားက-

"ကဲ- ဒီတစ်ပိဿာတော့ မရောင်းနဲ့ကွာ၊ ရွာဦးက ဘုန်းကြီးကျောင်းနဲ့ မယ်သီလကျောင်းကို လှူကြရအောင်"

ထိုသို့ပြော၍ ညှိသည်များက သဘောတူကြသည်။

"ကောင်းတာပေါ့"

"ကုသိုလ်ရတာပေါ့ဗျာ"

ထို့ကြောင့် သူတို့သုံးဦးသည် ရွာဦးကျောင်းသို့ လာခဲ့ကြသည်။ လမ်းအရောက် ညှိသည်တစ်ဦးက သူပြုံးချင်သည့်ကိစ္စကို ပြောသည်။

"ဟောဒီကျည်စုရွာက အတိုးအဘွားကြီးတွေကအစ နို့စို့ကလေးအထိ အားလုံးမျက်ခမ်းစပ်တွေချည်းပဲ"

အဲသလိုပြောတော့ ကျန်တဲ့တစ်ယောက်ကလည်း ပြောသည်။

"ဟုတ်တယ်နော်… တစ်ရွာလုံး မျက်ခမ်းပိုးစားနေကြတာကိုး"

ထိုသို့ပြော၍ အိမ်ရှင်ယောကျ်ားက ပြုံးသည်။ ဘာမျှ ဝင်မပြောပေ။ မကြာပါ။ ရွာဦးကျောင်းကို ရောက်ခဲ့သည်။ ကျောင်းထိုင်ဆရာတော်နှင့် အခန်းနေ ဦးဇင်းများကို ကန်တော့ပြီး ငါးခြောက်တစ်ဝက်ကို ကပ်လှူပြီး မယ်သီလကျောင်းသို့သွား၍ တိုက်အုပ်ဆရာလေးအား ငါးခြောက်ကပ်သည်။

အပြန်၌ ကျည်စုရွာမှ လှည်းတစ်စီးသည် ရွာသို့သွားမည်ဖြစ်၍



လှည်းကြုံစီးကာ လိုက်ခဲ့ကြပြီး လှည်းပေါ်ရောက်သည်နှင့် ညှိသည်တစ်ဦးက…

"အင်း… ကျည်စုတစ်ရွာလုံး မျက်ခမ်းတိုတာ မဟုတ်ဘူး၊ ဆရာတော်ရော ဆရာလေးတွေပါ မျက်ခမ်းတိုတာကိုး"

ရယ်ရင်းပြောသည့်အချိန် အိမ်ရှင်ယောကျ်ားမှာ ကျည်စုမှ လှည်းသမားကို အားယူ၍ မျက်စိမှိတ်ပြသည်။ ထိုအချိန် ကျန်သည့် ညှိသည်တစ်ဦးက…

"ဟင်… ဒီလှည်းသမားကလည်း မျက်ခမ်းတိုတာပဲကိုး"

ထိုသို့ ပြောသည့်အတွက် လှည်းသမားသည် ဒေါသဖြစ်သွားသည်။

"ဆင်း-ဆင်းကြ… အားလုံးဆင်း"

ထိုသို့ ဆင်းခိုင်း၍ ကျည်စုရွာဘက် လှည့်ကာ ပြန်သွားသည်။ အိမ်ရှင်ယောကျ်ားက ပြောသည်။

"အောက်သားတွေရာ… အတော်နောက်တာပဲ။ အမှန်အတိုင်း မပြောရဘူးကွ"

"ခုလို တစ်ရွာလုံး တညီတညွတ်တည်း မျက်ခမ်းတိုတာမျိုး ကျွန်တော်တို့ဆီ မရှိတော့ အံ့သြပြီး ပြောမိတာဗျ"

"ခက်တာပဲကွာ"

သူတို့သုံးဦး ရွာရောက်အပြီး နောက်ရက်၌ ကျည်စုရွာသို့ တစ်လဆိုင်းနှင့် ရောင်းထားသည့် ငါးခြောက်များပြန်၍ ရောက်လာသည်။ အကြောင်းမှာ ကျည်စုတစ်ရွာလုံးမက ဦးဇင်းတွေရော မယ်သီလတွေပါ မျက်ခမ်းတိုသည့်အကြောင်း ပြောသည်ကို လှည်းသမားသိသွား၍ ဦးဇင်းကို လျှောက်ထားရာမှ ရွာကသိသွားပြီး ဝယ်ပြီးသား ငါးခြောက်များကို ပြန်လည်ပို့ကြခြင်း ဖြစ်ပါသည်။

အိမ်ရှင်ယောကျ်ားက ညည်းသည်။

"မှတ်ကရော… မှန်တာပြောတော့ ဝယ်ပြီးသားငါးခြောက်တွေ ပြန်ပို့ကြသတဲ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ညွှန့်သည်များက ပြောသည်။

"မှန်တာပြောတာပဲဗျာ၊ မတတ်နိုင်ဘူး"

အိမ်ရှင်ယောက်ျားက...

"ငါသာဆိုရင် မင်းတို့ကို သတ်ပစ်မှာ"

"ဘုရားရေ..."

## ဘယ်သူနဲ့ မွေးတာလဲကွ

တစ်ခါက အထက်အညာအရပ်မှာ ရွာတစ်ရွာရှိပြီး အဲဒီရွာမှာ ကိုပေါ်မြင့်ဆိုတဲ့ လူတစ်ဦးရှိသတဲ့။ အဲဒီကိုပေါ်မြင့်ဟာ ရယ်စရာမောစရာ ပြောတဲ့နေရာမှာ အလွန်ကောင်းသလို သီချင်းဆိုရင်လည်း သိပ်တော်တဲ့လူ ဖြစ်သတဲ့။ အဲဒီလူဟာ ရယ်စရာပြောရမှ နေတတ်သလို၊ တစ်ဖက်သားကို လည်း မခံချင်အောင်လည်း အလွန်စတတ်တဲ့လူဖြစ်တော့ ရွာကလူတွေက ကိုပေါ်မြင့်အကြောင်း သိကြတဲ့အတွက် စိတ်ဆိုးခြင်း၊ ရန်တွေ့ခြင်း မရှိကြဘူးတဲ့။

အဲဒီ ကိုပေါ်မြင့်ဟာ တစ်အိမ်ကိုသွား၊ အဲဒီအိမ်ရောက်ရင် ရယ်စရာ ပြောတတ်သလို စချင်နောက်ချင်တယ်။ အဲသလိုမှမသွားဘဲ အိမ်မှာနေတယ် ဆိုရင်လည်း အိမ်က သားသမီးတွေနဲ့ ရယ်စရာပြောတတ်တယ်။ သားသမီး တွေနဲ့မှ ရယ်စရာမပြောရရင် မိန်းမဖြစ်သူနဲ့တောင် ရယ်စရာပြော၊ မထိတထိ စကားနဲ့ စတတ်တဲ့သူ ဖြစ်သတဲ့။

တစ်ရက်တော့ ကိုပေါ်မြင့်ဟာ တစ်ရွာကိုထွက်ဖို့ မိန်းမဖြစ်သူကို ပြောသတဲ့။

"မိန်းမရေ"

"ဘာလဲ ကိုပေါ်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ငါ အနောက်ဘက်ရွာ သွားဦးမယ်ဟေ့… ငါ မိုးချုပ်မယ်ထင်တယ်။ ထမင်းစားနှင့်ကြ၊ စားရင် ပါးစပ်နဲ့စားကြ"

"သေနာကျ…ဟင်း"

မိန်းမဖြစ်သူကို အဲသလို ရယ်စရာပြောပြီး စက်ဘီးနဲ့ထွက်ခဲ့သတဲ့။ ကိုပေါမြင့်သွားတဲ့ရွာက သူတို့ရွာနဲ့ နှစ်မိုင်ပဲဝေးသတဲ့။ မကြာပါဘူး။ အဲဒီရွာရောက်တော့ ခင်မင်ခဲ့တဲ့ ကိုမြမောင်ဆိုတဲ့လူဆီ ဝင်ခဲ့သတဲ့။

"ကိုမြမောင်… ကိုမြမောင်"

အဲသလိုခေါ်ရင်း အိမ်ထဲဝင်လိုက်တော့ ကိုမြမောင်ရဲ့ဇနီး မသီးက

"ကိုမြမောင်မရှိဘူး ကိုပေါမြင့်ရဲ့။ လာ- ထိုင်လေ"

မသီးက အဲသလို အိမ်ထဲခေါ်တော့ အိမ်ထဲဝင်ခဲ့သတဲ့။ မသီးဟာ ကလေးအနှီးတွေ လှန်းအပြီး အိမ်ထဲဝင်လာသတဲ့။ ကိုပေါမြင့်က

"ဘယ်သွားလဲ မသီးရဲ့"

"တစ်ရွာသွားမယ် ပြောသွားတာပဲ။ ကိစ္စရှိလို့လား"

"မရှိပါဘူး။ ဒါ့ထက် မသီး မျက်နှာမြင်တာ ကြာပြီလား"

"အင်း… ၁၀ ရက်ကျော်ရုံပဲ ရှိသေးတယ် ကိုပေါမြင့်ရဲ့"

မသီးက အဲသလို ပြောသတဲ့။ ကိုပေါမြင့်က

"အင်း… ကိုမြမောင်တို့များ ဟန်ကျလိုက်တာ၊ ဟောတစ်ယောက် ဟောတစ်ယောက်ပဲ"

အဲသလိုပြောရင်းနဲ့ ကိုပေါမြင့်က ထိုင်ရာကထပြီး

"ကဲ ကဲ- ပြန်မယ်ဗျာ။ သြော်… ကိုမြမောင်လာရင် ပြောလိုက်ပါ။ အခု မသီးမွေးတဲ့ကလေးက ကိုမြမောင်နဲ့မွေးတာ မဟုတ်ဘူးလို့သာ ပြောလိုက်"

"ဘာရှင့်… ရှင်ဘာပြောတာလဲ ကိုပေါမြင့်"

မသီးခမျာ ဒေါသဖြစ်ရင်း ကျန်ရစ်သတဲ့။ ကိုပေါမြင့် ပြန်သွားလို့ ရွာရောက်မယ့်အချိန်မှာ မသီးယောကျ်ား ကိုမြမောင်ပြန်လာတော့ မသီးက ကိုပေါမြင့် ပြောသွားတဲ့ စကားတွေကို ပြန်တိုင်သတဲ့။



"အဟင့်ဟင့်ဟင့်- ကိုပေါမြင့်လေ၊ တော်နဲ့ကျုပ်နဲ့ အထင်လွဲအောင် ကွဲအောင် အဲသလို ပြောသွားတယ်တော့်၊ အဟင့်ဟင့်ဟင့်ဟင့်…"

မသီးက အဲသလိုနဲ့ပြောတော့ ကိုမြမောင် ဒေါသထွက်တော့တာပေါ့။

"တောက်… ငါ့မိန်းမကို ဒီလိုပြောရက်တယ်။ တွေ့ကြသေးတာပေါ့ကွာ"

အဲသလိုပြောပြီး ဒေါသထွက်ရင်းနဲ့ ကိုပေါမြင့်တို့ရွာကို လိုက်ခဲ့သတဲ့။ မကြာပါဘူး။ ကိုမြမောင်က ဒေါသတကြီးနဲ့ ကိုပေါမြင့်ရဲ့ အိမ်ပေါက်ဝမှာ စက်ဘီးကို ရပ်လိုက်တယ်။

"ဟေ့-ဟေ့လူ ပေါမြင့် ပေါမြင့်"

"ဟာ-မြမောင်၊ အမလေးကွာ… စောစောက မင့်ဆီလာသေးတယ်ကွ။ မင့် ဘယ်ရွာသွားတာလဲ"

"အေး… မင့်ဆီလာတာ အခြားမဟုတ်ဘူး။ မင်းက ငါ့မိန်းမကို ပြောသွားတယ်ဆို"

"ငါ ဘာပြောသွားလို့လည်း မြမောင်ရ"

"အခုမွေးတဲ့ကလေးက ငါနဲ့မွေးတဲ့ကလေး မဟုတ်ဘူးဆို"

"အင်း… ဟုတ်တယ်ပြောခဲ့တယ်လေ"

"ကွာ…တောက်… ဒီမယ်ပေါမြင့်၊ ငါနဲ့မသီးနဲ့ ဒီကလေးရခဲ့ပုံ၊ ကြိုးစားခဲ့ရပုံတွေ မင်းကို ပြောပြရမလား ပေါမြင့်… ပြောပြရမလား"

ကိုမြမောင်က ဒေါသတကြီးနဲ့ အော်ပြောသတဲ့။ အဲဒီသူတို့နှစ်ယောက်အဖြစ်ကို ဘေးအိမ်နားကလူတွေ မလှမ်းမကမ်းက ကြည့်နေကြသတဲ့။

ကိုပေါမြင့်က

"တော်ပါတော့ကွာ ရှက်စရာကြီး။ နေပါဦး… ငါပြောတာ မဟုတ်ဘူးလား မြမောင်ရ။ ဒီကလေး မင်းနဲ့မွေးတာမှ မဟုတ်တာ"

"ပေါမြင့် ပေါမြင့်… မင်း သေတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုမြမောင်ဟာ လက်သီးနဲ့ ကိုပေါမြင့်ကို ထိုးမယ်အလုပ် ကိုပေါမြင့် ပြောလိုက်တဲ့စကားကြောင့် ကိုမြမောင်ခမျာ ဘာပြောရမှန်းမသိ ဖြစ်သွားပြီး ဘေးလူတွေ တဝါးဝါးရယ်ကြသတဲ့။

ကိုပေါမြင့် ပြောလိုက်တာက…

"အရပ်လက်သည်နဲ့ မွေးမရလို့ ဝမ်းဆွဲဆရာမနဲ့ မွေးခဲ့တာလေ။ ကဲ-မင်းနဲ့မွေးခဲ့တာ ဟုတ်သလား"

"ကွာ…တောက်…"

ကိုမြမောင်ခမျာ ငိုရအခက် ပြုံးရအခက်တဲ့။ အဲဒီအဖြစ်က အဲဒီရွာမှာ နာမည်ကြီးသွားပြီး ကိုပေါမြင့်ကိုလည်း ပြောစမှတ်တွင်အောင် စကားတစ်ခွန်းနဲ့ အသိအမှတ်ပြုကြသတဲ့။

အလျှောက်ကောင်းလို့ အထောင်းသက်သာတဲ့ ဦးပေါဦးတဲ့။

## ပင်ပန်းလိုက်တာဗျာ

အထက်အညာအရပ်မှာ ရွာတစ်ရွာရှိတယ်။ အဲဒီရွာဟာ အိမ်ခြေတစ်ထောင်ကျော်ရှိပြီး တောင်သူတွေအနေများတဲ့ရွာ၊ လူချမ်းသာတွေပေါတဲ့ရွာဖြစ်သတဲ့။ အဲဒီရွာဟာ ဂျုံသီးနှံနဲ့ မြေပဲနှမ်းပဲမျိုးစုံ စိုက်ပျိုးကြတဲ့ ရွာကြီးတစ်ရွာ ဖြစ်သတဲ့။ သီးနှံစုံရတဲ့ တောင်သူတွေဟာ နွားတစ်ရှဉ်း၊ နှစ်ရှဉ်းကနေပြီး သုံးရှဉ်းလေးရှဉ်းအထိရှိတဲ့ ရွာကြီးဖြစ်သတဲ့။

အဲဒီရွာမှာ ကိုဘကြည်-ဒေါ်ဒေါင်းဆိုတဲ့ မိသားစုရှိတယ်။ သူတို့မှာ သားတစ်ယောက်နဲ့ သမီးတစ်ယောက်ရှိပြီး မိသားစုလေးဦးရှိတယ်။ သူတို့မှာ တောင်သူလုပ်ငန်းက နွားသုံးရှဉ်းရှိတဲ့ တောင်သူဖြစ်ပြီး ဂျုံချမြေယာတွေနဲ့ ပဲမျိုးစုံစိုက်တဲ့ သဲတောတွေလည်း ရှိတဲ့အတွက် လူငှားနှစ်ဦးငှားထားရသတဲ့။ အဲဒီ လူငှားတွေရဲ့အမည်က ကိုကျက်တောနဲ့ ကိုကျင်မောင်ဆိုသူတွေ ဖြစ်သတဲ့။

ကိုဘကြည်တို့ ဒေါ်ဒေါင်းတို့ဟာ အလွန်စီးကပ်နဲတဲ့ မိသားစုဖြစ်သတဲ့။ သူတို့ဝမ်းသူတို့တောင် မသထာတဲ့သူတွေ ဖြစ်လေတော့ လူငှားတွေဖြစ်တဲ့ ကိုကျက်တောတို့ ကိုကျင်မောင်တို့အပေါ်မှာဆိုရင် ပိုဆိုးသတဲ့။

"စားကြဟော့… ဒါက ပဲပြုတ်၊ ဒါက ငါးပိရည်ကျို၊ ဒါက သရက်ချဉ်"

"ဒီကနေ့တော့ အဒေါ်ဒေါင်း မအားလို့ရှိတာနဲ့ စားကြဟော့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကနေ့တော့ မနေ့ကလိုပဲဟေ့"

"ဒီကနေ့လည်း ဖြစ်သလိုပဲဟေ့"

နေ့တိုင်းနေ့တိုင်း ဖြစ်သလိုပဲ။ မနေ့ကလိုပဲ မအားလို့၊ သိပ် နေမကောင်းလို့နဲ့ပြောပြီး ဖြစ်သလိုကျွေးခဲ့သတဲ့။ တစ်ခါတစ်ရံ အမဲသား ငါးဆယ်သားဝယ်ရင် လေးငါးဆယ်ရက် စားရအောင် ခရမ်းသီး၊ အာလူးနဲ့ ရောကျွေးတယ်။ တစ်ခါတစ်လေ ဝက်သားတစ်ပိဿာလောက် ဝယ်ပြီး တစ်လကိုးသတင်း ရောနှောပြီး ချက်ကျွေးသတဲ့။ အဲဒီ ကိုဘကြည့်တို့ဟာ လူတွေအပေါ် မသထာသလို လုပ်ကျွေးနေတဲ့ နွားတွေအပေါ်လည်း သိပ်ပြီး မကျွေးချင်ကြဘူး။

အချို့ တောင်သူတွေက သူတို့မိသားစုလည်း စားတယ်။ အလုပ်သမားလည်း ကျွေးတယ်။ နွားကိုလည်း အဝအပြဲကျွေးသလို မွေးထားတဲ့ ခွေးတို့၊ ကြောင်တို့တောင် မစားချင်အောင် ကျွေးတဲ့သူတွေ ဖြစ်တယ်။ အဲ-ကိုဘကြည်တို့ အိမ်မှာတော့ နွားတွေဆိုရင်လည်း အပိန်နဲ့ အလိုတွေ ချည်းပဲ။ ပြီးတော့ ခွေးတို့၊ ကြောင်တို့ဆိုရင် လုံးဝမနေ လုံးဝမပျော်တဲ့အိမ် ဖြစ်တယ်။ အဲဒါကြောင့် ရွာထဲက ပြောကြတာပေါ့။

"ဒီအိမ်က ခွေးနဲ့ကြောင်တောင် မပျော်တဲ့အိမ်ဗျာ"

"ဘယ်ပျော်မလဲ ကျွေးမှ မကျွေးတာ"

အဲသလို ပြောယူရတဲ့အထိ ကပ်စေးနဲကြသတဲ့။

အဲ-တစ်ရက်တော့ တပေါင်းလထဲမှာ ဂျုံတွေနုတ်ကြသတဲ့။ ဂျုံမြေတွေကများတော့ ကိုကျက်တောတို့ခမျာ လှည်းတွေနဲ့ တစ်နေ့ကို သုံးခေါက်လေးခေါက် တိုက်ကြရသတဲ့။ နံနက်ပိုင်း ၁၂ နာရီထိုးကတည်းက တောထဲထွက်ခဲ့ကြတာ။ ည ၉ နာရီမှ နားကြရတဲ့အထိပေါ့။

တစ်ရက်တော့ အဲသလိုပဲ ထုံးစံအတိုင်း ဂျုံတိုက်လိုက်တာ ည ၁၀ နာရီကျော်မှ အိမ်ရောက်ပြီး အဲဒီအချိန်ကျမှ ထမင်းစားရသတဲ့။ ပင်ပန်းတဲ့အချိန် ဂျုံရိတ်ချိန်ဆိုတော့ ဝက်သားဗလာလား၊ အမဲသားနပ်လားဆိုပြီး ငံ့တလင့်လင်နဲ့ပေါ့။ အဲသလိုနဲ့ ဒေါ်ဒေါင်းက မီးဖိုချောင်ထဲကနေပြီး-



"မောင်ကျက်တောရေ"

"ဗျာ..."

"ကျင်မောင်ရော... ခေါ်ခဲ့ဟေ့၊ ထမင်းပြင်ပြီးပြီ"

"ဟုတ်၊ လာဟေ့ ကျင်မောင်ထုံးစံအတိုင်းလေး စားကြရအောင်"

"ကြိုသိနေတယ်လေ"

အဲသလိုနဲ့ ကျင်မောင်တို့၊ ကျက်တောတို့ဟာ မီးဖိုချောင်ထဲ ဝင်ခဲ့ကြသတဲ့။ ပြီး ထမင်းစားကြတယ်။ ပြောသလိုထုံးစံအတိုင်းပါပဲ။ ဝက်သားတုံးလက်သည်းခွံလောက်တုံးပြီး အာလူးသီးနဲ့ ရောချက်ထားသတဲ့။

အဲဒါ ကိုကျင်မောင်က-

"အဒေါ် ဒေါင်းရေ"

"ဘာလဲကွယ်"

"မီးခွက်ကောင်းကောင်း ယူခဲ့စမ်းပါ"

အဲဒါနဲ့ ဒေါ်ဒေါင်းက အဟုတ်ထင်ပြီး မေးသတဲ့။

"ဘာလုပ်မလို့လဲကွယ်"

အဲဒီတော့ ကျင်မောင်ပြောတဲ့စကားကြောင့် ဒေါ်ဒေါင်းရော၊ ကိုဘကြည်ပါမက သူ့သားသမီးတွေ မျက်လုံးပြူးသွားရတာပေါ့။ ကိုကျင်မောင့်စကားက

"ဝက်သားနဲ့ ရောချက်တယ်ဆိုလို့ ဟင်းဖတ်ရှာချင်လို့ပါ"

အဲဒီ ကိုကျင်မောင့် စကားအဆုံး ကိုကျက်တော ပြောလိုက်တဲ့ စကားကြောင့် ကြားရတဲ့အိမ်ကလူတွေ ဟားတိုက်ရယ်မောမိကြပြီး ကိုဘကြည်တို့မိသားစုမှာတော့ မျက်နှာတွေ ရှုံ့မဲ့သွားကြရသတဲ့။

ကိုကျက်တော စကားက...

"အင်း- တစ်နေ့နှစ်ဆယ့်လေးနာရီရှိတာ၊ နာရီနှစ်ဆယ် အလုပ်လုပ်နေရတာ မပင်ပန်းဘူး။ ဟင်းဖတ်ရှာရတာ ပင်ပန်းလိုက်တာဗျာ"

အဲဒီအဖြစ်၊ အဲဒီစကားက အဲဒီရွာသာမကဘူး၊ အခြားရွာတွေပါ နာမည်ကြီးပြီး ရာဇဝင်တွင်သွားသတဲ့။

www.burmeseclassic.com

www.burmeseclassic.com

## ကောက်သင်းကောက်တွေရဲ့စကား

အထက်အညာအရပ်မှာ ရွာကြီးတစ်ရွာ ရှိသတဲ့။ အဲဒီရွာမှာ ဂျုံစိုက်တောင်သူတွေနေတဲ့ ရွာလိုဖြစ်နေပြီး တောင်သူဦးရေက များပြီး အလုပ်သမားက နည်းသတဲ့။ အဲဒီ ဂျုံစိုက်တောင်သူတွေက တန်ဆောင်မုန်း၊ နတ်တော်လမှာ ဂျုံချပြီး တပေါင်းတန်ခူးမှာ ဂျုံတွေ သိမ်းကြသတဲ့။ မိုးလေဝသအခြေအနေနဲ့ ဂျုံပင်ပေါက်အခြေအနေကြည့်ပြီး ဂျုံချကြတယ်။ ဂျုံသိမ်းကြတယ်တဲ့။

အဲဒီရွာဟာ ဂျုံချချိန်မှာ စည်ကားပြီး ပျော်စရာကောင်းသလို ဂျုံသိမ်းချိန်ရောက်လို့ ဂျုံပင်တွေ တလင်းထဲရောက်ပြီ။ စက်တွေနဲ့ခုတ်၊ စက်တွေနဲ့ လှေ့ကြပြီဆိုရင်လည်း အလွန်ပျော်စရာကောင်းတဲ့ရွာ ဖြစ်သတဲ့။

အဲ-အဲဒီရွာဟာ ဂျုံရိတ်ချိန်နဲ့ ဂျုံသိမ်းချိန်ဆိုရင်လည်း လက်လုပ်လက်စားနဲ့ အလုပ်သမားတွေဟာ ဂျုံကောက်ထွက်ကြတာရှိတယ်။ အချို့က ဂျုံမကောက်ဘဲ နေ့စားအလုပ်သမား ဝင်လုပ်တာရှိတယ်။ အချို့က ဂျုံကောက်ဟန်ပြပြီး ဂျုံတွေခိုးတာတွေ ရှိသတဲ့။ အချို့က ရိုးရိုးသားသား ဂျုံကောက်သလို အချို့က မရိုးမသားနဲ့ ဂျုံကောက်ချင်ဟန်ဆောင်ပြီး ဂျုံနှံတွေဖြတ်ပြီး ခိုးကြသတဲ့။ အဲဒီရွာက ဂျုံကောက်တွေ၊ ဂျုံသူခိုးတွေသာမကဘူး။ အဲဒီရွာရဲ့ အရှေ့အရပ်က လေးမိုင်ခန့်ဝေးတဲ့ ကြက်ဆူတောရွာက



ဂျုံကောက်တွေ၊ ဂျုံခိုးတွေကလည်း အဲဒီရွာက ဂျုံခင်းတွေအထဲလာပြီး ဂျုံကောက်ကြ၊ ဂျုံခိုးကြသတဲ့။

ရွာက ဂျုံခိုးချင်တဲ့ မရိုးမသားသူတွေဟာ တစ်အိတ်၊ တစ်တောင်း၊ တစ်ရွက်တစ်ထမ်းအောက် လုပ်တတ်ကြပေမယ့် အဲဒီကြက်ဆူတောရွာက မရိုးသားသူအချို့က လှည်းနဲ့တင်ပြီး ခိုးတတ်သလို စက်ဘီးနဲ့လာပြီး ခိုးတတ်သတဲ့။ အဲဒီတော့ရွာက လူတွေအတွက်ပူရ၊ ကြက်ဆူတောက ကောက်သင်းကောက်တွေအတွက်ပူရနဲ့ ဖြစ်ကြလို့ ကာလသားအဖွဲ့က ဂျုံခင်းတွေ စောင့်ပေးရသတဲ့။ အဲသလိုစောင့်ပေးတော့ ဂျုံစိုက်တောင်သူတွေက ပိုက်ဆံပေးကြရပြီး ဂျုံခင်းစောင့်တွေကလည်း လုံခြုံအောင်၊ မပျောက်မရှအောင် စောင့်ပေးကြရတယ်။ အခင်းစောင့်အလုပ်သမားအဖွဲ့က လေးဆယ်ကျော်ရှိသတဲ့။

အဲဒီအလုပ်သမားထဲမှာ ခေါင်းဆောင်လုပ်သူက ကိုကိုစိန်၊ ကိုဘကြည်နဲ့ ကိုကျက်တောတို့ ဖြစ်သတဲ့။

အဲသလိုနဲ့ အဲဒီ ကိုကိုစိန် ခေါင်းဆောင်တဲ့ အခင်းစောင့်အဖွဲ့က ဂျုံနှံတွေရင့်ပြီဆိုတော့ သူ့အဖွဲ့နဲ့သူ၊ သူ့တာဝန်နဲ့သူ တဲတွေထိုးပြီး ငါးယောက်တစ်ဖွဲ့၊ ခြောက်ယောက်တစ်ဖွဲ့ စောင့်ကြသတဲ့။ ခေါင်းဆောင်လုပ်တဲ့ ကိုကိုစိန်တို့အဖွဲ့ကတော့ ကင်းတဲတွေမှာ လူရှိမရှိ၊ ကင်းလှည့်မလှည့် စစ်ဆေးကြရပြီး တောင်သူတွေဆီက ငွေခွဲပြီး ပေးကြရသူတွေ ဖြစ်သတဲ့။

အဲသလိုနဲ့ စောင့်ခဲ့တာရက်ကြာတော့ ဂျုံတွေနုတ်တဲ့ရက် ရောက်ပြီဆိုတော့ ကောက်သင်းကောက်တွေနဲ့ မရိုးမသားခိုးချင်တဲ့ ကောက်သင်းကောက်အမည်ခံသူတွေကို ခေါက်ထောက်ပြီး ကြည့်နေကြရသတဲ့။ အဲသလိုစောင့်နေဆဲမှာပဲ အဖွဲ့တစ်ဖွဲ့ဟာ ဂျုံခိုးတဲ့ မိန်းကလေးနှစ်ယောက် မိလာတယ်။ ရုံးကို ခေါ်လာတယ်။ ရုံးကိုရောက်တော့ အဲဒီမိန်းကလေးနှစ်ဦးက-

"အဟင့်ဟင့် ... ဥက္ကဋ္ဌကြီးရယ်၊ ဒီအစောင့်တွေက ကျွန်မတို့ကို မတရားစော်ကားပါတယ်ရှင်။ ကံကောင်းလို့ပေါ့၊ ဒီကောင်မှသာ မပါရင် ကျွန်မဘဝ ရေတိမ်နစ် ..."

www.burmeseclassic.com

www.burmeseclassic.com



အဲသလိုလီဆယ်ပြီး အမှုဖွင့်လိုက်သတဲ့။ အဲဒီတော့ ဂျုံနိုးမှုမဟုတ်တော့ဘဲ တောတွင်းမုဒိမ်းမှု မဖြစ်အောင် အစောင့်တွေက မိန်းကလေးတွေကို တောင်းပန်ပြီး ငွေလျော်လိုက်ရသတဲ့။ အဲဒီမိန်းကလေးနှစ်ဦးဟာ ရွာထဲကပဲဖြစ်ပြီး နှစ်ရက်အကြာမှာ အဲသလိုပဲ တစ်မှုဖြစ်ပြန်သတဲ့။ အဲဒီအမှုကိုလည်း ကိုကိုစိန်တို့ အစောင့်တွေကပဲ လျော်လိုက်ရပြန်ရောတဲ့။

"အင်း… ခက်ပြီ။ ဒီအတိုင်းဆိုရင် ဒီနှစ် အစောင့်ငွေ တစ်ပြားမှ ကျန်မှာ မဟုတ်ဘူး။ ဒီတော့ လီဆယ်ပြီး တိုင်မရအောင် ငါတို့ ကင်းလှည့်ကြရအောင်"

ကိုကိုစိန်ဟာ ကိုဘကြည် ကိုကျက်တောတို့နဲ့ တိုင်ပင်ပြီး စောင့်တဲ့အချိန် ကြက်ဆူတောရွာက မိန်းကလေး၊ လေးငါးဦးဟာ ဂျုံနိုးနေတာတွေ့သတဲ့။ အဲသလိုတွေ့တော့-

"ဟော… မပြေးနဲ့"

"ဝိုင်းထား…"

"မလွှတ်စေနဲ့ကွ…"

"ဒီပြင့်အဖွဲ့ကို လှမ်းခေါ်ဟေ့"

အဲသလိုဝိုင်းပြီး ဖမ်းထားကြသတဲ့။ ဒါပေမယ့် ကြက်ဆူတောရွာက ဂျုံနိုးတဲ့အဖွဲ့အနား မကပ်ရဲဘူးတဲ့။ ဒီတော့ ဆေးကပဲ ဝိုင်းထားရတယ်။ ကိုကိုစိန်က-

"နင်တို့ ကြက်ဆူတောက မဟုတ်လား"

"ဟုတ်တယ်"

"အေး… နင်တို့အနားမကပ်ဘူး။ နင်တို့ကလည်း ငါတို့ရွာက ဂျုံသူခိုးတွေလို လီဆယ်ပြီး တိုင်မှာစိုးလို့ အဝေးကပဲနေမယ်။ နင်တို့ရွာရုံးကို လိုက်ခဲ့ကြ"

အဲသလိုပြောတော့ ကြက်ဆူတော ရွာသူတစ်ဦးက…

"မလိုက်ဘူး…မလိုက်ဘူး"

"နေပါဦး၊ ရှင်တို့ရွာက သူခိုးတွေကို အစောင့်က လက်ဆွဲတယ်။ ဖက်နမ်းတယ်ဆိုပြီး လျော်ရတာ ကြားပါတယ်"

"ရှင်တို့အစောင့်တွေ ဘယ်လောက်လျော်ရသလဲ"

ကြက်ဆူတောအဖွဲ့က မေးသတဲ့။ ဒီတော့ ကိုဘကြည်က…

"တစ်ဖွဲ့က တစ်သောင်း၊ ကျန်တစ်ဖွဲ့ ငါးထောင်လျော်ရတယ်ဟ"

အဲသလိုပြောအပြီးမှာ ကြက်ဆူတောက ခပ်ချောချောကောင်မတစ်ဦး ပြောလိုက်တဲ့အတွက် ကိုကိုစိန်တို့အဖွဲ့ဟာ ကြောင်စီစီနဲ့ ဘာလုပ်လို့ လုပ်ရမှန်း မသိတော့ဘူးတဲ့။

အဲဒီကောင်မ ပြောလိုက်တာက…

"ရတယ်လေ၊ ကျုပ်တို့ ကြက်ဆူတောကတော့ ကပ်ရှောင်ပွတ်ရှောင် ခုနစ်ထောင်၊ အဲ-ကြိုက်ဆွဲမိုက်ဆဲ တစ်သောင်းခွဲပဲ။ စမ်းကြည့်လေ"

(တကယ်တော့ အဲဒီကောင်မရဲ့စကားက သူတို့အနားကပ်ပွတ်သွားရင် ခုနစ်ထောင်တဲ့။ သူတို့လက်ကို ကြိုက်သလောက်ဆွဲ၊ တစ်သောင်းခွဲဆိုတဲ့သဘောပါပဲ။)

အဲဒါနဲ့ အဲဒီကြက်ဆူတောအဖွဲ့ကို တောင်းပန်ပြီး ပြန်လွှတ်လိုက်ရသတဲ့။ အဲဒီအဖြစ်နဲ့ အဲဒီကြက်ဆူတောသူတွေရဲ့စကားက ရာဇဝင်တွင်သွားပြီး အခင်းစောင့်တွေခမျာ ညည်းတွားနေကြရသတဲ့။

ဩော်-အဖြစ်က မနှစ်ကနဲ့ မတူပါလားတဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com

# ငိုခဲ့ရတဲ့နေ့

တစ်ခါက အထက်အညာအရပ်က ရွာတစ်ရွာမှာ ကိုစိန်ဝင်း၊ မကျင် ဆိုတဲ့လင်မယားရှိပြီး သူတို့မှာ သားသမီးနှစ်ယောက် ရှိသတဲ့။ အဲဒါကြောင့် သူတို့မိသားစုဟာ လေးဦးရှိတဲ့မိသားစု ဖြစ်သတဲ့။ အဲဒီ ကိုစိန်ဝင်းတို့ မိသားစုဟာ လက်လုပ်လက်စား မိသားစုတွေဖြစ်တဲ့အတွက် ကိုစိန်ဝင်းက အတွန်ငှားရင် အတွန်လိုက်၊ ထယ်ထိုးငှားရင် ထယ်ထိုးလိုက်ခဲ့ပြီး ရေသွင်း၊ ကန်သင်းတင်ပေါင်းပေါက်စတဲ့ အလုပ်တွေ လုပ်ရသတဲ့။ ဇနီးဖြစ်သူ မကျင်ကလည်း ပေါင်းပေါက်၊ မြက်နုတ်အလုပ်နဲ့ အိမ်မှုကိစ္စတွေ လုပ်နေခဲ့ရသတဲ့။

အဲဒီ ကိုစိန်ဝင်းဟာ ရွာမှာ အလှူအတန်းပွဲတွေ၊ ဘုရားပွဲနဲ့ ထမင်းကျွေးတဲ့ မင်္ဂလာဆောင်တွေ၊ နာရေးဖြစ်တဲ့ ဆွမ်းတရားနာတွေဆိုရင် မလွတ်တမ်း ထမင်းလိုက်စားသတဲ့။ ရွာမှာတင်မကဘူး၊ အခြားရွာနီးချုပ်စပ်မှာရှိတဲ့ အလှူအတန်းတွေ၊ မင်္ဂလာပွဲတွေဆိုရင်လည်း သွားပြီး ထမင်းလိုက်စားတဲ့သူ ဖြစ်သတဲ့။

"အင်း… အလှူထမင်းဟင်းက အိုးကြီးချက် ဒယ်ကြီးချက်ဆိုတော့ အလွန်စားလို့ ကောင်းတယ်ကွ။ ငါတော့ အလှူထမင်းဟင်းစားလိုက်တာ တစ်လအတွင်း အိမ်မှာတောင် မစားချင်တော့ဘူး"

"ဆွမ်းတရားနာက အမဲသားနဲ့ ခရမ်းသီးရောချက်ကျွေးလို့ ဝင်စားလိုက်တာ ဘာပြောကောင်းမလဲ ထမင်းယန်းကန်ခြောက်ချပ်တောင် ကုန်သွားတယ်ဟော့"



အဲသလိုပြောတတ်သတဲ့။ တစ်ရွာမှာ အလှူအတန်းရှိလို့ ထမင်းဟင်းစားပြန်လာရင်၊ ဒါမှမဟုတ် တစ်ရွာက ဝက်သားကျွေးတဲ့ မင်္ဂလာဆောင်တွေက စားပြီး ပြန်လာရင်လည်း…

"ငါတော့ အလှူမှာ စားပစ်လိုက်တာ မပြန်နိုင်လို့ လမ်းမှာအိပ်နေရတယ်ဟော့"

"ဟာ… ဝက်သားကျွေး မင်္ဂလာဆောင်က ပြန်လာတာ၊ စားပစ်လိုက်တာ အိမ်ရောက်တော့ ရေတောင်ချိုးယူရတယ်ဟော့"

အဲသလို ပြောတတ်သတဲ့။

တစ်ရက်တော့ အဲဒီ ကိုစိန်ဝင်းတို့ရွာမှာ အလှူပွဲရှိသတဲ့။ ရွာရဲ့ ထုံးစံအတိုင်း မဏ္ဍပ်ကို အလှူမရောက်ခင် ခုနစ်ရက်ကြိုပြီး ဆောက်ကြပြီး ထင်းခွဲသူခွဲ၊ ရေတိုက်သူတိုက်၊ ဆန်ရေးသူရွေး၊ ကြက်သွန်နွာသူနွာ၊ ငရုတ်သီးထောင်းသူထောင်းနဲ့ ရှိကြသတဲ့။ အလှူထမင်းဟင်းစားချင်တဲ့ ကိုစိန်ဝင်းကတော့ အလှူမှာ ကူညီညာလုပ်ရင်းနဲ့ ရှိတာပေါ့။

အဲသလိုနဲ့ အလှူရက် ရောက်လာသတဲ့။

"မိန်းမရေ… မကျင်"

"တော်…"

"အလှူကြီးရက်ကျရင် တစ်အိမ်လုံး သွားစားမယ်နော်။ အားလုံး အရန်သင့်ပြင်ထား၊ ဝမ်းနုတ်ဆေးစားထား၊ မီးခိုးတိတ်ပဲဟော့"

"သိပါတယ်တော်၊ မယ်ကျင်က ကိုစိန်ဝင်း မိန်းမပဲ"

အဲသလိုနဲ့ အလှူရက် ရောက်လာသတဲ့။ အဲဒီအလှူကို လှူတဲ့ မိသားစုက သိပ်မချမ်းသာဘူး။ သားတွေကြီးလို့သာ လှူရတာကိုး။ အဲသလို မပြည့်ဝတော့ အလှူထမင်းဟင်းကို အဖြစ်သဘောနဲ့ ကျွေးရသတဲ့။ အရင် အလှူတွေကတော့ ဝက်သားဗလာ ကျွေးတယ်။ အချို့က ကြာဇံနဲ့ဝက်သား ကျွေးတယ်။ ငါးခြောက်နှပ် ကျွေးတယ်။ ငါးခြောက် ချက်ကျွေးတယ်။ အခု အလှူကတော့ ပုဇွန်ပွပါစကားနဲ့ ကြက်သွန်ရယ်၊ ငရုတ်သီးရယ်ကို ရောပြီး ကြော်ကျွေးတာဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

အဲသလိုနဲ့ အလှူကြီးရက်ရောက်တော့ ကြက်သွန်ပြုတ်ထိုးလို့ ခေါ်တဲ့ ကြက်သွန်ကြော်က မလောက်ဘူးတဲ့။ တစ်ရွာရော၊ ရွာရောကျွေး တာဆိုတော့ မလောက်တော့ဘူးပေါ့။

"ကဲ… ဘယ်နှယ့်လုပ်ကြမလဲ"

"ကြက်သွန်ကြော်က ကုန်တော့မယ်"

"ဧည့်သည်တွေက မစားကြရသေးတာ အများကြီး"

"ငရုတ်သီးရောကွာ"

ချက်ပြုတ်ကြတဲ့ အဖွဲ့ဟာ ကြက်သွန်ကြော်ထဲ ငရုတ်သီးရောပြီး ကျွေးရသတဲ့။ အဲသလိုနဲ့ ကိုစိန်ဝင်းခမျာ တစ်ရွာက လူတွေနဲ့ရောပြီး ထမင်းဝင်စားလိုက်သတဲ့။ အဲသလို စားတော့မယ်အလုပ်မှာ…

"အင်း… ဆယ်ရက်စာလောက်တော့ စားမှပဲ"

ကိုစိန်ဝင်း စားလိုက်တာ ထမင်းလေးပန်းကန်ပြား ကုန်သွားတယ်။ အဲဒီအချိန် ချွေးတွေကျ၊ မျက်ရည်တွေကျ၊ ငရုတ်သီးကစပ်ဆိုတော့ ထမင်း မဝသေးဘဲ ထမင်းရုံထဲက ထွက်ရင်းနဲ့ ပုဆိုးအောက်နားကိုမပြီး မျက်ရည် တွေသုပ်၊ ပါးစပ်က တဟဲဟဲတရှူးရှဲ တမြဲမြဲမှုတ်ထုတ်ရင်း ပြောလိုက်တဲ့ စကားကြောင့် တစ်ရွာက ဧည့်သည်တွေရော၊ ရွာက ထမင်းစားရအောင် ဝင်လာတဲ့သူတွေရော တဟားဟားရယ်လိုက်ကြပြီး ခြေလှမ်းတွေ တို့သွား ကြသတဲ့။

ကိုစိန်ဝင်း ပြောလိုက်တဲ့စကားက…

"အမလေး… ဟဲ ဟဲ ဟဲ… ရှူး ရှူး ရှူး… ကျုပ် ကျုပ် အသာနဲ့အဘွား သေခဲ့ပြီးပြီ။ အဖေရယ် အစ်မရယ် သေခဲ့ပြီးပြီ။ ကျုပ်ကျုပ် ရှူး ရှူး ရှူး မျက်ရည်မကျခဲ့ဘူး။ ဒီ-ဒီအလှူက ကြက်သွန်ကြော်စားလိုက် မှပဲ မျက်-မျက်ရည် ကျ-ကျခဲ့ရတော့တာပဲဗျို့။ ရှူး ရှူး ရှူး…"

အဲဒီအဖြစ်၊ အဲဒီစကားက အဲဒီရွာမှာ ရာဇဝင်တွင်သွားတော့သတဲ့။ ကိုစိန်ဝင်းကိုလည်း နာမည်ပေးကြသတဲ့။

ကြက်သွန်ကြော်ကြောင့် ငိုတဲ့လူတဲ့လေ။

## ကံတင့် နေမကောင်းတဲ့ဆီက ပြန်လာတာ

တစ်ခါက အထက်အညာအရပ်မှာ ကိုသောင်းမြင့်ဆိုတဲ့ လူတစ်ဦး ရှိသတဲ့။ အဲဒီ ကိုသောင်းမြင့်မှာ မအေးတင့်ဆိုတဲ့ ဇနီးတစ်ဦးရှိပြီး သား သမီးငါးဦး ရှိသတဲ့။ ကိုသောင်းမြင့်တို့မှာ တောင်သူတစ်ရှဉ်းလုပ်ရှိတဲ့ လယ်ယာမြေအချို့ ရှိသတဲ့။ ကိုသောင်းမြင့်ဟာ တောင်သူလုပ်ငန်းကို ဦးစီးပြီး လုပ်ကိုင်တတ်သူဖြစ်ပေမယ့် အရက်သမားတစ်ဦး၊ အရက်ကြိုက် သူတစ်ဦး ဖြစ်သတဲ့။

ကိုသောင်းမြင့်ဟာ ဘယ်လောက် အရက်ကြိုက်သလဲဆိုရင် အိပ်ရာ အနီးမှာ ပုလင်းထားပြီး အိပ်တဲ့အထိပဲတဲ့။ ကျီးမနိုးခင်က သောက်လိုက် တာ ကျီးနိုးတဲ့အထိပဲတဲ့။ ကိုသောင်းမြင့်ဟာ အိမ်ထောင်မကျခင်ကတည်းက လူပျိုဘဝက အစပြုပြီး သောက်ခဲ့တာ ဒီကနေ့အထိပဲတဲ့။

အဲဒီ ကိုသောင်းမြင့်ဟာ သူအမြဲသောက်တဲ့ အရက်ဖိုရှိတယ်။ အဲဒီအရက်ဖိုက ရွာရဲ့အနောက်ပိုင်းမှာရှိပြီး အရက်ဖိုပိုင်ရှင်ရဲ့ အမည်က ကိုကံတင့်ဆိုတဲ့လူ ဖြစ်တယ်။ အဲဒီ ကိုကံတင့်ဟာ ငယ်စဉ်ကတည်းက မိခင်ဝမ်းကျွတ်ပြီးကတည်းက ဘဝဝဋ်ကြွေးတွေကြောင့် ခြေနှစ်ဖက် မသန် ရှာဘူးတဲ့။ အဲသလို ခြေမသန်တဲ့အတွက် ဖင်ဒရွတ်တိုက်ပြီး သွားရသလို၊ ဘဝဝဋ်ကြွေးကို အတော်ခံစားနေရတဲ့သူဖြစ်ပြီး အရက်ချက်ရောင်းလို့

www.burmeseclassic.com



မိဘတွေကို လုပ်ကျွေးနေတဲ့သူ ဖြစ်သတဲ့။

အဲဒီ ကိုသောင်းမြင့် နေ့ရောညရော သောက်နေတာကို မအေးတင့်က မကြိုက်ဘူးတဲ့။ မကြိုက်လို့ပြောပေမယ့်လည်း မရဘူး၊ နားမထောင်ဘူးတဲ့။

''တော့်နယ်တော်··· အရက်များတော်ရုံတန်ရုံ သောက်ရင်ပြီးတာ၊ အခုတော့ နေ့ရောညပါ ဆိုတော့''

''ကြိုက်တာကိုး တင့်တင့်ရဲ့''

အဲသလို ပြောတတ်သတဲ့။ ကိုသောင်းမြင့်ဟာ ကိုကံတင့်အရက်ဖိုကို မနက်မလင်းခင်တစ်ခေါက်၊ နေမြင့်တော့တစ်ခေါက်၊ နေ့လယ်တစ်ခေါက်၊ နေစောင်းတော့တစ်ခေါက်၊ နေမဝင်ခင်တစ်ခေါက်နဲ့ မိုးချုပ်တော့တစ်ခေါက်သွားတတ်သတဲ့။ အရက်ဖိုရောက်ရင် တစ်ပိုင်းကိုမော့၊ တစ်ပိုင်းကို ခါးထိုးပြီး ပြန်တတ်တဲ့အကျင့် ရှိသတဲ့။ ကိုသောင်းမြင့် အရက်ဖိုသွားတိုင်း ရွာထဲက လူတွေနဲ့ အမြဲတွေ့သတဲ့။ အဲဒါကို ရွာထဲက လူတွေက ကိုသောင်းမြင့် အရက်ဖိုသွားတာကို သိကြပေမယ့် မသိဟန်ပြုပြီး နှုတ်ဆက်ကြသတဲ့။

''ကိုသောင်းမြင့်··· ဘယ်လဲဗျာ''

''ရွာအနောက်ပိုင်းကို သွားလုချည်လား''

''ရေထွက်တောမှာပဲဗျို့''

''လမ်းမှားဦးမယ်နော်''

''သွားပါများတော့ ခွေးတွေကတောင် မှတ်မိလွန်းလို့ မဟောင်တော့ဘူးဗျို့''

အဲသလိုပြောရင် ကိုသောင်းမြင့်က ခပ်တည်တည်နဲ့ ပြန်ပြောသတဲ့။

''အင်း··· သွားချင်လို့ မဟုတ်ပါဘူးကွာ။ ကံတင့် နေမကောင်းဘူးဆိုလို့''

''အနောက်ပိုင်းက ကံတင့် ဖျားနေတယ်ပြောလို့''

''ကံတင့် သူ့ဆီ အမြဲလာပါဆိုလို့ သွားနေရတာကွ''



အဲသလိုပြန်ပြီး ပြောတတ်သတဲ့။ အဲသလိုပြောတဲ့အခါ တချို့လူတွေက ကိုကံတင့်တစ်ယောက် တကယ်နေမကောင်း၊ တကယ်ဖျားနေတယ်လို့ ထင်နေကြသတဲ့။

အဲ-တစ်ရက်တော့ ကိုသောင်းမြင့်ဟာ အတော်မူးလာပြီး မအေးတင့်ကို ရန်လုပ်သတဲ့။ ရန်လုပ်ရင်းနဲ့ မအေးတင့်က ပြန်ပြောတော့ တုတ်နဲ့ ကောက်ပြီး ပေါက်လိုက်တာ မအေးတင့် ခေါင်းကွဲသွားသတဲ့။

''အီး-ဟီး-ဟီး··· ကျုပ် ခေါင်းပေါက်သွားပြီးတော့၊ လုပ်ကြပါဦး''

အဲသလိုအော်ပြီး ငိုခဲ့သတဲ့။ အဲဒီတော့ နောက်ရက်မှာ မအေးတင့်က ကိုသောင်းမြင့်ရဲ့ အဖေဖြစ်သူကို တိုင်သတဲ့။

''ဦးလေး··· အဲဒါ တော့်သားကို ပြောထားဦး။ ဒီတစ်ခါ အဲသလိုရိုက်ရင် တော့်သားကို မပေါင်းနိုင်ဘူး''

''အေး··· ဒီကောင့်ကို လာပြောဦးမယ်ဟေ့''

အဲသလိုနဲ့ နောက်ရက်ကျတော့ ဖခင်ဖြစ်သူက ကိုသောင်းမြင့်ဆီလာတဲ့အခါမှာ ဖခင်ဖြစ်သူနဲ့ လမ်းမှာဆုံကြသတဲ့။ ဖခင်ဖြစ်သူက···

''ဟေ့ကောင် ငမူး··· ဘယ်လဲ''

''ဟာ··· အဖေ ကျုပ် ကိုကံတင် မသွားနိုင်ဘူးဆိုလို့ သွားမေးမလို့''

''အေး··· မြန်မြန်ပြန်ခဲ့၊ ငါ အိမ်က စောင့်မယ်''

အဲသလိုနဲ့ ဖခင်ဖြစ်သူက ကိုသောင်းမြင့် အိမ်က စောင့်နေတာ မိုးချုပ်တဲ့အထိမလာလို့ စိတ်ဆိုးပြီး နောက်ရက်ကျ တစ်ခေါက်ပြန်လာသတဲ့။

''မနေ့က ဘာပြုလို့ ငါ့ကို လိမ်သွားတာလဲကွ''

''ကိုကံတင့်က နေပါဦးဆိုလို့···''

''အခု ဘယ်သွားမလို့လဲ''

''ကိုကံတင့် မသွားနိုင်သေးလို့ သွားပြီး မေးမလို့''

www.burmeseclassic.com

www.burmeseclassic.com



အဲသလိုပြောတော့ မအေးတင့်က ဝင်ပြောသတဲ့။ အဲဒီကျမှ ဖခင်ဖြစ်သူ သဘောပေါက်ပြီး ရယ်ချင်သလို၊ ငိုချင်သလို ဖြစ်ခဲ့ရသတဲ့။ မအေးတင့် ဝင်ပြောတဲ့စကားက…

"ဦးလေး… ကိုက်တင့်က ငယ်ငယ်လေးကတည်းက မသွားနိုင်တာလေ"

အဲဒီတော့မှ…

"ဟာ… ဟုတ်သားပဲ၊ ခွေးကောင် ငါတော့ အဟုတ်မှတ်လို့"

အဲဒီအဖြစ်၊ အဲဒီစကားက အဲဒီရွာမှာ ရာဇဝင်တွင်သွားသတဲ့။ ရွာထဲကလည်း ကိုသောင်းမြင့်ကို နာမည်ပေးကြသတဲ့။ အဲဒါက…

ကိုက်တင့် သွားနိုင်တဲ့အချိန်အထိ သောက်မယ့် အရက်သမားတဲ့လေ။

မှတ်ကရော…။

## ကပ်သောက်ချင်ဦး

တစ်ခါက အထက်အညာအရပ်က ရွာတစ်ရွာမှာ အရက်သမား ကိုမြခင်နဲ့ ကိုအေးမောင်ဆိုတဲ့လူ နှစ်ဦးရှိသတဲ့။ အဲဒီ ကိုမြခင်နဲ့ ကိုအေးမောင်တို့ဟာ အိမ်နားနီးချင်းတွေဖြစ်ပြီး ကိုမြခင်က တောင်သူတစ်ဖက် ပွဲစားတစ်ဖက် လုပ်ကိုင်နေသူဖြစ်ပြီး ကိုအေးမောင်ကတော့ တောင်သူတစ်ဖက်နဲ့ သိုးတွေဆိတ်တွေ မွေးရင်းတစ်ဖက်နဲ့ စီးပွားရေးတော်သူတွေဖြစ်သတဲ့။

တကယ်တော့ ကိုမြခင် စီးပွားရေးနဲ့ ကိုအေးမောင်ရဲ့ စီးပွားရေးဟာ ကိုအေးမောင်ရဲ့ စီးပွားရေးက ပိုပြီး တော်သတဲ့။ အဲဒီ အိမ်နားနီးချင်းလည်းဖြစ်၊ အရက်သောက်တာလည်း ဝါသနာတူဖြစ်ကြတဲ့ သူတို့နှစ်ဦးဟာ ညနေခင်း အရက်သောက်ချိန်ရောက်ရင် ရွာအနောက်ပိုင်းက အရက်ဆိုမှာ အမြဲတွေ့တတ် ဆုံတတ်သတဲ့။

အဲသလိုတွေ့တိုင်းလည်း ကိုမြခင်ဆီကိုကပ်ပြီး ကိုအေးမောင်က အရက်အမြဲ သောက်သတဲ့။

"ကိုကြီးမြခင်"

"ဟေး… ဘာလဲကွ"

"ခင်ဗျား ပဲခင်းတွေက တကယ်ကောင်းတာပဲဗျာ။ ဒီနှစ်တော့ ပွပြီဗျို"

www.burmeseclassic.com

www.burmeseclassic.com



"ဒီနှစ်တော့ ပဲဈေး ဂျုံဈေး ကောင်းမှာဗျ။ ခင်ဗျားရဲ့ ပဲခင်း ဂျုံခင်းတွေက စပါယ်ရှယ်ပဲဗျို့"

ကိုအေးမောင်က စီးပွားရေးသမားပီပီ အမြှောက်အပင့်စကားတွေနဲ့ ကိုမြခင်ရဲ့ အရက်ကိုပဲ ကပ်သောက်နေတော့တာပဲပေါ့။

"လုပ်ပါဦးဗျာ၊ တစ်ခွက်လောက်"

"ချစမ်းပါဦး၊ အာသာမပြေလို့ တစ်မော့လောက်"

"ချေးစမ်းပါဦး တစ်ခွက်လောက်"

"ငှားစမ်းပါဦး တစ်မော့လောက်"

အဲသလိုညနေတိုင်း မြှောက်ပြောလိုက်၊ ချော့ပြောလိုက်၊ ကပ်ပြောလိုက်နဲ့ တစ်ခွက်ကပ်သောက်လိုက်၊ နှစ်ခွက်ကပ်မော့လိုက်နဲ့ ရှိနေသတဲ့။ အဲသလို ကပ်သောက်နေတာကို ကိုမြခင်က သိသတဲ့။ ဒါပေမယ့် အားနာတတ်သူပီပီ ဘာမှ မပြောသေးဘူးတဲ့။

အဲသလို ကိုမြခင်ကို ကိုအေးမောင်က ကပ်သောက်နေတာကို ကိုမြခင်ရဲ့အမျိုးတွေ၊ အပေါင်းအသင်းတွေနဲ့ ဇနီးဖြစ်သူကသိတော့ ပြောကြသတဲ့။

"မြခင်ရာ... ဟိုကောင့်ကို ကပ်သောက်ခံရတယ်လို့"

"ဒီကောင်က အလွန်စီးတာကွ"

"ဒီကောင်က ပွဲစားဉာဏ်ပါတဲ့ အကောင်ကွ။ ဘယ်တော့မှ မတိုက်နဲ့"

"သူက စီးပွားရေးသာတဲ့အကောင်၊ ဘာပြုလို့ တိုက်ရမှာလဲ"

အဲသလို ပြောကြသတဲ့။ တစ်နေ့တော့ ထုံးစံအတိုင်း ကိုမြခင်ဟာ အရက်ဖိုသွားပြီး အရက်တစ်ပိုင်း ဝယ်သောက်နေသတဲ့။ အဲဒီအချိန် ထုံးစံအတိုင်း ကပ်သောက်မယ့် ကိုအေးမောင် ရောက်လာသတဲ့။ ကိုအေးမောင်က...

"ကိုကြီးမြခင်... ဟို- တစ်ခွက်အရင်ပေးစမ်းပါဗျ။ လေချဉ်တက်လွန်းလို့"



အဲသလိုပြောတော့ ကိုမြခင်က အရက်ခွက်ကို မပေးဘဲ၊ လေးခွက်အထိငှဲ့ပြီး သူ့ဟာသူ သောက်နေသတဲ့။ အဲဒီတော့ ကိုအေးမောင်က ပုလင်းလက်ကျန်ထဲက အရက်ကို ယူပြီးမော့မယ်အလုပ် ကိုမြခင်က...

"ဖွတ်ထဲဖွတ်နုတ်၊ မနှုတ်လောက်၊ ဖွတ်မနုတ်လောက် ဖွတ်လာ၊ လာတဲ့ဖွတ်နဲ့ ဖွတ်နဲ့ပေါင်း... ဖွတ်..."

အဲသလိုဆိုလိုက်တော့ ကိုအေးမောင်က...

"ဒါ ဘယ်သူ့ပြောတာလဲဗျ၊ ဖွတ်ဆိုတာ"

အဲဒီတော့ ကိုမြခင်က...

"ဟာ- ဒီအနားမှာ မင်းနဲ့ငါပဲရှိတာ၊ ငါက ပြောတဲ့လူဆိုတော့ မင့်ကို စောင်းပြောတာပေါ့ကွ"

အဲဒီရက်ကတည်းက ကိုအေးမောင်ဟာ ကိုမြခင်ဆီက အရက်ကို ကပ်မသောက်ရဲတော့ဘူးတဲ့။ ကိုမြခင် ရွတ်လိုက်တဲ့စကားကြောင့် ကိုအေးမောင်လည်း နာမည်ကြီး သွားသတဲ့။

အဲဒီစကားက ကိုအေးမောင်ကိုမြင်တိုင်း "ဖွတ်ထဲဖွတ်နုတ်၊ မနုတ်လောက်၊ ဖွတ်မနုတ်လောက်ဖွတ်လာ၊ လာထည့် ဖွတ်နဲ့ဖွတ်နဲ့ပေါင်း ဖွတ်" လို့ဆိုပြီး ခေါ်ကြသတဲ့။ မှတ်ကရော...။

www.burmeseclassic.com

## ကျုပ်ဟာက ဘယ်ဟာတုန်း

တစ်ခါက ရွာတစ်ရွာမှာ ကိုမင်းအောင်၊ မဆွေဆိုတဲ့ လင်မယား ရှိသတဲ့။ အဲဒီ ကိုမင်းအောင်တို့မှာ ဆယ်နှစ်သားအရွယ် သားတစ်ယောက် သာရှိပြီး၊ သူတို့စီးပွားရေးက တောင်သူလုပ်ငန်းမဟုတ်ဘဲ ပွဲစားလုပ်ငန်း လုပ်တဲ့ လင်မယားဖြစ်သတဲ့။ ကိုမင်းအောင်က ရွာထဲကို ဂျုံတွေ ပဲတွေ လိုက်ပြီး ဝယ်တယ်။ မဆွေက အိမ်မှာအချက်အပြုတ်ပဲ လုပ်နေရပြီး ကိုမင်းအောင်ဟာ သိမ်းပြီးတဲ့ သီးနှံတွေကို မြို့ပွဲရုံပို့လိုက်၊ ရွာပြန်ပြီး သီးနှံဝယ်လိုက် သိမ်းလိုက်နဲ့ ရွာနဲ့မြို့ သံသရာလည်နေသတဲ့။

အဲဒီ ကိုမင်းအောင်တို့လင်မယားမှာ ကိုမင်းအောင်က အသက် (၃၅)နှစ် ပြည့်ရုံသာရှိပြီး မဆွေက အသက်(၄၀)ကျော်နေပြီ ဖြစ်သတဲ့။ ကိုမင်းအောင်က အသားဖြူတယ်၊ ရုပ်ရည်က ဖြောင့်တယ်။ မဆွေက အသားညိုတယ်၊ ပိန်တယ်။ အဲဒီ မဆွေဟာ သူ့ယောက်ျားကို လုံးဝ စိတ်မချဘူးတဲ့။ မြို့ကိုပဲသွားသွား ရွာထဲလှည့်ပြီး သီးနှံပဲဝယ်ဝယ်၊ လုံးဝ စိတ်မချရတဲ့သူ ဖြစ်သတဲ့။

"ကိုမင်းအောင်"

"ဘာလဲ အဆွေ"

"ထင်ရာမြင်ရာတွေ စွက်ပြီး မလုပ်နဲ့နော်၊ အဆွေလေ ကိုမင်း အောင်ကို စိတ်မချဘူး၊ သိလား"

"ဩော်... မဆွေရယ်၊ စိတ်ချစမ်းပါ"

အဲသလိုပြောခဲ့ပေမယ့် သိပ်မကြာပါဘူး။ ကိုမင်းအောင်ဟာ မဆွေ မသိအောင် ကောင်မလေးတစ်ယောက်နဲ့ ဖြစ်ကြသတဲ့။ အဲဒီကောင်မလေး



အမည်က နှင်းဆီဆိုတဲ့ ကောင်မလေးဖြစ်ပြီး အသက်က နှစ်ဆယ်ကျော် ရုံပဲ ရှိတယ်။ ပြီးတော့ နှင်းဆီက လှတယ်။ ငွေကြေးပြည့်စုံတဲ့ မိန်းကလေး ဖြစ်ပြီး မြို့သူဖြစ်သတဲ့။ အဲဒီကောင်မလေးနဲ့ လင်ဖြစ်သူတို့အဖြစ်ကို သိသွားတဲ့ မဆွေခမျာ အစကတည်းက သဝန်တိုအူတိုနေတဲ့အတွက် ငိုတော့ တာပေါ့။ ပြီးတော့ ကိုမင်းအောင်ကို ဆူတော့ ဆဲတော့တာပေါ့။

"ကဲ ကဲ... ဘုန်း ဘုန်း... ပြောထားတဲ့ကြားထဲက ဖောက်ပြန် ချင်ဦး၊ မယားငယ်နေချင်ဦး ဘုန်း ဘုန်း..."

(မှတ်ချက်။ ။ ဘုန်း ဘုန်းသည် မဆွေမှ ကိုမင်းအောင်၏ ကျောကိုထုခြင်းသာ ဖြစ်ပါသည်။)

ကိုမင်းအောင်က သူ့ဘက်က အပြစ်ရှိတဲ့သူဖြစ်လေတော့ ငြိမ်ခံ နေသတဲ့။

"အဆွေရာ လူကြားမကောင်းဘူး။ ကိုယ်နဲ့ အဲဒီကောင်မလေးဟာ သွေးရိုးသားရိုး ခင်ကြတာပါ"

"တော်တော့ ကိုမင်းအောင်၊ ကျုပ် မယုံဘူး။ ရှင့်ကို မယုံတော့ ဘူး"

အဲသလို ပြောခဲ့သတဲ့။ (တကယ်တော့ ကိုမင်းအောင်က အသက် ငယ်ခဲ့ပေမယ့် မဆွေက ချစ်စနိုးနဲ့ ကိုမင်းအောင်လို့ ခေါ်ခြင်းဖြစ်သည်)။

အဲဒီနောက်မှာတော့ ကိုမင်းအောင်ဟာ အဲဒီနှင်းဆီဆိုတဲ့ ကောင်မ လေးနဲ့ သိသိသာသာ ပေါင်းသင်းနေတော့သတဲ့။ အရင်က ရွာကိုပြန်လာ၊ သီးနှံတွေဝယ်၊ မြို့ကပွဲရုံကိုပို့၊ ငွေရှင်းပြီးပြန်ခဲ့တဲ့သူဟာ အခုတော့ ရွာကို ခဏသာ သီးနှံဝယ်ပြီး မြို့မှာ လေးငါးဆယ်ရက်နေတော့သတဲ့။

"မဆွေရေ... ညည်းယောက်ျားကို မြို့မှာ တွေ့ခဲ့တယ်ဟေ့။ အဲဒီ ကောင်မလေးနဲ့ တွဲနေတယ်"

"မြို့မှာ တရားဝင်လက်ထပ်ထားတယ်ဆိုပဲ"

"အခန်းငှားပြီး နေကြသတဲ့အေ"

"ကောင်မလေးက တော်တော်ချောတာကိုးအေ"

www.burmeseclassic.com

www.burmeseclassic.com



အဲသလိုပြောတော့ မဆွေခများ မြို့ကိုလိုက်ပြီး ကိုမင်းအောင်ရဲ့ သတင်းကို စုံစမ်းသတဲ့။ ဒါပေမယ့် စုံစမ်းမရဘူးတဲ့။ အဲဒါနဲ့ ရွာကိုပြန်လာပြီး မဆွေခများ ယောကျ်ားစိတ်နဲ့ အရင်ကထက် ပိန်လှီပြီးနေသတဲ့။ နေ့ရောညရော ငိုနေရတဲ့အတွက် အပူသည်မကြီးလို့တောင် ခေါ်ကြသတဲ့။

အဲသလိုနဲ့ တစ်ရက်မှာတော့ ကိုမင်းအောင်ပြန်လာသတဲ့။ မဆွေက ကိုမင်းအောင် နောင်တရဖို့၊ အသိဝင်ဖို့အတွက် ကိုမင်းအောင်အဖေဖြစ်သူကို ပြောခိုင်းခဲ့သတဲ့။ အဲဒါနဲ့ ဖခင်ဖြစ်သူက သားဖြစ်သူကို…

"လူလေး"

"ဗျာ…"

"မိသားစုတစ်ခုမှာ လင်ရောမိန်းမပါ တက်ညီလက်ညီ၊ သစ္စာရှိရှိ လုပ်ကိုင်ကြမှ စီးပွားရေးတက်တာကွ။ အခုတော့ စီးပွားရေးတက်မယ် လုပ်တုန်းမှာ မင်းက ဖောက်ပြန်တာဆိုတော့ မသင့်တော်ဘူးကွာ။ တစ်လင်တစ်မယားစနစ်သာ ကောင်းတာကွ။ လူလေးရာ စဉ်းစား… ကိုယ့်ဟာနဲ့ ကိုယ်မှ ကောင်းတာကွ"

ဖခင်ဖြစ်သူက အဲသလိုပြောတော့ ကိုမင်းအောင် ပြန်ပြောတဲ့ စကားကြောင့် ဖခင်ဖြစ်သူနဲ့ မဆွေတို့ မျက်လုံးပြူးသွားပြီး ဘေးမှာ ဆုံးမဖို့ရောက်နေတဲ့ မဆွေရဲ့မိဘတွေ၊ ဆွေမျိုးတွေပါ မျက်လုံးပြူးသူပြူး၊ ရယ်သူရယ်နဲ့ ဖြစ်ခဲ့ကြရသတဲ့။

ကိုမင်းအောင်ရဲ့ စကားက…

"အဖေရာ… အဖေပြောတဲ့ ကိုယ့်ဟာနဲ့ကိုယ် ကောင်းတယ်ဆိုလို့ ကျွန်တော့်ဟာက ဘယ်ဟာလဲ အဖေရ"

(အဓိပ္ပာယ်က ကျွန်တော့်မိန်းမက ဘယ် မိန်းမလဲဆိုတဲ့ သဘောပါပဲ ဗျာ။)

အဲဒီအဖြစ်၊ အဲဒီစကားက အဲဒီရွာမှာ ပြောစမှတ် တွင်သွားပြီး ကိုမင်းအောင်ကိုလည်း ရွာထဲကလူတွေက အမည်ပေးကြသတဲ့။

ကျုပ်ဟာက ဘယ်ဟာလဲဆိုတဲ့ ကောင်ကြီးတဲ့။

## အဖေလာရင်တော့

တစ်ခါက အထက်အညာအရပ်က ရွာတစ်ရွာမှာ နှစ်စဉ်ကျင်းပတဲ့ ဘုရားပွဲတစ်ပွဲ ရှိသတဲ့။ အဲဒီဘုရားပွဲဟာ နှစ်စဉ် ပြာသိုလထဲ ကျင်းပတာဖြစ်ပြီး ဘုရားပွဲကျင်းပတိုင်းလည်း အရပ်ဇာတ်ကပြကြတဲ့ ရွာဖြစ်သတဲ့။

အဲဒီရွာဟာ အရပ်ဇာတ်ကပြီဆိုရင် မြို့က ဇာတ်လို စတိတ်ရှိုး၊ အော်ပရာ၊ ပြဇာတ်နဲ့ နှစ်ပါးသွားအကလည်း ကကြတဲ့ရွာ ဖြစ်သတဲ့။

အဲသလိုနဲ့ ပြာသိုလဘုရားပွဲနီးခဲ့တော့ ရွာကလူတွေဟာ အစည်းအဝေး ထိုင်ကြသတဲ့။

"မနှစ်ကအတိုင်း အေးကျောင်းနဲ့အဖွဲ့က စတိတ်ရှိုးကတ္တာ တာဝန်ယူ"

"ဟုတ်"

"မြင့်သိန်းက ပြဇာတ်တာဝန်"

"ဟုတ်"

"ကျောက်ခဲနဲ့ ကျက်တောတို့က နှစ်ပါးသွားတာဝန်ယူဟေ့"

"စိတ်ချပါ"

"ဟုတ်ကဲ့"

အဲသလိုနဲ့ အစည်းအဝေးပြီးတော့ သူ့တာဝန်နဲ့သူ လှုပ်ရှားခဲ့ကြသတဲ့။ ပြဇာတ်တာဝန်ယူထားတဲ့ မြင့်သိန်းက မင်းသားနဲ့မင်းသမီးရွေးဖို့ စီစဉ်ရတယ်။ ထုံးစံအတိုင်း မနှစ်က မင်းသားလုပ်တဲ့ ဆောင်တင့်၊ လှကြမ်း အေးမောင်နဲ့ အခြားသရုပ်ဆောင်တွေ ရွေးရာမှာ မင်းသမီးဖြစ် မြတင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ကောင်မလေးကို ရွေးလိုက်သတဲ့။

"မောင်တင့်... မင်းကတော့ ထုံးစံအတိုင်း မင်းသား၊ လူကြမ်းကတော့ အေးမောင်ပဲ သရုပ်ဆောင်ရမယ်။ မြတင်"

"ရှင်..."

"ညည်းက မနှစ်ကအတိုင်း ပြဇာတ်မင်းသမီး...နော်"

"ဟုတ်ကဲ့..."

အဲသလိုနဲ့ ပြဇာတ်ကကြဖို့ ပြဇာတ်ရေးပြီး ဇာတ်တိုက်ကြသတဲ့။ အဲသလိုဇာတ်တိုက်အပြီး မကြာပါဘူး။ ဘုရားပွဲအစရက်ညမှာ ပြဇာတ်ကကြသတဲ့။ အဲသလိုနဲ့ စတီတ်ရှိုး ဆိုကြ၊ အော်ပရာတွေ ထွက်အပြီးမှာ ပြဇာတ်ကြီးအလှည့် ရောက်ခဲ့သတဲ့။

"ဒီကနေ့ည ကျွန်တော်တို့ ရွာသူရွာသားတွေ ရေးသားပြီး ရွာသူရွာသားတွေပဲ ပါဝင်သရုပ်ဆောင်ထားတဲ့ အိုးမှောက်ခွက်မှောက် ဆိုတဲ့ ပြဇာတ်ကို တင်ဆက်တော့မှာ ဖြစ်ပါတယ်။ ရှုစားကြပါစို့လား ရှေ့ပွဲလာ..."

အဲသလိုနဲ့ ပြဇာတ်ကမယ်အလုပ် ပြဇာတ်မင်းသမီးမြတင်ဟာ မထင်မှတ်ဘဲ နေမကောင်းဖြစ်ခဲ့လို့ မြတင်အစား အေးမိဆိုတဲ့ကောင်မလေးကို အစားထိုးရတော့တာပေါ့။ အဲသလိုအစားထိုးတော့ ပြဇာတ်တာဝန်ခံမြင့်သိန်းခများ ဖုတ်ပူမီးတိုက်အဖြစ် အေးမိကို သင်ရသတဲ့။ အေးမိဟာ ဝါသနာပါသူဖြစ်တယ်။ သူ့အိမ်က ဆီစက်ထောင်ထားတော့ ပြဇာတ်တိုက်ရက်က ဆီဆုံအနား နေရတာများတော့ မအားလို့ ပြဇာတ်ထဲမပါခဲ့ရဘူးပေါ့။ အခုတော့ မြတင် နေမကောင်းဘူးဆိုတော့ ပြဇာတ်မင်းသမီးနေရာ ပါခဲ့ရသတဲ့။

"ကဲ-အေးမိ"

"ရှင်..."

"အားလုံးမှတ်မိတယ်နော်။ မင်းသားမောင်တင့် ပြောတာကို နားထောင်၊ ပြန်ပြောသင့်တာပြန်ပြော... ကြားလား"



"စိတ်ချပါ"

"မောင်တင့်"

"ဗျာ..."

"မင်းကလည်း စကားကို အခြေအနေကြည့်ပြော၊ ကြားလား"

"ဖြစ်ပါတယ်"

အဲသလိုနဲ့ ပြဇာတ်ကတဲ့အခါမှာတော့ မင်းသားနဲ့မင်းသမီး ချိန်းတွေ့တဲ့ အခန်းရောက်ခဲ့သတဲ့။ အဲသလိုချိန်းတွေ့တော့ အေးမိဖခင်အဖြစ် သရုပ်ဆောင်သူက မင်းသားနဲ့သဘောမတူဘူးလေ။ ဖခင်သိရင် အရိုက်အနက်ခံရမှာ အဆူအကြိမ်းခံရမှာသိလို့ မင်းသားကို ပြန်လွှတ်တဲ့ အခန်းပေါ့။ မင်းသားမောင်တင့်က...

"အချစ်ရယ်... ကိုယ်လေ အချစ်အနားက မပြန်ချင်တော့ဘူး"

"ပြန်ပါမောင်ရယ်... အဖေပြန်လာတော့မှာ"

"အိုကွာ... မောင် မပြန်တော့ဘူး။ အချစ်အဖေလာတော့လည်း ဘာဖြစ်လဲ"

အဲသလိုမင်းသားက ပြောအပြီး အေးမိ ပြန်ပြောလိုက်တဲ့စကားကြောင့် ပရိသတ်တွေအားလုံး တဟားဟားပွဲကျသွားပြီး မောင်တင့်ခများ ဘာပြောလို့ပြောရမှန်း မသိဘူး ဖြစ်သွားသတဲ့။

အေးမိ ပြောလိုက်တဲ့စကားက...

"ပြန်ပါမောင်၊ အဖေလာလို့ မိသွားရင် ဆီကြိတ်ခံရလိမ့်မယ်"

(တကယ်တော့ စာထဲမှ အဆူအကြိမ်းခံရလိမ့်မယ်လို့ ရေးထားတာကို၊ အဲဒါ ဆီကြိတ်နေရတဲ့အလုပ် အမြဲလုပ်လာတော့ ယောင်ပြီး ပြောလိုက်တာပေါ့။)

အဲဒီအဖြစ် အဲဒီစကားက အဲဒီရွာမှာ ရာဇဝင်တွင်သွားတော့သတဲ့။ အေးမိမှာလည်း နာမည်ကြီးသွားသတဲ့။

ဘာတဲ့။ 'အေးမိရှေ့ မသွားနဲ့ဟေ့... ဆီကြိတ်ခံရလိမ့်မယ်'တဲ့။ မှတ်ကရော။

www.burmeseclassic.com

www.burmeseclassic.com

## အမည်ပေးကောင်းလွန်းလို့

အထက်အညာအရပ်က ကုန်းကြီးဆိုတဲ့ရွာမှာ ကိုသောင်းအေး-မဝဲဆိုတဲ့ လင်မယားရှိသတဲ့။ အဲဒီ ကိုသောင်းအေးနဲ့ မဝဲတို့မှာ သားသမီးလေးယောက်ရှိပြီး သူတို့ရဲ့စီးပွားရေးက တောင်သူတစ်ရှဉ်းလုပ်ရှိတဲ့ အခြေအနေဖြစ်သတဲ့။ အဲဒီ သင့်တင့်တဲ့ စီးပွားရေးအခြေအနေကို ကိုသောင်းအေးက ကြိုးစားပြီး လုပ်ကိုင်တဲ့သူ ဖြစ်သတဲ့။

ကိုသောင်းအေးဟာ တောင်သူလုပ်ငန်းကို ဝါသနာကြီးတယ်။ ဝါသနာပါတယ်။ အလုပ်လည်း ကြိုးစားသတဲ့။ ဇီရိယထားပြီးလုပ်တဲ့သူတို့ တောင်သူလုပ်ငန်းဟာ နှစ်တိုင်းပဲ အဆင်ပြေခဲ့သတဲ့။ အဆင်ပြေလေ ကြိုးစားလေဖြစ်တဲ့ ကိုသောင်းအေးဟာ အရက်မသောက်ဘူး၊ ယန်းရေမသောက်ဘူး၊ ဆေးလိပ်ကင်း ကွမ်းကင်းတဲ့သူ ဖြစ်သတဲ့။

အဲသလိုနဲ့ သူတို့ကုန်းကြီးရွာဘေးကနေပတ်ပြီး ချင်းတွင်းမြစ်ရေတင်စီမံကိန်းတစ်ခုကို နိုင်ငံတော်က ဖောက်ပေးခဲ့သတဲ့။ ရည်ရွယ်ချက်က လယ်စိုက်ဖို့ ဖြစ်တယ်။ နွေလယ် မိုးလယ် စိုက်ဖို့ဖြစ်တဲ့အတွက် တောင်သူတွေ ပျော်ခဲ့ကြသတဲ့။ ဘာပြုလို့လည်းဆိုရင် ကိုသောင်းအေးတို့ရွာဟာ အရင်က ဂျုံတစ်သီးပဲစိုက်ကြပြီး အဲဒီဂျုံစိုက်ဟဲ့ တစ်နယ်မြေက ဂျုံတစ်သီးပဲ ချရတာကိုး။ ဘာမှ စိုက်မရဘူးတဲ့။ ဘာပြုလို့လည်းဆိုတော့ မိုးရေတစ်မျိုး



ကိုသာ အားပြုခဲ့ရတာကိုး။ ရှိတဲ့ သဲတောမြေတွေဟာလည်း နှမ်း၊ ပဲ၊ ဝါလောက်သာ စိုက်ရသတဲ့။

အဲသလို ဆည်မြောင်းဖောက်အပြီး မြစ်ရေတင်မြောင်းတွေဟာ ကိုသောင်းအေးတို့ ရွာဘေးကနေပြီး တစ်နယ်မြေတွေဆီ ဘောင်ခွဲတွေ မြောင်းခွဲတွေနဲ့ ရေလွှတ်ပေးပြီး စပါးစိုက်နိုင်းခဲ့တာ၊ ရေမြောင်းဘေးက တောင်သူတွေဟာ သူတို့မြေတွေကို ကန်သင်းတင်ပြီး လယ်လုပ်ဖို့ ပြင်ဆင်ခဲ့ကြသတဲ့။ အဲ-မကြာပါဘူး။ ရေက အမြဲလွှတ်ပေးနေတော့ လယ်တွေလည်း လယ်တည်အပြီး ပျိုးကြဲက မျိုးကြဲကြရသတဲ့။

အဲသလိုနဲ့ သုံးနှစ်အကြာမှာတော့ လယ်လုပ်တဲ့သူ အတော်များလာပြီး ထွက်ရှိတဲ့စပါးတွေကို ကြိတ်ပြီး ဆန်အဖြစ် ရောင်းတန်ရောင်း၊ လှောင်တန်လှောင် လုပ်ကြတဲ့အခါမှာ ရွာကတောင်သူတွေ အခက်အခဲဖြစ်ကြရသတဲ့။ ဘာပြုလို့လည်းဆိုတော့ ရွာမှာ စပါးကြိတ်စက် မရှိဘူးလေ။ တစ်ရွာသွားပြီးဘွက်တဲ့ စပါးတွေကို လှည်းနဲ့ပို့ပြီး စပါးကြိတ်ကြရတာကိုး။ ဒီတော့ အချိန်ကုန်၊ လူသင်းရဲ၊ နွားပန်းကြတဲ့အတွက် ညည်းညူကြတာပေါ့။

အဲဒီတော့ ကိုသောင်းအေးက…

“အင်း-ဟုတ်ပြီ။ စပါးကြိတ်စက်ထောင်မှပဲ”

အဲသလိုတွေးပြီး မိန်းမဖြစ်သူ မဝဲကို တိုင်ပင်သတဲ့။

“မဝဲရေ”

“ရှင်…”

“စီးပွားရေးအကွက်ကတော့ တွေ့ပြီဟေ့၊ ငါတို့ရှိတဲ့ ရွှေတွေရောင်းပြီး စပါးကြိတ်စက်ထောင်ကြမယ်။ မကောင်းဘူးလား”

“ကောင်းတာပေါ့။ စပါးကြိတ်စက်ထောင်တော့ ဆန်လည်းရ၊ စပါးခွံလည်းရ…”

အဲသလိုနဲ့ရှိတဲ့ ရွှေတွေအပြတ်ရောင်းပြီး စက်ဝယ်သတဲ့။ စက်ဝယ်ပြီး စပါးကြိတ်ခုံဝယ်ပြီး အိမ်ရှေ့မှာ ဝက်တဲဆောက်ပြီး စပါးကြိတ်ခုံ

www.burmeseclassic.com

www.burmeseclassic.com



လုပ်လိုက်သတဲ့။ အသံချဲ့စက်နဲ့လည်း ကြေညာသတဲ့။

"ကုန်းကြီးရွာရှိ စပါးစိုက်တောင်သူများခင်ဗျား… ကိုသောင်းအေး အိမ်မှာ စပါးကြိတ်စက်ထောင်ပြီးဖြစ်ပါ၍ အကြိတ်ခံသူများ၊ အဲ အဲ- စပါးကြိတ်ချင်သူများ လာရောက်အပ်နှံနိုင်တဲ့အကြောင်း သတင်းကောင်း ပါးလိုက်ပါတယ်ခင်ဗျား။ ဆန်တစ်တင်းကျရင် ဆန်တစ်ပြည် ကောက်ခံမှာ ဖြစ်ပါတယ်"

အဲသလို ကြေညာခဲ့သတဲ့။ အဲဒါနဲ့ နောက်ရက်ကစပြီး ရွာက စပါးစိုက်တောင်သူအားလုံး ကိုသောင်းအေး စပါးကြိတ်ခုံမှာ လာရောက်ပြီး စပါးကြိတ်ကြသတဲ့။ အဲသလိုနဲ့ လေးငါးရက်နေတော့ ကိုသောင်းအေးဟာ သူ့သဘောနဲ့သူ သူ့ဆန်ကြိတ်စက်ကို အမည်ပေးခဲ့သတဲ့။

ပေးခဲ့တဲ့ စပါးကြိတ်စက်အမည်က ပိတောက်ပန်းဆိုတဲ့ အမည် ဖြစ်သတဲ့။ အဲသလို(ပိတ်တောက်ပန်း)ဆိုတဲ့ အမည်ပေးပြီးတဲ့နောက်မှာ စပါးကြိတ်တောင်သူတွေဟာ ပြောလာကြသတဲ့။ ဘာလဲဆိုတော့ စပါးကြိတ်ရာမှာ ဆန်တစ်တောင်းကျရင် ကောက်တဲ့အကောက်ဟာ ဆန်တစ်ပြည်ဆိုတော့ များတယ်ဆိုတဲ့ စကားပါပဲ။

"ဟော့…သောင်းအေး၊ မင်းကို ရွာထဲက ပြောနေကြပြီကွ"

"ဘာတဲ့လဲ"

"ဘာရမှာလဲ၊ ဆန်တစ်တင်းကို တစ်ပြည်ကောက်တာ များလို့တဲ့"

"အဲဒါကြောင့် တချို့က တစ်ရွာသွားပြီး စပါးကြိတ်မယ်တဲ့"

အဲဒီသတင်းကြောင့် နောက်ရက်မှာ ကိုသောင်းအေးက အသံချဲ့စက် နဲ့ ကြေညာပြန်သတဲ့။

"ဒီကနေ့ကစပြီး ပိတောက်ပန်း ဆန်ကြိတ်စက်ဟာ ဆန်တစ် တောင်းကို ဆန်တစ်ခွက်ပဲ ကောက်ခံသွားမှာ ဖြစ်ပါတယ်ခင်ဗျား"

အဲသလိုကြေညာတော့ စပါးကြိတ်တဲ့လူတွေ ပြန်ပြီး (ပိတောက် ပန်းဆန်စက်)လာပြီး ကြိတ်ကြပြန်သတဲ့။ ဒါပေမယ့် စပါးကြိတ်တောင်သူ တွေက…



"ပိတောက်ပန်းကတော့ အကောက်ကြမ်းတယ်ဟ"

"ဟုတ်တယ်၊ ပိတောက်ပန်းကတော့ အကောက်ကြမ်းတယ်ကွ"

အဲသလိုပြောကြတော့ (ပိတောက်ပန်း)အမည်ကနေ (ပန်းပိတောက်) ဆိုတဲ့အမည် ပြောင်းပြန်ရောတဲ့။ အဲသလို (ပန်းပိတောက်အမည်နဲ့) ဆန် တစ်ခွက်ကောက်ပြန်တော့လည်း အကောက်ကြမ်းတယ်လို့ ပြောကြပြန် သတဲ့။

"ပန်းပိတောက် အရမ်းကောက်"

အဲသလိုပြောကြတော့ ကိုသောင်းအေးက ညည်းသတဲ့။

"ဟင်… ဘယ်အမည်ပေးပေး အပြစ်က မလွတ်ဘူး၊ နာမည် လှတဲ့ ပိတောက်ပန်းကျတော့ အကောက်ကြမ်းတဲ့။ အဲ- ပန်းပိတောက်လို့ အမည်တပ်ပေးပြန်တော့လည်း အရမ်းကောက်ဆိုပြီး အပြစ်ပြောကြပြန် ရော ဘာအမည်ပေးရမှာပါလိမ့်"

အဲသလိုညည်းတော့ စပါးကြိတ်သူတွေ ပြုံးပြီး အဲဒီပိတောက်ပန်း ပန်းပိတောက်ဆိုတဲ့အမည်က ရာဇဝင်တွင်သွားသတဲ့။

www.burmeseclassic.com

www.burmeseclassic.com

## အမေလိုက်ခဲ့မယ်ကွယ်

တစ်ခါက အထက်အညာအရပ်မှာ ရွာတစ်ရွာရှိသတဲ့။ အဲဒီရွာလေးဟာ အိမ်ခြေသုံးရာကျော်ရှိပြီး လမ်းပန်းဆက်သွယ်ရေး မကောင်းတဲ့ရွာဖြစ်တယ်။ အချက်အချာမကျတဲ့နေရာမှာရှိတာမို့ ချောင်ကျတဲ့နေရာဖြစ်လို့ အဲဒီရွာကို တောချောင်ရွာဆိုပြီး ခေါ်ကြသတဲ့။

အဲဒီရွာဟာ ချောင်ကျသလို၊ လမ်းပန်းဆက်သွယ်ရေး မကောင်းခဲ့သလို၊ လူချမ်းသာနည်းတဲ့ ရွာဖြစ်ပြီး အများအားဖြင့် လက်လုပ်လက်စားတွေပဲ အများစုနေထိုင်တဲ့ ရွာတစ်ရွာဖြစ်သတဲ့။ အဲဒီရွာဟာ လုပ်ကိုင်စားစရာ လယ်မြေနည်းတယ်။ အချို့က ထင်းတောတွေရှိပြီး ထင်းခုတ်ရောင်းသလို၊ အချို့က ထန်းတောရှိလို့ ထန်းပိုင်လုပ်ပြီး စားရသတဲ့။ အချို့ကတော့ ကြက်ဝက်မွေးပြီး စားကြသလို အချို့က သိုးဆိတ်၊ ကျွဲနွားမွေးပြီး စားကြရသတဲ့။

အဲသလို ချောင်ကျတဲ့ရွာဆိုတော့ ဆေးပေးခန်းလည်း မရှိဘူးပေါ့။ အဲဒီရွာက ရောဂါဖြစ်ရင် မြန်မာဆေးကိုင်တဲ့လူနဲ့ ဆေးထိုးရသတဲ့။ မြန်မာဆေးဆရာရဲ့အမည်ကကို ကောင်းညွန့်ဆိုတဲ့လူဖြစ်ပြီး ထိုးဆေး၊ စားဆေးအပြင် မြန်မာဆေးမျိုးစုံနဲ့ ကိုင်တဲ့လူဖြစ်ပြီး ကိုကောင်းညွန့်ကို အားကိုးနေကြရသတဲ့။



အဲဒီရွာမှာ မမြမေဆိုတဲ့ မိန်းမတစ်ဦးရှိပြီး မိသားစုနဲ့အတူနေတဲ့သူဖြစ်သတဲ့။ မမြမေရဲ့ယောကျ်ားက ကိုအေးကျော်ဖြစ်ပြီး သမီးဖြစ်သူက ရှင်းမြဆိုတဲ့သူ ဖြစ်သတဲ့။ အဲဒီမိသားစုဟာ သုံးဦးသာရှိပြီး တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ မိသားစုဖြစ်သတဲ့။ ကိုအေးကျော်က ထင်းခုတ်၊ ထန်းတက်လုပ်ငန်းတွေ လုပ်ကိုင်နေရပြီး မမြမေကတော့ ထင်းရောင်းရတဲ့အလုပ်လုပ်ရသတဲ့။ သမီးဖြစ်တဲ့ နှင်းမြကတော့ အိမ်မှာ အချက်အပြုတ်ပဲ လုပ်ရသတဲ့။

တစ်ရက်တော့ နှင်းမြခမျာ အပြင်းဖျားတော့သတဲ့။

"အမလေးမေရဲ့… ကယ်ပါဦး လုပ်ပါဦး။ ခေါင်းတွေထဲက ထိုးလွန်းလို့၊ ကိုက်လွန်းလို့ပါ အမေရဲ့… ပြီးတော့ မတရားချမ်းလွန်းလို့ပါတော်"

အဲဒီတော့ ကိုအေးကျော်ရော မမြမေပါ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဖြစ်နေတော့တာပေါ့။ သမီးဖြစ်သူက ခေါင်းကိုက်တယ်ဆိုတော့ ခေါင်းကိုက်ပျောက်မယ့် ဆေးမြီးတိုနဲ့ကု၊ ချမ်းတယ်ပြောတော့ အချမ်းပျောက်မယ့် ဆေးတွေကို တိုက်ပေမယ့် မသက်သာဘူးပေါ့။ နောက်ဆုံး…

"ကဲ- ဆရာကောင်းညွန့်ကိုပင့်ပြီး ဆေးထိုးကြရအောင်"

"ကိုကောင်းညွန့်ကို ပင့်တော့ဟေ့"

အိမ်နားနီးချင်းတွေက တိုက်တွန်းတော့ ကိုကောင်းညွန့်ကို ညတွင်းချင်းပင့်ပြီး ပြသကြရသတဲ့။ ကိုကောင်းညွန့်ရောက်တော့ မေးစရာရှိတာမေး၊ ဆေးပေးစရာရှိတာ ပေးခဲ့သတဲ့။

"ရော… ဒီဆေးကို မနက်တစ်ခွက် ညနေတစ်ခွက်တိုက်၊ ဘာမှမဖြစ်ပါဘူး။ သက်သာမှာပါ"

"ဟုတ်ကဲ့ပါဆရာရယ်၊ ပျောက်ရင်ပြီးတာပါပဲ ဆရာရယ်။ နှင်းမြခမျာ အလူးအလဲခံနေရရှာတာဆိုတော့ မကြည့်ရက်တော့ဘူး"

"စိတ်ချ၊ ပျောက်မှာပါ"

အဲသလိုနဲ့ ကိုကောင်းညွန့် ပြန်သွားသတဲ့။ အဲ- နှစ်ရက်အကြာမှာ

www.burmeseclassic.com

www.burmeseclassic.com



တော့ နှင်းမြခများ ဆုံးပါးသွားခဲ့သတဲ့။ အဲသလို သမီးဖြစ်သူ ဆုံးသွားပြီး တစ်ဦးတည်းရှိတဲ့ သမီးလည်းဖြစ်၊ အားကိုးအားထားပြုရမယ့် သမီးလည်း ဖြစ်တာဆိုတော့ မမြမေရော ကိုအေးကျော်ပါ ရှုံးပွဲချရင်း ငိုကြတာ အလူး အလဲပါပဲတဲ့။

"အမလေး… ဖြစ်ရလေ သမီးရယ်"

"အမလေးသမီးရဲ့… အမေ့သမီးလေးရဲ့၊ အားကိုးအားထားပြု နေရတဲ့ သမီးလေးရဲ့။ အမေတို့ကို ပစ်ထားခဲ့ပြီလား။ အမေတို့ ဘယ်လို ဖြေရမလဲကွယ့်။ ဟီး ဟီး ဟီး…"

အဲသလိုနဲ့ ရွာထဲကလူတွေက မဲ့ရှုပ်ထိုးသူထိုး၊ အလောင်းစင်ပြင် သူပြင်ပေါ့။ မိန်းမတွေကတော့ နှာရေးဖြစ်တာကြောင့် ကန်တော့ပွဲတွေနဲ့ လာပြီး ကူညီကြသတဲ့။ မမြမေဟာ အဲသလိုငိုရင်းနဲ့ ဆေးကုတဲ့ ကိုကောင်း ညွှန့်အိမ်ထဲ ဝင်လာတာကို မြင်ရသတဲ့။ အဲသလိုမြင်ရတော့ မမြမေ ငိုလိုက် တဲ့စကားကြောင့် ကြားရသူတွေ ပြုံးမိကြပြီး ကိုကောင်းညွှန့်ခများ မျက်နှာ ကြီး ရှုံ့မဲ့သွားသတဲ့။

မမြမေ ငိုပြော ပြောလိုက်တာက…

"အမလေး… သမီးလေးရဲ့၊ ဟိုတာဒီက ဆေးပေးခဲ့တဲ့ မောင် ကောင်းညွှန့်ရဲ့ ဆေးတစ်ခွက်သောက်ပြီး သမီးနောက်ကို လိုက်ခဲ့မယ် သမီးရဲ့။ သမီး စောင့်နေပါတော့ သမီးရဲ့"

အဲဒီအဖြစ်၊ အဲဒီစကားက ရာဇဝင်တွင်သွားသတဲ့။

သမီးသောက်တဲ့ ဆေးသောက်ပြီး သမီးနောက်လိုက်ခဲ့မယ်တဲ့လေ။

## အဆင်ပြေအောင်လုပ်ပေးမယ်

ရွာတစ်ရွာမှာ နာမည်ကြီးဗေဒင်ဆရာ ရောက်လာသည်။ ဗေဒင် ဆရာသည် အိမ်တစ်အိမ်သို့ ဝင်သည်။ အိမ်ရှင်က ဗေဒင်မေးမည့်သူများကို လိုက်ခေါ်ပေး စပ်ပေးသည်။

"အဒေါ်ကျင်ရေ… ဗေဒင်ဆရာ ရောက်နေပြီ"

"အေး အေး… လာခဲ့မယ်"

"ဒေါ်ဒေါ်မြရေ… ဗေဒင်မေးချင်လို့ဆို ဆရာရောက်နေပြီ"

"ဟုတ်ပြီ၊ အပြေးလာခဲ့မယ်ဟေ့"

"မမလှရေ… ဆရာရောက်ပြီ"

"အေး… လာခဲ့မယ်ဟေ့"

ရွာထဲကို အဲသလိုလိုက်ပြီး ခေါ်ပေးသည့်အတွက် ဗေဒင်မေးမည့် သူတွေ ရောက်လာသည်။ (ထုံးစံအတိုင်း မိန်းမသားတွေများသည်။) သို့ဖြင့် မိန်းမများကို ဗေဒင်ဟောခဲ့ရာ နောက်ဆုံး မိန်းမတစ်ဦးသာ ကျန်သည်။ ဗေဒင်ဆရာက…

"အမည်ပြော…"

"မအိုပါ…"

"ဩော်… နာမည်က မအိုတဲ့လား၊ ဟုတ်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



အဲသလိုမေးရင်းနဲ့ မအိုရဲ့ မွေးသက္ကရာဇ်၊ လ၊ ရက် မေးအပြီး ဗေဒင်ဆရာက စတင်၍ ဟောသည်။

"မအို..."

"တော်..."

"အင်း... ခင်ဗျားရဲ့ဇာတာက အညံ့ပိုင်းရောက်နေတယ်။ လုပ်ငန်းကိုင်ငန်း အဆင်မပြေဘူး ဖြစ်နေတယ်။ ဝင်ငွေနဲ့ထွက်ငွေ မမျှဘူး။ မိသားစု အရေးတွေ ပူပန်နေရမယ်။ ဟုတ်ရဲ့လား မအို"

"ဟုတ်ကဲ့"

"ဒီတော့ အဆင်ပြေသွားအောင် ဆရာက ခေတ်ရိုက်ခေတ်ဆင်နဲ့ ယတြာလုပ်ပေးလိုက်မယ်။ ခေတ်ရိုက်ခေတ်ဆင်ဆိုတာ မအိုတို့ စီးပွားရေး၊ မိသားစုရေးအတွက် ကျန်းမာရေးအတွက်ပါ ဟုတ်လား"

"ဟုတ်ကဲ့"

"အင်း... ဇာတာက တော်တော်ညံ့နေတာကိုး။ အိမ်ထောင်ဦးစီးရဲ့ နံက မအိုကို စီးနေတာ၊ ဒါကြောင့် အဆင်မပြေဖြစ်နေတာ။ ကဲ- မအိုရဲ့ ယောက်ျားအမည်ကို ပြော"

ထိုအခါ မအိုက ပြန်ပြောလိုက်သည်။

"ကျုပ်က အပျိုရှင့်"

"ဗျာ..."

## ချိုသွေးတဲ့ဥက္ကဋ္ဌကြီး

တစ်ခါက အထက်အညာအရပ်မှာ ညောင်ကျိုးဆိုတဲ့ ရွာကြီးတစ်ရွာ ရှိသတဲ့။ အဲဒီရွာဟာ ချင်းတွင်းမြစ်ရဲ့ အရှေ့ဘက်မှာရှိပြီး တောင်သူတွေက မြေပဲ၊ နှမ်း၊ စပါးနဲ့ပဲ အမျိုးမျိုးစိုက်ကြတဲ့အတွက် စီးပွားရေးအဆင်ပြေတဲ့ ရွာကြီးတစ်ရွာ ဖြစ်သတဲ့။ အဲဒီရွာက လူကြီးလူလတ် လူငယ်တွေဟာ ဘောလုံးဝါသနာပါသူတွေ ဖြစ်သတဲ့။

တစ်ရက်တော့ မြစ်အနောက်ဘက်က ကျင်းတူးဆိုတဲ့ ရွာမှာ ဘုရားပွဲရှိပြီး အဲဒီဘုရားပွဲက ဘောလုံးပွဲပါလို့ ဘောလုံးပါဝင်ခတ်ကြဖို့ ဖိတ်စာ ရောက်လာသတဲ့။ ညောင်ကျိုးကို ဘောလုံးနဲ့ပတ်သက်ပြီး ဦးစီးသူက ကိုအောင်မြင့်ဆိုသူဖြစ်တဲ့အတွက် ကျင်းတူးရွာက ဖိတ်စာဟာ ညောင်ကျိုးက ကိုအောင်မြင့်ဆီ ရောက်လာတာ ဖြစ်သတဲ့။

ကိုအောင်မြင်ဟာ သူ့ဆီကို ဘောလုံးပွဲဖိတ်စာရောက်တော့ ဖိတ်စာ ယူပြီး လူငယ်တွေဆီ သွားသတဲ့။

"ဟေ့... လုသောင်းတို့၊ မြင့်အေးတို့ရေ"

"ဗျား... ဘာလဲ ကိုအောင်မြင့်ရ"

"ကျင်းတူးက ဘုရားပွဲက ဘောလုံးပွဲဖိတ်စာ လာပြီဟေ့"

"ဟာ...ဟုတ်လား"

"ဟင်... တကယ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ကန်ကြမယ်ဟေ့"

အဲသလိုနဲ့ ကိုအောင်မြင့်ဆီက ဘောလုံးပွဲဖိတ်စာကို ဝိုင်းဖတ်ကြသတဲ့။ မကြာပါဘူး။ ဘောလုံးပွဲဖိတ်စာ ရောက်လို့ဆိုတဲ့ သတင်းကြောင့် ကိုအောင်မြင့်အိမ်မှာ လူကြီးလူလတ်၊ လူငယ်တွေအားလုံး ရောက်လာကြပြီး ဘောလုံးပွဲအသင်းဖွဲ့ဖို့ တိုင်ပင်ကြသတဲ့။

"ကဲ- မောင်အောင်မြင့်က အတွေ့အကြုံရှိတဲ့လူဆိုတော့ ဘောလုံးဥက္ကဋ္ဌလုပ်"

"ဟုတ်ကဲ့၊ သိပြီးသားပါ"

"မင့်စိတ်ကြိုက်လူရွေးပြီး တစ်သင်းကောင်းကောင်းပဲ ဖွဲ့ကြပါကွယ်"

"ဟုတ်တယ်။ ဒါမှ ကျင်းတူးကပွဲမှာ ဆုရမှာ"

"မောင်အောင်မြင့်ရေ… လူရွေးရင်လည်း မင့်ညီတွေ တူတွေချည်းမရွေးနဲ့နော်"

"ဟုတ်ဝာယ်။ ရွာထဲမှာ ဘောလုံးတော်တဲ့ ကလေးတွေအများကြီး"

"စိတ်ချပါဗျာ၊ ကျုပ်က အဲသလိုလူ မဟုတ်ပါဘူး"

အဲဒီနောက်မှာတော့ ကိုအောင်မြင့်ဟာ ကျင်းတူးရွာကိုသွားပြီး ဘောလုံးတစ်သင်း စာရင်းပေးလိုက်သတဲ့။ အသင်းအမည်က ငွေသောင်ယံဆိုတဲ့အမည်နဲ့ ဝင်ခဲ့သတဲ့။

"ဟေ့ကောင်တွေ ငါကတော့ (ငွေသောင်ယံ)ဆိုတဲ့ အမည်နဲ့ဝင်ခဲ့ပြီဟေ့"

"ဟာ… အဲဒီအမည် ကောင်းတယ်"

"ကြိုက်တယ်ဟေ့"

"ဒီနှစ် ငွေသောင်ယံအသင်း ဆုရမှာ သေချာပြီဟေ့"

"အဲသလိုနဲ့ ကိုအောင်မြင့်ဟာ ငွေသောင်ယံအသင်းဦးစီးသူ၊ ဥက္ကဋ္ဌ ရန်ပုံငွေရှာသူအဖြစ်နဲ့ ဘောလုံးနှစ်လုံးဝယ်ပေးပြီး ရွာထိပ်ကကွင်းမှာ ရွေး



ထားတဲ့ ဘောလုံးသမားတွေကို ကျင့်စေသတဲ့။ တကယ်တော့ ကိုအောင်မြင့်ဟာ နှစ်တိုင်းနှစ်တိုင်း ဘယ်ရွာမှာပဲ ဘောလုံးပွဲရှိရှိ ရွာမှာပဲ ဘောလုံးပွဲကန်ကန် ဥက္ကဋ္ဌတာဝန်ယူတယ်။ ငွေကုန်ကြေးကျလည်း ခံနိုင်တဲ့သူဖြစ်သတဲ့။ ဘောလုံးသွားပြီး ကန်ကြရင် လက်ဖက်ရည်တိုက်၊ မုန့်ကျွေးတဲ့အပြင် စရိတ်စကကို ကိုအောင်မြင့်ကပဲ အကုန်အကျခံခဲ့ပြီး ဘောလုံးသမားတွေ နေမကောင်းရင် ဆေးတောင်ထိုးပေးသေးတဲ့လူ ဖြစ်သတဲ့။ အဲသလောက် ဝါသနာကြီးတဲ့လူပေါ့။

မကြာပါဘူး။ ဘောလုံးဖိုင်တွဲတော့ ကိုအောင်မြင့်တို့ရွာက (ငွေသောင်ယံ)အသင်းဟာ ကန်ရမယ့်ရက် ရောက်ခဲ့သတဲ့။ အဲဒါနဲ့ ရွာကအသင်း ကန်ရမှာဆိုတော့ ထုံးစံအတိုင်း ရွာလုံးကျွတ်နီးပါးလိုက်ပြီး အားပေးကြသတဲ့။

"မောင်အောင်မြင့်ရေ"

"ဗျာ…"

"မော်တော်အသေးနဲ့ ဆန့်မှာ မဟုတ်ဘူးဟေ့"

"ဟုတ်တယ်ကွ၊ မော်တော်အကြီးနဲ့ ထွက်ပေးဟေ့"

"ဟုတ်ကဲ့၊ ရပါတယ်"

အဲဒါနဲ့ မော်တော်အကြီးနဲ့ ထွက်ခဲ့ရသတဲ့။ အဲသလိုနဲ့ ကျင်းတူးရွာကိုရောက်တော့ ကန်ကြတဲ့အခါမှာ သူတို့(ငွေသောင်ယံ)အသင်းက နှစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးသတဲ့။

"တောက်… ရှက်လိုက်တာကွာ၊ ငါငွေကုန်တာ မနှမြောပါဘူး။ ရွာသိက္ခာကျတယ်။ ငါပြောသားပဲ၊ ကြိုးစားကန်ကြဆိုတာ မင်းတို့ အသုံးကိုမကျဘူး"

ကိုအောင်မြင့်ဟာ ဘောလုံးသမားတွေကို ဆူတာပေါ့။ ဘောလုံးသမားတွေခမျာ ကိုအောင်မြင့်ကို ဘာမှ ပြန်မပြောရဲဘူးတဲ့။

"ဟိုကောင် လှသောင်း၊ ဒီကောင် အရက်သောက်ထားတယ်။ မြင့်အေးဆိုတဲ့အကောင် ဘောလုံးကန်သွားခါနီးမှ ရည်းစားနဲ့ ချိန်းတွေ့

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဟိုကောင် တာတီးဆိုတဲ့ကောင် မနေ့ညက တစ်ညလုံးဖဲရိုက်တယ်။ ကျန်တဲ့ကောင်တွေလည်း ဘာမှ မဟုတ်ဘူး။ ကဲ-ပြန်မယ်။ လိုက်ချင်တဲ့အကောင်လိုက်၊ မလိုက်ချင်ရင် ကျင်းတူးမှာ တစ်သက်လုံး နေရစ်ကြ၊ မော်တော်ထွက်မယ်''

အဲသလိုပြောတော့ အားလုံးမော်တော်နဲ့ ပြန်ခဲ့သတဲ့။ မော်တော်ထွက်တော့လည်း မော်တော်ပေါ်မှာ ကိုအောင်မြင့်က ဆူတုန်းသဲတုန်းပဲတဲ့။ အဲသလို တစ်လမ်းလုံးဆဲလာခဲ့တာ ခရီးတစ်ဝက်အရောက် ကမ်းဘေးက ကပ်အမောင်းမှာ မော်တော်က စက်ပျက်ပြီး ရပ်သွားတယ်။ ရေစုန်မှာ မမျောအောင် အားလုံးထိန်းကြရသတဲ့။

''ဟော့... မသာတွေ၊ အားလုံးဆင်း...''

''ဆင်းပြီ၊ ဆွဲထား''

နောက်တော့ မော်တော်ကို စက်ပြင်ပေမယ့် လုံးဝမရတော့တဲ့အဆုံးမှာ ပါတဲ့ကြိုးတွေချည်ပြီး ကုန်းပေါ်ကနေ ဆွဲကြရသတဲ့။ အဲသလို ဆွဲတဲ့အထဲမှာ ဘောလုံးပွဲရှုံးလို့ စိတ်ဆိုးတဲ့ ကိုအောင်မြင့်က ကြိုးအဖျားကနေ ဆွဲနေသတဲ့။

''အလကား ခွေးတွေ၊ ဘာမှ မဟုတ်ဘူး''

အဲသလိုဆဲရင်း ဆွဲရင်းနဲ့ ရေဆန်ကိုတက်ခဲ့ကာ နာရီဝက်အကြာမှာ ကြိုးကပြတ်ပြီး လဲကျန်သတဲ့။ ကြိုးပြတ်ပြီးလဲတော့ စိတ်လည်းဆိုး၊ ဒေါသလည်းဖြစ်နေတဲ့ ကိုအောင်မြင့်ခမျာ ကြိုးပြက်တဲ့အရှိန်နဲ့ ရှေ့မှာရှိတဲ့ သောင်ပြင်နံ့ရံကို ခေါင်းနဲ့ဆောင့်မိပြီး ခေါင်းက သဲနံ့ရံထဲ ဝင်နေသတဲ့။

အဲဒီအချိန် အခြားလူတွေက...

''ဟာ... ဟိုမှာ ကိုအောင်မြင့်... ကိုအောင်မြင့်''

''လုပ်ကြပါဦးဟ''

''သွားပြီး ဆွဲကြပါဟ''

အဲသလိုပြောတဲ့အချိန် လှသောင်းက သူတို့ကိုအောင်မြင့်က ဖိငေါက်ထားတာကို မကျေမနပ် ဖြစ်နေပြီး ပြောလိုက်တဲ့စကားကြောင့် လူတွေ



အားလုံး တဟားဟားရယ်ကြသတဲ့''

''ဟော့ ဟော့... ငွေသောင်ယံအသင်းဥက္ကဋ္ဌကြီး ငွေသောင်ယံမှာ ချိုးသွေးနေတယ်ဟော့... နေပါစေ၊ အားရအောင် သွေးပါစေကွာ''

အဲဒီအဖြစ်၊ အဲဒီစကားက အဲဒီရွာမှာ နာမည်ကြီးသွားပြီး ကိုအောင်မြင့်ကိုလည်း အမည်ပေးကြသတဲ့။

အဲဒီအမည်က-

ချိုးသွေးနေတဲ့ဥက္ကဋ္ဌကြီးတဲ့။ မှတ်ကရော့...။

www.burmeseclassic.com

www.burmeseclassic.com

# ချဉ်ပေါင်ရွက်ဝယ်မယ်

တစ်ခါက ရွာတစ်ရွာမှာ ကပ်စေးနဲပြီး အလွန်စေ့စပ်တဲ့၊ အလွန်တိကျတဲ့ မနှင်းအိဆိုတဲ့ မိန်းမတစ်ယောက် ရှိသတဲ့။ အဲဒီ မနှင်းအိဟာ အသက်(၅၀)ကျော်ရှိပြီး သူ့ယောက်ျားက ကိုအေးမောင်ဆိုတဲ့သူ ဖြစ်တယ်။ ကိုအေးမောင်က လူရိုးဖြစ်ပြီး သူတို့မှာ သားတစ်ယောက်နဲ့ သမီးနှစ်ယောက် ရှိသတဲ့။

အဲဒီ မနှင်းအိဟာ နှမြောတတ်တဲ့အပြင် စားရာမှာ စည်းကမ်းရှိတယ်။ သွားရာလာရာမှာ စည်းကမ်းရှိတဲ့အပြင် အဝယ်အခြမ်းဆိုရင်လည်း တိကျပြီး စည်းကမ်းရှိတဲ့သူ ဖြစ်သတဲ့။ အဲဒီရွာမှာ မနက်ခင်းဈေး ရှိသတဲ့။ အဲသလို မနက်ခင်းဈေးမှာ မနှင်းအိ ဈေးဝယ်ထွက်ပြီဆိုရင် ဝက်သား၊ အမဲသားသယ်ကအစ ချဉ်ပေါင်ရွက်၊ မှုံ့ရွက်သယ်အထိ မနှင်းအိကို ကြောက်ကြသတဲ့။

ဝက်သား အမဲသားဆိုရင် ဝယ်တာက အစိတ်သား၊ ဈေးဆစ်တာက တစ်နာရီ။ ဟိုက မကြိုက်ဘူး၊ ဒီဟာ မကြိုက်ဘူးနဲ့ ရွေးတာက တစ်နာရီအထိ ကြာတတ်ပြီး ချဉ်ပေါင်ရွက်ဝယ်ရင်လည်း အဲသလိုပဲ၊ မှုံ့ရွက်ဝယ်ရင်လည်း ရွေးတတ် ဈေးဆစ်တတ်သတဲ့။

"ဝက်သား အစိတ်သားချိန်ဟေ့"



"ဒီအသား ဖယ်ဦး၊ ဒီအရိုးပါတာ ဖယ်ပေးဦး"

"ချဉ်ပေါင်ရွက်က ဒီအစီးက ပိုးကိုက်ပါတယ်အေ့"

"ဒီ မှုံ့ညွန့်က ညှိုးနေတယ်"

အဲသလို အလွန်ဈေး (ကိုး)များတတ်ပြီး ပိုက်ဆံတောင်းရင်လည်း ဈေးဆစ်နေတာနဲ့ ဈေးသည်တွေ စိတ်ညစ်အောင် လုပ်တတ်သတဲ့။ အဲဒါကြောင့် ဈေးသည်တွေက ပြောကြသတဲ့။

"အင်း… ဝက်သားအစိတ်သား ဝယ်လို့သာပေါ့။ ပြောလိုက်ရတာ ဖတ်ဖတ်ကို မောလို့"

"ဟုတ်ပ၊ အမဲသား အစိတ်သား ဝယ်လို့သာပေါ့။ ပြောလိုက်ရတာ လေဖြတ်မတတ်ဘဲ"

"ကျုပ်တော့ မနှင်းအိဆိုရင် မရောင်းချင်ဘူး"

"ကျုပ်လည်း ကြောက်သွားပြီ"

"ဘယ့်နှယ့်တော် မကြားဘူးပေါင်…"

အဲဒီအထိ မနှင်းအိက သတင်းကြီးခဲ့သတဲ့။ တစ်ရက်တော့ မနှင်းအိ သိပ်ပြီး နေမကောင်းလို့ ဈေးဝယ်မထွက်နိုင်ဘူး။ အဲဒါနဲ့ အိမ်ခေါင်းရင်းက မခင်ဝင်းဆိုတဲ့သူ ဈေးဝယ်သွားမှာ ဖြစ်သတဲ့။ မခင်ဝင်း ဈေးဝယ်သွားမှာကို သိတဲ့ မနှင်းအိက မှာသတဲ့။

"ဟဲ့… ခင်ဝင်းရေ"

"တော်… ဘာလဲ မနှင်းအိ"

"ချဉ်ပေါင်ရွက် ဝယ်ခဲ့စမ်းပါအေ"

"ဟုတ်-ဟုတ်"

"အပြန်ကျမှ ပိုက်ဆံရှင်းမယ်ဟေ့"

"ရပါတယ်"

အဲသလိုနဲ့ မခင်ဝင်း ဈေးသွားပြီး မကြာပါဘူး။ မခင်ဝင်း ပြန်လာသတဲ့။

"မနှင်းအိရေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟေး… ချဉ်ပေါင်ရွက်ပါရဲ့လား"

"ပါတယ်… ဒီမှာ"

အဲသလိုပြောတော့ မခင်ဝင်းက ချဉ်ပေါင်ရွက်နှစ်စီး ယူလာပြီး…

"မနှင်းအိ ကြိုက်တာယူ၊ နှစ်စီးမှ တစ်မတ်ပဲ ပေးရတာ"

"ဟင်… ဒါဖြင့် တစ်မတ်ဆိုတော့ ခွဲရမှာ ခဲယဉ်းနေပြီ"လို့ ပြောရင်း နောက်ဆက်တွဲ ပြောလိုက်တဲ့စကားကြောင့် ဘေးအိမ်က မိန်းမတွေ ပြုံးမိကြသလို မခင်ဝင်းလည်း ဟန်မဆောင်နိုင်ဘဲ ရယ်မိသတဲ့။

မနှင်းအိစကားက…

"ညည်းက ဆယ်ပြားမောက်မောက်၊ ငါက ဆယ်ပြားမောက်မောက်ပေါ့အေ"

အဲဒီအဖြစ်၊ အဲဒီစကားက အဲဒီရွာမှာ ရာဇဝင်တွင်သွားတော့သတဲ့။ မနှင်းအိကိုလည်း နာမည်လှလှ ပေးကြသတဲ့။ အဲဒီနာမည်က…

"ဆယ်ပြားမောက်မောက် မနှင်းအိတဲ့လေ"

BURMESE CLASSIC .com

# ဖုန်းဆက်တဲ့အဖေ

တစ်ခါက ရွာတစ်ရွာမှ တောင်သူလည်းလုပ်၊ နွားအုပ်လည်းထောင်ပြီး နွားကျောင်းနေရသည့် ဖခင်တစ်ဦးရှိသည်။ ထိုဖခင်ဖြစ်သူသည် လယ်ယာအချို့နှင့် နွားအချို့ကို ရောင်းချ၍ ဆယ်တန်းအောင်သည့်သားအား နိုင်ငံခြားသို့ လွှတ်လိုက်သည်။

တစ်နှစ်အကြာ သားဖြစ်သူထံမှ ဖုန်းခေါ်သည်ဆို၍ ဖုန်းအိမ်မှ လူတစ်ဦးက ခေါ်သည်။

"ဦးလေး၊ ခင်ဗျားသားဆီက ဖုန်းလာတယ်"

"အေး"

ထို့နောက် ထိုလူသည် ဖုန်းရှိရာအိမ်သို့ ရောက်လာသည်။ မကြာပါ။ ဖုန်းဝင်လာသည်။ ဖုန်းပိုင်ရှင်က…

"သြော်… အေးအေး မင့်အဖေရောက်ပြီ၊ ကိုင်ထားနော်၊ ရော့-ဦးလေးဖုန်း"

အဲသလိုပြောပြီး ဖုန်းကို ပေးလိုက်သတဲ့။ သားဖြစ်သူက ပြောသည်။

"ဟယ်လို… အဖေလား"

ဖခင်ဖြစ်သူက…

www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ… ဘာလိုပြန်ပြီလဲ ဟောကောင်၊ မင့်ပေးလိုက်ရလို့ ယာတွေနဲ့နွားတွေ ကုန်တော့မယ်လေ"

"ဟာ… အဖေက ဟယ်လိုဆိုတာ နှုတ်ဆက်တာ"

"ဟုတ်လား၊ မသိဘူးလေကွာ"

"အဖေ နေကောင်းလား၊ အမေရော နေကောင်းလား"

"အေး… ကောင်းတယ်"

အဲသလိုနဲ့ အဲဒီလူက ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြားအော်ပြီးတော့ ပြန်ပြောသည်။

"ဟောကောင်၊ အေး… အင်း… ဟောကောင် ကြူး-ကြူး… ကြားရဲ့လားကွ၊ ဝေး…ဟေး…ကြူး…ဟောကောင်…"

ထိုသို့ ကြူးတွေထိုး တဝေးဝေး တဟေးဟေး လုပ်နေသည့်အတွက် သားဖြစ်သူက ပြန်ပြောလိုက်သည်။

"အဖေ ဒါ ဖုန်းပြောနေတာ၊ လယ်ထွန်နေတာ၊ နွားကျောင်းနေတာ မဟုတ်ဘူး အဖေရ"

"ဘာကွ…"

ထိုအသံသည် စောစောကအသံထက် ကျယ်ပြီး ဖုန်းကြိုးပင် ပြတ်သွားသည်ဟု ထင်ရလေသည်။

BURMESE CLASSIC .com

## ချစ်လိုက်ကြစို့ကွယ် နမရယ်

တစ်ခါက အထက်အညာအရပ်မှာ ရွာတစ်ရွာ ရှိသတဲ့။ အဲဒီရွာမှာ ကိုဘအောင်ဆိုတဲ့လူရှိပြီး ကိုဘအောင်ဟာ အသက်(၄၀)ကျော်ရှိပဲရှိတဲ့လူ ဖြစ်သတဲ့။ အဲဒီ ကိုဘအောင်ဟာ လူပျိုကြီးဖြစ်ပြီး အိမ်ထောင်ရေးစဉ်းစားခဲ့ပေမယ့် ကိုဘအောင်ဟာ အချစ်ရေးကံမှာ မကောင်းရှာဘူးတဲ့။ အဲဒီ ကိုဘအောင် ရည်မှန်းခဲ့တာ ရွာထဲက ကောင်မလေးပေါင်း တစ်ထောင်ကျော်ရှိပြီး အကြိမ်တစ်ထောင်လွဲခဲ့တဲ့သူ ဖြစ်သတဲ့။

"ဒီလောက်ရှိတာ… တော်ပြီကွာ၊ ဘယ်သူ့ကိုမှ မမှန်းတော့ဘူး၊ နောက်ဆုံး ကြက်ကန်းဆန်ဖန်း ဝင်တိုးမှတိုးတဲ့အလျောက်ပဲ။ အဝစားတော့မယ်"

အဲသလို လူပျိုတွေး တွေးနဲ့ပြီး အိမ်ထောင်ရေး မစဉ်းစားတော့ဘူးတဲ့။ ဟန်ပန်လုပ်ရင်းနဲ့ အောင့်အီးနေရတဲ့ ကိုဘအောင်ဟာ မိန်းမလိုချင်စိတ်ကို ကမ္ဘာ့အပြင်မှာထားပြီး စီးပွားရေးလုပ်ရင်း မိဘတွေကို လုပ်ကျွေးနေတဲ့သူ ဖြစ်သတဲ့။ ကိုဘအောင်ဟာ တစ်ဦးတည်းရှိတဲ့ သားဖြစ်လို့ မိဘတွေက သားဖြစ်သူကို အိမ်ထောင်ပြုစေချင်ကြသတဲ့။

"လူလေးရာ… အိမ်ထောင်ပြုတော့ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲကွယ်၊ အမေတို့ မျက်စိမမှိတ်ခင် ယူစေချင်တယ်ကွယ်"

အဲသလိုပြောတော့ ကိုဘအောင်က…

"ဟာဗျာ… ကျုပ်က ယူချင်တိုင်းယူလို့ ရတာမဟုတ်ဘူးဗျ။ သူတို့ကကြိုက်မှ ယူလို့ရမှာ"

အဲသလို အိမ်ထောင်ရေး မစဉ်းစား၊ စီးပွားရေးဘက်လှည့်ခဲ့တဲ့ ကိုဘအောင်ဟာ တောင်သူလုပ်ရင်း ငွေတိုးပေးထားရင်းနဲ့ ရွှေပေါင်ငွေတိုး အလုပ်လုပ်နေသတဲ့။ ကိုဘအောင်ဟာ လူပျိုကြီးပီပီ ကပ်စေးနဲသူအဖြစ် နာမည်ကြီးခဲ့သတဲ့။

"ဟော… အဲဒီလူပျိုကြီးက စားမယ့်သောက်မယ့် လူမရှိဘဲနဲ့များ ဒီလောက်ကပ်စေးနဲရတယ်လို့ကွာ၊ မကြားဖူးဘူး"

"သေရာပါမှာကျနေတာပဲ"

"ဒါတောင် ကြိုက်မယ့်လူမရှိဘူး"

"အမလေး… ဒီလူ့သာယူတဲ့ မိန်းမကတော့ ဖင်ချီးကပ်ပြီး သေမှာပဲ"

အဲသလောက်အထိ နာမည်ကြီးခဲ့သတဲ့။

အဲသလိုနဲ့ အဲဒီရွာက ပြာသိုလ ဘုရားပွဲကျင်းပခဲ့ပြီး အရပ်ဇာတ်ကကြဖို့ တိုင်ပင်ကြသတဲ့။

"မောင်ဘအောင်"

"ဗျာ…"

"နှစ်ပါးသွားမှာ မင်းကမင်းသားအဖြစ် က,ပြပေးကွာ"

"ရတယ်လေ၊ ပိုက်ဆံမပေးရ ပြီးတာပဲ။ အကကတော့ သိကြတဲ့အတိုင်းပဲ၊ ရှေးမင်းသားတွေရှုံးမယ်။ သီချင်းဆိုတာကလည်း ရှေးမင်းသားတွေရှိရင် ကျုပ်ဆီ တပည့်ခံကြရမယ်လေ"

အဲသလိုနဲ့ အရပ်ဇာတ်ကဖို့ နှစ်ပါးသွားသီချင်းနဲ့ အကတိုက်သူတိုက်၊ သီချင်းဆိုမယ့်လူတွေက သီချင်းတိုက်သူတိုက်နဲ့ပေါ့။ မကြာပါဘူး။



အရပ်ဇာတ်ကမယ့်ည ရောက်ခဲ့သတဲ့။ အဲဒီအချိန် ညနေပိုင်းတုန်းက ငွေဆင့်ဆိုတဲ့ ကောင်မလေးက ပိုက်ဆံအဆင်မပြေလို့ သူမရဲ့ ရွှေနားကွင်းလေး တစ်စုံကို ကိုဘအောင်ဆီ လာပေါင်သတဲ့။

"ကိုဘအောင်"

"ပြော… ဘာပေါင်ချင်သလဲ"

"ဒီ ကျုပ်နားကပ်လေး၊ ငါးထောင်တော့ပေး"

"မပေးနိုင်ဘူး၊ သုံးထောင်ပဲ ပေးနိုင်မယ်"

ငွေဆင့်ကပြောလည်း မရခဲ့ဘူးတဲ့။ ငွေဆင့်ဟာ ညနှစ်ပါးသွားကရာမှာ မင်းသမီးအဖြစ် ပါဝင်ရမယ့်သူ ဖြစ်သတဲ့။ အဲသလိုနဲ့ နှစ်ပါးသွား အကအလှည့်ရောက်တော့ မင်းသားကိုဘအောင်က မင်းသမီးတွေကို ပြောသတဲ့။

"အင်း… အပြင်မှာ ကျုပ်မိန်းမ မရှိပေမယ့် အခုအချိန်မှာတော့ ပေါလိုက်တဲ့မိန်းမတွေ အများကြီးပါပဲလား၊ အင်း… ချစ်လိုက်ကြဦးစို့ နှမလေးတွေရယ်။ ကဲ… ဩော်… ပထမဆုံးချစ်မှာက နှမလေးငွေဆင့်လားကွယ့်၊ ချစ်လိုက်ကြစို့ရဲ့"

ကိုဘအောင်က အဲသလိုပြောတော့ ငွေဆင့်က မကျေနပ်ချက်ရှိတဲ့အတွက် ပြန်ပြောလိုက်တဲ့စကားကြောင့် ပရိသတ်အားလုံး တဟားဟားနဲ့ ရယ်လိုက်ကြသတဲ့။

မင်းသမီးငွေဆင့် ခါးထောက်ပြီး ပြန်ပြောလိုက်တာက…

"ချစ်လိုက်ကြစို့ရဲ့ ဦးကပ်စေးကော်တာရာကြီးရယ်၊ ညီမရဲ့နားကပ် ပြန်ရွေးရင်သာ အတိုးလျှော့ယူပေးပါ မောင်ကြီးကပ်စေးနဲကြီး ဘုရား"

အဲဒီအဖြစ်၊ အဲဒီစကားက အဲဒီရွာမှာ ရာဇဝင်တွင်သွားပြီး ကိုဘအောင်လည်း နာမည်ကြီးသွားသတဲ့။

အတိုးသာလျှော့ယူပါ မောင်ကြီးဘုရားတဲ့။

www.burmeseclassic.com

www.burmeseclassic.com

## နင့်ယောက်ျားကတော့လေ

တစ်ခါက အထက်အညာအရပ်မှာ ရွာတစ်ရွာရှိတယ်။ အဲဒီရွာမှာ ဦးပေါ-ဒေါ်တင့်ဆိုတဲ့ လင်မယားရှိပြီး သူတို့မှ မမြင့်ဆိုတဲ့ အပျိုရွယ် သမီးတစ်ယောက် ရှိသတဲ့။ အဲဒီ ဦးပေါတို့မိသားစုမှာ တောင်သူတစ်ရှဉ်း လုပ်ရှိတဲ့ လယ်ယာမြေတွေရှိတဲ့သူတွေဖြစ်ပြီး စီးပွားရေးက သင့်တင့်တဲ့သူ တွေ ဖြစ်သတဲ့။

အဲသလိုနဲ့ တစ်ဦးတည်းရှိတဲ့သမီးနဲ့ တောင်သူလုပ်ရင်း ဦးပေါရော ဒေါ်တင့်ပါ စဉ်းစားကြသတဲ့။

"မယ်တင့်ရေ"

"ရှင် ကိုပေါ..."

"ငါတို့ စိတ်ချမ်းသာအောင် သမီးကိုနေရာချပေးရအောင်ဟေ့၊ အဲဒါမှ နင်ရောငါပါ စိတ်ချမ်းသာမှာ။ တောင်သူလုပ်ငန်းလည်း ခိုင်းချင် တယ်လေ။ ငါလည်း အသက်ကကြီးတော့ အပင်ပန်းမခံနိုင်တော့ဘူး ထင်ရဲ့"

"ကျုပ်နားလည်ပါတယ် ကိုပေါရယ်... ဒီကိစ္စအတွက် စိတ်ချပါ။ သင့်တင့်တဲ့သူ ရှာပြီး နားချပေးရတော့မှာပေါ့"



အဲသလိုနဲ့ ဒေါ်တင့်ဟာ ရွာထဲက စီးပွားရေးအသင့်အတင့်ရှိတဲ့ မောင်အေးဆိုတဲ့သူနဲ့ ပေးစားဖို့ ကြံခဲ့သတဲ့။

"သမီး... အမေကတော့ မောင်အေးနဲ့ သဘောတူတယ်ကွယ့်။ သမီးသဘောကရော..."

"အမေ့သဘောပါ။ အဖေတို့အမေတို့ စိတ်ချမ်းသာရင် ပြီးတာ ပါပဲ"

"အင်း... မောင်အေးက မဆိုးပါဘူး။ လုပ်ငန်းကိုင်ငန်းလည်း စိတ်ချရတယ်။ ရုပ်ရည်ရော စီးပွားရေးရော ဆိုတော့..."

"ကဲ ကဲ... အမေ့သဘော"

မမြင့်က မိဘတွေစီစဉ်တဲ့ အစီအစဉ်ကို လက်ခံလိုက်သတဲ့။ ဘာပြု လို့လည်းဆိုတော့ မောင်အေးက ရုပ်ရည်ကလည်း ချောတယ်။ တောင်သူ လုပ်ငန်းလည်း ကျွမ်းတယ်။ မမြင့်တို့ထက် စီးပွားရေးလည်း သာတယ်။ အဲဒါတွေကြောင့် မောင်အေးအပေါ်ကို မမြင့်က တစ်ဖက်သတ်ချစ်နေတာ ကိုး။ သဘောမတူဘဲ ရှိပါ့မလား။

အဲသလိုနဲ့ မမြင့်ကလည်း လက်ခံ၊ မောင်အေးကလည်း လက်ခံ ကြတဲ့အတွက် မောင်အေးရဲ့မိဘတွေက မမြင့်နဲ့ပေးစားကြဖို့ စီစဉ်ကြသတဲ့။ အဲသလိုနဲ့ ပဲတွေသိမ်းပြီးတဲ့နှစ်မှာပဲ ရက်ကောင်းရွေးပြီး မင်္ဂလာရက် သတ် မှတ်ကြသတဲ့။

"မတင့်ရေ... ကျုပ်တို့ကတော့ သားဖြစ်သူကို မင်္ဂလာဆောင်ပြီး ရင် ထည့်လိုက်မှာနော်"

"ရပါတယ်ရှင်၊ ကျုပ်တို့ကလည်း အိမ်မှာ ဒီသမီးရှိတာဆိုတော့ ခေါ်ကိုခေါ်ရမှာ၊ ခေါ်ချင်လို့လည်း စီစဉ်ခဲ့ရတာကိုး"

အဲသလိုနဲ့ မင်္ဂလာဆောင်ပြီး သားလေးယောက်ရှိတဲ့ မောင်အေးရဲ့ မိဘတွေက မမြင့်ဆီကို ထည့်လိုက်သတဲ့။ မောင်အေးလည်း မမြင့်ဆီကို လိုက်ခဲ့ရသတဲ့။ အဲဒီနောက်မှာတော့ မောင်အေးဟာ တောင်သူလုပ်ငန်းကို ဦးစီးပြီး လုပ်ကိုင်ရသတဲ့။ မောင်အေးခမျာ ဒီအိမ်မှာ ဒီတောင်သူလုပ်ရတာ

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲခဲ့တာပေါ့။ ယောက္ခမတွေက နိုင်းလိုက်၊ မိန်းမဖြစ်သူက နိုင်းလိုက်နဲ့ ရှိသတဲ့။

တစ်နေ့တော့ မောင်အေးဟာ ယောက္ခမဖြစ်သူ ဦးပေါနဲ့ အတွန်ထွက်ခဲ့သတဲ့။ အဲသလို အတွန်ထွက်ခဲ့ကြတော့ နားချိန်ရောက်တော့ နားကြတာပေါ့။ ထုံးစံအတိုင်း အဖန်ရည်၊ ထမင်းသုပ်၊ ထန်းလျက် စတဲ့အစားအစာတွေနဲ့ နားနေတဲ့အချိန်မှာ…

"ဘူ…ဘွတ်-ဘွတ်…"

ဦးပေါဟာ မထိန်းနိုင်ဘဲ လေလည်သွားခဲ့သတဲ့။ အဲသလို လေလည်သံနဲ့ လေလည်တဲ့အနံ့ကို မောင်အေး ကြားလည်းကြား၊ နှာခေါင်းကလည်း အတော်နံ့တော့ စိတ်မထိန်းနိုင်ဘဲ ဆဲလိုက်သတဲ့။

"တောက်… ဒီအနား အီးပေါက်ရတယ်လို့ အတော်အလိုက်ကန်ဆိုးမသိတဲ့လူပဲ။ ဒီနားအီးပေါက်တာ ဘယ်မအေပေးလည်း မသိဘူး"

အဲသလိုယောင်ပြီး ဆဲဆဲပြောပြော, ပြောလိုက်သတဲ့။ အဲသလိုပြောလိုက်တော့ ဦးပေါခမျာ ရှက်လည်းရှက်၊ သားမက်က ဆဲတာလည်းခံရတော့ ဒေါသလည်းဖြစ်ပြီး ပြန်ပြောလိုက်သတဲ့။

"ဟေ့ကောင်… ဒီနားမှာ ဘယ်သူရှိလဲကွ၊ မင်းနဲ့ငါပဲ ရှိတာ၊ အေး… မင်းမပေါက်ရင် ငါပေါက်မှာပေါ့။ ဘာဖြုလို့ ဆဲနေရတာလဲကွ"

အဲဒီအဖြစ်ကို သူတို့နှစ်ယောက် အိမ်ပြန်ရောက်ကြတော့ ဦးပေါက သမီးမမြင့်ကို ပြောသတဲ့။

"သမီးရာ… နင့်ယောကျ်ားက ငါအီးပေါက်တာကို ဘယ်မအေပေးက ပေါက်တာလဲဆိုပြီး ဆဲတယ်ဟ။ စဉ်းစားကြည့်လေ ဒီနှစ်ယောက်တည်းရှိတာ၊ သူမပေါက်ငါ၊ ပေါက်၊ ငါမပေါက် သူပေါက်ပေါ့ အဲဒါ…"

သမီးဖြစ်သူ မမြင့်ခမျာ ဖခင်ကိုကြည့်လိုက်၊ ယောကျ်ားဖြစ်သူကိုကြည့်လိုက်နဲ့ ကြားထဲကနေ ကျေအေးအောင်၊ စကားတစ်ခွန်းပြောလိုက်ရသတဲ့။ အဲဒီစကားက…

"ကဲ- ကျေနပ်ပါအဖေ၊ ကိုအေးကလည်း နောက်ဆိုရင် ဆင်ခြင်



ပြော၊ အခု အီးပေါက်ခဲ့တာ သမီးပေါက်တယ်လို့ သဘောထား"

အဲဒီအဖြစ်၊ အဲဒီစကားက အဲဒီရွာမှာ ရာဇဝင်တွင်သွားပြီး မောင်အေးကို ရယ်စရာ ပြောကြသတဲ့။

ဘယ်မအေပေးက ပေါက်တာလဲဟေ့…တဲ့။

မမြင့်ကိုလည်း သူ့အပေါင်းအသင်း မိန်းကလေးတွေက ပြောကြသေးသတဲ့။

"ကျုပ် ပေါက်တယ်လို့ သဘောထား"တဲ့။

မှတ်ကရော…။

www.burmeseclassic.com

www.burmeseclassic.com

## အပျိုကြီး ဆီးပေါက်သလို

တစ်ခါက အထက်အညာအရပ်က ရွာတစ်ရွာမှာ ကိုကျော်တင့်-မခင်မြင့်ဆိုတဲ့ လင်မယားရှိပြီး သူတို့မှာ မဝင်းမာဆိုတဲ့ သမီးတစ်ယောက်ရှိသတဲ့။ အဲဒီမိသားစုဟာ သူတို့ရွာမှာတော့ စီးပွားရေးက အသင့်အတင့်ထဲရှိတဲ့အဆင့် ဖြစ်ပေမယ့် ဝင်းမာဆိုတဲ့ကောင်မလေးက မာနကြီးချင်တယ်။ ပြီးတော့ အလုပ်သမားတွေအပေါ် စေတနာနည်းတဲ့သူလည်း ဖြစ်တယ်။ သမီးဖြစ်သူ ဝင်းမာ အဲသလိုစိတ်ထားတွေရှိသလို ကိုကျော်တင့်တို့၊ မခင်မြင့်တို့ကလည်း ခပ်ထန်ထန်ဖြစ်ပြီး အလုပ်သမားတွေအပေါ် စေတနာခပ်နည်းနည်း ဖြစ်ပါသတဲ့။

အဲဒီမိသားစုဟာ အလုပ်သမားတွေကို အနိုင်းလည်းရက်စက်ကြတဲ့သူတွေ ဖြစ်သတဲ့။ တောအလုပ်တွေဖြစ်တဲ့ ပေါင်းပေါက်၊ နှမ်းရိတ်၊ ပဲသိမ်း၊ မြေပဲဆွတ်နဲ့ ရေသွင်း၊ မြေတူးလုပ်ငန်းတွေကို မနက်ကျီးမနိုးခင် တောထဲလွှတ်ပြီး နေစောင်းမှချည်း ပြန်လွှတ်တဲ့သူတွေ ဖြစ်သတဲ့။ အဲဒါကြောင့် သူတို့အခင်းဆိုရင် ရွာထဲကအလုပ်သမားတွေ ကြောက်နေကြတာတော့ အမှန်ပါပဲ။

"အမလေး··· ကိုကျော်တင့်တို့အခင်းက အနိုင်းရက်စက်တယ်ဟေ့"



"လူကိုလူလိုနိုင်းတာ မဟုတ်ဘူးဟေ့"

"ဘယ်ရက်ဖြစ်ဖြစ် နာရီပြန်တစ်ချက်ထိုး နှစ်ချက်အထိနိုင်းတာအေ့"

"ပြီးတော့ တောထဲနားရင်လည်း စားစရာက မျက်ချေးလောက်ပါတာ"

"အနိုင်းများပြီး အကျွေးနည်းတဲ့သူတွေကွ"

"စေတနာမရှိတာပါဗျာ"

ရွာထဲက အလုပ်သမားတွေက အဲသလို ပြောခဲ့ကြတယ်တဲ့။ ဒါပေမယ့် ကိုကျော်တင့်တို့ မိသားစုကတော့ သူတို့ထုံးစံအတိုင်း အလုပ်သမားတွေကို နိုင်းမြဲနိုင်း၊ နေစောင်းမှပြန်မြဲပြန်ပြီး ကျွေးတာမွေးတာလည်း အရပ်ထဲကပြောသလို မဝရေစာပဲ ကျွေးနေခဲ့သတဲ့။

အဲဒီရွာက ထုံးစံရှိသတဲ့။ ဘာလဲဆိုရင် နှမ်းရိတ်၊ ငရုတ်ဆိုက်၊ ပဲသိမ်းအလုပ်ပဲဖြစ်ဖြစ် ဂျုံနုတ်၊ မြေပဲဆွတ်နဲ့ တောအလုပ်နဲ့ပတ်သက်တဲ့လုပ်ငန်းမှန်သမျှကို နိုင်းပြီဆိုရင် မနက်ကိုးနာရီခွဲ၊ ဆယ်နာရီလောက်မှာ နားကြရတယ်။ အဲသလို နားကြရပြီဆိုရင် ထမင်းသုပ်ပါတယ်။ ထန်းလျက်၊ လက်ဖက်သုပ်ပါတယ်။ အလုပ်သမားတွေကို ဝဝလင်လင်နဲ့ အလုပ်လုပ်နိုင်အောင် ကျွေးကြရသတဲ့။ အဲဒါမှ နေမြင့်အောင်နိုင်းရင် ထမင်းမဆာမှာကိုး။

ဒါပေမယ့် ကိုကျော်တင့်တို့ မိသားစုကတော့ နေမြင့်အောင်လည်း နိုင်းချင်တယ်။ မနက်အစောကြီးလည်း လွှတ်ချင်တယ်။ ဒါပေမယ့် နေ့ခင်းနားရင် စားစရာကတော့ အနည်းအကျဉ်းပဲ ယူတတ်သတဲ့။

တစ်ရက်တော့ ဝင်းမာဟာ နှမ်းရိတ်ဖို့ ရွာထဲက အလုပ်သမားလေးငါးဆယ်ဦးကို ခေါ်လိုက်သတဲ့။

"ကိုကျက်တော၊ ကိုကျင်မောင်၊ မအေးမိတို့ရေ မနက်ဖြန် ကျုပ်အခင်း နှမ်းရိတ်လိုက်ခဲ့ပါဦး။ ဆယ်ဦးလောက် ခေါ်ပေးစမ်း"

အဲသလိုခေါ်တော့ အဲဒီရက်က ကိုကျက်တောတို့ အလုပ်သမား

www.burmeseclassic.com

www.burmeseclassic.com



တွေဟာ အားတဲ့ရက်ဖြစ်လို့ ဝင်းမာတို့အခင်း နှမ်းရိတ်ဖို့ ဆယ်ဦးအဖွဲ့ လိုက်ခဲ့ကြသတဲ့။

''ရမယ် ဝင်းမာရေ… ဆယ်ဦးနော်''

''ဟုတ်ကဲ့၊ မနက်စောစော သွားရမယ်နော်''

''ညဦးပိုင်းကတည်းက အခင်းသွားပြီး အိပ်ရမလား''

ကိုကျက်တောက အဲသလိုရယ်စရာပြောလိုက်သေးသတဲ့။ အဲသလိုနဲ့ ထုံးစံအတိုင်းပါပဲ။ ဝင်းမာဟာ ကျီးတောင်မနိုးသေးဘူး။ ကိုကျက်တော အဖွဲ့ကို လာနှိုးသတဲ့။

''ကိုကျက်တောရေ… တောသွားကြရအောင်''

''အင်း… အစောကြီးက နှိုးမယ်ဆိုတာသိလို့ အားလုံးပြင်ဆင်ပြီးသားဟေ့''

အဲသလိုနဲ့ နှမ်းရိတ်ထွက်ခဲ့ကြသတဲ့။ အဲသလိုနဲ့ တောရောက်တော့ နှမ်းရိတ်ခဲ့ကြတယ်။ နှမ်းရိတ်ရင်းနဲ့ နေမြင့်လာတော့တာပေါ့။ နားချိန်ရောက်တော့ အခြားအခင်းတွေဟာ နားကြပြီး ထမင်းသုပ်စားကြ၊ လက်ဖက်သုပ်စားကြ၊ ထန်းလျက်စားကြပေါ့။ ဒါပေမယ့် ဝင်းမာက ကိုကျက်တောတို့ အဖွဲ့ကို အနားမပေးသေးဘူးတဲ့။ အဲဒီတော့ ကိုကျက်တောက…

''ဝါး… ဟား ဟား… နေက အတော်တောင်စောင်းနေပြီ။ နားနား… ဟော်- နားက နားရွက်ကို ခေါ်တာကိုး''

အဲသလို ရယ်စရာပြောမှ ဘေးအခင်းတွေ နားအပြီး လုပ်ငန်းပြန်ဝင်တဲ့အချိန်ရောက်မှ ဝင်းမာက နားဖို့ ပြောကြသတဲ့။

''ကိုကျက်တော နားကြရအောင်''

''နားသင့်တာ ကြာလှပြီ ဝင်းမာရဲ့''

''အဟင်း မသိဘူးလေ၊ ဝင်းမာကနေမှ မော့မကြည့်မိတာကိုး''

''ဝင်းမာက အလုပ်လုပ်ရင် ဘယ်တုန်းက မော့ကြည့်ဘူးလို့လဲ''

အဲသလိုပြောအပြီး အရိပ်တစ်ခုမှာ နားကြသတဲ့။ အဲသလို နားကြတော့ ဝင်းမာက ဇလုံကြီးထဲက ထမင်းတွေကိုနယ်ပြီး ဖွန်းတစ်ချောင်းစီနဲ့



စားကြသတဲ့။ လက်ဖက်ခွက်ကိုလည်း ဘေးမှာ ချထားသတဲ့။ အဲသလို ထမင်းသုပ်ကို စားလိုက်ကြတာ လေးငါးဖွန်းစီစားတော့ ထမင်းက ကုန်သွားသတဲ့။

''ဝကြရဲ့လား''

ဝင်းမာက မေးတော့…

''နင့်အမေကလွှားမှပဲ၊ လူဆယ်ယောက်ကြီးပါတာ တစ်စလယ်ချက်နဲ့လောက်မလား ဝင်းမာရဲ့။ သွား… ဟိုဘက်က အေးရင်တို့ အခင်းသွားပြီး ထမင်းချေးချေ၊ ငါတို့ မဝဘူး။ နင်က အစောကြီးခေါ်တော့ ထမင်းမစားခဲ့ကြရဘူး။ အေး… ထမင်းချေးမရရင် ငါတို့အဖွဲ့ ပြန်မယ်''

''ပြန်တော့ မပြန်ကြပါနဲ့၊ ကျုပ် မအေးရင်တို့ဆီ သွားချေးပါ့မယ်''

အဲသလိုနဲ့ ဝင်းမာဟာ မအေးရင်တို့ နှမ်းရိတ်တဲ့ဆီသွားပြီးချေးတာ နည်းနည်းပဲ ရသတဲ့။ တစ်ယောက်တစ်ဖွန်းစီစားတော့ ကုန်သွားပြန်ရော။ အဲဒါ နောက်တစ်ခင်းသွားပြီး ထမင်းချေးပြန်ရော၊ ကုန်ပြန်ရော။ အဲသလိုနဲ့ သုံးလေးခင်းကူးပြီး ထမင်းချေးတဲ့ ဝင်းမာပြန်အလာမှာ ကိုကျက်တော ပြောလိုက်တဲ့စကားကြောင့် အားလုံးပြုံးသွားကြရသတဲ့။

ကိုကျက်တော စကားက…

''ဟော်… ဒီလောက်လူတွေများတာကိုတောင် နင်က စေတနာနည်းတော့ နည်းနည်းပဲ ထည့်လာတာကိုး။ အခုတော့ နင်တို့ အခင်းလိုက်ပြီး နားကြလို့ ထမင်းသုပ်စားရတာကလည်း အပျိုကြီးဆီးပေါက်သလိုပဲ ဝင်းမာရဲ၊ ပြတ်တောင်းပြတ်တောင်းနဲ့။ ဟုတ်တယ်နော် အပျိုကြီးမြကျင်''

အလုပ်သမားထဲက အပျိုကြီးမြကျင်ကို ကိုကျက်တောက ကြည့်ရင်း ပြောလိုက်တော့ မြကျင်ခမျာ ခေါင်းညိတ်ပြလိုက်ရသတဲ့။

အဲဒီအဖြစ်၊ အဲဒီစကားက အဲဒီရွာမှာ ရာဇဝင်တွင်သွားပြီး ဝင်းမာကို ရွာထဲက အလုပ်သမားတွေ နာမည်ပေးကြသတဲ့။

အဲဒီအမည်က…

''အပျိုကြီးဆီးပေါက်တဲ့အတိုင်းပဲ''တဲ့။

www.burmeseclassic.com

www.burmeseclassic.com

## ဘာအသံလဲဟ

တစ်ခါက အထက်အညာအရပ်မှာ ရွာတစ်ရွာ ရှိသတဲ့။ အဲဒီရွာမှာ နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလထဲမှာကျင်းပတဲ့ ဘုရားပွဲတစ်ပွဲရှိသတဲ့။ အဲဒီဘုရားပွဲရက်ရောက်ရင် အရပ်ဇာတ်ကပြကြပြီး ဘုရားပွဲရက် မရောက်ခင်ကတည်းက အရပ်ဇာတ်ကကြဖို့ ဇာတ်တိုက်ကြသလို၊ သီချင်းဆိုဖို့ သီချင်းတိုက်ကြ၊ နှစ်ပါးသွားကဖို့ အကတိုက်ကြ လုပ်ခဲ့ကြသတဲ့။ ဘုရားပွဲရက်နေ့ညမှာ ဇာတ်ခုံဆောက်ပြီး အရပ်သူအရပ်သားတွေဟာ သီချင်းဆိုကြ၊ ပြဇာတ်ကကြ၊ နှစ်ပါးသွား ကပြကြသတဲ့။

''ဒီနှစ်လည်း အရပ်ဇာတ်ကပြကြမှာမို့ အစည်းအဝေးလုပ်ကြမယ်ဟေ့''

''လူငယ်လူလတ်တွေအားလုံး အစည်းအဝေးလာကြတဲ့ ဟေ့''

အဲဒါကြောင့် နောက်ရက်မှာ အစည်းအဝေးလုပ်ခဲ့ကြသတဲ့။ တစ်ရွာလုံးက အရပ်ဇာတ်မှာ ပါဝင်ကြတာကို အားပေးကြတဲ့ ရွာဖြစ်တော့ ရွာလုံးကျွတ်နီးပါး လာရောက်ညှိနှိုင်းကြသတဲ့။ အဲဒီအထဲမှာ လူငယ်လူလတ်တွေက အဓိကဖြစ်ပြီး သီချင်းဆိုကြဖို့အတွက် လူငယ်တွေစုစည်းပေးတဲ့ ကိုအေးကျော်၊ ပြဇာတ်ကဖို့ တာဝန်ယူတဲ့ မောင်တိုးနဲ့ နှစ်ပါးသွားကရာမှာ ဦးစီးဦးရွက်ပြုမယ့် မောင်အေးတို့က အဓိကထားပြီး ပြုလုပ်ကြတာဖြစ်သတဲ့။ သီချင်းဆိုဖို့ ဦးစီးသူကဦးစီး၊ ပြဇာတ်ကဖို့ ဦးစီးသူက ဦးစီးပြီး



နှစ်ပါးသွားကဖို့ ဦးစီးသူဦးစီးကြပြီး ဆွေးနွေးကြတာပေါ့။

''သီချင်းဆိုကြဖို့ ကျွန်တော့်တာဝန်ထား''

''ပြဇာတ်က ကျွန်တော့်တာဝန်ပေါ့ဗျာ။ မနှစ်ကအတိုင်းပဲ''

''နှစ်ပါးသွားကလည်း ထုံးစံအတိုင်း ကျွန်တော့်တာဝန်ပေါ့''

အဲသလိုနဲ့ သီချင်းသမား၊ ပြဇာတ်သမားနဲ့ နှစ်ပါးသွားသမားတွေဟာ သူ့တာဝန်နဲ့သူယူကြပြီး အစည်းအဝေးပြီးခဲ့သတဲ့။ ကိုအေးကျော်က သီချင်းဆိုမယ့် ကာလသား ကာလသမီးတွေကို စာရင်းကောက်သလို မောင်အေးကလည်း သူ့ခွင်ဖြစ်တဲ့ နှစ်ပါးသွားကကြဖို့ မင်းသားရှာ မင်းသမီးရှာရင်း ရှိသလို မောင်တိုးမှာလည်း သူ့ပြဇာတ်ခွင်မှာ ပါဝင်မယ့် မင်းသားမင်းသမီးရွေးရင်း ရှိတာပေါ့။

ပြဇာတ်တာဝန်ခံ မောင်တိုးရဲ့တာဝန်က ပြဇာတ်ရေးဖို့နဲ့ ဇာတ်ကောင်တွေရွေးဖို့၊ ပြဇာတ်တိုက်ပေးဖို့၊ အပြင်အဆင်ငှားဖို့၊ ရန်ပုံငွေရှာဖို့ တာဝန်ဖြစ်သတဲ့။ အဲဒီနောက်မှာ မောင်တိုးဟာ ပြဇာတ်ရေးခဲ့သတဲ့။ ပြဇာတ်က အကြမ်းအရမ်းအလွမ်း ဟာသအစုံအလင်ပါဝင်တဲ့ တော်လှန်ရေးဇာတ်လမ်းဖြစ်ပြီး ပြဇာတ်အမည်က (နွေဦးညရဲ့အလမ်းတေး)ဆိုတဲ့ ပြဇာတ်ကြီးပဲဖြစ်သတဲ့။

''ကိုတိုး''

''ဟေး''

''ပြဇာတ် ရေးပြီးပြီလားဗျ''

''ရေးပြီးပြီကွ။ ပြဇာတ်က တော်လှန်ရေးပြဇာတ်၊ အမည်က နွေဦးညရဲ့ အလွမ်းတေးဆိုတဲ့ ပြဇာတ်ပဲကွ။ အကြမ်း၊ အလွမ်း အားလုံးပါအောင် ရေးထားတယ်ဟေ့''

''လုပ်စမ်းပါဗျာ… လွမ်းရမယ်ဆိုရင်လည်း မျက်ရည်ကို ပေါက်ကနဲတောက်ကနဲ ကျယူရအောင်၊ ကြမ်းမယ်ဆိုရင်လည်း ဇာတ်ရုံပေါ်မှာ တစ်ယောက်မှ မကျန်အောင် သေပစ်လိုက်၊ ရယ်ရမယ်ဆိုရင်လည်း အူတွေ၊ အစာအိမ်တွေထဲ သွားပစေ''

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချကွာ"

အဲသလို ပြဇာတ်ရေးအပြီး လူငယ်တွေက လာမေးသတဲ့။ အဲသလိုနဲ့ သီချင်းသမားက သီချင်းဆိုမယ့်လူ စာရင်းကောက်၊ ရန်ပုံငွေရှာ။ နှစ်ပါးသွား တာဝန်ယူထားသူကလည်း နှစ်ပါးသွားအကနဲ့ သီချင်းဆိုကြဖို့ အကအဆိုတိုက်ရင်း ပြဇာတ်သမားကလည်း ပြဇာတ်ရေးအပြီး မင်းသားရှာ၊ မင်းသမီးရှာရင်းနဲ့ ပြဇာတ်တိုက်ကြသတဲ့။

အဲသလို ပြဇာတ်တိုက်ရင်းနဲ့ မောင်တိုးက…

"မင်းသားက တော်လှန်ရေးသမား၊ မင်းသားအဖြစ် မနစ်က သရုပ်ဆောင်တဲ့ မြင့်ကျော်က ပါရမယ်။ မင်းသမီးက ခင်ခင်ဝင်းက ပါရမယ်။ ခင်ခင်ဝင်းက သူကြီးသမီး၊ မြင့်ကျော်ရဲ့ချစ်သူ။ တိုက်ပွဲတစ်ခုမှာ မြင့်ကျော် တိုက်ပွဲကျမယ်။ မခင်ခင်ဝင်း လွမ်းမယ်။ အဲဒီအချိန် နွေသရုပ်ပီအောင် သစ်ရွက်ကလေးတွေ ကြွေမယ်။ ပြီးတော့ နွေဥသြငှက်တွန်သံ ထည့်ပြရမယ်။ အဲဒီတော့ မောင်ကြိုင်"

"ဗျာ…"

"မင်းက ကားလိပ်ဆွဲရမယ့်လူ၊ ဒီတော့ ဥသြတွန်သံကို မင်းက အသံတုလုပ်ပေးရမယ်"

"ဟုတ်ကဲ့"

"ဒီလိုလေကွာ၊ မင်းသားရဲ့ဇာတ်လမ်းကိုဖတ်ပြီး ခင်ခင်ဝင်းငိုနေဆဲမှာ ဥသြ-ဥသြ-ဥသြ ဆိုပြီး အကြိမ်နှစ်ဆယ်လောက် လုပ်ပေးရမယ်။ ကဲ-ဥသြ အသံလုပ်ပြစမ်း"

"ဟ… လွယ်လွန်းလို့၊ နားထောင် ဥသြ-ဥသြ-ဥသြ…"

မောင်ကြိုင်က ဥသြအသံကို အကြိမ်နှစ်ဆယ်မက လုပ်ပြလိုက်သတဲ့။ အဲဒါနဲ့ အဆင်ပြေသွားပြီး ပြဇာတ်ကမယ့် ဘုရားပွဲရက်ရောက်ခဲ့တော့ ညပိုင်းမှာ အရပ်ဇာတ် ကပြကြသတဲ့။ အဲသလိုကကြတော့ သီချင်းကထွာ၊ ပြီးတော့ ပြဇာတ်ကြီးကထွာကို ရောက်ခဲ့သတဲ့။

"မင်္ဂလာပါခင်ဗျာ…ဒီကနေ့ည စာရေးဆရာ အညာသား မောင်



တိုး ရေးသားပြီး မောင်တိုးဒါရိုက်တာအဖြစ် ညွှန်ကြားထားတဲ့ ပြဇာတ်အသစ်ကြီးနဲ့ တင်ဆက်တော့မှာ ဖြစ်ပါတယ်။ အခု တင်ဆက်မယ့်ပြဇာတ်မှာ အကြမ်း၊ အရမ်း၊ အလွမ်းတွေအစုံ ပါဝင်ထားတာမို့ ရှေ့ပွဲလာအားလုံး မျက်ရည်ကျယူရအောင် လွမ်းရမှာ ဖြစ်ပါတယ်။ ပြဇာတ်အမည်က နွေဥသြရဲ့ အလွမ်းတေးဆိုတဲ့ ပြဇာတ်ဖြစ်ပါတယ်။ ဒီပြဇာတ်ဟာ တော်လှန်ရေးပြဇာတ်ကောင်း တစ်ပုဒ်ဖြစ်တဲ့အတွက် အလွမ်းမျက်ရည်များနှင့် ရှုစားကြပါစို့လား ရှေ့ပွဲလာ…"

အဲသလို မောင်တိုးက သူကိုယ်တိုင် ကြေညာလိုက်သတဲ့။ အဲသလို ကြေညာအပြီးမှာတော့ ပြဇာတ်ထွက်ခဲ့သတဲ့။ အဲသလို ပြဇာတ်ထွက်ခဲ့တာ နောက်ဆုံးအခန်းဖြစ်တဲ့ မင်းသားဟာ တိုက်ပွဲတစ်ပွဲမှာ ဒဏ်ရာရခဲ့ပြီး ချစ်သူမိန်းကလေးနဲ့ တွေ့ခဲ့တဲ့နေရာအရောက်မှာ မိန်းကလေးနဲ့တွေ့တဲ့ အခန်းဟာ နောက်ဆုံးအသက်ဝင်ဆုံးအခန်း၊ လွမ်းစရာငိုစရာ အကောင်းဆုံး အခန်းကို ရောက်လာတာပေါ့။

မင်းသားက…

"ချစ်-ချစ်ရတဲ့သူရယ်၊ ကိုယ်လေ ကိုယ်-ကိုယ်… တိုင်းပြည်အတွက် အသက်ပေးခဲ့ပြီ။ အဲ-အဲဒါ အချစ်ကို ကိုယ်မှာခဲ့ချင်တာက ဒီနေရာ ဒီနွေကာလမှာ ဟောဟိုသစ်ပင်ထက်က တွန်သံကြူးနေတဲ့ နွေဥသြငှက်ကလေးရဲ့ နွေတေးသံကို သစ္စာပြုချင်တာက တိုင်းပြည်ကိုလည်း ချစ်၊ လူမျိုးကိုလည်း ချစ်၊ ပြီးတော့ ပြီးတော့ ဟောဒီ ချစ်ရတဲ့သူကိုလည်း သိပ်ချစ်တယ်ဆိုတာ ပြော-ပြော-ပြော…"

အဲသလိုပြောအပြီး မင်းသားသေခဲ့တယ်။ မင်းသမီးက ငိုခဲ့တာပေါ့။ မင်းသမီးကလည်း သူကျက်ထားတဲ့စာအတိုင်း ပြောအပြီးမှာ အလွမ်းတေးနဲ့ အလွမ်းတီးလုံးနဲ့ တဖြည်းဖြည်းချင်း ပြည်ဖုံးကားချပေးရမှာကိုး။ အဲဒါ မင်းသမီးပြောနေဆဲမှာ သီချင်းဆိုပေးတဲ့အချိန်မှာ အပင်ထက်က မြည်မယ့် ဥသြသံထွက်လာရမှာ ဖြစ်သတဲ့။ မောင်တိုးက ကားလိပ်ဆွဲ မောင်ကြိုင့်ကို…

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မောင်ကြိုင်"

"ဗျာ..."

"ပြောတဲ့အတိုင်း မြည်တော့ဟေ့၊ မြည်သံပြုလို့ရပြီ"

အဲသလိုပြောအပြီး မောင်ကြိုင် မြည်လိုက်တဲ့အသံကြောင့် သေတဲ့မင်းသားရော၊ ငိုနေတဲ့မင်းသားရော၊ မောင်တိုးပါ မျက်လုံးပြူးသွားကြပြီး ပရိသတ်ကတော့ တဟားဟားနဲ့ ဖြစ်ကုန်ကြသတဲ့။

မောင်ကြိုင် မြည်လိုက်တဲ့အသံက...

"ကု ကူ ကူး...ကု ကူ ကူး...ကု ကူ ကူး...ကု ကူ ကူး"

ဥဩသံပြုရမှာကို ချိုးကူသံပြုခဲ့တဲ့အတွက် ဒါရိုက်တာကြီး မောင်တိုးခမျာ မောင်ကြိုင့်ကို ဖိနပ်နဲ့ ချွတ်ပေါက်လိုက်ပါသတဲ့။

အဲဒီအဖြစ်၊ အဲဒီမြည်သံက အဲဒီရွာမှာ နာမည်ကြီးသွားပြီး ပြဇာတ်ဒါရိုက်တာ မောင်တိုးကိုလည်း အမည်ပေးကြသတဲ့။

အဲဒီအမည်က...

ရွှေချိုးဖြူမောင်တိုး တဲ့လေ။

# ယာတဲမှရွာထဲ ရေးလိုက်တဲ့စာ

တစ်ခါက အထက်အညာအရပ်မှာ ရွာတစ်ရွာရှိပြီး အဲဒီရွာမှာ ကိုမိုးသိန်း၊ မသိန်းမြိုင်ဆိုတဲ့ လင်မယားရှိပြီး အဲဒီလင်မယားမှာ အပျိုအရွယ် သမီးဖြစ်တဲ့ မအေးမွန်ဆိုတဲ့ မိန်းကလေးတစ်ဦး ရှိသတဲ့။ အဲဒီ ကိုမိုးသိန်း၊ မသိန်းမြိုင်တို့ မိသားစုမှာ တောင်သူတစ်ရှည်းလုပ်ရှိတဲ့ လယ်ယာမြေတွေရှိပြီး သားယောက်ျားလေး မပါတော့ လူငှားပြီး ထွန်ရတာမျိုး၊ ထယ်ထိုးရတာမျိုးနဲ့ ပျိုးကြဲ မျိုးကြဲအလုပ်တွေကိုလည်း လူငှားပြီး လုပ်ခဲ့ရတဲ့သူတွေ ဖြစ်သတဲ့။

အဲဒီ ကိုမိုးသိန်းတို့ဟာ အလွန်စည်းကမ်းကြီးကြတဲ့သူတွေဖြစ်ပြီး သူတို့ပစ္စည်း ဆုံးရှုံးသွားမှာကို အလွန် စိုးရိမ်ကြသူတွေ ဖြစ်ကြသတဲ့။ ပြောရမယ်ဆိုရင် သွားလာရာကအစ၊ စားသောက်ရာမှာ စည်းကမ်းရှိသူတွေဖြစ်ပြီး အစစအရာရာ စည်းကမ်းကြီးသူ၊ နှမြောသူတွေ ဖြစ်သတဲ့။

တစ်ရက်မှာတော့ ကိုမိုးသိန်းဟာ ထယ်ထိုးဖို့ လူငှားလိုက်ရှာသတဲ့။

"မောင်တင့်ရေ"

"ဗျာ..."

"အားရင် မနက်ဖြန် ထယ်ထိုးလိုက်ခဲ့စမ်းပါကွာ"

www.burmeseclassic.com

www.burmeseclassic.com



''မအားဘူးဗျာ''

''မောင်ကျော်ရေ''

''ဗျိုး''

''မနက်ဖြန်ထယ်ထိုး လိုက်ခဲ့စမ်းပါကွာ''

''မအားဘူးဗျ''

အဲသလိုလိုက်ပြီး ငှားလိုက်တာ ဘယ်သူမှ မအားကြဘူးတဲ့။ အဲဒါနဲ့ နောက်ဆုံးမှာတော့ မောင်မြင့်ဆိုတဲ့ ကောင်လေးကို ခေါ်သတဲ့။

''မောင်မြင့်''

''ဗျာ...''

''မနက်ဖြန် မအားဘူးလား''

''ဘာလုပ်မလဲဆိုတာ ပြောပါ။ ကျွန်တော် အမြဲအားတယ်''

''ထယ်ထိုးချင်လို့ကွ''

''ဘယ်သူနဲ့ သွားရမှာလဲ''

''မင်းနဲ့ငါ နှစ်ယောက်တည်းပဲဟေ့''

''ရတယ်လေ''

အဲသလိုနဲ့ ကိုမိုးသိန်းဟာ မောင်မြင့်နဲ့အတူ ထယ်ထိုးထွက်ခဲ့သတဲ့။ နွားက နှစ်ရှဉ်း ထယ်က နှစ်လက်ဖြစ်ပြီး နှစ်ယောက်အပြိုင်ထိုးရမှာ ဖြစ်သတဲ့။ အဲသလိုနဲ့ယာတဲရောက်တော့ ကိုမိုးသိန်းက တစ်ရှဉ်း၊ မောင်မြင့်က တစ်ရှဉ်း၊ နှစ်ရှဉ်းအပြိုင် ထိုးကြသတဲ့။

တကယ်တော့ ကိုမိုးသိန်းဟာ လူမရလို့ မောင်မြင့်ကို ခေါ်လာရပေမယ့် မောင်မြင့်ကို သိပ်ပြီး မကြိုက်ဘူးတဲ့။ မောင်မြင့်က နမော်နမဲ့ လုပ်တတ်တယ်။ ခပ်ပျင်းပျင်းအကောင်ဆိုတာ သိတယ်။ စည်းကမ်းမရှိတဲ့ အကောင်ဖြစ်သလို ကိုမိုးသိန်းရဲ့သမီး အေးမွန်ကို လိုချင်နေတဲ့အကောင် လည်း ဖြစ်သတဲ့။ သမီးဖြစ်သူကို လိုချင်နေတာ ကိုမိုးသိန်းတို့ သိသကဲ့။ ဒါပေမယ့် မသိဟန်ပြုနေရသတဲ့။

မကြာပါဘူး။ အဲသလိုထယ်ထိုးရင်းနဲ့ မောင်မြင့်မောင်းတဲ့ နွား



တစ်ရှဉ်းဟာ ကန်သင်းဘောင်မှာ အထိုး၊ ထယ်ဟာ ဖျတ်ကနဲ ကျိုးသွားသတဲ့။

''ဟာ... ထယ်ကျိုးသွားပြီ၊ ဒုက္ခပဲ''

အဲဒါနဲ့ မောင်မြင့်က ကိုမိုးသိန်းကို ပြောသတဲ့။

''ဦးလေးမိုး''

''ဘာလဲကွ''

''ထယ်ကျိုးသွားပြီဗျ''

''ဟင်...''

အဲဒါနဲ့ ကိုမိုးသိန်းက သူ့ထယ်ကျိုးသွားတာကိုသိတော့ နှမြောပြီး ပြောသတဲ့။

''ကဲ- မင့်လှည်းတပ်ပြီး ရွာကိုပြန်တော့ ဒီစာကို အိမ်က မသိန်း မြိုင်ဆီပေးလိုက်''

အဲသလိုပြောအပြီး ကိုမိုးသိန်းက အသင့်ပါပဲ။ ခဲတံနဲ့စာရွက်လေး ပေါ်ရေးပြီး စာပေးလိုက်သတဲ့။ မောင်မြင့်ခမျာ ထယ်ကျိုးကို လှည်းပေါ် တင်ပြီး လှည်းနဲ့ရွာဆီ ပြန်ခဲ့သတဲ့။ အိမ်ရောက်တော့ မောင်မြင့်က အကျိုး အကြောင်း ပြောလိုက်သတဲ့။

''ကျုပ်ထိုးတဲ့ထယ် ကျိုးလို့ဗျ။ အဲဒါ ဦးလေးမိုးက စာပေးလိုက် တယ်။ ရော့''

''ပေး... ဘာတွေရေးထားပါလိမ့်''

အဲသလိုနဲ့ ယာတဲက ရေးပေးလိုက်တဲ့စာကို မသိန်းမြိုင်က မောင် မြင့် ကြားအောင် ဖတ်လိုက်သတဲ့။ မောင်မြင့်ခမျာ မျက်နှာကြီးရှုံ့မဲ့သွား ပြီး ကြားရသူတွေအားလုံး တဟားဟား ရယ်မောမိကြသတဲ့။

စာမှာ ရေးထားတာက...

''မသိန်းမြိုင်... စိတ်ကောင်းကောင်းထား၊ မောင်မြင့် နမော်နမဲ့ လုပ်တောကြောင့် ထယ်ကျိုးသွား၊ နှမြောတာသိရက်နဲ့ တမင်ချိုးပစ်ဟု ငါ့အထင်ရှိထား။ ထမင်းမကျွေး ရေမတိုက်ဘဲ ဒီကောင် မောင်မြင့်ကို

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲတောင်အဝင်မခံနဲ့ အမြန်သွားစေပြီး လုပ်အားခလည်းမပေးနဲ့ ထယ်ကျိုးခ အလျော်တောင်းထား၊ ပြီးတော့ သမီးအေးမွန်ကို ကြိုတင်ပြောထား၊ ဒီကောင် မောင်မြင့်ကို မကြိုက်ဖို့ မသိန်းမြိုင် ကြိုပြောထား…''

အဲဒီအဖြစ် အဲဒီစာက အဲဒီရွာမှာ နာမည်ကြီးသွားပြီး မောင်မြင့်ကိုလည်း ရွာထဲက လူတွေက ပြောကြသတဲ့။ အဲဒါက…

''မှတ်ဟာ… ထယ်ကျိုးတာနဲ့ သမီးနဲ့ ဝေးအောင်ဖြစ်ရတဲ့ အကောင်တဲ့။ မှတ်ကရော…''

## ဒါတော့ ပိုသွားပြီကွာ

တစ်ခါက အထက်အညာအရပ်က ရွာတစ်ရွာမှာ စကားပြောရာတွင် လေကြီးကြီးပြောတဲ့ ညီအစ်ကိုနှစ်ဦး ရှိသတဲ့။ အဲဒီညီအစ်ကိုနှစ်ဦးဟာ သူတို့မူလဗီဇအတိုင်း ဘာစကားပဲပြောပြော၊ ဘာအကြောင်းအရာပဲဖြစ်ဖြစ် ရယ်စရာထည့်ပြီး ပြောတတ်သလို နည်းနည်းပိုပြီး ကြွားပြောတတ်ကြသတဲ့။ အဲဒီညီအစ်ကိုနှစ်ယောက်ဟာ ငယ်စဉ်ကတည်းက ညီအစ်ကိုအချင်းချင်း တည့်ကြသူတွေ မဟုတ်ဘူးတဲ့။ အဲဒီညီအစ်ကိုနှစ်ဦးရဲ့အမည်က မောင်ကြီးနဲ့မောင်ငယ်လို့ ခေါ်ကြသတဲ့။

အဲဒီ မောင်ကြီးရော မောင်ငယ်ရောဟာ စကားပြောတတ်တဲ့အရွယ်၊ ကျောင်းလိုက်တဲ့အရွယ်နဲ့ အိမ်ထောင်ကျတော့မယ့် လူပျိုကာလသားပေါက်ဖြစ်တဲ့အရွယ်အထိ အပြောက ကြီးမြကြီးခဲ့ကြတာ ဖြစ်သတဲ့။ ကျောင်းသားအရွယ် ကျောင်းလိုက်ကြပြန်တော့လည်း မောင်ကြီးတို့ ညီအစ်ကိုနှစ်ဦးပြောတာကို နားထောင်ပြီး ငေးယူကြရသလို၊ အရွယ်ရောက်လို့ ကျောင်းထွက်တဲ့အရွယ် ရောက်ပြန်တော့လည်း ရွာထဲကလူတွေခမျာ မောင်ကြီးတို့ ညီအစ်ကိုနှစ်ဦးပြောတာကို ငေးယူပြီး နားထောင်ကြရသတဲ့။

တကယ်တော့ အပြောက ကြီးကြသလို အပြောကကောင်းပြီး လေသံက ခပ်ပျော့ပျော့နဲ့ အလွန်နားထောင်ကောင်းတဲ့ အကြောင်းအရာတွေ

www.burmeseclassic.com

www.burmeseclassic.com



ထည့်ပြီး ပြောတတ်ကြတာကိုး။ အဲဒီတော့ သူတို့ညီအစ်ကို နှစ်ဦးထဲက ဘယ်သူပဲပြောပြော လေကြီးတယ်လို့ မထင်ကြဘူးပေါ့။ လေကြီးမှန်း သိပေမယ့် အပြောကောင်းသူအဖြစ်ပဲ သတ်မှတ်ပြီး နားထောင်ကြသတဲ့။

"အေး…အဲဒီညီအစ်ကို စကားပြောတာက လေကြီးပြီး ပြောတာတော့ ဟုတ်တယ်ကွ။ ဒါပေမယ့် လေကြီးမှန်းသိပေမယ့် အပြောကကောင်းတော့ နားထောင်လို့ ကောင်းတယ်ကွ"

"ဟုတ်တယ်ဗျ။ သူတို့ပြောတာက အေးအေးလေးနဲ့ ပြောတာဆိုတော့ နားထောင်လို့ အရသာရှိကြတယ်လေ။ အဲဒီတော့ လေကြီးမှန်း သိရက်နဲ့ နားထောင်ရတာ အရသာရှိပြန်ရော"

"ယုတ္တိရှိရှိဖြီး ဖျန်းပြောတာဆိုတော့ သိရက်နဲ့ ငြိမ်ခံနေကြရတာ ပဲဗျို့"

ရွာထဲကလူတွေ အဲသလို ပြောတတ်ကြသတဲ့။ ရွာထဲမှာ အလှူတွေ၊ မင်္ဂလာဆောင်တွေဆိုရင်လည်း သူတို့ညီအစ်ကိုနှစ်ဦးဆိုရင် လူတွေ အားလုံးက သူတို့ညီအစ်ကိုရှိတဲ့ နေရာစုပြီး လူမှုရေး၊ စီးပွားရေးနဲ့ ပညာရေး၊ နိုင်ငံရေး၊ သာရေးနာရေးတွေ ပြောကြပြီး ရယ်မောကြရတာ အမြဲပါပဲတဲ့။

တစ်ရက်တော့ အလှူပွဲတစ်ခု ရှိသတဲ့။ အဲဒီအလှူပွဲရက်မှာ မဏ္ဍပ်ဆောက်အပြီး မဏ္ဍပ်ဆောက်တဲ့သူတွေကို အလှူ့ရှင်က အဖန်ရည်တွေ၊ ပဲပြုတ်တွေ၊ လက်ဖက်သုပ်တွေနဲ့ ဧည့်ခံခဲ့သတဲ့။ အဲသလို ဧည့်ခံနေတဲ့ အချိန်မှာ မောင်ကြီးရောက်လာတယ်။ မောင်ငယ်က အရင်ရောက်နှင့်နေပြီး အဖန်ဝိုင်းတစ်ဝိုင်းမှာ စကားပြောနေတာကိုး။ အဲဒါ မောင်ကြီးရောက်လာပြီး ကမ္ဘာနဲ့ချီတဲ့ စက်မှုထွန်းကားပုံတွေ၊ လက်နက်ထွန်းကားပုံတွေပြောခဲ့သတဲ့။

"ဒီကနေ့ဖြစ်ပေါ်နေတဲ့ နိုင်ငံတွေကိုကြည့်၊ စစ်အေးကာလဖြစ်တယ်ကွ။ အဲဒီစစ်အေးကာလမှာ လက်ပစ်ဗုံးတွေ၊ ကျည်ဆန်တွေ၊ အစေးပစ်လက်နက်တွေ၊ အနုမြူတွေမသုံးဘဲနဲ့ လေနဲ့တိုက်နေကြတာလေ"

"သြော်… ဟုတ်လား"



"ဟင်… ဟုတ်လား"

"ဟုတ်တယ်။ အဲဒါကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးနဲ့ ရင်ပေါင်တန်းနိုင်အောင် ကျုပ်တို့နိုင်ငံမှာလည်း ခေတ်မီတဲ့လက်နက်တွေ လိုအပ်ပြီဗျ"

"ဟုတ်တာပေါ့"

"မှန်တာပေါ့"

"အခြားနိုင်ငံတွေကို ကြည့်၊ ဘယ်လောက်တိုးတက်ကြသလဲ။ လကမ္ဘာနဲ့ အခြားဂြိုဟ်တွေတောင် သွားနေကြပြီလေ"

"ဟုတ်တယ်"

"မှန်တယ်"

"ခေတ်မီဖွံ့ဖြိုးတဲ့ နိုင်ငံကြီးတွေဟာ လက်နက်အပြိုင်အဆိုင် တပ်ဆင်နေကြပြီဆိုတာ အားလုံးအသိ။ ဥပမာ-မြောက်ကိုရီးယားကိုကြည့်လေ၊ အနုမြူစမ်းသပ်နေပြီ။ အိန္ဒိယ၊ တရုတ်၊ အမေရိကန်၊ ဗြိတိန်၊ ရုရှား။ ပြီးတော့ နိုင်ငံအချို့ဟာ လက်နက်ပစ္စည်းတွေနဲ့ အနုမြူလက်နက်၊ ဒုံးကလီးယားလက်နက်တွေ တပ်ဆင်နေပြီ။ ပြောရမယ်ဆိုရင် ဟောဒီလက်ဖက်ရည်ပန်းကန်လုံးလောက် လက်နက်က၊ တော်ရုံတန်ရုံ မြို့လောက်ကို ပြာကျနိုင်ပြီ။ ကျုပ် ခေါင်းလောက်ရှိတဲ့ ဗုံးက တောင်တန်းကြီးတွေကို အရည်ပျော်ကြနိုင်တယ်ဗျာ။ အဲ-သလောက်အထိ တိုးတက်နေတာ။ ပြီးတော့…"

အဲဒီမောင်ကြီးက နိုင်ငံပေါင်းစုံကို သူကိုယ်တိုင်ရောက်ဖူးသလိုလို နိုင်ငံပေါင်းစုံက ထွက်တဲ့လက်နက်တွေကို သူကိုယ်တိုင် ပစ်ခတ်ဖူးသလိုလိုနဲ့ အကျယ်ချဲ့ပြီး ပြောနေသတဲ့။ လူတွေအားလုံးကတော့ ဟုတ်ကဲ့။ မှန်တာပေါ့။ ဟုတ်တာပေါ့နဲ့သာ ခေါင်းညိတ်ရင်း ရှိနေကြသတဲ့။ အဲဒီအချိန်မှာ မောင်ကြီးရဲ့စကားတွေ အသာနားထောင်နေတဲ့ မောင်ငယ်က မောင်ကြီးကို ပြောသတဲ့။

"ကိုမောင်ကြီး"

"ဟေး… ဘာလဲကွ"

"ခင်ဗျားက အခြားနိုင်ငံက တိုးတက်တာတွေ မပြောမနေနဲ့၊ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



တို့နိုင်ငံမှာလည်း တိုးတက်နေပြီဗျ''

''ဟင်… ဟုတ်လား၊ ပြောပါဦး''

''မသိသေးဘူးဆိုရင်တော့ ကိုမောင်ကြီး ခေတ်နောက်ကျနေပြီ။ တကယ်မသိသေးဘူးလား''

''ဟကောင်ရ… တကယ်မသိလို့ မသိဘူးပြောတာပေါ့ကွ''

အဲဒီတော့ မောင်ငယ်က…

''ဒီလိုဗျ၊ ကျုပ်တို့ နိုင်ငံတိုးတက်ပုံက''

''အင်း…''

''လုပ်ပါဦး''

''ပြောပါဦး''

''ကျုပ်တို့ နိုင်ငံမှာ သားသတ်ရုံပေါ်နေတယ်လေ''

ဒီတော့ မောင်ကြီးက…

''ဟေ့ကောင်… သားသတ်ရုံပေါ်တာ ကြာပြီကွ။ မင်းတို့ငါတို့ မမွေးခင်ကတည်းက ရှိခဲ့တာ။ ဒါ မထူးဆန်းဘူး၊ တိုးတက်ပါတယ်လို့ ပြောမရဘူး''

''နားထောင်ပါ ကိုမောင်ကြီးရာ၊ ကိုမောင်ကြီးပြောတဲ့ နိုင်ငံတွေ၊ လက်နက်တွေထက်သာလို့ ကျုပ် ပြောနေတာ''

''အင်း… ဆိုပါဦး''

''ဒီလိုဗျ၊ ကျုပ်တို့နိုင်ငံက သားသတ်ရုံတွေမှာ အပေါက်အဝင် အထွက်ရှိတယ်။ အလယ်မှာ စက်တွေရှိတယ်''

''ဝင်ပေါက် ထွက်ပေါက်ပေါ့''

''ဟုတ်တာပေါ့။ စက်ရုံတစ်ရုံမှာ ဝင်ပေါက်ကနေပြီး နွားတွေ တစ်ကောင်သွင်းလိုက်တယ်။ အဲသလိုသွင်းအပြီး နွားတစ်ကောင်မှာ ငါးမိနစ်ပဲ ကြာတယ်။ အဲ- ငါးမိနစ်ပြည့်ရင် တစ်ဖက်ထွက်ပေါက်မှာ အမဲဘူးတွေ ထွက်လာတယ်ဗျ''

''ဟ… ငါးမိနစ်အတွင်းမှာ''



''မှန်တာပေါ့။ အဲသလို ငါးမိနစ်ပြည့်လို့ အမဲဘူးတွေ ထွက်လာတဲ့ အခါမှာ အမဲဘူးတွေဖောက်ပြီး အရသာရှိမရှိ၊ အပေါ့အလေး ပုံမှန်ဟုတ် မဟုတ် မြည်းကြည့်တာပေါ့။ အဲ-အဲဒီနွားကရတဲ့ဘူးတွေ အလွန်ပေါ့နေရင်၊ ဒါမှမဟုတ် လေးနေရင် အရသာမရှိရင် အဲဒီထွက်ပေါက်ကရှိတဲ့ အမဲဘူး တွေကို ပြန်ပြီး သွင်းလိုက်ကြတယ်တဲ့။

''ဟင်''

''ဟာ…''

''အဲဒီတော့ အဲဒီအမဲဘူးတွေက ဘာဖြစ်သွားလဲ မောင်ငယ်ရ''

မောင်ကြီးက ပြန်မေးသတဲ့။ အဲဒီတော့ မောင်ငယ်က…

''ဘာဖြစ်ရမှာလဲ၊ သားသတ်ရုံဘက် အဝင်ပေါက်ကနေ နွားဟာ ဘွတ်အဲ့၊ ဝပ်ထလိန်းဆိုပြီး အသက်ရှင်ရက်နဲ့ ပြန်ထွက်လာတယ်ကွ။ အဲလောက်အထိ ကျုပ်တို့နိုင်ငံ တိုးတက်နေတာ၊ အဲသလို အမဲသားစက်ရုံ မျိုး ဘယ်နိုင်ငံမှ မပေါ်သေးဘူး''

''ဟင်… ဟယ်''

''ဟောဗျာ''

''အံ့သြစရာကောင်းလိုက်တာ''

ရွာကလူတွေ အဲသလိုပြောတဲ့အချိန် မောင်ကြီးခများ မောင်ငယ်ရဲ့ စကားကို မှတ်ချက်ပြုလိုက်သတဲ့။ အဲဒီစကားက…

''မောင်ငယ်ရာ… ဒါကတော့ မင်းက နည်းနည်းပိုသွားပြီဟေ့။ ဖြစ်တော့ မဖြစ်နိုင်ဘူးကွ''

အဲဒီစကားတွေနဲ့ အဲဒီအဖြစ်က အဲဒီရွာမှာ နာမည်ကြီးသွားပြီး မောင်ငယ့်ကို နာမည်ပေးကြသတဲ့။ အဲဒီနာမည်က-

ဘွတ်အဲ… ဝပ်ထလိန်း မောင်ငယ်တဲ့လေ။

www.burmeseclassic.com

www.burmeseclassic.com

## အဖေတို့ပေးမယ့်ပစ္စည်းတွေ

တစ်ခါက အထက်အညာအရပ်က ရွာတစ်ရွာမှာ နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့တဲ့ ဘုရားပွဲတစ်ပွဲ ရှိသတဲ့။ အဲဒီဘုရားပွဲမှာ အရပ်ဇာတ် ကကြပြီး ဘုရားပွဲစည်ကားအောင် ကျင်းပခဲ့ကြသတဲ့။ အဲသလို အရပ်ဇာတ်ကကြဖို့ ရပ်ရွာထဲက လူငယ်တွေအားလုံးဟာ သူ့ဝါသနာနဲ့သူ ပါဝင်ကပြကြသတဲ့။ အချို့က သီချင်းဆိုတာ ဝါသနာပါပြီး အချို့က ပြဇာတ်ထဲမှာ သရုပ်ဆောင်တာကို ဝါသနာပါကြသတဲ့။ အချို့က အကကို ဝါသနာပါကြပြီး အချို့က အပြောဝါသနာပါသူတွေ ဖြစ်ကြသတဲ့။

အဲသလိုနဲ့ ဘုရားပွဲရက် နီးလာတော့တာပေါ့။

"မောင်တောက်ထိန်ရေ… ပြဇာတ်ရေးထားတော့ဟေ့။ ဘုရားပွဲက ဘာမှမလိုတော့ဘူးကွ"

"ဟုတ်တယ်။ ပြဇာတ်ရေးရဦးမှာရယ်၊ ပြဇာတ်တိုက်ကြရဦးမှာရယ်ဆိုတော့ အားလုံးအရန်သင့်ဖြစ်အောင် ကြိုကြိုတင်တင် ပြင်ဆင်ထားကြဟေ့"

"ရပါတယ်"

ရွာထဲကလူတွေက အဲသလိုပြောတော့ တောက်ထိန်ဆိုတဲ့ ပြဇာတ်တာဝန်ခံသူဟာ ပြဇာတ်တစ်ပုဒ် ရေးခဲ့ရသတဲ့။ တောက်ထိန်ဟာ စာသမား



ပေသမားဖြစ်ပြီး စာရေး၊ ကဗျာရေးကောင်းတဲ့လူ ဖြစ်တယ်။ အဲဒီတော့ နှစ်တိုင်း နှစ်တိုင်းမှာ ကတဲ့ပြဇာတ်တွေကို တောက်ထိန်ပဲ ရေးစေပြီး တောက်ထိန်ကပဲ ပြဇာတ်တိုက်ပေးခဲ့တယ်။ ပြဇာတ်ကတဲ့အခါမှာလည်း ကျကျနန တိုက်ပေးစေခဲ့သူ ဖြစ်သတဲ့။

အဲဒါကြောင့် ဒီနှစ်မှာလည်း တောက်ထိန်ဟာ ပြဇာတ်တာဝန်ခံပီပီ ပြဇာတ်ရေး၊ ပြဇာတ်တိုက်ပေးဖို့ စီစဉ်ရသတဲ့။ မကြာပါဘူး၊ ပြဇာတ်ရေးအပြီးမှာတော့ မနှစ်က မင်းသားသရုပ်ဆောင်နဲ့ မင်းသမီးသရုပ်ဆောင်ကိုခေါ်ပြီး အခြားသရုပ်ဆောင်တွေကို ရွေးခဲ့သတဲ့။

"ကဲ- ကျော်တင့်"

"ဗျာ"

"မင့်က ပြဇာတ်မင်းသား၊ မနှစ်ကလိုပေါ့"

"ဟုတ်ကဲ့"

"မြနှစ်"

"ရှင်…"

"ညည်းက ပြဇာတ်မင်းသမီး"

"ဟုတ်ကဲ့"

အဲသလိုနဲ့ အခြားသရုပ်ဆောင်တွေရွေးပြီး ပြဇာတ်တိုက်ခဲ့ကြရသတဲ့။ ပြဇာတ်က ရွာထဲက ကောင်လေးတွေအကြိုက် အချစ်၊ အကြမ်း၊ အလွမ်းတွေ ရောထားတဲ့ ဇာတ်လမ်းပဲ ဖြစ်သတဲ့။ မတူညီတဲ့ ဘဝနှစ်ခုကို ထင်ဟပ်စေတဲ့ ပြဇာတ်ဖြစ်သတဲ့။ မင်းသားက ဆင်းရဲတဲ့လူဖြစ်ပြီး မင်းသမီးက ချမ်းသာတဲ့လူဖြစ်တယ်။ ဆင်းရဲပေမယ့် အံလွန်အမင်း ဆင်းရဲတဲ့လူတော့ မဟုတ်ဘူး။ တောင်သူတစ်ရှဉ်းလုပ်ရတဲ့ လယ်ယာမြေတွေ ရှိတာပေါ့။ ဒါပေမယ့် မင်းသမီးမိဘတွေက တောင်သူငါးရှဉ်းလုပ်ရှိတဲ့ လူချမ်းသာဖြစ်သတဲ့။ စီးပွားရေးချင်းက ကွာ၊ လူကြီးချင်းက မသင့်မြတ်တော့ မင်းသမီးမိဘတွေက မင်းသားနဲ့သဘောမတူလို့ခွဲတဲ့ ဇာတ်လမ်းဖြစ်သတဲ့။

အဲဒီတော့ ကျော်တင့်က တောင်သူတစ်ရှဉ်းလုပ် သရုပ်ဆောင်ရမယ့်

www.burmeseclassic.com

www.burmeseclassic.com



မင်းသား။

မြနှစ်က လှချမ်းသာ တောင်သူငါးရှဉ်းလုပ် သရုပ်ဆောင်ရမယ့် မင်းသမီး ဖြစ်သတဲ့။

ချစ်ခန်းကြိုက်ခန်းအတွက် သရုပ်ဆောင်တော့ တောက်ထိန်က…

"ကဲ… မြနှစ်"

"ရှင်…"

"ညည်းက မင်းသားကို မေးရမယ်။ ဘယ်လိုမေးရမလဲဆိုရင် မောင်က ညီမမိဘတွေ သဘောကျအောင် ဘာတွေတင်ပြီး တောင်းမလဲလို့ မေးရမယ်။ ဟုတ်ပြီနော်"

"ဟုတ်ကဲ့"

"အဲဒီတော့ ကျော်တင့်က ဘာပြောရမလဲဆိုရင် ဟောကောင် မှတ်ထား"

"ဟုတ်ကဲ့"

"ဘာပြောရမလဲဆိုရင် ညီမရဲ့မိဘတွေ သဘောကျအောင် ရွှေငါးကျပ်သားနဲ့ မြေငါးကန့် တင်တောင်းပါ့မယ် ချစ်သူရယ်လို့ ပြောရမယ်။ မှတ်မိပြီနော်"

"မှတ်မိပါပြီ"

အဲသလိုနဲ့ ဘုရားပွဲရက်ရောက်တော့ ဇာတ်ခုံပေါ်မှာ ကကြသတဲ့။ အဲသလို ကကြတဲ့အခါ သီချင်းကဏ္ဍတွေပြီးတော့ တောက်ထိန်ရေးသားတဲ့ ပြဇာတ်ကြီးကို ရောက်ခဲ့သတဲ့။ ကိုယ့်ရွာက စာရေးဆရာ၊ ကိုယ့်ရွာက မင်းသမီး၊ မင်းသားတွေ သရုပ်ဆောင်ကြတာဆိုတော့ ပွဲဝါသနာပါသူတွေ ဝိုင်းပြီး ရွာလုံးကျွတ်ထွက်ပြီး ကြည့်ကြလို့ ပရိသတ်က မနည်းဘူးတဲ့။

"ဟော… ပြဇာတ်အလှည့်ရောက်ပြီဟေ့"

"ကြည့်ကောင်းမှာကွ"

"ကိုတောက်ထိန်က စာရေးကောင်းပါဘိနဲ့"

"အံ့မယ်- ကျော်တင့်က ရုပ်လည်းချော၊ အပြောက ကောင်းကွ"



"မြနှစ်ကလည်း တော်တယ်ဟေ့"

အဲသလို ချီးမွမ်းနေကြသတဲ့။ အဲသလိုနဲ့ ပြဇာတ်ထွက်ခဲ့တာ မင်းသားနဲ့မင်းသမီးတို့ဟာ မင်းသမီးမိဘတွေက လုံးဝသဘောမတူနိုင်ကြလို့ တွေ့ကြတဲ့အခန်းပဲ ဖြစ်သတဲ့။

မြနှစ်က…

"မောင်၊ ညီမမိဘတွေက မောင်နဲ့ညီမကို သဘောမတူကြဘူး။ အဲဒီတော့ ညီမမိဘတွေ သဘောကျအောင် မောင်က ဘာတွေတင်ပြီး ညီမကို လက်ထပ်မလဲဟင်"

အဲသလို မေးသတဲ့။ အဲဒီအချိန် အရက်မူးနေတဲ့ ကျော်တင့်အဖြေကြောင့် ပရိသတ်အားလုံး တဟားဟားရယ်မိကြသတဲ့။ ကျော်တင့် ပြန်ဖြေလိုက်တဲ့ စကားက…

"ညီမရယ်… မောင်ကလေ ရွှေငါးကန့်နဲ့ မြေငါးကျပ်သားတင်ပြီး တောင်းမှာပါ"

အဲဒီအဖြစ်က အဲဒီရွာမှာ နာမည်ကြီးသွားပြီး သရုပ်ဆောင်ကျော်တင့်ကိုလည်း ရွာက အမည်ပေးကြသတဲ့။

အဲဒီစကားက…

"ဟော… ရွှေငါးကန့်နဲ့ မြေငါးကျပ်သားမင်းသားကြီး" တဲ့။

www.burmeseclassic.com

www.burmeseclassic.com

## အမည်တွင်ခဲ့ပုံက

တစ်ခါက အထက်အညာအရပ်မှာ ရွာကြီးတစ်ရွာရှိပြီး အဲဒီရွာမှာ အေးပိုင်ဆိုတဲ့ လူပျိုကြီးတစ်ဦး ရှိသတဲ့။ အဲဒီ ကိုအေးပိုင်ဆိုတဲ့လူဟာ ရွာရေး၊ ရပ်ရေး အလုပ်တွေ၊ သာရေးနာရေးနဲ့ အခြားလူမှုရေးတွေဆိုရင် လည်း ရှေ့ဆုံးကနေပြီး ပါဝင်ခဲ့သူ ဖြစ်သတဲ့။ ရပ်ရွာအပေါ်မှာ ကာလသား ခေါင်းဆောင်တစ်ဦးဖြစ်သလို၊ လူငယ်လူရွယ်တွေကလည်း ကိုအေးပိုင်ကို ချစ်ကြောက်ရိုသေကြတဲ့သူတစ်ဦး ဖြစ်သတဲ့။

အဲဒီ ကိုအေးပိုင်ရဲ့မိဘတွေဟာ တောင်သူတစ်ရှဉ်းလုပ်ရှိတဲ့ လယ်ယာမြေတွေ ပိုင်ဆိုင်ထားပြီး စီးပွားရေးက အသင့်အတင့်တော်တဲ့သူတွေ ဖြစ်သတဲ့။ ကိုအေးပိုင်မှာ ညီအစ်ကိုမောင်နှမ ငါးဦးရှိပြီး သူက အကြီး ဖြစ်သတဲ့။ ကိုအေးပိုင်မှာ ညီအစ်ကိုမောင်နှမ ငါးဦးရှိပြီး သူထက် အကြီး နှစ်ယောက်က အိမ်ထောင်ကျ၊ သီးခြားနေထိုင်ကြပြီး သူ့အောက်က ညီမ ဖြစ်သူဟာလည်း အိမ်ထောင်ကျသွားလို့ ယောက်ျားနောက် အပြီးလိုက်သွား တဲ့အတွက် အိမ်မှာ မိဘနှစ်ပါးရယ်၊ ကိုအေးပိုင်ရယ်၊ ညီတစ်ယောက် ရယ်ပဲ ကျန်ခဲ့ပြီး ကိုအေးပိုင်ပဲ တောင်သူလုပ်ငန်းကို ဦးစီးပြီး လုပ်ကိုင် နေရသူ ဖြစ်သတဲ့။

အဲ-အဲဒီကိုအေးပိုင်ဟာ ရပ်ရွာလုပ်ငန်းတွေကို စိတ်ဝင်တစားလုပ် ကိုင်နေသူ၊ ဝါသနာကြီးသူဖြစ်သလို တောင်သူလုပ်ငန်းကိုလည်း အတော် ကျွမ်းဝင်စွာနဲ့ လုပ်ကိုင်ခဲ့သူ ဖြစ်သတဲ့။

ဒါပေမယ့် ကိုအေးပိုင်မှာ အကျင့်ဆိုးတစ်ခု ရှိသတဲ့။

အဲဒီအကျင့်က ဘာလဲဆိုရင် ဖဲရိုက်ချင်တဲ့ အကျင့်ပဲ ဖြစ်သတဲ့။

အဲဒီ ဖဲဝါသနာကြီးတဲ့ အကျင့်ကြောင့် ကိုအေးပိုင်ဟာ တောက



ထွန်ယက်ပြန်လာရင် ဖဲဝိုင်းသွားတယ်။ ညနေကျမှ ပြန်လာပြီး နွားကျွေး၊ ထမင်းစားပြီး ညပိုင်းမှာ ဖဲဝိုင်းရှိရင် ဖဲဝိုင်းသွားပြီး ဖဲရိုက်ပြန်သတဲ့။ ရွာမှာဖဲရိုက်ဖို့ ဖဲဝိုင်းမရှိရင် အခြားရွာတွေတောင် သွားပြီး ဖဲရိုက်တတ်တဲ့ အကျင့်ရှိသတဲ့။

လူပျိုကြီးပီပီ စားရသောက်ရမှာ ကပ်စေးနဲသလောက် ဖဲရိုက်ရမယ် ဆိုရင် ငွေကုန်ကြေးကျ အကုန်ခံလေ့ ရှိသတဲ့။ မိဘနှစ်ပါးကတော့ လူပျို ကြီးပဲဆိုပြီး လွှတ်ထားခဲ့သတဲ့။ အိမ်ထောင်မပြုဘဲ ဖဲရိုက်နေတာ တော်သေး ရဲ့ဆိုပြီး လွှတ်ထားခဲ့တဲ့ သဘောပါပဲ။

အဲသလိုနဲ့ တစ်ရက်မှာတော့ ရွာမှာ ပဌာန်းရွတ်ပွဲ တစ်ပွဲရှိသတဲ့။ အဲဒီပဌာန်းရွတ်ဖတ် ပူဇော်ပွဲဟာ ပြာသိုလထဲမှာ ကျင်းပခဲ့တာဖြစ်ပြီး ဒီနှစ် ကျင်းပခဲ့ကြတာ ဆယ်နှစ်ဆယ်ကြိမ် ကျော်ပြီဖြစ်သတဲ့။ အဲဒီ ပဌာန်းပွဲမှာ ရပ်ရွာကလူတွေအားလုံး ပါဝင်လုပ်အားပေးကြပြီး အခြားရွာက သံဃာတွေ၊ မိမိရွာက သံဃာတွေအားလုံးပင့်ပြီး ဆွမ်းကပ်ကြသတဲ့။

ထုံးစံအတိုင်း ကိုအေးပိုင်ဟာ ပဌာန်းရွတ်ပွဲ ဖြစ်လေတော့ ဦးစီး ဦးရွက်ပြု၊ ချက်ပြုတ်ကြော်လှော်တဲ့တာဝန်ကို လူလတ်လူကြီးတွေနဲ့ လုပ် ခဲ့သတဲ့။

အဲသလိုနဲ့ ပဌာန်းပွဲစမယ့်ရက် (ပဌာန်းဖွင့်ပွဲနေ့)ကို ရောက်ခဲ့သတဲ့။ အဲဒီတော့ ဦးကြီးမြင့်က ကိုအေးပိုင်ကို ပြောသတဲ့။

“မောင်အေးပိုင်”

“ဗျာ…”

“ဒီလိုလုပ်ကွ… ဦးကြီးဆီက ပိုက်ဆံယူသွား၊ ဟိုဘက်ရွာသွားပြီး တောလိုက်တဲ့ကောင်တွေဆီက ပုတတ်ဝယ်ခဲ့။ ပုတတ်ကို သရက်စေ့ပါးပါး လှီးပြီးကြော်၊ ကြော်ပြီးတော့ ဦးဇင်းတွေ ကပ်ကြရအောင်”

“ဟား… ကောင်းတာပေါ့။ တစ်ခါလာလည်း ဝက်သား၊ ကြက် သားချည်းဆိုတော့ မကောင်းပါဘူး။ ပုတတ်ကြော်နဲ့ ကပ်မယ်ဆိုရင် သိပ် ကောင်းတာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"ကဲ-ကဲ… ရော့၊ ပိုက်ဆံယူသွား၊ ပုတတ်ရသလောက် ဝယ်ခဲ့"

"ဟုတ်ကဲ့"

အဲသလိုနဲ့ အဲဒီနေ့မှာ ကိုအေးပိုင်ကို ပုတတ်ဝယ် လွှတ်လိုက်သတဲ့။ ဆွမ်းကပ်မှာက မနက်ဖြန်အတွက် ဖြစ်သတဲ့။ ပုတတ်တွေဝယ်ပြီး စဉ်းကော စဉ်းကြမယ်။ ပြီးရင် ကြက်သွန်ဖြူ၊ ချင်းတွေထည့်၊ သရက်စေ့ ပါးပါးလှီး ထည့်ပြီး ကြော်ကြမှာ ဖြစ်သတဲ့။ ကြော်ပြီး ကပ်ကြမှာကိုး။

အဲဒီ ပုတတ်ဝယ်ရမယ့်ရွာက ရွာနဲ့ နှစ်မိုင်ဝေးသတဲ့။ အဲဒီရွာက ပုတတ်လိုက်တဲ့သူ ပေါသတဲ့။ တောလိုက်ပြီး ပုတတ်၊ ယုန်ကအစ တောကြောင်တွေအထိ ရတတ်သတဲ့။ အဲဒီတော့ ပုတတ်ပေါတဲ့ရွာကို ကိုအေးပိုင်ခမျာ ပုတတ်ဖိုး ငွေတွေယူ၊ အိမ်ကစက်ဘီးနဲ့ ထွက်ခဲ့သတဲ့။ အဲဒီ ပုတတ်ဝယ်ရမယ့် ရွာကိုရောက်တော့ ဖဲဝိုင်းတစ်ဝိုင်းထောင်ပြီး ဖဲရိုက်နေတာကို တွေ့ရသတဲ့။

"ဟာ… ဖဲရိုက်နေကြတာလား"

"ဟုတ်တယ် ကိုအေးပိုင်ရ… လာလေ"

"လာဗျာ… ဒီကောင်ရှုံးနေတယ်၊ ထွက်တော့မှာ"

"တစ်အိမ် လိုနေတာဗျ"

အဲသလိုပြောကြတော့ ကိုအေးပိုင် စဉ်းစားသတဲ့။

"အင်း… မနက်ဖြန် ဦးဇင်းတွေကပ်ဖို့ ပုတတ်အဝယ်လွှတ်တာ ဟုတ်ပြီ၊ ငါ ဖဲဝင်ရိုက်လိုက်ရင်ပဲ နိုင်မှာ။ ဒီတော့ ပုတတ်များများ ဝယ်နိုင်အောင် ဖဲဝင်ရိုက်လိုက်ဦးမယ်"

အဲသလိုတွေးပြီး ဖဲဝင်ရိုက်ခဲ့သတဲ့။

"ကဲ… ရိုက်မယ်ကွာ"

အဲသလိုနဲ့ ဖဲဝင်ရိုက်လိုက်တာ ဒီနေ့က တစ်နေ့လုံးနဲ့ တစ်ညလုံး ရိုက်လိုက်တာ သူနိုင်လိုက် ရှုံးလိုက်၊ အခြားသူ ရှုံးလိုက်နိုင်လိုက် ဖြစ်နေသတဲ့။ တစ်ညလုံးရိုက်ခဲ့တာ မနက်မိုးလင်းတော့ ပါတဲ့ငွေရော နိုင်တဲ့ငွေပါ ရှုံးသွားပြီး ပုတတ်ဝယ်ရမယ့်ကိစ္စကိုတောင် မေ့သွားသတဲ့။ အရှုံးတင်နေတဲ့



အတွက် ဆွမ်းကပ်ရမှာ မေ့သွားပြီး ရှုံးမဲမဲတော့သတဲ့။

"ကဲ- ပါတဲ့ငွေ ကုန်ပြီ။ ဒီတော့ စက်ဘီးပေါင်မယ်ကွာ"

"ရတယ်လေ"

အဲသလိုနဲ့ ဖဲရိုက်လိုက်တာ လာရင်းကိစ္စကိုတောင် မေ့သွားသတဲ့။ ရွာက လူကြီးတွေကတော့ ဆွမ်းကပ်ရင် ပုတတ်ကြော်နဲ့ ကပ်မယ်။ ကိုအေးပိုင် ပုတတ်ဝယ်သွားတယ်။ ပြန်မလာသေးဘူး၊ တမျှော်မျှော်နဲ့ပေါ့။ ပုတတ်ကြော်နဲ့ကပ်မှာကို ရွာကလူတွေရော၊ ဦးဇင်းတွေကပါသိတော့ မျှော်ကြတာပေါ့။

"အင်း… ဒီလူပျိုကြီး ဘယ်သူနဲ့ ထွက်ပြေးပါလိမ့်"

"ဘာပြုလို့ ပြန်မလာတာပါလိမ့်"

"ရွာထဲက ကောင်မလေးတွေကတော့ ရှိတယ်ဟ"

"ဒါဆိုရင် အခြားရွာက မိန်းကလေးနဲ့များ ထွက်ပြေးသလားမှ မသိတာ"

အဲသလို မျှော်ကြရင်းနဲ့ ပဌာန်းပွဲသာ ပြီးသွားတယ်။ ကိုအေးပိုင်မှာတော့ ရှုံးနေတဲ့အတွက် မပြန်နိုင်ဖြစ်ပြီး ဆယ်ရက်မြောက်မှာတော့ စက်ဘီးပေါင်ခဲ့တာ ပြန်မရွေးနိုင်ဘဲ အရှုံးနဲ့ရွာကို ပြန်လာသတဲ့။

နောက်တော့…

"ဟေ့… ကိုအေးပိုင်ကြီး၊ ဟိုဘက်ရွာမှာ ဖဲရှုံးသတဲ့ကွ"

"ဟုတ်တယ်။ စက်ဘီးတောင် ပေါင်ခဲ့ရသတဲ့"

"ခြေလျင် ပြန်ခဲ့ရသတဲ့ကွ"

"အဝယ်လွှတ်လိုက်တဲ့ ပုတတ်ဖိုးငွေတွေ ကုန်ခဲ့သတဲ့ဟေ့"

"ရွာကလူတွေရော၊ ဦးဇင်းတွေကပါ စိတ်ဆိုးနေကြသတဲ့ကွ"

အဲဒီနောက်မှာတော့ အဲဒီ ကိုအေးပိုင်အဖြစ်ကြောင့် ကိုအေးပိုင်ကို အမည်ပေးကြသတဲ့။ အဲဒီအမည်က…

'ပုတတ်ပိုင်'တဲ့။ အခုထိ ကိုအေးပိုင်အမည်ပျောက်သွားပြီး ပုတတ်ပိုင်ဆိုတဲ့အမည် တွင်ဆဲပဲတဲ့။ ဖြစ်မှဖြစ်ရလေ… ကျွတ်-ကျွတ်-ကျွတ်"

www.burmeseclassic.com

www.burmeseclassic.com

# သွားပြမယ်ကွာ

တစ်ခါက အထက်အညာအရပ်က ရွာတစ်ရွာမှာ ဘအေးဆိုတဲ့ ကာလသားတစ်ဦးရှိသတဲ့။ အဲဒီဘအေးဟာ အသက်သုံးဆယ်နားကပ်နေပြီး မိန်းမလိုချင်တာ ငမ်းငမ်းတက် ဖြစ်နေပြီး အေးမှုန်ဆိုတဲ့ ကောင်မလေးကို ကြိုက်နေတဲ့သူဖြစ်သတဲ့။ အေးမှုန်ကလည်း ဘအေးကို ခပ်ကြိုက်ကြိုက် ဖြစ်နေတဲ့သူ ဖြစ်သတဲ့ကွယ်။

ဘအေးတို့မှာ တောင်သူတစ်ရှည်း လုပ်ရတဲ့လယ်ယာ မြေတွေရှိသတဲ့။ ရွာထဲမှာတော့ စီးပွားရေးက စားနိုင်သောက်နိုင်တဲ့ သူတွေဖြစ်ပြီး ဘအေးမှာ မောင်နှမနှစ်ဦးပဲ ရှိသတဲ့။ ဒီတော့ ဘအေးတို့ မိသားစုဟာ လေးဦးထဲပဲရှိပြီး စားအိုးကသေး၊ လုပ်ငန်းကအဆင်ပြေတော့ စီးပွားရေးက မဆိုးတဲ့ အခြေအနေမှာ ရှိနေသတဲ့။

အဲဒီဘအေးဟာ အေးမှုန်ကိုလိုချင်တယ်ဆိုတာကို ဘအေးရဲ့ မိဘတွေက သိကြသလို အေးမှုန်ရဲ့ မိဘတွေကလည်း သိကြသတဲ့။ အဲဒီတော့ ဘအေးရဲ့ မိဘတွေကလည်း အေးမှုန်နဲ့ သဘောတူကြသလို အေးမှုန်ရဲ့ မိဘတွေကလည်း ဘအေးနဲ့ သဘောတူကြတာ အမှန်ပဲဖြစ်သတဲ့။

တကယ်တော့ အေးမှုန်ရဲ့ မိဘတွေဟာလည်း တောင်သူတစ်ရှည်း လုပ်ရတဲ့ စီးပွားရေးအခြေအနေရှိတဲ့ လယ်ယာမြေတွေ ပိုင်ဆိုင်ထားပြီး စီးပွားရေးကို ယှဉ်ကြည့်ရင် ဘအေးတို့ စီးပွားရေးထက် အေးမှုန်တို့ စီးပွားရေးက သာတဲ့အခြေအနေ ရှိသတဲ့။ အဲဒီတော့ ဘအေးမိဘတွေက ပိုပြီး သဘောတူသလို အေးမှုန်ရဲ့ မိဘတွေကလည်း ရိုးသားတဲ့ ဘအေးနဲ့ ပိုပြီး



သဘောတူတာ အမှန်ပဲဖြစ်သတဲ့။ အေးမှုန်တို့မှာ မိသားစုလေးဦး ရှိတယ်။ အေးမှုန်ရဲ့ မိဘနှစ်ပါးနဲ့ အေးမှုန်တို့ မောင်နှမနှစ်ဦးရယ်ဆိုတော့ လေးယောက်ပဲရှိတာပေါ့။ အေးမှုန်က အငယ်ဆုံး။ အေးမှုန်အထက်က အစ်ကိုအကြီးဆုံးဖြစ်တဲ့ ကြီးမောင်ဆိုတဲ့လူ ဖြစ်သတဲ့။

အဲဒီကြီးမောင်ဟာ အရပ်အမောင်းကကောင်း စကားပြောရာမှာ ဖွာလောင်ဖွာလောင် ပြောတတ်ပြီး စိတ်မြန်ကိုယ်မြန်သမား ဖြစ်သတဲ့။ စိတ်ကလည်း အရမ်းတိုတဲ့သူ ဖြစ်သတဲ့။ ပြီးတော့ အဲဒီ ကြီးမောင်ဟာ အနေအထိုင် တည်တဲ့သူဖြစ်ပြီး သူ့မိသားစုအပေါ်မှာ ဦးစီးဦးရွက်ပြုနေတဲ့သူဖြစ်တော့ မိဘတွေအပါအဝင် ဆွေမျိုးတွေက အဲဒီကြီးမောင်ကို လန့်နေကြရသတဲ့။ အေးမှုန်ဆိုရင် အစ်ကိုဖြစ်သူ ကြီးမောင်ကို မော်တောင် မကြည့်ရဲတဲ့သူ ဖြစ်သတဲ့။

ပြီးတော့ အဲဒီအစ်ကိုဖြစ်သူ ကြီးမောင်ဟာ ညနေခင်းဆိုရင် အရက်တစ်ပိုင်းလောက်တော့ သောက်တတ်သတဲ့။ ဒီတော့ ပိုပြီးကြောက်ရသတဲ့။ အဲဒါကြောင့် ဘအေးနဲ့ အေးမှုန်ကို နှစ်ဖက်မိဘတွေ သဘောတူနေကြပေမယ့် အစ်ကိုဖြစ်သူ ကြီးမောင်ကို မပြောရဲကြသေးဘဲ အသာလေးနေကြရတဲ့ အခြေအနေရှိနေသတဲ့။

အဲဒီလိုနဲ့ နှစ်ဖက်မိဘတွေက သဘောတူထားတဲ့ ဘအေးနဲ့အေးမှုန်တို့အဖြစ်က နီးရက်နဲ့ဝေးဆိုသလို ဖြစ်နေကြတာပေါ့။ အဲဒါကြောင့် အပေါင်းအသင်းတွေက ဘအေးကို စကြသတဲ့။

"ဘအေး"

"ဟေး…ဘာလဲကွ"

"အေးမှုန်နဲ့ အခြေအနေက ဘယ်လိုလဲဟ"

"ဒီလိုပါပဲကွာ"

"သူ့အစ်ကို ကြီးမောင်က ဘာပြောလဲကွ သဘောတူသလားလား"

"အေး…ဒီလူရှုပ်လို့ပေါ့ကွာ၊ မရှုပ်ရင် ကလေးတယ်ယောက်တောင် ရနေပြီကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား"

သူငယ်ချင်းတွေက ဘအေးစကားကြောင့် ရယ်ကြသတဲ့ အဲဒီနောက်မှာတော့ ဘအေးခမျာ အေးမှုန်ကိုရဖို့ မိဘတွေကို ပူဆာသတဲ့။

"အမေ"

"ဘာလဲသားရဲ့၊ အေးမှုန်အကြောင်း ပြောမလို့လား"

"ဟုတ်တယ်၊ အမေရ"

"ဘယ်လိုလဲဗျ အခြေအနေက..."

"မိဘချင်းတော့ ပြောပြီးပြီကွယ်။ သူ့အစ်ကို မောင်ကြီးမောင်ကို ဘယ်သူမှ မပြောရဲကြသေးလို့ အခက်တွေ့နေရတယ်ကွယ်"

"တောက်... အေးမှုန်မိဘတွေကလည်း အေးမှုန်တစ်ယောက်တည်း မွေးခဲ့ရင်ပြီးရော၊ ဘာမဟုတ်တဲ့ ဒီလူကိုပါ မွေးခဲ့ရတယ်လို့ဗျာ။ ဒါဆိုရင် ဒီလူကို မပြောရဲသေးဘူးဆိုရင် ကျုပ်တို့က မပေါင်းသင်းရသေးဘူးပေါ့"

"ဒါပေါ့ ဘအေးရဲ့"

"ရှုပ်လိုက်တာ ဒီလူက တစ်မှောင့်"

အဲဒီလိုနဲ့ မကြာပါဘူး။ နေ့လယ် တောနားချိန်မှာ အပေါင်းအသင်းတွေနဲ့ ဘအေး ဆုံခဲ့သတဲ့။ ဘအေးရဲ့ အပေါင်းအသင်းတွေက...

"ဘအေး"

"ဘာလဲကွ"

"အေးမှုန်တို့ အိမ်ရှေ့ဖြတ်ရဲလား၊ သွားရဲလားကွ"

"အောင်မာ... ဘာလုပ်ချင်လို့လဲ"

"အေးမှုန်အိမ်ရှေ့ သွားရဲရင်၊ ဒါမှမဟုတ် အေးမှုန်အစ်ကို ကိုကြီးမောင် ရှေ့ကို သွားရဲရင် မင်းကို ပုဆိုးတစ်ကွင်း ဝယ်ပေးမယ်ကွာ"

"အေး... ဘယ်လိုသွားရမှာလဲ"

"ကိုကြီးမောင်ရှေ့ကိုသွားပြရဲရင် ပုဆိုးဝယ်ပေးမယ်"

"တကယ်နော်"



အဲဒီလိုနဲ့ ကိုကြီးမောင်ရှေ့ ဖြတ်သွားရဲမရဲ လောင်းကြေးစားကြေးထပ်ကြသတဲ့။ အဲဒါနဲ့ နောက်ရက်မှာ ဘအေးဟာ သူ့သူငယ်ချင်းတွေ ခေါ်ပြီး ကိုကြီးမောင်အိမ်ရှေ့ လာခဲ့ကြသတဲ့။ အိမ်ရှေ့ရောက်တော့ ဘအေးက...

"သွားပြမယ်နော်"

"အေး... သွားပြ၊ ဒါဆို ပုဆိုးတစ်ကွင်း ဆုချမယ်"

ဒါနဲ့ အေးမှုန်တို့အိမ်ရှေ့ ရောက်ခဲ့သတဲ့။ အဲဒီအချိန် ကိုကြီးမောင်နဲ့ အေးမှုန်တို့ မောင်နှမနှစ်ဦးဟာ တောထွက်ဖို့ လမ်းဘက်ရောက်လာကြသတဲ့။

"ဘအေး... ဟိုမှာ ကိုကြီးမောင်နဲ့ အေးမှုန်တို့လာပြီ"

"ဟုတ်ပြီ၊ ငါ သူတို့လာရင် သွားပြမယ်"

"မဟုတ်ဘူးကွ၊ မင်းက သူတို့ရှေ့ ဖြတ်ပြရမှာ"

အဲဒီလိုပြောဆဲမှာ ကိုကြီးမောင်တို့ အေးမှုန်တို့ဟာ ဘအေးတို့ သူငယ်ချင်းတွေ ရှေ့မှာ ရောက်လာသတဲ့။ အဲသလို ရောက်တဲ့အခါ ဘအေးက...

"ကဲ...ကြည့်ထားကြ သွားပြမယ်။ ဟား ရှူး..."

ဘအေးလုပ်ရပ်ကြောင့် အပေါင်းအသင်းတွေ အားလုံး ရယ်ကြရင်းနဲ့ ကိုကြီးမောင်ကို ကြောက်ပြီး ပြေးခဲ့ကြရသတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဘအေးကို ခြေလျင်ဖြတ်ပြီးသွားခိုင်းတာကို ဘအေးက ပါးစပ်ကြီးဖြဲပြီး သူ့အထက်အောက် သွားတွေ အစုံလိုက်မြင်အောင် ပါးစပ်ဖြဲ(သွားပြ)လိုက်လို့ပဲ ဖြစ်သတဲ့။

အဲဒီအဖြစ် အဲဒီလုပ်ရပ်က အဲဒီရွာမှာ ရာဇဝင်တွင်သွားပြီး ဘအေးကိုလည်း နာမည်သစ်တစ်ခု ပေးကြသတဲ့။

အဲဒီနာမည်သစ်က...

"နာမည်း သွားဖြဲပြတဲ့အကောင်"တဲ့။

www.burmeseclassic.com

www.burmeseclassic.com

## မခပ်သေးဘူး

တစ်ခါက ရွာတစ်ရွာမှာ သာအေးဆိုတဲ့ ကောင်လေးတစ်ယောက် ရှိတယ်။ အဲဒီသာအေးဟာ ခပ်ရှူးရှူး ခပ်ပေါပေါဖြစ်တဲ့ ကောင်လေးပေါ့။ အဲဒီသာအေးဆိုတဲ့ ကောင်လေးဟာ အသက်နှစ်ဆယ်ကျော် ရှိနေပြီ။ မိဘမဲ့ကောင်လေး ဖြစ်သတဲ့။ သာအေးဟာ ဘုန်းကြီးကျောင်းတွေမှာ ကပ်နေရတယ်။ အရှေ့ကျောင်းနေလိုက်၊ အနောက်ကျောင်းနေလိုက်နဲ့ အဲဒီရွာမှာရှိတဲ့ ဘုန်းကြီးကျောင်းနှစ်ကျောင်း မှာကူးပြီး စားသောက်နေတဲ့ လူတစ်ယောက် ဖြစ်သတဲ့။

သာအေးရဲ့မိဘတွေဟာ သာအေးငယ်စဉ်ကတည်းက ဆုံးပါးခဲ့တာဖြစ်ပြီး သာအေးခမျာ ဆင်းရဲဒုက္ခနဲ့ ကြီးပြင်းလာရတဲ့သူ ဖြစ်သတဲ့။ အဲဒါကြောင့် ပညာမသင်ရ စာမဖတ်တတ်နဲ့ သူများခေါ်ရင်သွား ခိုင်းရင်လုပ်ရတဲ့လူ ဖြစ်နေတော့တာပေါ့။ ဘယ်သူက ထင်းခွဲပေးပါဆိုရင် ထင်းခွဲပေးတယ်။ ရေခပ်ခိုင်းရင် ရေခပ်ပေးတယ်၊ အမှိုက်ကျုံးခိုင်းရင် ကျုံးပေးသတဲ့။ ဘုန်းကြီးကျောင်းတွေမှာ နေရင်လည်း ကုဋီရေဖြည့်၊ အမှိုက်လှည်း၊ ယန်းကန်ခွက်ယောက်ဆေးပြီး ဦးဇင်းတွေ ကျွေးတာစား၊ ရွာထဲလှည့်နေတဲ့သူ ဖြစ်သတဲ့။

သာအေးကို ကြည့်ရင် ဘယ်တော့ဖြစ်ဖြစ် စုတ်စုတ်ပြတ်ပြတ်



နေသတဲ့။ ရေလည်း တစ်ခါမှ မချိုးဘူးပေါ့။ ကြည့်လိုက်ရင် ဘယ်တော့ဖြစ်ဖြစ် ညစ်ပတ်နေတဲ့ ပုဆိုးနဲ့ အင်္ကျီလက်ရှည် ခပ်နွမ်းနွမ်းတစ်ထည် အမြဲဝတ်ထားပြီး သွားရည်တများများနဲ့ နေရှာရတဲ့သူ ဖြစ်တယ်။

ဒါပေမယ့် သာအေးက အလုပ်ကိုတော့ လုပ်တယ်။ ရွာထဲက အိမ်တွေက ခိုင်းတာကို ဘာမဆို လုပ်ပေးခဲ့သလို ကျောင်းကခိုင်းစရာရှိလို့ ခိုင်းခဲ့ရင်လည်း ဘာအလုပ်ဖြစ်ဖြစ် လုပ်တဲ့အပြင် ရွာထဲမှာ အလှူအတန်းရှိရင်၊ မင်္ဂလာဆောင်ရှိရင် ဒါမှမဟုတ် အခြားလူမှုရေး ကိစ္စတွေရှိရင်လည်း သာအေးခမျာ မနားတမ်း လုပ်ပေးတဲ့သူဖြစ်သတဲ့။

အဲဒီအလုပ်က အခြားမဟုတ်ဘူး လက်ဖက်ရည်အိုး တည်ပေးတဲ့အလုပ်၊ လက်ဖက်ရည်အိုး ခပ်ပေးတဲ့အလုပ်တွေ ဖြစ်သတဲ့။ အညာရပ်ရဲ့ ထုံးစံဖြစ်တဲ့ အလှူတွေ၊ မင်္ဂလာပွဲတွေနဲ့ အခြားလူမှုရေး ကိစ္စတွေရှိရင် မလွှာပ်၊ ကနားဆောက်ကြရတယ်။ အဲဒီလိုဆောက်ပြီးရင် ထုံးစံအတိုင်း လက်ဖက်ရည်(ရေနွေးကြမ်း)အိုးတည်ပြီး လက်ဖက်ရည်အကြမ်း၊ ပဲပြုတ်၊ လက်ဖက်သုပ်တွေနဲ့ ဧည့်ခံကြတာကိုး။ အဲဒီအခါမှာ လက်ဖက်ရည်အကြမ်းက အမီကဇာတ်လိုက်နေရာမှာ နေခဲ့တဲ့အရာဖြစ်သတဲ့။

''သာအေးရေ ရေနွေးအိုး တည်တော့ဟေ့''

''သာအေးရေ ရေနွေးခပ်ပေးဟေ့''

''ဒီဘက်ဝိုင်း ရေနွေးချပေးဟေ့''

''ဟိုဘက်လည်း ရေနွေးခပ်ပေးပါဦး သာအေးရေ''

အဲသလို ခိုင်းခဲ့ကြရသတဲ့။ တစ်ရက်တော့ ရွာမှာ အလှူပွဲတစ်ပွဲ ရှိသတဲ့။ ထုံးစံအတိုင်း သာအေးက ရေနွေးကြမ်းအိုး တည်နေရသတဲ့။

''သာအေးရေ··· ရေနွေးအိုး တည်နေပြီလား''

''မီးပြင်းပြင်း ထိုးဟေ့''

''ဒါမှ မြန်မြန်ပွက်မှာကွ''

အဲသလို ပြောကြတော့ ရေနွေးအိုးပွက်သတဲ့။ ရေနွေးအိုးပွက်တော့ ရေနွေးခရားတွေ လက်ဖက်ခြောက်ခတ်ပြီး၊ အပြည့်ထည့်ပေးပြီး ထိုင်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေဝိုင်းကို လိုက်ချပေးခဲ့သတဲ့။

အဲသလိုနဲ့ လူကြီးဝိုင်းတစ်ဝိုင်းဟာ အဖန်ရည်အိုးချပေးခဲ့တာ ရှစ်အိုးလောက်ကုန်ပြီ ဖြစ်သတဲ့။ အဲဒီအချိန် ရေနွေးအိုး ပြတ်သွားတော့…

"သာအေး၊ ရှေ့ဟော့… ရေနွေးအိုး ခပ်ပေးပါဦးကွ"

အဲသလိုပြောတော့ သာအေးက လူကြီးတွေရေနွေးဝိုင်းက ရေနွေးကရားကို ယူပြီး တည်တဲ့အနားချထားပြီး ရေနွေးအိုးကို မီးထိုးပေးပြန်တာပေါ့။ လူကြီးတွေကတော့ သာအေးရေနွေးကရားလာပို့နိုးနဲ့ စောင့်ရင်း တစ်နာရီနီးပါး စောင့်နေသတဲ့။ ဒါနဲ့ သာအေးကရား လာမပို့တော့ လူကြီးတစ်ယောက်က လိုက်လာပြီး…

"သာအေး"

"ဗျာ…"

"ရေနွေးက မဆူသေးဘူးလားကွ၊ ကြာလိုက်တာ"

အဲဒီတော့ သာအေးပြန်ပြောလိုက်တဲ့ စကားကြောင့် အဲဒီလူကြီး ခမျာ ပြုံးမိသွားသတဲ့။

သာအေးပြောလိုက်တာက…

"ရေနွေးက တဗွက်ဗွက်နဲ့ ပွက်နေပြီဗျ။ ဒါပေမယ့် ခင်ဗျားတို့ပြောတဲ့အတိုင်း မဆူသေးဘူး၊ မဆဲသေးဘူးဗျ။ အဲဒါကြောင့် မခပ်သေးတာ"

အဲဒီစကား၊ အဲဒီအဖြစ်က နာမည်ကြီးသွားသတဲ့။ သာအေးကိုလည်း ပြောကြသတဲ့။ ဆူတာနဲ့ပွက်တာ အတူတူပဲ အရူးရဲ့တဲ့။

## တော်ပါသေးရဲ့

စီးပွားရေး လုပ်ငန်းရှင်နှစ်ဦးသည် လမ်းမှာဆုံကြသည်။ ထိုနှစ်ယောက်အနက် တစ်ယောက်မှာ လိုက်မမီသည်အထိ စီးပွားရေးတိုးတတ်ခဲ့ပြီး ကျန်တစ်ယောက်မှာ စီးပွားရေးပျက်စပြုနေသူ တစ်ဦးဖြစ်သည်။ စီးပွားပျက်နေသူက စတင်ပြီး ပြောသည်။

"သူငယ်ချင်း… အဆင်သိပ်ပြေနေတယ်ဆို၊ ကိုယ်ကတော့ သိပ်ပြီးအဆင်မပြေဘူးကွာ။ အဲဒါ အကူအညီပေးပါဦး"

ထိုစကားကြောင့် စီးပွားတက်သူက…

"အင်း… အဆင်ပြေတယ် မဟုတ်ပါဘူးကွာ။ ဒီလိုပါပဲ၊ ရုန်းရကန်ရတယ်။ ပြီးတော့ မိန်းမဆိုတာလည်း သူတို့စကားနားထောင်နိုင်မှ တော်ရုံကျတာကွ။ မင်းကို ကူညီချင်ပေမယ့် မိန်းမက ရှိသေးတာကွ"

"နေပါဦး၊ မင်းက မိန်းမကြောက်ရလား"

"ဒါပေါ့ကွ။ မိန်းမကြောက်ရလို့ စီးပွားရေးတက်တာ မင်းကို ကူညီဖို့ဆိုတာလည်း မိန်းမကို ပြောရဦးမှာကွ"

"ကြောက်လက်စနဲ့ ဆက်ကြောက်ပါကွာ။ မကူချင်နေပါတော့"

"အဲသလို ပြောမှပြောပါ့မလားလို့ကွာ၊ တော်ပါသေးရဲ့"

စီးပွားတက်သူသည် မလှမ်းမကမ်း၌ ရပ်နေသည့် မိန်းမဖြစ်သူထံ အပြေးထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဘယ်လိုတော်သလဲ

တစ်ခါက အထက်အညာက ရွာတစ်ရွာမှာ ကိုအောင်မြင့်နှင့် ကိုကျော်တင့်ဆိုသည့် လူနှစ်ယောက် ရှိသတဲ့။ အဲဒီ ကိုအောင်မြင့်နှင့် ကိုကျော်တင့်ဟာ စကားပြောရာမှာ ခပ်ကပ်ကပ် ပြောတတ်သလို ရယ်စရာ အဖြစ် ကြံဖန်ပြီးလည်း ပြောတတ်ကြတဲ့ သူတွေဖြစ်ပြီး ရွာထဲမှာ အလှူပွဲ တွေ၊ မင်္ဂလာပွဲတွေရှိလို့ မဏ္ဍပ်ထဲမှာ သူတို့နှစ်ဦးတွေ့ပြီဆိုရင် ရန်ဖြစ်နေတယ်လို့ ထင်ရတဲ့အထိ အငြင်းပွားကြ၊ တစ်ယောက်နဲ့တစ် ယောက်ပြောကြ ဆိုကြနဲ့ လုပ်တတ်ကြတဲ့။

သူတို့နှစ်ယောက်တွေ့တဲ့ စကားဝိုင်းဆိုရင် ရွာထဲမှာရှိတဲ့ လူကြီး လူလတ်လူငယ်ပါမကျန် ဝိုင်းပြီး နားထောင်တတ်ကြသတဲ့။

“ဒီနှစ်ယောက်တွေ့ကြရင် တဆောင်းစေးနဲ့ မျက်ချေးလိုပဲကွ”

“ဟုတ်ပဗျာ။ သူတို့အသံက ဟိုဘက်ရွာကတောင် ကြားရမယ့် ပုံဗျ”

“ရန်ဖြစ်သလိုပြောနေကြပေမယ့် နားထောင်တော့ အကောင်းပဲ ကွ”

ရွာထဲကလူတွေ အဲဒီလိုပြောဖြစ်ကြသတဲ့။ တစ်ခါကလည်း အလှူပွဲ တစ်ပွဲမှာ အငြင်းပွားလိုက်ကြတာ တစ်ယောက်နဲ့တစ်ယောက် ထသတ်



ကြ၊ ထထိုးကြတော့မယ့် အတိုင်းပါပဲတဲ့။

တစ်ရက်မှာတော့ အဲဒီရွာမှာ မင်္ဂလာပွဲတစ်ပွဲ ရှိသတဲ့။ အဲသလို မင်္ဂလာပွဲရှိတော့ ရပ်ရွာထုံးစံအတိုင်း မဏ္ဍပ်ဆောက်ကြ၊ ရေတိုက်ကြ၊ မဏ္ဍပ်ပြင်ဆင်ကြနဲ့ ရွာကလူငယ်တွေ ဝိုင်းဝိုင်းဝန်းဝန်း လုပ်နေကြသတဲ့။ မင်္ဂလာပွဲ အစနေ့မှာ မနက်ခင်းမဏ္ဍပ်ဆောက်ပြီးတော့ မဏ္ဍပ်ဆောက်တဲ့ လူငယ်တွေကို အဖန်ရည်နဲ့ လက်ဖက်သုပ် တည်ခင်းဧည့်ခံပြီး ကျွေးမွေး ခဲ့သတဲ့။

အဲဒီဝိုင်းဝန်းပြီးလုပ်တဲ့အထဲမှာ ကိုအောင်မြင့်နဲ့ ကိုကျော်တင့်လည်း ပါခဲ့ကြတာပေါ့။ အဲသလိုနဲ့ လူငယ်တွေရော လူကြီးတွေပါ ဝိုင်းထိုင်ကြပြီး အဖန်ရည်သောက်ကြ၊ လက်ဖက်သုပ်စားကြ၊ စကားပြောကြနဲ့ မဏ္ဍပ်ထဲမှာ ဆူပွက်နေကြသတဲ့။ အဲဒီစကားဝိုင်း လေးငါးဝိုင်းရှိတဲ့အထဲမှာ ကိုအောင် မြင့်ကတစ်ဝိုင်း၊ ကိုကျော်တင့်ကတစ်ဝိုင်း ထိုင်နေကြတာ ဖြစ်သတဲ့။

အဲဒီအချိန် သတို့သားနဲ့ သတို့သမီးတို့ဟာ သူတို့သူငယ်ချင်းတွေ နဲ့တွေ့ပြီး စကားပြောနေကြသတဲ့။ သတို့သားအမည်က မောင်မောင်ဖြစ်ပြီး သတို့သမီးအမည်က ခင်မူဆိုတဲ့အမည် ဖြစ်သတဲ့။ အဲသလို မောင်မောင်နဲ့ ခင်မူတို့ အိမ်ထဲမှာ စကားပြောဆဲအချိန် ခင်မူရဲ့မောင်ဖြစ်သူ ကျော်ဆွေ ဆိုတဲ့ ကောင်လေးတစ်ယောက်လည်း မဏ္ဍပ်ထဲ ဝင်လာသတဲ့။

အဲဒီတော့ ကိုအောင်မြင့်က အခြားဝိုင်းမှာ ရှိနေတဲ့ ကိုကျော်တင့်ကို ပြောလိုက်သတဲ့။

“ကိုကျော်တင့်”

“ဘာလဲကွ၊ မတည့်ဘဲနဲ့ ခေါ်ပြန်ပြီ”

“မောင်မောင်နဲ့ ကျော်ဆွေက ဘာတော်သလဲဗျ”

ကိုအောင်မြင့်က အဲဒီလို မေးသတဲ့။ အဲဒီတော့ ကိုကျော်တင့်က…

“ဟာ… ဒါများရှင်းရှင်းလေး၊ ဒါလေးတောင် မသိဘူးလား၊ ယောက်ဖ တော်တာပေါ့ကွ”

“ဪ… ဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



အဲသလိုပဲမေးပြီး ကိုအောင်မြင့်က အဖန်ဆက်သောက်ပြီး ပြုံးနေသတဲ့။ ကိုကျော်တင့်ကလည်း ဘာမှပြန်မပြောခဲ့ဘူးတဲ့။ ရွာထဲက လူတွေကတော့ သူတို့နှစ်ဦးဘာတွေ ပြောကြဦးမလဲဆိုတာ တွေးရင်း ရှိနေကြသတဲ့။

အတော်ကြာတော့ ကိုအောင်မြင့်က ကိုကျော်တင့်ကို···

''ကိုကျော်တင့်''

''လာပြန်ပြီ၊ ခေါ်ပြန်ပြီ။ ကဲ-ဘာမေးချင်တာလဲ၊ မသိရင်မေးဖြေပြမယ်''

''တကယ်လား''

''တကယ်ပြောတာ''

''ဒါဆိုရင် မေးမယ်''

''မေးမယ်၊ ဘာတွေ ပွနေလို့လဲကွ''

အဲဒီလိုပြောရင်း သူ့မေးကို ပွတ်သပ်နေသတဲ့။ ကိုအောင်မြင့်က

''မေးမယ်ဆိုတာ ခင်ဗျားမေးက မေးမွေးရှိတာကို ပြောတာမဟုတ်ဘူး၊ မေးစရာမေးခွန်းရှိတယ်လို့ ပြောတာ''

''မေးပါ အောင်မြင့်ရ။ အညာသားပေါ်ဦးဆိုတာ ငါပါကွ''

''ဟုတ်ပြီ။ မေးမယ်''

''မေး''

အဲသလိုနဲ့ ကိုအောင်မြင့်က ကိုကျော်တင့်ကို မေးလိုက်သတဲ့။

''ကိုကျော်တင့်နှမနဲ့ ကျုပ်နဲ့ရရင် ကျုပ်နဲ့ကိုကျော်တင့် ဘာတော်သလဲ ကဲ··· အမှန်ဖြေပါဦး''

အဲသလို မေးလိုက်သတဲ့။ အဲသိလို မေးလိုက်တဲ့အတွက် ကိုကျော်တင့်ဟာ စိတ်ဆိုးပြီး ထရိုက်လေမလား၊ သတ်ကြလေမလားဆိုပြီး မဲတင်းနေကြ၊ စိုးရိမ်နေကြသတဲ့။ ကိုအောင်မြင့်ဟာ သူ့မေးခွန်းသူ မေးအပြီး အောင်နိုင်သူ အပြုံးနဲ့ ရှိနေသတဲ့။ ကိုကျော်တင့်ကတော့ အပြုံးမပျက်ဘဲ ရှိသတဲ့။



''ကဲ··· ဖြေလေ ကိုကျော်တင့်''

''ဟုတ်ပြီ။ ဖြေပါ့မယ်''

အဲသိလို ပြောအပြီး ကိုကျော်တင့်က ဖြေလိုက်သတဲ့။ အဲဒီအဖြေကြောင့် ကြားရသူတွေ ရယ်မိကြပြီး ကိုအောင်မြင့်မှာ မျက်လုံးပြူးသွားသတဲ့။

ကိုကျော်တင့် ဖြေလိုက်တာက

''မင်းက မင်းနဲ့ ငါ့နှမနဲ့ရရင် မင်းနဲ့ငါ ဘာတော်သလဲတဲ့။ ဘယ်လိုတော်သလဲဆိုရင် မင်းနှမနဲ့ ငါနဲ့ရရင် မင်းနဲ့ငါတော်သလို တော်တာပေါ့ကွ''

အဲဒီအဖြေက ကြားရသူတွေ မရယ်ဘဲ မနေနိုင်ကြဘဲနဲ့ ရာဇဝင်တွင်သွားတဲ့စကား ဖြစ်သွားသတဲ့။

www.burmeseclassic.com

www.burmeseclassic.com

# တာတီးရဲ့စကား

တစ်ခါက အထက်အညာအရပ်က ရွာတစ်ရွာမှာ တာတီးဆိုတဲ့ လူငယ်တစ်ယောက် ရှိသတဲ့။ တာတီးဟာ အသက်နှစ်ဆယ်ကျော်ရုံရှိပြီး ခပ်ပေါပေါ ကောင်လေးတစ်ယောက် ဖြစ်သတဲ့။ တာတီးဟာ သွားရည်တမျှားမျှားကျနေတဲ့လူ၊ မျက်လုံးပြူးပြူးတစ်စုံက လန့်ထွက်နေပြီး နှပ်ချေးအမြဲထွက်နေကာ တရှုံ့ရှုံ့နဲ့ ဖြစ်နေတဲ့သူ ဖြစ်သတဲ့။ အဲဒီတာတီးဟာ နှာခေါင်းပေါက် နှစ်ပေါက်အောက်ကနေပြီး အပေါ်နှုတ်ခမ်းထိ ကွဲနေတဲ့သူဖြစ်တဲ့အတွက် စကားပြောရင် မပီမသ ပြောတဲ့လူ ဖြစ်သတဲ့။

တာတီးဟာ မိခင်လည်း မရှိတော့ဘူးတဲ့။ ဖခင်ဖြစ်သူနဲ့ နေရပြီး ရွာမှာရှိတဲ့ ဘုန်းကြီးကျောင်းမှာ ကပ်နေတဲ့လူ ဖြစ်သတဲ့။ တာတီးဟာ ကျောင်းမှာ ဆွမ်းကွမ်းလှယ်ရတယ်။ ထမင်းဟင်းစားပြီးရင် ပန်းကန်တွေဆေးရတယ်။ အမှိုက်လှဲ၊ ကုဋီရေ ဖြည့်ရတယ်။ ဘုန်းကြီးကျောင်းက အလုပ်ပြီးရင် ရွာထဲကိုပြန်ပြီး ဘယ်အိမ်ကပဲ ခိုင်းခိုင်း ခိုင်းတဲ့အလုပ်ကို မငြင်းဘဲနဲ့ အားလုံးလုပ်တတ်တဲ့လူ ဖြစ်သတဲ့။

"တာတီးရေ"

"ညာ…ကျော၊ ညာချိုင်းချင်ရို့ညဲညာ…"



တာတီးဟာ အဲသလိုခေါ်တဲ့လူရှိရင် ဗျာလို့ထူးပြီး ဘာခိုင်းချင်လို့လဲဗျ ဆိုပြီး ပြန်ပြောတတ်သတဲ့။

"ရေခပ်ခဲ့ပါဦးကွာ၊ ညနေစာ ကျွေးမယ်ဟေ့"

"ဟုတ်၊ ညှပ်ပေးချဲ့ညယ်…ညမင်းကျွေး"

"အေး… ကျွေးပါ့မယ်ကွ၊ ခပ်ပေးခဲ့"

အဲသလို ရေခပ်ပြီးရင် ထမင်းကျွေးရသတဲ့။ တစ်ခါတစ်ရံ ထင်းဖြတ်ခိုင်းတဲ့ အိမ်ရှိသတဲ့။

"တာတီးရေ"

"ညာ"

"ထင်းဖြတ်ပေးခဲ့ပါဦးကွာ ဦးလေးနေမကောင်းလို့၊ ထမင်းကျွေးမယ်ဟေ့"

"ဟုတ်… ညင်းညှပ်ပေးခဲ့မယ်ရေ…"

ထင်းဖြတ်ပေးခဲ့မယ်လေ ဆိုပြီး ထင်းတွေ ဖြတ်ပေးခဲ့သတဲ့။

တစ်ရက်တော့ အဲဒီရွာမှာ မင်္ဂလာဆောင်တစ်ဆောင် ရှိသတဲ့။ အဲဒီမင်္ဂလာဆောင်မှာ သတို့သားက မောင်အေးဆိုတဲ့သူဖြစ်ပြီး သတို့သမီးက မြခင်ဆိုတဲ့ သတို့သမီး ဖြစ်သတဲ့။ အဲသလိုမင်္ဂလာပွဲရှိတော့ တာတီးကို လက်ဖက်ရည်အိုးတည်ခိုင်းကြ၊ လက်ဖက်ရည်အိုးခပ်ခိုင်းကြ၊ ထင်းပေါက်ခိုင်းကြနဲ့ ရှိသတဲ့။

အဲသလိုနဲ့ မဏ္ဍပ်ဆောက်အပြီးမှာတော့ ရပ်ရွာရဲ့ ထုံးစံအတိုင်း လက်ဖက်ရည်နဲ့ လက်ဖက်သုပ်နဲ့ ဧည့်ခံခဲ့သတဲ့။ အဲသလို ဧည့်ခံဆဲမှာ ကာလသားတစ်ဦးက မဏ္ဍပ်ပေါ်ကိုကျနေတဲ့ သစ်ကိုင်းမလွတ်လို့ တက်ပြီးခုတ်ချင်သတဲ့။ ဒါပေမယ့် သစ်ပင်ပေါ်ကို ဘယ်သူမှ မတက်ရဲဘူးပေါ့။

"ဟေ့ကောင်တွေ သစ်ပင်ပေါ်က သစ်ကိုင်းကို တက်ပြီးခုတ်ကြစမ်းကွာ ဘယ်သူတက်နိုင်လဲဟေ့"

"မတက်ရဲဘူးဗျာ"

"မတက်နိုင်ဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com

အဲသလိုမတက်ရဲတဲ့ လူများတော့ ကာလသားဖြစ်သူက···

''တာတီးလေးရေ''

''ညာ···''

''တာတီးက ဒီလိုသစ်ပင်မဆိုထားနဲ့၊ အုန်းပင်တွေ ထန်းပင်တွေကို တောင်တက်ပြီး အုန်းသီးထန်းသီးတွေတောင် ခုတ်နိုင်တဲ့ တာတီးဆိုတာ သိပြီးသားကွ''

''ဟုတ်တယ်ဗျ။ အဲသလို ထန်းပင်အုန်းပင်တွေကိုတောင် မကဘူး၊ အဲဒီထက်မြင့်တဲ့ အပင်ကြီးတွေတောင် တက်နိုင်သေးတဲ့ တာတီးဗျ''

''ကဲ···တာတီးရေ၊ ဒီမဏ္ဍပ်နဲ့ မလှတ်ကင်း ဟောဟိုသစ်ပင်က သစ်ကိုင်းတစ်ကိုင်း ခုတ်ချင်တယ်ကွာ၊ တက်ခုတ်ပေးစမ်းပါ''

''ဒီမှာဟေ့··· ဓား၊ ရော့ကွာ··· တာတီး''

အဲသလိုပြောပြီး လူငယ်တွေက တာတီးကို မြှောက်ပင့်ပေးပြီး ခုတ်စရာဓားတစ်ချောင်း ပေးလိုက်သတဲ့။ တာတီးဟာ သစ်ပင်ကိုကြည့်ရင်း ရှိသတဲ့။ အဲဒီအချိန် သတို့သားမောင်အေးနဲ့ သတို့သမီးမြခင်တို့ဟာ မောင်အေးအိမ်ထဲက ပဲအိတ်တွေ နှမ်းအိတ်တွေ အပြင်ကနေအိမ်ထဲ သွင်းနေတဲ့ အချိန်တဲ့။ မြခင်က အိတ်တွေရွက်ပြီး အိမ်ထဲသွင်းတယ်။ မောင်အေးက ပင့်ပေးနေသတဲ့။ မောင်အေးက အိတ်တွေပင့်ပေးရင်း···

''မြခင် ရွက်နိုင်ရဲ့လား၊ ခါးနာသွားမယ်နော်''

''ရပါတယ်။ ကိုအေးသာ ခါးနာသွားဦးမယ်''

အဲသလိုမောင်အေးက မြှောက်ပေးပြီး အိတ်ကိုတင်ပေးလိုက်၊ မြခင်ကရွက်သွားလိုက်နဲ့ လုပ်နေတဲ့အချိန်မှာ တာတီးပြောလိုက်တဲ့စကားကြောင့် အားလုံးတဟားဟား ရယ်မောလိုက်ကြသတဲ့။

တာတီးပြောလိုက်တဲ့ စကားက···

''ညှင်း···မှောင်ညေးက ညချင်ကို ညှောင့်ညှောင့်ကျေးသရိုးညင်းရို့ဂရဲ့၊ ညာ့ညို့ညှောင့်ညှောင့် ပေးကြတယ်''

(တကယ်တော့ တာတီးစကားက ဟင်း··· မောင်အေးကမြခင်ကို



မြှောက်မြှောက်ပေးသလို မင်းတို့ကလည်း ငါ့ကိုမြှောက်မြှောက်ပေးနေကြတယ်)လို့ ပြောလိုက်တာပါပဲ။ အဲဒီစကား၊ အဲဒီအဖြစ်က အဲဒီရွာမှာ နာမည်ကြီးသွားပြီး လူငယ်ချင်းတွေ့ရင် မင်္ဂလာပွဲတွေရှိရင်လည်း ရယ်စရာစကားအဖြစ် ပြောတတ်ကြသတဲ့။

အဲဒီစကားက···

တာတီးပြောသလို ပြောလိုက်မယ်နော်၊ ငါ့ကိုညှောင့်ညှောင့်မပေးနဲ့ဆိုတဲ့စကားပါပဲ။ သြော်··· တာတီးစကားက မှတ်သားစရာ ကောင်းပါဘိတော့။

www.burmeseclassic.com

www.burmeseclassic.com

## ပိုင်ပါတယ်ကွာ

တစ်ခါက အထက်အရပ်မှာ ရွာကြီးတစ်ရွာရှိသတဲ့။ အဲဒီရွာကြီးမှာ အနိပ်ပညာဝါသနာပါတဲ့ ကိုအောင်ငြိမ်းဆိုတဲ့ လူတစ်ယောက်ရှိတယ်။ အဲဒီကိုအောင်ငြိမ်းဟာ အသက်လေးဆယ်ကျော်ရှိတဲ့သူဖြစ်ပြီး အိမ်ထောင်ရှိတဲ့လူ ဖြစ်သတဲ့။ ကိုအောင်ငြိမ်းရဲ့ဇနီးက မသန်းဆိုသူဖြစ်ပြီး သားသမီးနှစ်ဦးရှိတဲ့ မိသားစုဖြစ်သတဲ့။

အဲဒီအနိပ်ဝါသနာပါတဲ့ ကိုအောင်ငြိမ်းဟာ တောင်သူလုပ်ငန်းလုပ်ရာမှာလည်း ကျွမ်းတော့ ရွာထဲက တောင်သူတွေက ထွန်ငှားခေါ်ရင်လည်းလိုက်တယ်၊ ထယ်ထိုးငှားခေါ်ရင်လည်း လိုက်တယ်။ မြောင်းပေါက်၊ မြေတင်၊ ရေသွင်းစတဲ့ အောက်ခြေသိမ်း အလုပ်မျိုးစုံမှန်သမျှ လိုက်တဲ့သူဖြစ်သလို ဇနီးဖြစ်သူမသန်းကလည်း တောအလုပ်မျိုးစုံလိုက်ပြီး မိသားစုစားဝတ်နေရေးကို ရှာဖွေနေကြတဲ့သူတွေလည်း ဖြစ်သတဲ့။

ဒါပေမယ့် ကိုအောင်ငြိမ်းမှာ အကျင့်တစ်ခုရှိတယ်။ အဲဒါဘာလဲဆိုရင် အရက်သောက်ချင်တာပဲဖြစ်ပြီး အရက်သောက်ရမယ်ဆိုရင် မိသားစုမေ့၊ ထမင်းဟင်းမေ့တဲ့အထိ ဖြစ်သတဲ့။ အဲလောက်အထိ အရက်ကိုကြိုက်တဲ့လူ စွဲတဲ့လူဖြစ်သတဲ့။ အထွန်ငှားလိုက်လို့ရတဲ့ ပိုက်ဆံကို အရက်သောက်ပစ်တယ်။ ထယ်ထိုးခရတဲ့ ပိုက်ဆံကို အရက်သောက်ပစ်တယ်။ မိန်းမဖြစ်သူကို သိပ်ပြီး မပေးဘူးတဲ့။



"ဘယ်မလဲ၊ တော့်...လုပ်အားခ"

"ကုန်ပြီ။ အရက်ဖိုးပေးလိုက်ရလို့"

အဲသလိုပြောတတ်တဲ့လူ ဖြစ်သတဲ့။

"မသာကြီး၊ ကာလနာကြီး၊ အော်ဝမ်းကျကြီး... လုပ်အားခကျတော့ အကုန်သောက်ပစ်တယ်။ စားဖို့သောက်ဖို့ကျတော့ တစ်ပြားမှ မပေးဘူး"

"မျိုလည်းမျိုနိုင်တဲ့ ဒီအရက်... သေလည်း မသေနိုင်ဘူး"

မိန်းမဖြစ်သူကတော့ လုပ်အားခမပေးတဲ့အခါတိုင်း အဲသလို ကျိန်ဆဲပြီး ဆူတတ်သတဲ့။ ဒါပေမယ့် ကိုအောင်ငြိမ်းကတော့ သူသောက်ရပြီးရော၊ ဘယ်လိုပြောပြော၊ ဘယ်လိုကျိန်ကျိန်၊ ဘယ်လောက်ပဲဆဲဆဲ အပြုံးမပျက်ခဲ့သူ ဖြစ်သတဲ့။

အဲ-အဲဒီကိုအောင်ငြိမ်းဟာ တောအလုပ်လုပ်ရတဲ့ငွေမှ မဟုတ်ဘူး၊ ရွာထဲက အနိပ်ခေါ်လို့ ပေးတဲ့ငွေကိုလည်း အရက်ဖိုမှာ လမ်းဆုံးအောင် အရက်ဖိုးပဲ ပေးခဲ့သတဲ့။ ရွာထဲက လူတွေဟာလည်း ဗိုက်နာရင်၊ ခေါင်းကိုက်ရင်၊ ခြေလက်ကိုက်ခဲရင်၊ ဇက်ကြောတတ်ရင် အနိပ်ခံဖို့ ကိုအောင်ငြိမ်းကို ခေါ်ကြသတဲ့။

"ကိုအောင်ငြိမ်း... ကျုပ်မိန်းမ ဗိုက်နာနေလို့ဗျာ"

"အမေ... ခေါင်းကိုက်လို့"

"အိမ်ကလူ ခြေထောက်တွေ ကိုက်နေလို့"

"ကျုပ်အမျိုးသမီး လက်နာသွားလို့"

အဲသလိုခေါ်ပြီး နှိပ်နိုင်းကြသတဲ့။ အဲသလိုနှိပ်ပြီးရင်...

"ရော... အရက်ဖိုးနှစ်ရာ"

"ဒီမှာ ထွေးညိုနဲ့အဖော်ပြုဖို့ ငါးရာ"

အဲဒီလိုပေးကြရင် ကိုအောင်ငြိမ်းခမျာ အလွန်ပျော်ရွှင်သွားသတဲ့ ဘာဖြစ်လို့လဲဆိုရင် အရက်ဖိုးပဲ လိုချင်တာကိုး။ မိသားစုစားသောက်ရေးမှ ထည့်မတွက်တာကိုး။

www.burmeseclassic.com

www.burmeseclassic.com



အဲသလိုနဲ့ တစ်ရက်တော့ လူနာတစ်ဦးက ကိုအောင်ငြိမ်းကို လာခေါ်သတဲ့။

"ကိုကြီးအောင်ငြိမ်း"

"ဟေး..."

"လိုက်ခဲ့စမ်းပါဗျာ... အဖေကအခေါ်လွှတ်လို့၊ ဘာဖြစ်တယ်တော့ မသိဘူး"

"အင်း- အင်း- လိုက်ခဲ့မယ်ဟေ့... နေဦး"

အဲသလိုနဲ့ လူနာအိမ်ကို လိုက်ခဲ့သတဲ့။ အဲဒီအိမ်ရောက်တော့ ဝေဒနာရှင်က ခါးနာတာကို အနှိပ်ခိုင်းသတဲ့။

"အား... ဒီကနေ့လှည်းပေါ်ကအဆင်း ခါးထဲမှာ မျက်ကဲနဲ့ ဖြစ်သွားပြီး ခါးနာသွားတာကွ"

"ရပါတယ်၊ စိတ်ချ... ပျောက်ရစေမယ်"

အဲသလိုပြောပြီး နှိပ်ခဲ့သတဲ့။ အဲသလိုနဲ့ တစ်နာရီလောက်ကြာအောင် နှိပ်အပြီးမှာ ကိုမြအောင်ဆိုတဲ့ လူရောက်လာသတဲ့။ အဲဒီ ကိုမြအောင်က ကိုအောင်ငြိမ်းကို ပြောသတဲ့။

"ကိုအောင်ငြိမ်း"

"ဗျာ..."

"ဟို- ခါးနာတာ၊ ခြေလက်နာတာ၊ ခေါင်းကိုက်တာတို့ပဲ နှိပ်တတ်သလား၊ ဟို...ဘောပိုင်သလားဗျာ"

"ဘောလား...ဟား- ပိုင်တာပေါ့။ အောင်ငြိမ်းပဲဗျာ။ မပိုင်ပဲနေ မလား"

"ဒါဆိုရင် မနက်ဖြန် ကျုပ်ဆီလာခဲ့စမ်းပါဗျာ...နော်"

"စိတ်ချ...စိတ်ချ"

တကယ်တော့ ကိုမြအောင်ပြောတာက ဘောကျရောဂါလို့ ခေါ်တဲ့ လေကျ၊ အူကျလို့ဖြစ်တဲ့ ငယ်ပါကျတဲ့ရောဂါကို ပြောတာတဲ့။ အဲဒါ- ကိုမြအောင်ကလည်း ရှင်းအောင်မပြော၊ ကိုအောင်ငြိမ်းကလည်း ပြီးစလွယ်



နားထောင်ခဲ့သတဲ့။ အဲသလိုနဲ့ နောက်ရက်ရောက်တော့ ကိုမြအောင်ရဲ့ သားဖြစ်သူက ကိုအောင်ငြိမ်းကို လာခေါ်သတဲ့။

"ကိုကြီးအောင်ငြိမ်း"

"ဟေး..."

"အဖေက အခေါ်လွှတ်လို့"

"ဪ... သွားနှင့်၊ လာခဲ့မယ်"

အဲသလိုပြောပြီး ကိုအောင်ငြိမ်းက အရက်ဖိုဝင်ပြီး အရက်တစ်ပိုင်း သောက်သတဲ့။ အဲသလိုသောက်အပြီး စာသင်ကျောင်းသွား၊ ဘောတစ်ချက် ငှားပြီး ကိုမြအောင်အိမ် လာခဲ့တယ်။ ကိုမြအောင် အိမ်ရောက်တော့...

"ကဲ... မြအောင်၊ ဘောရော့။ ပိုင်ပါတယ်ဆိုနေ၊ ကျောင်းအုပ်ကြီးဆီကယူလာတာ"

အဲဒီစကားကြောင့် ကိုမြအောင်တို့ တဟားဟား ရယ်မောမိကြသတဲ့။ ကိုမြအောင်က...

"ဟာ... ကိုအောင်ငြိမ်းရာ၊ အဲဒီဘော ပြောတာမဟုတ်ဘူးဗျ၊ ကျုပ်လေကြောင့်ဖြစ်နေတဲ့... ဟောဒီဘော၊ ဟောဒီဘောကို ပြောတာ"

အဲဒီအဖြစ်၊ အဲဒီစကားက အဲဒီရွာမှာ ရာဇဝင်တွင်သွားပြီး ကိုအောင်ငြိမ်းကို ရယ်စရာအဖြစ် ပြောကြသတဲ့။

"ဘောဘောကြီးအောင်ငြိမ်း"တဲ့လေ။

www.burmeseclassic.com

www.burmeseclassic.com

## လွဲရစေသား ဆုတောင်းသွားမယ်

တစ်ခါက အထက်အညာအရပ်မှာ ရွာကြီးတစ်ရွာ ရှိသတဲ့။ အဲဒီရွာမှာ တောင်သူဦးရေက များပြီး အလုပ်သမားနည်းပါးတဲ့ ရွာဖြစ်လို့ တောင်သူတွေဟာ မရှိမဖြစ်လိုအပ်တဲ့ အလုပ်သမားတွေငှားပြီး အားကိုးတကြီးနဲ့ တောင်သူလုပ်ငန်းတွေကို လုပ်ကိုင်ကြရတဲ့ ရွာဖြစ်သတဲ့။ အလုပ်သမားတွေခမျာ ကျွဲတွေ နွားတွေနဲ့ ကုန်းကျုံးပြီး လုပ်ကြရလို့ ဆင်းရဲကြတဲ့အတွက် အလုပ်ရှင်တောင်သူတွေက အလုပ်သမားတွေရဲ့ လုပ်အားခကို မြှင့်ပေးကြတဲ့အပြင် ထမင်းဟင်းကျွေးရင်လည်း စပယ်ရှယ်ကျွေးမွေးကြသတဲ့။

ဒါပေမယ့် အဲဒီရွာမှာ အလွန်နှမြောတဲ့ မိသားစုတစ်စု ရှိသတဲ့။ အဲဒီမိသားစုအမည်က ဦးငွေမောင်-ဒေါ်ကြွက်တို့ မိသားစုဖြစ်ပြီး အဲဒီဦးငွေမောင်တို့မှာ မောင်သက်ဆိုတဲ့ သားတစ်ဦးရှိသတဲ့။ မိဘတွေက နှမြောတဲ့လူဖြစ်လေတော့ သားဖြစ်သူကလည်း မိဘတွေလိုပဲ နှမြောတဲ့လူဖြစ်သတဲ့။

"အဲဒီ ကိုငွေမောင်တို့ကတော့ နှမြောလိုက်တာ လွန်ရောဟေ့"

"ကိုငွေမောင်မှမဟုတ်ဘူး၊ မကြွက်ကလည်း နှမြောတာပါပဲကွာ"

"သူ့သားမောင်သက် ပိုဆိုးတယ်ဟေ့"



"ဟုတ်ပါ့ကွာ၊ အဲသလိုနှမြောလို့လည်း သူတို့အိမ်မှာ လူငှားငှားလို့မရတာပေါ့"

"နှမြောတဲ့လူတွေဆိုတော့ ဘယ်ပျော်မှာလဲ"

ရွာထဲက တောင်သူအချင်းချင်းကတော့ အဲသလိုပြောကြပြီး အလုပ်သမားတွေကလည်း ပြောကြသတဲ့။

"အဲဒီ မောင်သက်တို့အခင်းဆိုရင် ရှောင်ကြဟေ့"

"သူတို့အခင်းလိုက်ရင် သက်တမ်းတိုလိမ့်မယ်နော်"

"မရှိရင် ငါးပိနဲ့ပဲ စားကွ။ အဲဒီအိမ်တော့ မလိုက်နဲ့"

အဲသလို ပြောကြသတဲ့။ ပြောမယ်ဆိုလည်း ပြောစရာပါပဲ။ ဘာဖြစ်လို့လဲဆိုရင် တောအလုပ်ရှိလို့ ကျွေးရင်လည်း ငါးပိချက်၊ ခရမ်းသီးချက်ပဲ ပါသတဲ့။ တောမှာ မကောင်းတာကျွေးပြီး အိမ်မှာကျွေးသလားဆိုတော့လည်း အိမ်မှာလည်း မကျွေးတဲ့သူတွေ ဖြစ်တာကိုး။

အဲသလိုနဲ့ တစ်ရက်မှာထွန်ယက်ဖို့ အရေးကြီးတော့ ဦးငွေမောင်က...

"မောင်သက်ရေ"

"ဗျာ... အဖေ"

"ထွန်တဲ့လူတစ်ဦးရှာကွာ"

"ဟုတ်"

အဲဒါနဲ့ မောင်သက်က ရွာထဲမှာရှိတဲ့ ကျက်တောဆိုတဲ့လူဆီလာခဲ့သတဲ့။

"ကိုကျက်တော"

"ပြော..."

"အထွန်တစ်ရက်လောက် လိုက်ခဲ့စမ်းပါဗျာ"

"မအားဘူးကွ၊ အားလည်း မလိုက်ချင်ဘူး"

"လုပ်ပါဗျာ၊ ဝက်အမဲဟင်း ပါရစေမယ်။ ကျွေးပါ့မယ်"

"အင်း... ဒါဆိုရင် လိုက်ခဲ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



အဲသလိုနဲ့ ကျုက်တောဟာ မောင်သက်နဲ့အတူ အထွန်ထွက်ခဲ့ပြီး နေဝင်ကာနီးမှ ပြန်ခဲ့ကြသတဲ့။ အိမ်ရောက်တော့ ထမင်းကဆား၊ စိတ်က ဆိုးနေတဲ့ကျုက်တောမှာ ဒေါသတွေ ဖြစ်နေတာပေါ့။ အဲသလိုနဲ့ ထမင်းဝိုင်း ဝင်ကြသတဲ့။ စားပွဲပေါ်က ထမင်းကိုကြည့်ပြီး ကျုက်တောဟာ စာစပ် လိုက်သတဲ့။

"ဝက်သားရယ်လို့ လိမ်ခေါ်... တိမ်ပေါ်အထိကိုလိုက်မယ်လို့ ကြွားခဲ့... အမှားနှင့်ကြုံ... ငါးပိနဲ့ဆုံပါပေါ့... ဆင်းရဲတဲ့ ဘဝအဆက် ဆက်...ငသက်နဲ့ လွဲရစေသား..."

အဲသလို စာချိုးပြီး ထမင်းမစားဘဲ အိမ်ကို ပြန်ပြေးခဲ့သတဲ့။ အဲဒီစာချိုးနဲ့ အဲဒီစကားက အဲဒီရွာမှာ ရာဇဝင်တွင်သွားပြီး ကျုက်တောကို လည်း ရယ်စရာအဖြစ် ပြောကြသတဲ့။

"ငပိချက်ကြောင့် ပြေးတဲ့လူကြီး"တဲ့။

## ကောင်းတယ် ကောင်းတယ်

နားလေးသူနှင့် နားမလေးသူနှစ်ဦး လမ်းမှာဆုံကြသည်။ နားလေး သူက နားမလေးသူအား မေးသည်။

"ဟော့ကောင်... မင်းမိန်းမ နေကောင်းသွားပြီလားကွ။ ဟိုတလော က သိပ်နေမကောင်းဘူးဆို"

အဲသလို မေးတော့ နားမလေးသူက ဖြေသည်။

"အင်း... ဒီကနေ့ဆုံးသွားလို့ ဦးဇင်းပင့်သွားမလို့ကွ"

ထိုအခါ နားလေးသူက နေကောင်းသွားပြီဟု ကြားရပြီး ပြန်ဖြေ သည်။

"ဟင်... ဒီကနေ့ ဦးဇင်းနဲ့ထွက်ပြေးသွားတယ်။ အင်း... ကောင်း တယ်၊ ကောင်းတယ်၊ မင်းကမိန်းမကို လုပ်ကျွေးချင်တဲ့လူမှ မဟုတ်ဘဲကိုး"

အဲသလိုပြောပြီး နားလေးသူသည် လေချွန်၍ ထွက်သွားသည်။ မိန်းမဆုံးသူမှာ လက်သီးဆုပ်၊ တောက်ခေါက်ရင်း ကျန်ရစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ရောဂါပျောက်သွားပြီ

တစ်ခါက အထက်အညာအရပ်မှာ ရွာကြီးတစ်ရွာရှိသတဲ့။ အဲဒီရွာမှာ ကိုလူကြိုင်၊ ကိုလူမောင်ဆိုတဲ့ ညီအစ်ကိုနှစ်ယောက်ရှိသတဲ့။ အဲဒီကိုလူကြိုင်တို့ ညီအစ်ကိုမှာ ကိုလူကြိုင်က အကြီးဖြစ်ပြီး ကိုလူမောင်က အငယ် ဖြစ်သတဲ့။ အဲဒီညီအစ်ကိုဟာ အလွန်ချစ်ခင်ကြပြီး သွေးစည်းကြတဲ့ ညီအစ်ကိုဖြစ်ပြီး သူတို့ညီအစ်ကိုမှာ မိဘတွေမရှိတော့တဲ့အတွက် လယ်ယာမြေတွေကို ညီတူမျှတူ အမွေခွဲဝေအပြီး အိမ်ထောင်ပြုခဲ့ကြတာ ကလေးနှစ်ယောက်စီတောင်ရခဲ့ပြီ ဖြစ်ပါသတဲ့။

အဲသလိုနဲ့ ညီအစ်ကိုနှစ်ယောက်ဟာ သီးခြားစီးပွားရေး၊ သီးခြားအိမ်ဝင်း၊ သီးခြားမိသားစုနဲ့နေကြတာ လမ်းကတစ်လမ်းထဲမှာ နေကြသူတွေဖြစ်သတဲ့။ အဲသလိုကိုယ့်မိသားစုနဲ့ကိုယ်၊ ကိုယ့်တောင်သူလုပ်ငန်းနဲ့ကိုယ်နေရင်း ကိုလူကြိုင်မှာ ရောဂါဖြစ်သတဲ့။ အဲဒီရောဂါက ကင်ဆာလိုလိုမြစ်ပွားနာလိုလိုဖြစ်တဲ့ရောဂါ ဖြစ်သတဲ့။

"လူမောင်"

"ဗျာ··· အစ်ကိုကြီး"

"ငါ့ ဒီအနာကို ဆရာကိုခေါ်ပြီး ပြချင်တယ်ကွာ"

"စိတ်ချအစ်ကို၊ ဟိုဘက်ရွာက ဆေးဆရာသိပ်ကောင်းသတဲ့။ အဲဒါကျုပ်သွားပြီး ပင့်ပေးမယ်"



"အေး- ကောင်းတယ်။ ဆရာကို သွားပြီးပင့်ကွာ"

အဲသလိုနဲ့ ညီဖြစ်သူ ကိုလူမောင်က လှည်းနဲ့ဆရာကို သွားပင့်သတဲ့။ ဆရာဆီရောက်တော့ ကိုလူမောင်က အစ်ကိုဖြစ်သူရဲ့ ရောဂါအခြေအနေကို အားလုံးပြောပြလိုက်သတဲ့။

"သြော်··· ဒါရောဂါလို့ မခေါ်ပါဘူးကွာ။ ဆရာနဲ့တွေ့ရင် ပျောက်ပြီလို့သာ မှတ်ပေရော့ ဟုတ်လား။ ဒီလိုရောဂါက အခုချိန်မှာ အဖြစ်များပါတယ်။ ကဲ ကဲ··· ဆရာလိုက်ခဲ့ပါ့မယ်"

အဲသလိုနဲ့ ဆရာကလိုက်လာပြီး လိမ်းဆေးတွေနဲ့ စားဆေးတွေပေးပြီး···

"ဘာမှ အားမငယ်နဲ့၊ ဆရာနဲ့တွေ့ရင် ပျောက်ပြီလို့သာမှတ်ပေရော့၊ ဒီလိမ်းဆေးနဲ့ ဒီစားဆေးကိုသာ မှန်မှန်စား၊ ခုနစ်ရက်ပြည့်ရင် ဆရာ့ဆီအကြောင်းပြန် ကြားလား"

"ဟုတ်ကဲ့ပါ ဆရာ"

"ဆရာ့ကို အားကိုးပါတယ်"

အဲသလိုနဲ့ဆေးဖိုးငွေကန်တော့အပြီး ဆရာဖြစ်သူကို သူ့ရွာရောက်အောင်လှည်းနဲ့ ပြန်ပို့ခဲ့သတဲ့။ ကျန်ရစ်ခဲ့တဲ့ ကိုလူကြိုင်ကတော့ ရောဂါပျောက်မယ်ဆိုတော့ ဝမ်းပန်းတသာနဲ့ပေါ့။ အဲသလိုနဲ့ ခုနစ်ရက်ပြည့်အပြီး နောက်ဆုံးရက်အကြာမှာ ဆရာ့ဆီသွားသတဲ့။ ကိုလူမောင်ဟာ ဆရာ့အိမ်ထဲဝင်ဝင်ချင်း အခြားလူနာတွေ ဆေးတောင်းကြ၊ လာပင့်ကြတာကို ကြည့်ရင်းနဲ့···

"ဆရာ···"

"ဟာ··· ဟိုဘက်ရွာက မောင်လူမောင်ပါလား၊ ဘယ့်နှယ်လဲဟေ့··· သက်သာရဲ့လား"

ဆရာဖြစ်သူက အဲသလို မေးလိုက်သတဲ့။ အဲဒါ ကိုလူမောင်ပြန်ဖြေလိုက်တဲ့စကားကြောင့် ဆေးဆရာရော၊ ဆေးတောင်းသူတွေ၊ ဆရာလာပင့်သူတွေ မျက်လုံးပြူးသွားကြရသတဲ့။ အဲဒီ ကိုလူမောင်စကားက···

www.burmeseclassic.com

www.burmeseclassic.com



"ဒီကနေ့ရက်လည်လို့ ဆွမ်းသွတ်မယ့်နေ့ ဆရာ့ကိုလာဖိတ်တာ"

အဲဒီအဖြစ်၊ အဲဒီစကားက အဲဒီရွာမှာ ရာဇဝင်တွင်သွားပြီး အဲဒီဆရာကိုလည်း အမည်ပေးကြသတဲ့။ ဘာလဲဆိုတော့...

"ရက်လည်ဆွမ်းသွတ်ရမယ့်ဆရာကြီး"တဲ့။

ကောင်းရော...။

## တော်စမ်းပါကွာ

တစ်ခါက အထက်အညာအရပ်မှာ ရွာကြီးတစ်ရွာရှိသတဲ့။ အဲဒီရွာမှာ အသက်ငါးဆယ်ကျော်နေပြီဖြစ်တဲ့ မုဆိုးဖိုကြီး ကိုကောင်းညွန့်နဲ့ အသက်ငါးဆယ်ကျော်လို့ ခြောက်ဆယ်နားကပ်နေတဲ့ မုဆိုးမကြီး မမြတင်ဆိုတဲ့သူ နှစ်ဦးရှိသတဲ့။ အဲဒီ ကိုကောင်းညွန့်နဲ့ မမြတင်တို့ဟာ အရင်အိမ်ထောင်တွေနဲ့ သားသမီးမကျန်ရစ်ခဲ့ဘဲ စီးပွားရေးတွေသာ ကျန်ရစ်ခဲ့တဲ့သူတွေဖြစ်ပြီး၊ ရွာပေါ်မှာတော့ လူချမ်းသာစာရင်းဝင်တွေ ဖြစ်ကြသတဲ့။

တကယ်တော့ ကိုကောင်းညွန့်ဟာ လွန်ခဲ့တဲ့နှစ်သုံးဆယ်ကျော်က အိမ်ထောင်ကျခဲ့သူဖြစ်ပြီး နှစ်ဖက်ချမ်းသာသူတွေ ဖြစ်ခဲ့ကြတယ်။ သားသမီးလိုချင်ခဲ့ကြပေမယ့် ကလေးမရခဲ့ဘူးတဲ့။ အဲသလိုနဲ့ မိန်းမဖြစ်သူဟာ ရောဂါတစ်ခုနဲ့ ဆုံးပါးခဲ့ပြီး ယခုအထိ အိမ်ထောင်မပြုဘဲ သူ့လုပ်ငန်းသူလုပ်နေတဲ့လူဖြစ်ပြီး မမြတင်ဆိုတာကလည်း နှစ်ဖက်ချမ်းသာတဲ့ မိဘတွေက ပေးစားခဲ့တာ ဖြစ်သတဲ့။ မမြတင်ရဲ့ ယောက်ျားဟာလည်း ရောဂါတစ်ခုနဲ့ ဆုံးပါးခဲ့သူဖြစ်လို့ သားသမီးမကျန်ရစ်ခဲ့တဲ့ မမြတင်ဟာ သူ့လုပ်ငန်းသူ လုပ်နေတဲ့သူ ဖြစ်သတဲ့။

အဲသလိုနဲ့ အဲဒီမုဆိုးဖိုကြီးနဲ့ မုဆိုးမတို့ဟာ တစ်ဦးကိုတစ်ဦး ကြိုက်နေကြတဲ့သူတွေ ဖြစ်သတဲ့။ လူမသိသူမသိ ချစ်ကြိုက်နေတဲ့ သူတို့နှစ်ဦးရဲ့ အရိပ်အငွေ့ကို ရွာကလူတွေ သိကြသတဲ့။ ကိုကောင်းညွန့်ရဲ့ အပေါင်းအသင်းတွေ မမြတင်ရဲ့အပေါင်းအသင်းတွေ ရိပ်မိကြတော့ ပြောကြတာပေါ့။

"ကိုကောင်းညွန့်... ခင်ဗျားမျက်လုံးတွေက မရိုးသားဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



''ဟင်…ငါ့မျက်လုံးတွေက မရှိးသားဘူး၊ ဘာ-ဘာပြုလို့လဲ၊ မျက်လုံးက သူ့ဟာသူနေတာပါ''

''ဟာဗျာ… ကျုပ်တို့ပြောတာက ခင်များမျက်လုံးတွေက မမြတင် အပေါ်ကြည့်တဲ့အခါမှာ ကြိုက်နေတဲ့ အရိပ်အယောင်တွေ တွေ့နေရလို့ မရိုးသားဘူးလို့ ပြောတာ''

''ဒါလား၊ ဒါကတော့ မျက်လုံးကို မေးကြည့်မှ သိမှာပေါ့ကွ''

အဲသလို ပြန်ဖြေတတ်သတဲ့။ မမြတင်ကိုလည်း သူ့အပေါင်းအသင်းတွေက…

''မမြတင်''

''ဘာလဲဟဲ့…''

''ဒီလိုပဲ နေသွားကြတော့မှာလား''

''ဟဲ့… ငါက ဒီလိုမနေလို့ ဘယ်လိုနေရမှာလဲ၊ ပြော-ကပြရမှာလား ဆိုပြရမှာလား''

''အို… ဒီလိုမဟုတ်ပါဘူး။ အိမ်ထောင်မပြုတော့ဘူးလား၊ အိမ်ထောင်ပြုမယ်ဆိုရင် ကိုကြီးကောင်းညွှန့်က မမြတင်ကို ကြိုက်နေတယ်လို့ကြားတယ်။ အဲဒါ စိတ်ကူးမမှားနဲ့နော်၊ အရွယ်ရှိသေးတယ်။ နောင်တစ်ချိန်ကိုယ့်အိမ်ထောင်နဲ့ကိုယ်မှ ကိုယ့်သားသမီးနဲ့ ကိုယ်မှဟုတ်တာ''

''အဟီး ဟီး ဟီး…''

အဲသလိုပြောရင် မမြတင်က စပ်ဖြဲဖြဲနဲ့ ရယ်ခဲ့သတဲ့။ အဲသလိုနဲ့ ကိုကောင်းညွှန့်နဲ့ မမြတင်တို့ဟာ ဘေးဝန်းကျင်ကရော၊ ဆွေမျိုးတွေကပါ အပြောများလာကြတော့ တစ်ဦးနဲ့တစ်ဦး နားလည်မှုတွေရသွားပြီး လက်ထပ်ဖို့အထိ အစီအစဉ်ဆွဲကြသတဲ့။

''ကိုကောင်းညွှန့် မမမြတင်နဲ့ မင်္ဂလာဆောင်တော့မှာဆို''

''အင်း… ငါက အဲသလောက်ထိ မရည်ရွယ်ပါဘူး၊ သူက''

''တော်စမ်းပါဗျာ၊ ချိတ်ချိတ်ချင်းမို့ ချိတ်တာပါ''

''မမမြတင်''



''ဟေး…''

''ကိုကြီးကောင်းညွှန့်နဲ့ ယူကြတော့မယ်ဆို''

''သူက အတင်းတောင်းခံနေတော့လည်း လက်ခံလိုက်ရတာပေါ့အေ''

''အံမယ်… သူကအတင်း တောင်းခံလို့လေး ဘာလေးနဲ့၊ မမမြတင်ကရော စိတ်မပါလို့လား''

''ဟင်း- ဟင်း- ဟင်း… ပါတာပေါ့''

အဲသလိုနဲ့ လက်ထပ်ကြဖို့ ရက်ရွေးခဲ့ကြသတဲ့။ မင်္ဂလာပွဲရက်နီးတော့ ကိုကောင်းညွှန့်နဲ့ မမြတင်တို့ဟာ မင်္ဂလာပွဲရက်မှာ ဝတ်ကြဖို့နဲ့ မင်္ဂလာပွဲရက်မှာ ကျွေးဖို့ဝယ်ခြမ်းရင်း မြို့ကိုလိုက်ပြီး ဝယ်ကြတယ်။ အဲသလိုနဲ့ မင်္ဂလာပွဲရက်ရောက်တော့ ကိုကောင်းညွှန့်ရော မမြတင်ပါ အပျံစားဝတ်ထားကြသတဲ့။

အဲသလို ဝတ်စားထားရင်းနဲ့…

''ဘယ့်နှယ့်လဲဟေ့၊ ငါတို့နှစ်ယောက် လိုက်ဖက်ညီရဲ့လားကွ''

''ဝတ်တာစားတာလှရဲ့လားဟေ့''

အဲသလိုမေးကြတဲ့အချိန် ရှုတ်နောက်နောက် လူတစ်ဦးက ပြောလိုက်တဲ့ စကားကြောင့် မင်္ဂလာပွဲလာတဲ့သူတွေအားလုံး တဟားဟားရယ်မောမိကြသတဲ့။ အဲဒီလူပြောလိုက်တဲ့ စကားက…

''တော်စမ်းပါကွာ၊ တစ်ယောက်က ဘဲဥအကွဲ၊ တစ်ယောက်က ကြက်ဥအကွဲ၊ ဘဲဥအကွဲနဲ့ ကြက်ဥအကွဲ၊ ဟင်း-ဟင်း-ဟင်း… သားပေါက်နိုင်မှာ မဟုတ်ပါဘူးကွ''

အဲဒီအဖြစ်၊ အဲဒီစကားက အဲဒီရွာမှာ ရာဇဝင်တွင်သွားပြီး ကိုကောင်းညွှန့်တို့ လင်မယားကိုလည်း အမည်ပေးလိုက်သတဲ့။

အဲဒီအမည်က…

''ဘဲဥကွဲနဲ့ကြက်ဥကွဲ လင်မယား''တဲ့။

www.burmeseclassic.com

www.burmeseclassic.com

# အမြင်မကျယ်သူ

အမြင်ကျယ်သူတစ်ဦးနှင့် အမြင်မကျယ်သူတစ်ဦးတို့ စကားပြောကြသည်။ အမြင်ကျယ်သူက…

"အရာရာကို ရွဲ့ပြီးမကြည့်စေချင်ဘူး။ ခင်ဗျားက အမြင်ကျဉ်းသူဖြစ်တယ်လို့ ရွာထဲက အပြောများနေတယ်ဗျ၊ အဲဒါပြုပြင်လိုက်ပါဗျာ။ ပြုပြင်လိုက်ရင် အမြင်ကျယ်တဲ့လူဖြစ်ပြီ။ ရွာထဲက ခင်ဗျားကို အမြင်ကျယ်သူလို့ ထင်သွားကြပြီး အားကိုးကြမှာဗျ"

အမြင်ကျဉ်းသူက ပြန်ပြောသည်။

"ဩော်… ဟုတ်လား။ ရွာထဲက ကျုပ်ကိုအမြင်ကျဉ်းသူလို့ ပြောကြသတဲ့လား"

"ဟုတ်တယ်"

"ဒါဆိုရင် ခင်ဗျားက ဘယ်လောက် အမြင်ကျယ်သလဲဗျာ"

"ကျုပ်က တစ်မိုက်ပြရင် တစ်တောင်မကဘူး၊ ဆယ်တောင်မကမြင်တဲ့လူဖြစ်တယ်ဗျာ။ ဘယ်တော့ဖြစ်ဖြစ် ပြဿနာတစ်ခုကို ရေရှည်နိုင်မြဲအောင်၊ ကျေအေးသွားအောင် အမြော်အမြင်နဲ့ပဲ ကြည့်ပြီး ဖြေရှင်းတတ်တယ်"

အမြင်ကျဉ်းသူက ပြောသည်။



"ကျုပ်ကတော့ ခင်ဗျားလိုဘယ်တော့မှ အမြင်ကျယ်မှာ မဟုတ်ပါဘူးဗျာ"

"ဟင် ဘာဖြစ်လို့လဲဗျာ"

အမြင်ကျဉ်းသူက ပြောလိုက်သည်။

"ကျုပ်မှာ မျက်စိတစ်ဖက်မှ မပါတာကိုး"

"ဟင်…"

www.burmeseclassic.com

www.burmeseclassic.com

## ပြနေတဲ့ ဆပ်ကပ်ထဲမှာ

တစ်ခါက အထက်အညာအရပ်မှာ ရွာတစ်ရွာရှိပြီး အဲဒီရွာဟာ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ဝါဆိုပွဲကိုသွားပြီး ဈေးဝယ်ကြ၊ ရုပ်ရှင်တို့ ပွဲတို့ ဆပ်ကပ်တို့ ကြည့်ကြသတဲ့။ အဲဒီရွာနဲ့ ဝါဆိုပွဲတော် ကျင်းပတဲ့ရွာဟာ လေးမိုင်ခန့်ဝေးသတဲ့။

အဲဒီ ဝါဆိုလပွဲတော်ကျင်းပတဲ့ရွာဟာ သမိုင်းဝင်ဘုရားပွဲကျင်းပခဲ့တာဖြစ်ပြီး ဆယ်ရက်ကျော် ကျင်းပတဲ့ပွဲဖြစ်သတဲ့။ အဲဒီဘုရားပွဲမှာ ရုံပွဲပါတယ်၊ ရုပ်ရှင်ပါတယ်။ ပြီးတော့ ဆပ်ကပ်လည်းပါပြီး ဈေးသည်တွေကလည်း အစုံရှိသတဲ့။ အစုံခင်းကျင်းပြီး ဈေးရောင်းကြသတဲ့။ တောင်သူသုံးပစ္စည်း၊ မီးဖိုချောင်သုံးနဲ့ လူသုံးပစ္စည်းတွေ၊ အထည်ဆိုင်တွေ၊ ဓာတ်ပုံဆိုင်တွေ အပေါ်အဝင် အကြော်ဆိုင်၊ ခေါက်ဆွဲနဲ့ မုန့်ဟင်းခါးဆိုင်တွေလည်း အပြည့်တဲ့။

အဲသလို ဝါဆိုပွဲတော်ပါတဲ့ရွာကို အဲဒီရွာကြီးက လှည်းတွေနဲ့ သွားသူသွား၊ စက်ဘီးနဲ့ သွားသူသွား၊ ခြေလျင်သွားသူသွားနဲ့ ဝယ်ခြမ်းကြ၊ စားကြသောက်ကြနဲ့ တချို့က နေ့ချင်းပြန်၊ တချို့က တစ်ညအိပ်၊ တချို့ကတော့ နှစ်ညအိပ်ပြီးမှ ပြန်လာကြသတဲ့။ အဲဒီရွာကြီးမှာ ကိုသောင်းထိန်ဆိုတဲ့ လူတစ်ဦး ရှိသတဲ့။

အဲဒီ ကိုသောင်းထိန်ဆိုတဲ့လူဟာ ရယ်မောစရာ အလွှန်ပြောတတ်တဲ့လူဖြစ်ပြီး အရက်လည်း အနည်းအကျဉ်းသောက်တတ်တဲ့လူ ဖြစ်သတဲ့။ ကိုသောင်းထိန်မှာ မခင်မြင့်ဆိုတဲ့ မိန်းမရှိပြီး သားသမီးလေးဦးရှိတဲ့ မိသားစု



ဖြစ်သတဲ့။ အဲဒီကိုသောင်းထိန်ဟာ အရက်မူးရင်ပဲဖြစ်ဖြစ်၊ အရက်မမူးရင်ပဲဖြစ်ဖြစ်၊ အကြောင်းအရာတစ်ခုကို ယုတ္တိရှိရှိအလွှန်ပြောတတ်တဲ့လူ ဖြစ်သတဲ့။

အဲသလိုနဲ့ ဝါဆိုပွဲကျင်းပတဲ့ရွာမှာ ဘုရားပွဲတော်ရက်ရောက်ခဲ့သတဲ့။ အဲဒီတော့ ကိုသောင်းထိန်တို့ တစ်ရွာလုံး လှည်းပြင်သူပြင်၊ စက်ဘီးနဲ့သွားဖို့ ပြင်သူပြင်၊ ခြေလျင်သွားကြဖို့ အဖော်ညှိသူညှိနဲ့ ရှိကြသတဲ့။

အဲဒီပွဲတော်ရက်ဆိုရင် ကိုသောင်းထိန်ဟာ သူလိုပဲ သောက်တတ်တဲ့လူသုံးလေးဦးနဲ့ အဖော်ညှိပြီး ခြေလျင်သွားတတ်ကြသတဲ့။ အဲဒါကြောင့် ဒီနှစ်လည်း အဲဒီပွဲတော်ကို ရွာကလူတွေ မသွားခင်မှာ ကြိုပြီးလာခဲ့ကြသတဲ့။ မနက်ခင်းဈေးထဲရောက်တော့ ဝယ်စရာရှိတာဝယ်၊ ကြည့်စရာရှိတာကြည့်ပြီး ညနေကျတော့ ရွာကို ပြန်ခဲ့ကြသတဲ့။

ကိုသောင်းထိန်တို့က ဦးဦးဖျားဖျားပွဲတော်ဈေး သွားပြီး ပြန်လာကြတာဆိုတော့ ရွာကကောင်လေးတွေ ကောင်မလေးတွေနဲ့ ကလေးတွေက မေးကြသတဲ့။

"ဦးလေးသောင်းထိန် ဘယ်နှယ့်လဲ၊ ပွဲတော်ဈေးက စည်ရဲ့လားဗျာ"

"စည်ပါ့ဗျာ"

"ရုံပွဲက ကောင်းပါ့မလားဗျာ"

"မင်းသားကတော့နာမည်ကြီးကွ၊ ဒါပေမယ့် ဆပ်ကပ်တော့ တကယ်ကောင်းတာကွ"

"ဟင်... ဟုတ်လား"

"ပြောပြပါဦး"

"ပြောစမ်းပါ။ နားထောင်ရအောင်"

"ကျုပ်တို့သွားရင် ဆပ်ကပ်ကြည့်ချင်လို့"

တကယ်တော့ ကိုသောင်းထိန်ဟာ ဆပ်ကပ်ကြည့်ခဲ့တာမဟုတ်ဘူးတဲ့။ ဒါပေမယ့် ယုတ္တိရှိရှိ ပြောလိုက်သတဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ကွာ… ဆပ်ကပ်က ဘာကြည့်ကောင်းလဲ မပြောနဲ့၊ ဟော… ဆိတ်က စက်ဘီးစီးတယ်၊ ကြွက်က ငံပြာရည်ရောင်းတယ်၊ ဆင်က ဟင်းရွက်ရောင်းတယ်။ ကြောင်က ထင်းခွေတယ်။ ခွေးက မြွေရှာသဗျာ"

အဲသလိုပြောတော့ ရွာကလူတွေဟာ အဟုတ်ထင်ပြီး ပွဲတော်ရက်မှာ သွားကြတော့ ဆပ်ကပ်ဝင်ကြည့်ကြသတဲ့။ ဒါပေမယ့် ကိုသောင်းထိန်ပြောခဲ့တာတစ်ခုမှ မပါဘူးတဲ့။ အဲဒီလိုနဲ့ ပွဲတော်က ပြန်လာပြီး ဆပ်ကပ်ကြည့်ရာမှာ ကိုသောင်းထိန်ပြောတဲ့ ဆိတ်၊ ကြွက်၊ ဆင်၊ ကြောင်နဲ့ခွေးတွေ မပါလို့ဆိုပြီး အပြန်မှာ မေးကြသတဲ့။

"ကိုကြီးသောင်းထိန်ပြောတဲ့ဟာတွေ တစ်ခုမှ မပါဘူး"

"ဟုတ်လည်း မဟုတ်ဘူး"

"အလကားညာပြောတာ"

"လိမ်ပြောတာ"

အဲသလိုပြောကြတော့ ကိုသောင်းထိန် ပြောလိုက်တဲ့ စကားကြောင့် အားလုံးတဟားဟားနဲ့ ရယ်မောမိကြသတဲ့။

ကိုသောင်းထိန် ပြောလိုက်တာက …

"ဟ- ဘာဖြစ်လို့ လိမ်ပြောရမှာလဲ၊ ဟော… တောင်ပိုင်းက ပွဲစားဖိုးဆိတ်က စက်ဘီးစီးတယ်၊ ဒေါ်ကြွက်က ငံပြာရည်လှည့်ရောင်းတယ်၊ မဆင်က ဟင်းရွက်ရောင်းတယ်၊ ကိုကြောင်က ထင်းခုတ်တယ်၊ ရောင်းတယ်။ ပြီးတော့ ကိုခွေးက လင်းမြွေတို့ မြွေပွေးတို့ရှာပြီး ရောင်းစားတယ် မဟုတ်ဘူးလား"

အဲသလို ပြောလိုက်တဲ့အတွက် ကိုသောင်းထိန်ပြောတဲ့လူတွေ ရွာမှာအားလုံးအဲသလို လုပ်ကိုင်စားနေတာကို သိကြတဲ့အတွက် မရယ်ဘဲ မနေနိုင်ကြဘူးတဲ့။ အဲဒါကြောင့် ကိုသောင်းထိန်ကိုလည်း အမည်ပေးကြသတဲ့။

အဲဒီအမည်က…

"ဆပ်ကပ်ပညာရှင်ကြီး"တဲ့လေ။

## ကိုဖိုးကြွား

ဖိုးကြွားသည် တစ်ရွာမှ ဧည့်သည်မိန်းကလေးများကို သူ၏အိမ်သို့ ခေါ်ခဲ့သည်။ ထိုမိန်းကလေးများထဲတွင် ဖိုးကြွားကြိုက်နေသည့် ကောင်မလေးတစ်ဦးပါသည်။ ဖိုးကြွားသည် ကောင်မလေးများကို ပြောသည်။

"ကျုပ်က မိဘတွေကို လုပ်ကျွေးနေရတာဗျ။ အိမ်မှာ မိဘနှစ်ပါးရယ် ကျုပ်တို့ညီအစ်ကို နှစ်ယောက်ရယ်ပဲ ရှိတာ"

"သြော်… ဟုတ်လား"

"ကျုပ်တို့ အိမ်က လက်သမားလုပ်တယ်လေ၊ လက်သမားပညာကို ကျုပ်ငယ်ငယ်လေးထဲက တတ်တာ။ အိမ်မှာ ကျုပ်လုပ်ခဲ့တဲ့လှည်းတွေ ခုတင်တန်းလျားတွေဆိုရင် မနည်းဘူး"

"သြော်… ပညာတော်သားပဲ"

စကားပြောရင်း လာခဲ့ကြရာ ဖိုးကြွားတို့အိမ်သို့ ရောက်လာသည်။ ဖိုးကြွားဖခင်နှင့် အစ်ကိုဖြစ်သူတို့မှာ သစ်သားချောင်းများကို ရွေဘော်ထိုး၍ နေသည်။ အိမ်ရှေ့မှာ လှည်းသစ်နှစ်စီး လုပ်ထားပြီး ခုတင်တစ်ချပ်၊ တန်းလျားနှစ်ချပ်လုပ်ပြီး ချထားသည်။

"ကဲ… ထိုင်ကြဗျာ။ အမေရေ… ဧည့်သည်တွေပါတယ်။ ကျုပ်ပိုက်ဆံပေးခဲ့တဲ့အထဲက အမြည်းလုပ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောလိုက်ချိန်၌ ညှိုသည်မိန်းကလေးများက အိမ်ထဲသို့ဝင်ထိုင်လိုက်ကြသည်။ ဖိုးကြွားက ပြောသည်။

"သြော်... အိမ်ရှေ့မှာလုပ်ထားတဲ့ လှည်းရယ်၊ ခုတင်တွေ တန်းလျားတွေရယ်က ကျုပ် လက်ရာချည်းပဲဗျ"

ထိုသို့ပြောအပြီး သူ့ဖခင်ဖြစ်သူ ပြောလိုက်သည့်စကားကြောင့် ညှိုသည်မိန်းကလေးအားလုံး မထိန်းနိုင်ဘဲ ရယ်လိုက်ကြသည်။

"ဟုတ်တယ်။ အခုမှ သူ့လက်နဲ့ကိုင်သွားလို့ သူ့လက်ရာတွေ ထင်ကျန်ခဲ့တာ မိန်းကလေးတို့ရဲ့"

## အတော်မိုက်တဲ့ကောင်

တစ်ခါက အထက်အညာအရပ်က ရွာကြီးတစ်ရွာမှာ အရှေ့ကျောင်းအနောက်ကျောင်းဆိုပြီး ကွဲနေကြသလို အရှေ့ပိုင်းအနောက်ပိုင်းဆိုပြီး ကွဲကြတဲ့အတွက် အဲဒီအရပ်မှာ အကွဲအပြဲအကြီးဆုံးဆိုပြီး နာမည်အရမ်းကြီးတဲ့ ရွာကြီးတစ်ရွာရှိသတဲ့။ အဲဒီရွာကြီးဟာ အိမ်ခြေတစ်ထောင်ကျော်နီးပါးရှိပြီး တောင်သူလုပ်ငန်းလုပ်တဲ့ တောင်သူဦးရေကများပြီး လက်လုပ်လက်စား အလုပ်သမားက နည်းပါးတဲ့ရွာကြီး ဖြစ်သတဲ့။

"အဲဒီရွာကတော့ကွာ... ကွဲစရာမရှိ ဘုန်းကြီးကျောင်းတွေ ကွဲအောင်လုပ်ကြတာ၊ အံ့ပါရဲ့ကွာ"

"ဟုတ်ပါ့ကွာ၊ လှူတဲ့ဒကာဒကာမတွေ ကွဲတော့လည်း အလှူခံပုဂ္ဂိုလ်တွေပါ ဘုမသိဘမသိနဲ့ ကွဲကြရတယ်"

"အံမယ်... အကွဲပြိုင်တဲ့နေရာမှာ ထဘီပုဆိုးတောင်မှ အကွဲပြိုင်တဲ့ရွာကွ"

အဲသလိုပြောယူရတဲ့အထိ ကွဲကြသတဲ့။ အဲဒီ အရှေ့ပိုင်းအနောက်ပိုင်းကွဲတဲ့ရွာမှာ ဘုန်းကြီးအချင်းချင်းကွဲ၊ လူကြီးအချင်းချင်းကွဲ၊ ကာလသားအချင်းချင်းကွဲ၊ အမျိုးသမီးအချင်းချင်း ကွဲတဲ့အပြင် အရှေ့ပိုင်းကခွေး၊

www.burmeseclassic.com

www.burmeseclassic.com



အနောက်ပိုင်းက ခွေးဆိုပြီး ကွဲကြသလို အရှေ့ပိုင်းက ကြောင်၊ အနောက်ပိုင်းက ကြောင်ဆိုတောင် ကွဲကြသတဲ့။

အဲသလိုကွဲကြတဲ့ ဘုန်းကြီးကျောင်းထဲမှာ အရှေ့ပိုင်းက ကျောင်းသားနဲ့ အနောက်ပိုင်းက ကျောင်းသားဆိုပြီး ကွဲကြသတဲ့။ အရှေ့ပိုင်းက တာတီးဆိုတဲ့ ဘုန်းကြီးကျောင်းသားက အကြီးဆုံးလည်းဖြစ် ကျောင်းသက်ရင့်တဲ့ ကျောင်းသားလည်း ဖြစ်တဲ့အတွက် ဆွမ်းခံကြွရင် တာတီးက ခေါင်းဆောင် ဖြစ်သတဲ့။ အနောက်ကျောင်းက ခေါင်းဆောင်ကတော့ ပေသီးဆိုတဲ့ ကျောင်းသားဖြစ်ပြီး ပေသီးက ကျောင်းသက်ရင့်သူ၊ အသက်ကြီးသူဖြစ်လို့ အနောက်ကျောင်းက ကျောင်းသားခေါင်းဆောင် ဖြစ်သတဲ့။

ဆွမ်းခံကြွချိန်ရောက်ပြီဆိုရင် ဆွမ်းခံထွက်ကြတဲ့အခါ သံသပိတ်တွေ၊ မြေသပိတ်တွေကိုင်ပြီး ဆွမ်းခံကြရသတဲ့။ အဲသလို ဆွမ်းခံကြွရင် အရှေ့ပိုင်းကျောင်းသားက အနောက်ပိုင်းကို ဆွမ်းခံမကြွကြသလို အနောက်ပိုင်းကျောင်းသားကိုရင်တွေကလည်း အရှေ့ပိုင်းကို ဆွမ်းခံမကြွကြဘူး။ ကြွရင်လည်း မလောင်းလှူကြဘူးတဲ့။

အဲသလိုဆွမ်းခံကြွကြတဲ့ ကိုရင်တွေ ကျောင်းသားတွေဟာ တစ်ခါတစ်ရံမဟုတ်ဘူး၊ ရက်ဆက်ဆိုသလို နှစ်ရပ်ကွက်အကြားဖြစ်တဲ့ ရွာလည်လမ်းမကြီးမှာ အမြဲတွေ့ပြီး ရန်ဖြစ်ကြသတဲ့။

"ဟေ့… အရှေ့ကျောင်းသားကွ"

"ဟေ့… အနောက်ကျောင်းသားကွ"

"အရှေ့ကျောင်း ကိုရင်ကွ"

"အနောက်ကျောင်း ကိုရင်ကွ"

"အရှေ့ကျောင်းသပိတ်က မာတယ်ဟေ့"

"ငါတို့က သံသပိတ်ကွ"

အဲသလိုလှုချင်းနပမ်းလုံးကြ၊ သပိတ်ချင်းတိုက်ကြ၊ ကိုရင်ချင်းလက်သီးထိုးကြတာ အမြဲပါတဲ့။ အဲ့ဒါကြောင့် အရှေ့ကျောင်းက ကိုရင်နဲ့ ကျောင်းသားတွေ နိုင်တဲ့အခါရှိသလို ရှုံးတဲ့အခါရှိတယ်။ အနောက်



ကျောင်းက ကိုရင်တွေနဲ့ ကျောင်းသားတွေမှာလည်း ရှုံးတဲ့အခါရှိသလို နိုင်တဲ့အခါလည်း ရှိသတဲ့။

"အရှေ့ကျောင်းကွ"

"ဟေ့… အနောက်ကျောင်းကွ"

"အရှေ့ကျောင်းက သပိတ်ကွ"

"အနောက်ကျောင်းက သပိတ်ကွ"

အဲသလိုသပိတ်ချင်းတိုက်ကြ၊ ရန်ဖြစ်ကြတဲ့အချိန် ကျောင်းခွေးအချင်းချင်းကိုက်ကြတာ အနောက်ကျောင်းက ခွေးသုံးကောင်ခမျာ နားရွက်တွေ၊ နံဘေးတွေနဲ့ ပေါင်တွေ၊ လည်ကုတ်တွေ ပြဲကုန်သတဲ့။ အဲဒီနေ့က ကျောင်းသားနဲ့ ကိုရင်တွေရော ခွေးတွေပါ အရှေ့ကျောင်းကနိုင်သွားတော့ အနောက်ကျောင်းက ကိုရင်နဲ့ကျောင်းသားတွေ မခံမရပ်နိုင် ဖြစ်ခဲ့သတဲ့။

"တောက်…မနက်ဖြန်တွေ့မယ်"

ပေသီးက အဲသလိုကြုံးဝါးပြီး နောက်ရက်မှာ ဆွမ်းခံထွက်ခဲ့ကြရသတဲ့။ အဲဒီအချိန် ပေသီးတို့ အနောက်ကျောင်းက ခွေးတွေ ဒဏ်ရာရနေတာကြောင့် မပါခဲ့ဘူးတဲ့။ အရှေ့ကျောင်းက ခွေးတွေကတော့ ပါလာခဲ့သတဲ့။ အဲသလို ရွာလယ်လမ်းမှာ ကျောင်းနှစ်ကျောင်းဆုံကြတော့…

"ဟေ့… အရှေ့ကျောင်းကခွေးတွေ လာခဲ့စမ်း"

ပေသီးက အဲသလိုပြောတော့ ကျောင်းသားနဲ့ ကိုရင်တွေက သူတို့ကိုခွေးနဲ့နှိုင်းတယ်ထင်ပြီး…

"ဘာကွ"

"အရှေ့ကျောင်းသားကွ"

"သေချင်လို့လား"

အဲသလိုပြောတော့ ပေသီးက…

"မနေ့က နိုင်သွားတဲ့ မင်းတို့အရှေ့ကျောင်းက ခွေးတွေကိုပြောတာ၊ ဒီကနေ့ လွှတ်လိုက်စမ်းကွာ… ပေသီးတဲ့"

အဲဒီတော့မှ အရှေ့ကျောင်းက ကျောင်းသားတွေ ကိုရင်တွေ

www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်သွားပြီး သူတို့ခွေးတွေကို လွှတ်ပေးလိုက်သတဲ့။ အဲဒီအချိန် အနောက်ကျောင်းက ပေသီးလုပ်ပုံကိုင်ပုံကြည့်ပြီး တဟားဟားနဲ့ ရယ်ကြသတဲ့။

ပေသီးလုပ်ပုံကိုင်ပုံက ပေသီးက လမ်းအလယ်မှာ လေးဘက်ထောက်ပြီး ဝေါင်း- ဝေါင်း- ဝေါင်း... ဟောင်နေလို့ပါပဲတဲ့။ အဲဒီတော့ အရှေ့ကျောင်းသားတွေက...

"ဟာ... တကယ်ကိုက်မယ်ထင်တယ်ဟ"

"ခွေးထက်မိုက်တဲ့ အကောင်ပါကွာ"

အဲသလိုပြောပြီး အရှေ့ကျောင်းသားတွေဟာ ခွေးတွေခေါ်ပြီး ရွာထဲဆွမ်းခံကြွခဲ့သတဲ့။

နောက်ရက် အနောက်ရပ်ထဲကလူတွေ ပေသီးလုပ်ကိုင်ပုံကို သိတဲ့အတွက် နာမည်ပေးကြသတဲ့။

"ခွေးထက်မိုက်တဲ့ ပေသီးပဲကွာ"တဲ့။

## လူကပ်လှည်းသမားနှင့် အချောင်သမား

တစ်ခါက အညာအရပ်၌ ခပ်ကပ်ကပ်လှည်းသမားနှင့် လမ်းကြုံလိုက်ချင်သည့် ခရီးသွားယောကျ်ားတစ်ဦးရှိသည်။ လှည်းသမားသည် ကုန်စည်များကို အမြဲတမ်းတင်၍ လှည်းပို့နေသူဖြစ်ပြီး လမ်းကြုံလိုက်ချင်သည့် အချောင်သမားသည် အမြဲတမ်း ခရီးသွားနေတတ်ပြီး ကြုံရာရာ၍ ခရီးသွားနေသူဖြစ်သည်။

လူကပ်လှည်းသမားသည် စီးပွားရေးသမားဖြစ်သလို အချောင်သမား စီးပွားရေးသမားသည်လည်း လူကပ်ဖြစ်ပြီး တစ်ရွာတည်းနေသူဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အကြောင်းသိများဖြစ်ကြပြီး လှည်းသမားကလည်း အချောင်သမားကို ရှောင်ခဲ့သလို အချောင်သမားကလည်း၊ လှည်းသမားကို ရှောင်ခဲ့သည်။ သို့သော် ခြေလျင်သွားတတ်သည့် အချောင်သမားကို လှည်းသမားက ပို၍ရှောင်သည်။

တစ်ခါက လူကပ်လှည်းသမားသည် ကျည်စုဆိုသည့် ရွာကိုသွားမည်ဖြစ်သည်။ အချောင်သမားကလည်း ထိုကျည်စုဆိုသည့် ရွာကိုသွားမည်ဖြစ်၍ လှည်းသမား၏လှည်းကို စောင့်စီးရာ လှည်းသမားက အချောင်သမား လိုက်မည်ဆို၍ မသွားတော့ဘဲ အချောင်သမားထွက်သွားမှ ကျည်စုကို ထွက်သွားခဲ့သည်။ ထိုကိစ္စကို အချောင်သမားသိ၍ စိတ်ဆိုးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



''အင်း… သိကြသေးတာပေါ့''

ထိုသို့ အငြိုးထားပြီး နေခဲ့သလို လှည်းသမားကလည်း အချောင်သမားခံလိုက်ရပြီဆိုပြီး ကျေနပ်သည်။

သို့ဖြင့်…

တစ်ရက်၌ လှည်းသမားသည် လှည်းနှင့်ထွက်လာသည်။ အချောင်သမားသည် လှည်းရှေ့မှ ရပ်နေသည်။ ထို့နောက် လှည်းသမားကို မေးသည်။

''ဘယ်သွားမှာလဲဗျာ''

''ကျည်စုကို သွားမှာ''

''ဟန်ကျလိုက်တာ၊ ကျုပ်လည်း အဲဒီရွာကို သွားချင်လို့''

အချောင်သမားသည် ပြောပြောဆိုဆို လှည်းပေါ်တက်လိုက်သည်။ လှည်းသမားသည် စိတ်ဆိုး၍ လှည်းကို ဒုန်းစိုင်းပြီး မောင်းသည်။ သို့သော် ကျည်စုရွာဆီမဟုတ် သရက်တောရွာဆီဖြစ်သည်။ အချောင်သမားက…

''ကျည်စုကို သွားမှာဆိုဗျ''

''မဟုတ်ဘူး၊ ခင်ဗျားကို အမြင်ကပ်လို့ပြောခဲ့တာ၊ ကျုပ်သွားမှာက သရက်တောကို သွားမှာဗျ''

ပြောရင်းနှင့် လှည်းသမားသည် အချောင်သမားဆင်း၍ မရအောင် နွားများကို အပြင်းရိုက်၍ မောင်းခဲ့လေသည်။ ထိုအခါ အချောင်သမားက ရယ်သည်။ ထို့နောက် ပြောသည်…

''ဟဲ- ဟဲ- ဟဲ- ကျုပ်က ခင်များစိတ်ခါတ်သိလို့ ကျည်စုဆိုပြီး လိမ်ပြောတာ။ ကျုပ်သွားမှာကလည်း အဲဒီသရက်တော ရွာကိုပဲဗျ''

''ဘာ…''

လှည်းသမား မျက်လုံးပြူးသွားသည်။ ထို့နောက် ကျည်စုရွာဆီ သွားမည့်လမ်းခွဲ ရောက်သည်နှင့် ကျည်စုရွာဆီ အပြင်းမောင်းပြန်သည်။

''သရက်တော မသွားဘူးကွာ၊ ကျည်စုပဲသွားမယ် မှတ်ထား''

လှည်းသမားစကားအဆုံး အချောင်သမားက ရယ်ပြီးပြောပြန်သည်။



''ဟား- ဟား- ဟား… သရက်တောသွားချင်တာနဲ့ အန်ကိုက်ပဲ မောင်းဗျာမြန်မြန်''

''တောက်… သရက်တောမသွားဘူးကွာ၊ ကျည်စုပဲ မောင်းမယ်''

''ရတယ်လေ၊ ကျုပ်က ကျည်စုလည်း သွားစရာရှိတာပဲဗျ''

ထိုအခါ လှည်းသမားသည် ကျည်စုရွာဆီ အပြေးမောင်းနေရာမှ သရက်တောရွာဆီ ပြန်လှည့်၍ မောင်းပြန်သည်။ အချောင်သမားက ပြောပြန်သည်

''ဟန်ကျလိုက်တာ၊ သရက်တောဆိုရင် ပိုပြီး ဟန်ကျသဗျို့''

''သရက်တော မသွားဘူးကွာ၊ ကျည်မှုပဲသွားမယ်''

''ပိုဟန်ကျတာပေါ့ သရက်တောဆိုရင်…''

ထိုသို့ သရက်တောရွာဆီမောင်းလိုက် ကျည်စုရွာဆီမောင်းလိုက်ဖြင့် နောက်ဆုံး၌ လှည်းသမား၏ လှည်းဝင်ရိုးကျိုးကျသွားပြီး လူကပ်လှည်းသမားနှင့် အချောင်သမားတို့မှာ လှည်းမှောက်ပြီး လှည်းပေါ်မှ ကျကာ ခေါင်းကွဲပြီး ဆေးရုံတက်လိုက်ရလေသည်။

သူတို့နှစ်ဦးအဖြစ်ကို သိသူများကတော့ တဟားဟားနှင့် ရယ်မဆုံးရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# နမူနာ

တစ်ခါက အထက်အညာအရပ်က ရွာတစ်ရွာမှာ ကိုတင့်-မအေး ဆိုတဲ့ လင်မယားနှစ်ယောက်ရှိသတဲ့။ အဲဒီ ကိုတင့်တို့ မိသားစုဟာ ဆင်းရဲတဲ့အလုပ်သမားတွေဖြစ်ပြီး တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ မိသားစုဖြစ်ပြီး သားသမီးသုံးဦး ရှိတဲ့သူတွေ ဖြစ်သတဲ့။ အဲဒီကိုတင့်တို့ မအေးတို့ဟာ ခပ်ငယ်ငယ်ကတည်းက အိမ်ထောင်ကျခဲ့တဲ့ သူတွေဖြစ်ပြီး သူတို့မွေးခဲ့တဲ့ သားတစ်ယောက်နဲ့ သမီးနှစ်ယောက်ဟာလည်း အပျိုလူပျိုရွယ်တွေ ရောက်နေပြီဖြစ်သတဲ့။

ပြောရမယ်ဆိုရင် သားဖြစ်သူနဲ့ ကိုတင့်၊ သမီးနှစ်ယောက်နဲ့မအေး တို့ဟာ ညီအစ်ကိုတွေလို ညီအစ်မတွေလို ဖြစ်နေကြသတဲ့။

"ကိုတင့်… ခင်ဗျားနဲ့ ခင်ဗျားသားက ညီအစ်ကိုလိုပဲနော်။ မသိတဲ့လူဆိုရင် တကယ့်ညီအစ်ကိုလိုပဲ"

"မအေး… ညည်းနဲ့ ညည်းရဲ့သမီးတွေက ညီအစ်မတွေလိုပါပဲအေ၊ အဝေးကကြည့်ရင် တကယ့်ညီအစ်မအတိုင်းပဲ"

ရွာထဲကတောင် အဲသလို ပြောကြသတဲ့။ အဲသလိုနဲ့ သားဖြစ်သူ အိမ်ထောင်ကျသွားပြီး ကျန်တဲ့သမီးနှစ်ယောက်လည်း ရှေ့ဆင့်နောက်ဆင့် ဆိုသလို အိမ်ထောင်ကျသွားခဲ့ကြသတဲ့။ အဲသလို သားဖြစ်သူရော၊ သမီး



ဖြစ်သူတွေဟာ မရှိဆင်းရဲသားဆိုတော့ မရှိဆင်းရဲသားတွေနဲ့ပဲ ရခဲ့လေတော့ အိမ်ထောင်ကျတဲ့ သားရော သမီးနှစ်ယောက်ရော ကိုတင့်တို့ အိမ်ထဲမှာ နေစရာအခန်းလေးတွေဆောက်ပြီး နေခဲ့ကြရသတဲ့။ အဲသလိုနေရင်းနဲ့ ကိုယ့်မိသားစုနဲ့ကိုယ် ကိုယ့်စီးပွားရေးကိုယ် လုပ်ယူနေကြသတဲ့။

အဲသလိုနဲ့ တစ်ရက်မှာတော့ ကိုတင့်ဟာ ထုံးစံအတိုင်း မူးလာသတဲ့။ ကိုတင့်ဟာ မနက်ခင်းမှာ အရက်မသောက်ပေမယ့် ညနေခင်းချိန်မှာတော့ အရက်သောက်တတ်သတဲ့။ ကိုတင့်က ညနေတိုင်း အရက်တစ်ပိုင်းတော့ ပုံမှန်သောက်ခဲ့ပြီး အိမ်ရောက်ရင် သားရောသမီးရော၊ သားမက်နဲ့ချွေးမ အပါအဝင် မိန်းမဖြစ်သူ မအေးကိုလည်း ဆဲတတ်ဆူတတ်သတဲ့။

အဲဒီနေ့က ကိုတင့် မူးလာသတဲ့။

"အလကား ဘာမှမဟုတ်ဘူး။ ဖွတ်ဖွတ်ချင်း ရကြတာဆိုတော့ နေစရာမရှိ၊ အိပ်စရာမရှိ၊ စားစရာမရှိတဲ့ဟာတွေ အားလုံးကျပ်ကျပ်သတ်ထားကြ။ ငါ့ကိုဘာထင်သလဲ၊ အကုန်နှင်ချပစ်မယ်။ အားလုံးဘယ်နေကြနေကြ"

အဲသလိုပြောခဲ့သတဲ့။ ကိုတင့်အကြောင်းသိတဲ့ သားရော သမီးတွေရော ချွေးမနဲ့ သမက်တွေရော ငြိမ်နေတဲ့အပြင် မအေးလည်း ငြိမ်နေသတဲ့။ မအေးက…

"အသာနေကြ၊ သူ့ဟာသူ မူးလို့ပြောတာ"

မအေးက သားနဲ့သမီးတွေရော ချွေးမနဲ့သမက်တွေပါ အဲသလို ပြောခဲ့ပြီး-…

"ဘာမှမပြောကြနဲ့၊ အမေပြောမယ်"

အဲသလိုပြောပြီး ကိုတင့်နဲ့ စကားများကြသတဲ့။

"ဒီမယ်… ကိုတင့်"

"ဘာလဲ"

"တော့်ဟာတော် မူးရင်အသာနေ၊ ဘာမှ အပြစ်မရှိတဲ့ ကလေးတွေကို ရန်မလုပ်နဲ့၊ တော်ဟာလေ မူးလာရင် ပြဿနာကို ချီပိုးအပေါက်

www.burmeseclassic.com

www.burmeseclassic.com



ရှာချင်တဲ့လူ။ ဟင်း…ခွေးရည်သောက်ပြီး ခွေးလိုအူပြချင်တဲ့လူ"

"ဘာကွ… ငါ့ကို ခွေးနဲ့နှိုင်းတာပေါ့။ ဟုတ်လား"

"တော်ကြားတဲ့အတိုင်းပဲ ကိုတင့်၊ ဘာလုပ်ချင်လဲ"

"ဩော်… မယ်အေး၊ နင်က အားကိုးရှိတော့ ဒီကနင့်လင်ကို အာခံတယ်ပေါ့"

"ဟုတ်တယ်… အာခံတယ်။ အာခံတော့ ဘာဖြစ်လဲ"

"အံမာ… ဒီလောက်ရှိတာ၊ ငါ့ကို ဘာထင်လဲ။ ဟေ့… တော်ကို ဘာထင်လဲကွ"

"လာလေ… လာစမ်းပါ- လာစမ်းပါ- မယ်အေးတဲ့… ကဲ"

"ခွပ်…ခွပ်…"

"အား…အား…"

အဲသလို စကားများကြတော့ သားနဲ့သမီးတွေက တားကြဆွဲကြနဲ့ ရှိချိန်မှာ မအေးက ပြောရင်းနဲ့ ကိုတင့်ခေါင်းကို လက်သီးဆုပ်နဲ့ နှစ်ချက် ဆင့်ထုလိုက်သတဲ့။ အဲသလို အထုခံရတော့ ကိုတင့်က ရှက်သွားပြီး မအေးကို နပန်းပစ်လုံးတော့ ကိုတင့်က အပေါ်ကကျလိုက် မအေးက အပေါ်က ကျလိုက်နဲ့ မြေပြင်မှာ နပန်းလုံးနေကြသတဲ့။

"အမေ… တော်ပါတော့"

"တော်ပါတော့ အဖေရဲ့"

"ဘာရမလဲ… တော်တဲ့ကွ"

"မယ်အေးတဲ့… တစ်အေးထဲ ရှိတယ်ဟေ့"

အဲသလိုနဲ့ ဝိုင်းပြီးဆွဲတော့ ကိုတင့်မှာ ပုဆိုးတွေကျွတ် မအေးလည်း ထဘီတွေကျွတ်နေပြီး ခွဲလို့ရသွားသတဲ့။ ကိုတင့်ကို သားဖြစ်သူက…

"တော်စမ်းပါအဖေရာ၊ လူကြားမကောင်းဘူး"

သမီးဖြစ်သူက…

"ဟုတ်တယ်၊ လူကြားမကောင်းဘူး။ ကျုပ်တို့ကလေးတွေ ရန်ဖြစ် ရင် ကြီးတဲ့မိဘတွေက ဝင်ရောက်တားကြ၊ ဆုံးမကြရမှာ"



"အခုတော့ မိဘတွေ ရန်ဖြစ်တာ သားသမီးတွေက ဆွဲရခွဲရတယ် လို့"

အဲသလိုပြောတော့ ကိုတင့်ပြန်ပြောလိုက်တဲ့စကားကြောင့် အားလုံး ရယ်မိကြရသတဲ့။ ကိုတင့်ပြောလိုက်တာက…

"အေး… အဲသလို ရန်မဖြစ်ကြနဲ့လို့ သားတွေသမီးတွေကို နမူနာ ပြလိုက်တာပဲ"

အဲဒီအဖြစ် အဲဒီစကားက အဲဒီရွာမှာ ရာဇဝင်တွင်သွားပြီး ကိုတင့် ကိုလည်း အဲဒီရွာက နာမည်ပေးကြသတဲ့။ အဲဒီအမည်က

"နမူနာ နပန်းလုံးပြတဲ့ အရက်သမားကြီး"တဲ့။ မှတ်ကရော။

www.burmeseclassic.com

www.burmeseclassic.com

# ကူညီကြပါဗျာ

တစ်ခါက အထက်အညာအရပ်က ရွာတစ်ရွာမှာ ကိုအုန်းမောင်-မမိခင်ဆိုတဲ့ လင်မယားနှစ်ယောက် ရှိသတဲ့။ အဲဒီ ကိုအုန်းမောင်တို့ မိသားစုမှာ သားတစ်ယောက်နဲ့ သမီးတစ်ယောက်ပဲရှိပြီး မိသားစုလေးဦး ရှိတဲ့သူတွေ ဖြစ်သတဲ့။ ကိုအုန်းမောင်တို့ မိသားစုဟာ တောင်သူတစ်ရှည်း လုပ်ရှိတဲ့ လယ်ယာမြေအချို့ ရှိသတဲ့။ ဂျုံချရတဲ့ တစ်နယ်မြေအချို့ရှိပြီး၊ နှမ်း၊ ပဲအမျိုးမျိုး ချရတဲ့ သဲတောမြေတွေ ရှိသတဲ့။ သားနဲ့သမီးက ကျောင်းလိုက်အရွယ်ပဲ ရှိသေးတဲ့အတွက် ကိုအုန်းမောင်ကပဲ ဦးစီးပြီး တောင်သူလုပ်ငန်းကို လုပ်ကိုင်နေရတဲ့သူ ဖြစ်သတဲ့။ မမိခင်ကတော့ အိမ်မှာအချက်အပြုတ်နှင့် အိမ်တွင်းမှုကိစ္စတွေကိုပဲ လုပ်ရင်းအချိန်ကုန်ခဲ့သူ ဖြစ်သတဲ့။

တကယ်တော့ ကိုအုန်းမောင်ဟာ မမိခင်ကို ကြောက်ရတဲ့လူဖြစ်ပေမယ့် တစ်ခါတစ်ရံ မမိခင်မသိအောင် အရက်သောက်ချင်တဲ့လူဖြစ်တယ်။ ပြီးတော့ အဲဒီကိုအုန်းမောင်ဟာ အအိပ်မက်သူဖြစ်တယ်။ တစ်ခါတစ်ရံ ထွန်သွားမှာ ပျိုးကြဲသွားမှာကို ကိုအုန်းမောင်က မိုးလင်းအထိ အိပ်နေလို့ မမိခင်က…

"တော်… ကိုအုန်းမောင်၊ ဖင်ထဲ ဆင်ဝင်၊ နားနားဗုံးကွဲတောင် နိုးမှာမဟုတ်ဘူး။ ထတော့ ဘယ်အချိန်ရှိပြီလဲ၊ အထွန်သွားရမှာလေ"



"ငါ ထနေတာ နင်မသိလို့ပါဟာ။ အဲ- ပျင်းလို့ကွေးနေတာ"

"တော်- မဟုတ်က ဟုတ်က ပြောမနေနဲ့ ထတော့"

"ငါ- ထနေပါတယ်ဟ"

အဲသလို ဆယ်အိမ်ကြားကိုးအိမ်ကြား နိုးလွှတ်မှ အထွန်တို့၊ မျိုးကြဲတာမျိုးကြဲတာတို့ ထွက်ခဲ့သူဖြစ်သတဲ့။ အအိပ်မက်တာ၊ အရက်သောက်ချင်တာကလွဲလို့ ကိုအုန်းမောင်ဟာ အပြစ်မရှိသလို မိန်းမက ဘယ်လိုပဲ ရန်လုပ်လုပ်၊ ဘယ်လောက်ပဲဆဲဆဲ၊ ဘာမှပြန်မပြောတဲ့လူဖြစ်သလို သားတွေသမီးတွေတောင် ဘာမှမပြောတဲ့လူ ဖြစ်သတဲ့။

တစ်ရက်တော့ ဂျုံခင်းမြေတွေ ဂျုံချကာနီးဖြစ်လို့မို့ အထွန်ထွက်ရမှာဖြစ်သတဲ့။ အဲဒါနဲ့ ကိုအုန်းမောင်အကြောင်းသိတဲ့ မမိခင်က ည ၁၂နာရီ ထိုးလောက်မှာနှိုးပြီး ယာခင်းကို လွှတ်လိုက်သတဲ့။ ယာခင်းက ရွာနဲ့ အတော်ဝေးတာရယ်၊ ညဖြစ်တာကြောင့်ရယ်၊ စောစောမောင်းပြီး သွားကြမှ အချိန်တော်မှ ရောက်မှာကိုး။ အဲဒါနဲ့ ခပ်စောစောနှိုးပြီး လွှတ်လိုက်တော့ ကိုအုန်းမောင်ခမျာ လှည်းနဲ့ယာခင်းကို ထွက်ခဲ့ရသတဲ့။ အဲသလိုနဲ့ ယာခင်းကို ထွက်လာတဲ့အခါ ကိုအုန်းမောင်ဟာ အအိပ်မက်တဲ့လူပီပီ လှည်းပေါ်မှာ အိပ်ပြီးပါလာခဲ့သတဲ့။ နွားတွေကလည်း သွားနေဆဲပဲတဲ့။ အဲသလိုနဲ့ အတော်ကြာတော့ နွားနှစ်ကောင်ဟာ လန့်ပြီး လှည်းကနေ ထွက်ပြေးခဲ့သတဲ့။ အဲဒီတော့မှ ကိုအုန်းမောင် လန့်ပြီးနိုးတော့ နွားတွေနောက်လိုက်ခဲ့ရသတဲ့။ အတော်မှောင်နေတဲ့အချိန် ဖြစ်တာက တစ်ကြောင်း၊ လက်နှိပ်မီးမပါတာကတစ်ကြောင်း၊ ပြီးတော့ နွားတွေပြေးတဲ့နောက် လိုက်လာတဲ့ ကိုအုန်းမောင်ဟာ ဘယ်ရောက်လို့ ရောက်နေမှန်း မသိဘူးတဲ့။

နွားတွေက ရှေ့ကနေ ပြေးနေရင်း ကိုအုန်းမောင်က နောက်ကနေ လိုက်ရင်းနဲ့ ရွာတစ်ရွာကို ရောက်လာသတဲ့။

"ဟော… ရှေ့ကရွာပဲ…"

အဲသလိုနဲ့ နွားနှစ်ကောင်ဟာ ရွာထိပ်တံခါးကနေ ရွာဝင်ပြေးသတဲ့။ အဲဒီတော့ ကိုအုန်းမောင်က အသံကုန်ဟစ်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



"ကယ်ကြပါဗျို့… ကျုပ်နွားတွေ လွတ်သွားလို့ ဝိုင်းဖမ်းကြပါဗျို့"

အဲသလိုအော်တော့ ရွာထဲက လူအချို့ဟာ လက်နှိပ်ဓာတ်မီးတွေနဲ့ ကြည့်ကြသတဲ့။ ကိုအုန်းမောင်ကတော့ ကယ်ပါ နွားတွေဖမ်းပါဆိုပြီး အော်ဟစ်ရင်းရှိချိန်မှာ နွားနှစ်ကောင်ဟာ အိမ်တစ်အိမ်ထဲ ဝင်သွားသတဲ့။ အဲဒီအိမ်ထဲမှာ မီးရောင်ထွန်းထားပြီး မိန်းမတစ်ဦးက မီးဖိုချောင်ထဲမှာရှိသတဲ့။ ကိုအုန်းမောင်ရဲ့ နွားနှစ်ကောင်ဟာ အဲဒီအိမ် နွားစားကျင်း(လှေ)ဆီသွားပြီး ဝင်စားနေသတဲ့။ အဲဒီတော့ ကိုအုန်းမောင်က

"ဗျို့… အိမ်ရှင်တို့… အိမ်ရှင်တို့"

"တော်…"

"ဗျို့… အစ်မကြီး- အစ်မကြီး"

"ရှင်"

"ကျုပ်နွားတွေလွတ်သွားလို့ဗျာ၊ အဲဒါခင်ဗျားတို့ လှေကိုဝင်စားနေတယ်။ အဲဒါကူဖမ်းပေးစမ်းပါဗျာ"

"ဟင်… ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

အဲဒီလိုနဲ့ အိမ်ရှင်မိန်းမက နွားတွေဖမ်းဖို့ ထွက်လာသတဲ့။ ကိုအုန်းမောင်လည်း အိမ်ထဲဝင်ခဲ့သတဲ့။ အမှောင်နဲ့ဆိုတော့ ဘာမှ သဲသဲကွဲကွဲ မမြင်ရဘူးပေါ့။

"နေပါဦးဗျာ ဒါ ဘာရွာလဲ"

"ရှင်က ဘယ်သူလဲ"

မိန်းမဖြစ်သူက ပြန်မေးတော့ ကိုအုန်းမောင်က…

"ကျုပ်က ဟိုဘက်ကုန်းကြီး ရွာကပါ။ ကျုပ် ယာထွန်ထွက်ရင်း လမ်းမှာအိပ်ပျော်သွားတာ။ အဲဒါ နွားနှစ်ကောင်က လန့်ပြီးထွက်ပြေးသွားတာဗျ။ နေပါဦး ဒီရွာကတံခါးတွေ၊ လမ်းတွေ၊ ဝင်းထရံတွေက ကျုပ်တို့ကုန်းကြီး ရွာကဥစ္စာတွေနဲ့ တူလိုက်တာ။ ပြီးတော့ ဟောဒီအိမ်နဲ့ ဝိုင်း၊



ပြီး ဒီအိမ်ကလည်း ကျုပ်နေတဲ့အိမ်နဲ့ တူလိုက်တာ"

အဲသလိုပြောလိုက်တဲ့အချိန် မိန်းမဖြစ်သူက ဟားတိုက်ရယ်ပြီး ကိုအုန်းမောင်ရဲ့ကျောကို ထုလိုက်သတဲ့။

"သေနာကျ အုန်းမောင်… ဒါတော့ရွာ၊ ဒါတော့အိမ်၊ ရှေ့က ရပ်နေတာတော့ မိန်းမတော့…"

"ဟင်…"

အဲဒီအဖြစ် အဲဒီစကားက အဲဒီရွာမှာ ရာဇဝင်တွင်သွားပြီး ကိုအုန်းမောင်ကိုလည်း ရွာထဲကလူတွေက အမည်ပေးကြသတဲ့။

အဲဒီအမည်က…

"ကိုယ့်မိန်းမကိုယ် မမှတ်မိတဲ့လူတဲ့"လေ။

မှတ်ကရော။

www.burmeseclassic.com

www.burmeseclassic.com

## ဟုတ်တယ် ဘယ်ခွေးကရယ်လို့လဲ

တစ်ခါက လှတောသားနှင့် တွင်းကြီးရွာက ကျောင်းတက်နေသည့် တွင်းကြီးရွာသား ကျောင်းသားတစ်ဦး မုံရွာကောလိပ်တွင် ဆုံကြသည်။ ထုံးစံအတိုင်း လှတောသားသည် စကားကြွယ်သူပီပီ စကားကိုပြောရင်း ရှိစဉ် ခပ်ကပ်ကပ်တွင်းကြီး ကျောင်းသားက နားထောင်နေသည်။

လှတောသားသည် သူ့အိမ်ကချမ်းသာကြောင်း၊ လယ်ယာမြေတွေရှိကြောင်း။ ထို့ကြောင့် စားပြသူခိုးကြောက်ရ၍ ခွေးလေးငါးကောင် မွေးထားရကြောင်း၊ တို့ခွေးများသည် စိတ်ချလုံခြုံရကြောင်း၊ ခွေးမျိုးကောင်းတွေဖြစ်ကြောင်း ပြောနေသည်။

"တကယ်ပြောတာ။ ကျွန်တော်တို့အိမ်က ခွေးတွေဆိုရင် ကိုက်ချင်ရင် ထပြီးကိုက်လိုက်တာ၊ ခပ်တည်တည်နဲ့ နေတာဗျ။ တစ်နိုင်ငံလုံးသူလုပ်တာစားတဲ့ မျက်နှာမျိုးတွေဗျာ"

ထိုအခါတွင်းကြီးကျောင်းသားက…

"ဟုတ်တယ်။ ဘယ်ခွေးက တဟဲဟဲ တဟားဟား ရယ်ပြနေလို့လဲ လှတောသားရဲ့"

လှတောသား ငြိမ်သွားပြီး…

"ဒါလည်း ဟုတ်တာပဲ"

## သိပြီလား

တစ်ခါက အထက်အညာအရပ်က ရွာတစ်ရွာမှာ ကိုသာလှဆိုတဲ့ လူပျိုကြီးတစ်ယောက် ရှိသတဲ့။ အဲဒီလူပျိုကြီးဟာ အသက်ငါးဆယ်နီးပါး ရှိနေပြီး အိမ်ထောင်ရေးကို မစဉ်းစားတဲ့လူ ဖြစ်သတဲ့။ ဘာဖြစ်လို့ အဲသလို မစဉ်းစားသလဲဆိုရင် သူ့ကိုကြိုက်မယ့်လူ လုံးဝမရှိလို့ပဲ ဖြစ်သတဲ့။ အဲဒီ ကိုသာလှဟာ မှန်းပြီဆိုရင် အထက်တန်းလွှာတွေကိုပဲ မှန်းတတ်ပြီး သူကမှန်းလိုက် လင်နောက်လိုက်သွားလိုက် ဖြစ်နေသတဲ့။

"အင်း… ငါတို့ရွာက ပျားဖွတ်သမားငအေး ပြောသလိုပဲ၊ ပျားအုံတစ်အုံတွေ့ခဲ့ရင် ငါ့ပျားအုံဆိုပြီး မှတ်မထားခဲ့နဲ့တဲ့။ မှတ်ပြီး နောက်ရက်သွားကြည့်ရင် မရှိတော့ဘူးဆိုသလို အခု ငါလည်း အဲဒီပျားအုံ၊ အဲ- အဲဒီ ဘယ်မိန်းကလေးမှ မမှန်းတော့ဘူး"

အဲသလိုညည်းယူရတဲ့အထိ မိန်းမယူတော့မယ်ဆိုရင် အလွဲလွဲအချော်ချော် ဖြစ်နေခဲ့သတဲ့။ ကိုသာလှကို ဘာဖြစ်လို့ မကြိုက်ကြသလဲဆိုရင် အပြစ်ကတော့ ကြီးကြီးကျယ်ကျယ် မရှိပါဘူး။ ကိုသာလှမှာ အရပ်က ရှည်တယ်၊ အသားကမည်းတယ်၊ မျက်လုံးက ပြူးတယ်၊ ပုန်းတယ်။ ပြီးတော့ သွားနာတတ်တဲ့ ရောဂါရှိသတဲ့ ကိုသာလှရဲ့ သွားတွေဟာ မတိုက်မချွတ်ထားတော့ အမြဲပဲ ပုပ်စော်နံပြီး မည်းညစ်နေသတဲ့။

www.burmeseclassic.com

www.burmeseclassic.com


"ကဲ-ကျုပ် ပျင်းတယ်၊ သွားမတိုက်ချင်ဘူး။ အရပ်ရှည်ပြီး သွားမည်းတယ်၊ ဒါအပြစ်လားဗျာ။ ကောင်မလေးတွေက ကျုပ်ကို ဒါအပြစ်ဆိုပြီး မကြိုက်ချင်ကြဘူး"

အဲသလိုနဲ့ တစ်ရက်မှာတော့ ကိုသာလှခမျာ အခံမရပ်နိုင်အောင်ဖြစ်တဲ့ သွားကိုက်ရောဂါ ဖြစ်လာပြန်သတဲ့။

"အမလေးဗျ၊ ကယ်ကြပါဦး။ အီး-ဟီး-၊ ဟီး- ဟီး"

ကိုသာလှဟာ အဲသလို အော်ဟစ်နေရသတဲ့။ အဲဒါနဲ့ မဖြစ်ချေဘူးဆိုပြီး မြို့ကိုတက်၊ သွားတွေနုတ်ပစ်ဖို့ မြို့တက်ခဲ့သတဲ့။ မြို့ရောက်တော့ ဆေးရုံသွားပြီး ပြသခဲ့သတဲ့။

"ကိုသာလှ"

"ဗျာ..."

"ရှင့်သွားတွေ နုတ်ရမယ်"

"ဟုတ်ကဲ့"

"ရှင်သွားတွေနုတ်မှ သက်သာမယ်။ အဲဒီတော့ သွားမနုတ်ခင် ဝအောင်စားထား"

"ဟုတ်ကဲ့"

အဲဒါနဲ့ ကိုသာလှဟာ ဆေးရုံနားက လက်ဖက်ရည်ဆိုင်ကို ထွက်ခဲ့သတဲ့။ လက်ဖက်ရည်ဆိုင်ရောက်တော့ စားပွဲထိုးကောင်လေးကို...

"ဟေ့... ချာတိတ်၊ လာဦး"

"ဟုတ်ကဲ့၊ လာပြီ"

"ဘာတွေရလဲကွ"

"လက်ဖက်ရည်၊ ကော်ဖီ၊ ထမင်းသုပ်၊ မုန့်တီသုပ်၊ ကြက်သား၊ ဝက်သား၊ အစုံရတယ် အစ်ကို"

"ဟုတ်ပြီ။ လက်ဖက်ရည်ငါးခွက်၊ ထမင်းသုပ်သုံးပွဲ၊ မုန့်တီသုပ်သုံးပွဲ၊ ဝက်သားနဲ့ အမြန်ချ"

အဲဒါနဲ့ စားပွဲထိုးက...



"မှာတာများလှချည်လား တစ်ယောက်ထဲ"

"ငါမှာတာသာချ... လျှာမရှည်နဲ့"

"ဟုတ်ကဲ့"

အဲသလိုနဲ့ ကိုသာလှမှာတာတွေ ချပေးရသတဲ့။ အဲဒီတော့ စားပွဲထိုးကောင်လေးက ဆိုင်ရှင်နဲ့ အခြားသူတွေကို တီးတိုးပြောလိုက်ပြီး၊ ကိုသာလှကို သိပ်မသက်ာလို့ ရဲသားနှစ်ယောက်ခေါ်လိုက်ပြီး အခြေအနေစောင့်ကြည့်နေသတဲ့။ ကိုသာလှက လက်ဖက်ရည်ငါးခွက်ကို အပြိုင်သောက်လိုက်ပြီး ထမင်းသုပ်သုံးပွဲကိုလည်း မြိုက်ကနဲကုန်အောင်စားလိုက်တယ်။ မုန့်တီသုပ်သုံးပွဲကိုပါ ဆက်ပြီး စားပစ်လိုက်တယ်။ အားလုံးကုန်သွားတော့ ကိုသာလှက...

"ဟေ့... ချာတိတ်"

"ဗျာ"

"လာဦး"

"ဟုတ်ကဲ့"

"အေ-ဟေ့... နောက်- နောက်ထပ်၊ ထမင်းသုပ်နှစ်ပွဲ ထပ်ချ"

"ဗျာ... ဟုတ်- ဟုတ်ကဲ့"

အဲသလိုမှာတော့ ထမင်းသုပ်နှစ်ပွဲ ချပေးခဲ့ရသတဲ့။ ဆိုင်ရှင်ကတော့...

"ကြည့်ထား၊ ဝိုင်းထား... ဒီလူဒီလောက်စားနေတာ၊ ပိုက်ဆံရှင်းချင်မှ ရှင်းမယ်။ ထွက်ပြေးမယ်နဲ့ တူတယ်ကွ"

"ဝိုင်းထားကြ"

ကိုသာလှစားနေတဲ့ နေရာက မနီးမဝေးမှာ ဝိုင်းထားကြသတဲ့။ မကြာပါဘူး၊ နောက်ထပ်ချထားတဲ့ ထမင်းနှစ်ပွဲစားအပြီး...

"ဘယ်လောက်ကျသလဲ"

အဲသလိုပြောအပြီး ကျသင့်ငွေတွေ ရှင်းရင်းပြောလိုက်တဲ့ ကိုသာလှစကားကြောင့် အားလုံးမျက်လုံးပြူးသွားပြီး ရယ်လိုက်ကြသတဲ့။ ကိုသာလှ

www.burmeseclassic.com

www.burmeseclassic.com



စကားက…

“အေး- သွားနှုတ်ရမှာမို့ ဝအောင်စားထားဆိုပြီး ဆရာဝန်ကမှာလို့ စားထားတာကွ။ အေ့- အေ- ဝေါ့… များ- များသွားပြီကွာ”

အဲဒီအဖြစ်၊ အဲဒီစကားက ရာဇဝင်တွင်သွားပြီး ရွာကလူတွေ သိသွားတော့ ဟားတိုက်ရယ်ကြပြီး ကိုသာလှကို အမည်သစ်တစ်ခု တိုးပေးကြသတဲ့။

“ဒီလောက်အားရှိအောင် စားတာတောင် ကြိုက်မယ့်သူ မရှိတဲ့ လူကြီးတဲ့”

## ရှင့်အမည် ဘယ်သူလဲ

တစ်ခါက အထက်အညာက ရွာတစ်ရွာမှာ ကိုကျော်ဌေး၊ ကိုအေးမောင်၊ ကိုမြင့်ကျော်ဆိုတဲ့ သူငယ်ချင်းသုံးယောက် ရှိသတဲ့။ အဲဒီသူငယ်ချင်းသုံးယောက်က တစ်လမ်းတည်း နေကြတဲ့သူတွေဖြစ်ပြီး ဝါသနာတူကြတဲ့ သူတွေလည်း ဖြစ်သတဲ့။ အဲဒီကိုကျော်ဌေးတို့ သူငယ်ချင်းသုံးဦးက အိမ်ထောင်မရှိကြသေးတဲ့ သူတွေဖြစ်သလို မိဘတွေက စီးပွားရေး တော်တဲ့ လူတွေဖြစ်တဲ့အပြင် သူတို့သုံးဦးက ရွာထဲမှာလည်း တတွဲတွဲ၊ အခြား တစ်ရွာသွားရင်လည်း အတူတူ ဖြစ်ကြသတဲ့။

အဲဒီသူငယ်ချင်းသုံးဦးဟာ အငြိမ့်ပွဲကြည့်တာ ပွဲကြည့်တာကိုလည်း ဝါသနာပါကြတဲ့ သူတွေဖြစ်ကြလို့မို့ ရွာမှာပွဲပါရင်လည်း အတူ၊ အခြား တစ်ရွာ ပွဲရှိလို့သွားကြရင်လည်း အတူတူပဲတဲ့။

တစ်ရက်တော့ သူတို့ရွာနဲ့ ရှစ်မိုင်ခန့်ဝေးတဲ့ရွာမှာ ဘုန်းကြီးပျံရှိလို့မို့ ပွဲပါတယ်ဆိုတဲ့သတင်း ရောက်လာသတဲ့။

“ဟေ့ကောင်တွေ…”

“ဘာလဲ ကျော်ဌေးရ”

“အဲဒီရွာမှာ ဘုန်းကြီးပျံရှိတယ်ကွ။ ပွဲပါသတဲ့”

“ဟင်… ဟုတ်လား၊ သွားကြည့်ကြရအောင်ဟေ့”

www.burmeseclassic.com

www.burmeseclassic.com



"အေး··· အတူတူသွားကြရအောင်"

အဲသလိုနဲ့ ပွဲရက်ရောက်တော့ ကျော်ငွေး၊ အေးမောင်နဲ့ မြင့်ကျော်တို့အဖွဲ့ဟာ ရွာထိပ်က ထန်းတောမှာ ထန်းရေဝင်သောက်ပြီး ပွဲပါတဲ့ရွာကိုထွက်ခဲ့ကြသတဲ့။ အဲသလို ထွက်ခဲ့ကြပြီး မကြာပါဘူး။ ရွာထဲရောက်ခဲ့ကြပြီး ရွာထဲက အသိမိတ်ဆွေ အိမ်တွေမှာ လည်ပတ်ရင်းနဲ့ ညနေရောက်တော့ ပွဲခင်းဘေးက အရက်ဖိုမှာ အရက်တစ်ပိုင်းစီ သောက်ပြီး ပွဲခင်းအတွင်း ဝင်ခဲ့ကြသတဲ့။

ဘုန်းကြီးပျံလည်းဖြစ်၊ ပွဲကလည်းကောင်းတဲ့ဇာတ်ဖြစ်လို့မို့ ပွဲကြည့်ပရိသတ်တွေက အပြည့်တဲ့။ အဲသလိုနဲ့ ပရိသတ်နောက်နားမှာ သူတို့သုံးယောက် စောင်တွေခြုံပြီး ထိုင်ကြည့်ကြသတဲ့။

"ဒီနေရာ ထိုင်ကြရအောင်ဟေ့"

"ဒီနေရာက ကောင်းတယ်"

အဲသလိုနဲ့သူတို့သုံးဦးက ခပ်ထွေထွေနဲ့ထိုင်ပြီး ကြည့်ကြတာပေါ့။ မကြာပါဘူး။ စတိတ်ရှိုး၊ အော်ပရာအပြီး ပြဇာတ်ကြီးအလှည့်ရောက်ခဲ့တဲ့အချိန်မှာ ပွဲကြည့်နေတဲ့ ကိုကျော်ငွေးတို့အဖွဲ့ဟာ ကာလသားတွေ ထုံးစံအတိုင်း ရှေ့ကအမျိုးသမီးအဖွဲ့ကို အာရုံစိုက်ခဲ့သတဲ့။

"ဟေ့ကောင်ကျော်ငွေး"

"ဘာလဲ မြင့်ကျော်ရ"

"ရှေ့ကကောင်မလေး သုံးယောက်ထဲက အားလုံးအချောတွေချည်းပဲကွ"

"အသာနေ ငါအပိုင်ကိုင်ပြမယ်"

"ဆရာကောင်းစားရင် တပည့်ကိုမမေ့နဲ့"

"အေး- တပည့်ကောင်းစားရင်လည်း ဆရာ့ကို မမေ့နဲ့နော်"

အဲသလိုနဲ့ ကောင်မလေးတွေအနား တဖြည်းဖြည်း တိုးကပ်ပြီးသွားကြသတဲ့။ ကောင်မလေးသုံးယောက်ကလည်း အလှဆုံးဖြစ်အောင်ပြင်ဆင်ထားတော့ ညမီးရောင်နဲ့ အလွန်လှနေသတဲ့။ မကြာပါဘူး။ ပါးကွက်



ကျားနဲ့ ကောင်မလေးက ကျော်ငွေးကို လှည့်ပြီး ပြုံးပြသတဲ့။ ကျော်ငွေးကလည်း ကောင်မလေးကို ပြန်ပြုံးပြရင်းနဲ့ ကောင်မလေးအနားကပ်နိုင်သမျှကပ်ပြီး တိုးသွားသတဲ့။

အဲသလိုနဲ့ ကျော်ငွေးနဲ့ကောင်မလေးဟာ အနီးကပ်ဆုံးရောက်နေပြီဖြစ်သတဲ့။

အဲဒီအချိန်ကောင်မလေးက ပြုံးပြရင်းနဲ့ လှည့်ပြီး မေးသတဲ့။

"ရှင်··· နံမယ်နော်"

"ဗျာ···"

"သြော်··· ရှင်နံမယ်··· သိလား"

ကောင်မလေးက တိုးတိုးလေးပြောသတဲ့။ ကျော်ငွေးကလည်း ခေါင်းတိုးပြီး နားထောင်သတဲ့။

"သြော်··· ကျုပ်နာမည်က၊ ကျုပ်အမည်က ကျော်ငွေး၊ ဒီကောင်က မြင့်ကျော်၊ ဟိုကောင်က အေးမောင်တဲ့··· မှတ်ထား"

အဲဒီတော့ ကောင်မလေးက ထပ်ပြောသတဲ့။

"မဟုတ်ဘူး၊ ရှင်- နံမယ်"

"ဟုတ်ပါပြီ။ ကျုပ်နာမည် ကျော်ငွေး၊ သူက မြင့်ကျော်၊ သူက အေးမောင်"

"ရှင်- နံမယ်- နံမယ်"

"ဟုတ်ပါပြီ။ ကျုပ်က ကျော်ငွေး၊ သူက မြင့်ကျော်၊ သူက အေးမောင်"

အဲသလို လေးငါးကြိမ် ပြောအပြီးမှာ ကောင်မလေးက···

"အို- ရှင်နံမယ်လို့ပြောနေ၊ မရဘူး··· နောက်နည်းနည်းဆုတ်"

"ဘူ···"

ကောင်မလေးဟာ အဲသလိုပြောပြီး မအောင့်အီးနိုင်တော့ဘဲ လူကြားထဲမှာ အသံကျယ်ကျယ်၊ အနံ့ဆိုးဆိုး လေညစ်တစ်လုံးမကာ လွှတ်လိုက်သတဲ့။ အဲဒီတော့မှ ကျော်ငွေးတို့အဖွဲ့နောက်ဆုတ်ခဲ့ပြီး သဘောကျ ရယ်မော

www.burmeseclassic.com

www.burmeseclassic.com



ရင်း ပြောမိကြသတဲ့။

"အမလေး… ကျော်ဋ္ဌေးရာ၊ နံမယ်နဲ့ နာမည်ကိုတောင် ခွဲခြား မသိဘူးလား"

"သိဘူးလေကွာ… သူက လေလည်ချင်လို့ နံမယ်လို့ပြောတာ။ ငါက ငါတို့အမည်တွေ မေးတယ်ထင်လို့"

အဲဒီအဖြစ်က သူတို့ရွာကိုရောက်သွားပြီး သူတို့အဖွဲ့ကို ရွာက လူတွေက ရယ်စရာအဖြစ် ပြောကြသတဲ့။ အဲဒီစကားက…

နံမယ်နဲ့ နာမည်ကိုတောင်မသိရလောက်အောင် ငမ်းတဲ့အဖွဲ့တဲ့။

## အဲဒါချကွာ

တစ်ခါက တောသားတစ်ဦး မြို့တက်လာသည်။ တောသားသည် မြို့ကို မရောက်ဖူးပေ။ ယခုတစ်ခေါက် ကိစ္စရှိ၍ မြို့တက်လာခြင်းဖြစ်ပြီး ကိစ္စပြီး၍ လက်ဖက်ရည်ဆိုင်တွင် ထိုင်လိုက်သည်။ စားပွဲထိုးကောင်လေး က တောသားအနားလာပြီး မေးသည်။

"ဘာသုံးဆောင်မလဲ အစ်ကို"

ထိုအခါ တောသားက ပြန်ပြောသည်။

"နို့ဆီမပါတဲ့ လက်ဖက်ရည်နဲ့ အီကြာဖြောင့် တစ်ပွဲပေးကွာ"

www.burmeseclassic.com

www.burmeseclassic.com

## မှတ်ချက်ပေးလိုက်သည်

တစ်ခါက အထက်အညာအရပ်က ရွာတစ်ရွာမှာ ဆံပင်ဖြတ်ရင်းဝမ်းစာရှာသည့် ကိုကျက်တောဆိုသူ တစ်ဦးရှိသည်။ ကိုကျက်တောသည် မိန်းမအပါအဝင် မိသားစုငါးဦးရှိသည့်အတွက် ကိုကျက်တောက သူတတ်သည့်ပညာနှင့် လုပ်ကိုင်စားနေခြင်းဖြစ်ပြီး ဇနီးဖြစ်သူက အကြော်ရောင်းနေရသူဖြစ်သည်။

ကိုကျက်တောတို့အိမ်သည် ရွာတောင်ပိုင်း၌ရှိပြီး အိမ်ရှေ့အပင်ရိပ်မှာ ဆံပင်ဖြတ်ဆိုင်အတွက် တဲထိုးပြီး ဆံပင်ဖြတ်သူဖြစ်သည်။ မနက်လင်းရင် ပြင်ဆင်စရာရှိတာ ပြင်ဆင်ပြီး ဆံပင်ဖြတ်သူကို စောင့်ရင်းကလေးထိန်းရသည်။ ဆံပင်ဖြတ်သူလာပါက ဆံပင်ဖြတ်ပေးပြီး ဆံပင်ဖြတ်သူမရှိပါက ကလေးထိန်းတန်ထိန်း၊ ထမင်းဟင်းချက်တန်ချက်ရသည် ဇနီးဖြစ်သူက အကြော်တောင်းရွက်၍ ဈေးရောင်းနေရပြီး နေမြင့်မှ ပြန်လာသူဖြစ်သည်။

ဆံပင်ဖြတ်သူသည် တစ်ရက်လျှင် အနည်းဆုံးလေးငါးဦး ရှိတတ်ပြီး တစ်ခါတစ်ရံ ကလေးရောလူကြီးပါ ဆယ်ဦးကျော်ကျော် ဦးရေနှစ်ဆယ်အထိ ရှိတတ်သည်။ လူအကျများပါက ကိုကျက်တောမှာ အားနာတတ်သူပီပီ ဖြတ်ပေးတတ်သည့်အတွက် မနက်စာကို ညနေမှပေါင်းပြီး စားရတတ်သည့်နေ့ရှိသည်။



ထိုရွာ၌ ကိုအေးမောင်ဆိုသူ ရှိသည်။ ကိုအေးမောင်သည် လူချမ်းသာတစ်ဦး ဖြစ်သည်။ ကိုအေးမောင်သည် အိမ်ထောင်ကျခဲ့ပြီး သီးခြားအိမ်နှင့်ဝိုင်းနှင့် နေခဲ့သော်လည်း မိဘအိမ်မှာ အလုပ်လုပ်ပေးနေရပြီး မိဘအိမ်မှာပင် စားသောက်နေသူဖြစ်သည်။ ကိုအေးမောင်၏ မိဘများမှာ ထိုရွာ၌ အချမ်းသာဆုံးသူတွေဖြစ်ပြီး အမည်များမှာ ဦးကျန့်-ဒေါ်ချစ်ခင်ဆိုသည့် အမည်များ ဖြစ်သည်။

ထိုစဉ်က လူကြီးတစ်ယောက်၏ ဆံပင်ဖြတ်ခသည် ပြားငါးဆယ်ဖြစ်ပြီး ကလေးတစ်ယောက်၏ ဆံပင်ဖြတ်ခမှာ နှစ်ဆယ့်ငါးပြားဖြစ်သည်။ ရွာ၏ထုံးစံအတိုင်း ဆံပင်ဖြတ်ခကို လက်ငင်းပေးသူရှိသည်။ အကြွေးဖြတ်သူရှိသည်။ အကြွေမရှိလို့ မပါဘူးဟုဆိုသည့် လူရှိသည်။ နောက်ရက်မှယူဟုပြောသည့် လူရှိသည်။ ထိုအခါ ကိုကျက်တောသည် အကြွေးဖြတ်သူများကို ဆံပင်ဖြတ်သည့်ရက်စွဲနှင့် ကလေးလူကြီးခွဲပြီး အမည်၊ မိဘအမည်နှင့် တောင်ပိုင်းနေသူ မြောက်ပိုင်းနေသူ၊ အရှေ့ပိုင်းနှင့် အနောက်ပိုင်းနေသူ၊ ရွာလယ်မှာနေသူ စသည်ဖြင့် တိတိကျကျ ရေးမှတ်လေ့ရှိသည်။

ထိုရွာမှ ကိုအေးမောင်သည် ငွေကြေးချမ်းသာသော်လည်း စေးကပ်သူ၊ နှမြောသူ ဖြစ်သည်။ ဘယ်တော့ဖြစ်ဖြစ် ကိုကျက်တောဆီ ဆံပင်ဖြတ်လာတိုင်း…

''အကြွေမရှိလို့ကွ''

''အဖေမရှိလို့''

''အမေရွာထဲသွားနေလို့''

''နောက်ရက်မှယူဟော့''

''နောက်တစ်ခါဖြတ်မှ ပေါင်းယူကွ''

အဲသလို ပြောတတ်သည်။ ကိုကျက်တောမှာလည်း ကိုအေးမောင်ဆံပင်ကဖြတ်တိုင်းရက်စွဲ၊ မိဘအမည်နှင့်၊ ကိုအေးမောင်ပြောသည့် စကားများကို ရေးမှတ်ထားသတဲ့။ အဲသလိုနဲ့ တစ်ရက်ရောက်တော့ ကိုအေးမောင်သည် ကိုကျက်တောထံ ဆံပင်လာဖြတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



''ကိုကျက်တောရေ''

''ရတယ်၊ ခေါ်မနေနဲ့။ ဆံပင်ဖြတ်မှာလား''

''အင်း… ဖြတ်မှာ၊ ဘာလဲ- အကြွေးညှပ်မယ်ထင်လို့လား''

''ထင်ပြီးသားပါ''

''ပိုက်ဆံပါတယ်ကွ''

''ဒီလိုပြောတာပဲ။ ပြီးမှ အကြွေးလို့ ပြောသွားတော့ မေ့ကျန်ခဲ့ရပေါင်း များပြီ''

''ဒီတစ်ခါ တကယ်ပါတယ်''

''ယုံရမှာပေါ့'' လို့ပြောပြီး သီချင်းတောင်ဆိုလိုက်သတဲ့။

''ယုန်ကောင်ငုံ၍ ယုံရပ်ရေးပြသော်လည်း ယုံရခက်ခဲ×××''

အဲသလို သီချင်းဆိုရင်း ကိုအေးမောင်ကို ဆံပင်ဖြတ်ပေးလိုက်သည်။ အဲသလိုနဲ့ ဆံပင်ဖြတ်အပြီး ကိုအေးမောင်က…

''ဘယ်လောက်လဲကွ''

''ငါးဆယ်ပါ''

''ရော့- တစ်ရာ… ပြန်မအမ်းနဲ့တော့''

အဲသလိုပြောပြီး ပြန်မယ်အလုပ်၊ ကိုကျက်တောက သူ့ရဲ့အကြွေးမှတ်တမ်းစာအုပ်ထဲကို အောက်ပါအတိုင်း ရေးမှတ်လိုက်သတဲ့။

''ရွာလယ်က ဦးကျွန်း-ဒေါ်ခင်၏သား ကိုအေးမောင် ဆံပင်ဖြတ်ခ တစ်ရာကျပ်ပေးသွား။ သို့သော် တစ်သက်လုံးဖြတ်ခအတွက်လားတော့ မသိ''

အဲဒီကိုအေးမောင်နဲ့ မှတ်ချက်စာကို သိသွားကြတော့ ရွာထဲက ကိုအေးမောင်ကို နာမည်ပေးကြသတဲ့။ အဲဒါက…

''သို့သော် တစ်သက်လုံးအတွက်လားမသိ''တဲ့။

BURMESE CLASSIC .com

## အလျှုငွေ ထည့်ဝင်လိုက်တာက

တစ်ခါက အထက်အညာအရပ်ရှိ ရွာတစ်ရွာသည် ရွာငယ်တစ်ရွာဖြစ်ပြီး အိမ်ခြေလေးရာခန့်ပင် ရှိသည့် ရွာဖြစ်သည်။ ထိုရွာတွင် ဘုန်းကြီးကျောင်းတစ်ကျောင်းရှိပြီး ထိုဘုန်းကြီးကျောင်းသည် ရေးဟောင်းကျောင်းတစ်ဆောင်ဖြစ်ရာ ကာလကြာသည်နှင့် ထိုကျောင်းသည် ပြုပြင်ရန် အချိန်ရောက်လာပြီဖြစ်၍ ဆရာတော်နှင့်တိုင်ပင်ပြီး ကျေးရွာလူကြီးအဖွဲ့သည် အလှူခံထွက်ခဲ့ကြသည်။

အလှူခံထွက်သည့် အဖွဲ့သည်လည်းနှင့် ထွက်ခဲ့ကြပြီး အပြောကောင်းသည့် ကိုမြသင်းဆိုသူက တရားဟောရင်း ကျေးရွာကျောင်းရာဇဝင်ကိုပြောရင်း လိုက်ပါလာခဲ့သည်။ သို့ဖြင့် တစ်ရွာဝင်တစ်ရွာထွက် အလှူခံရာလေးထောင်နီးပါး ရခဲ့ပြီဖြစ်သည်။ ရွာတိုင်းလိုလို တစ်အိမ်မှာ ဆယ်ပြား၊ ဆယ့်ငါးပြား ထည့်ကြသလို တောင်သူကြီး လူချမ်းသာများက ငါးကျပ်၊ တစ်ဆယ် ထည့်ဝင်ခြင်းသည် အများဆုံးဖြစ်သည်။ ငွေတစ်ဆယ်ထည့်ဝင်သူသည် အလွန်များပြားသည့် ငွေဖြစ်သည်။ ထိုစဉ်က ငွေငါးဆယ်ဆိုရင် နွားတစ်ကောင် ကျွဲတစ်ကောင် ဝယ်နိုင်သော ကာလဖြစ်သည်။

ထို့ကြောင့် အလှူခံအဖွဲ့သည် ဆယ်ရက်ခန့်ကြာသောအခါ ကုန်းကြီးရွာဟုခေါ်သည့် ရွာကြီးတစ်ရွာကို ရောက်လာသည်။ ထိုရွာသည် ရွာကြီးတစ်ရွာဖြစ်ပြီး အိမ်ခြေတစ်ထောင်နီးပါးရှိသည်။ ထိုရွာသည် လူချမ်းသာပေါသည့် ရွာဖြစ်သည်။ ဘုန်းကြီးကျောင်းလေးကျောင်းရှိသည်။ ကိုမြသင်းတို့ အလှူခံအဖွဲ့သည် ကျောင်းတစ်ကျောင်းကိုဝင်၍ ဆရာတော်တစ်ပါးအား

www.burmeseclassic.com

www.burmeseclassic.com



အကျိုးအကြောင်း လျှောက်တင်ပြီး ရှာထဲလှည့်၍ အလှူခံကြသည်။

ထိုအခါ ကိုမြသင်းက…

"ဟောဒီကုန်းကြီးရွာဟာ ဗုဒ္ဓဘာသာသူတော်စင်တွေနေတဲ့ ရွာကြီး ဖြစ်လို့ အားကိုးတကြီးနဲ့ အလှူခံထွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ကျွန်တော် တို့ရွာဟာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းပဲရှိပြီး အဲဒီကျောင်းက သုခ်ါရသဘောတရားအရ ယိုယွင်းပျက်စီးနေပြီဖြစ်လို့ ပြုပြင်ဆောင်ရွက်ရန် ကျွန်တော်တို့အဖွဲ့က အပင်ပန်းခံ၊ ကုသိုလ်ယူပြီး အလှူခံထွက်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒါကြောင့် တတ်အားသရွေ့ အလှူထည့်ဝင်ပေးကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါတယ်ခင်ဗျာ။ ဟုတ်ကဲ့… ရွှေကျောင်း တော်ကြီး ပြုပြင်ဖို့အတွက်…"

အဲသလို နိပါတ်ဇာတ်တော်တွေပါ ထည့်ပြီးပြောခဲ့တဲ့ ကိုမြသင်း အပြောကောင်းမှုကြောင့် ကုန်းကြီးရွာက လူတွေဟာ အလှူငွေထည့်ဝင်ကြ သည်။

"ဟုတ်ကဲ့၊ ဩော်… ဘုရားဒကာကြီး ကိုဝင်းမိသားစုက အလှူငွေတစ်ဆယ်၊ အလှူဒကာကြီးဦးသင်းအိမ်က ပြားငါးဆယ်။ ဟုတ်ကဲ့၊ အလှူ့ဒါယကာကြီး ဦးတုပ်ကြီးအိမ်က အလှူငွေတစ်ကျပ်၊ ဩော်… အလှူ့ဒါယကာမကြီး ဒေါ်ဆယ်တို့အိမ်က အလှူငွေ နှစ်ဆယ့်ငါးပြား၊ ဟုတ်ကဲ့၊ လှူလိုက်ကြတာ အားရစရာပါပဲဗျာ။ သာဓု-သာဓု-သာဓု-"

ထို့နောက် အလှူခံအဖွဲ့ဟာ ရွာလယ်လမ်းကို ရောက်ခဲ့သတဲ့။ လူချမ်းသာတွေနေတဲ့ လမ်းဆိုတော့ အလှူငွေတော်တော်ရလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ ကိုမြသင်းဆိုသူသည် အလှူငွေများကို ကြေညာ ပေးရင်းရှိသည်။

"ဟုတ်ကဲ့။ အလှူအမကြီးဒေါ်အုန်းက မိုးမဆုံးမြေမဆုံး လှူဒါန်း နိုင်ပါစေဆိုတဲ့ သဒ္ဓါစိတ်နဲ့ လှူဒါန်းတာက ဆယ်ပြား၊ အလှူ့ဒါယိကာမကြီး ဒေါ်သန်းလှူဒါန်းလိုက်တာက ပြားနှစ်ဆယ်…"

ထိုသို့ကြေညာပေးနေစဉ် လူတစ်ဦး အနားရောက်လာသည်။ ကို



မြသင်းက…

"ဟုတ်ကဲ့၊ လှူမယ့်အမည်ပြောပါခင်ဗျာ။ တစ်ခါတည်း ကြေညာ ပါ့မယ်"

ထိုလူက အမည်ကို ပြောလိုက်သည်။

"ဦးသက်တစ်ရာ"

ထိုအခါ ကိုမြသင်းက ကြေညာလိုက်သည်။

ဟုတ်ကဲ့ခင်ဗျာ။ ဟောဒီကုန်းကြီးရွာရဲ့ ရွာလယ်လမ်းက သူဌေး ကြီးလည်းဖြစ်၊ ဘုရားဒါယကာကျောင်းဒါယကာလည်းဖြစ်တဲ့ သူဌေးကြီး ဦးသက်က များပြားလှတဲ့ အလှူငွေထည့်ဝင်သွားပါတယ်။ အဲဒီလှူဒါန်း လိုက်တဲ့ငွေက နည်းတဲ့ငွေမဟုတ်ပါဘူး… တစ်ရာဖြစ်ပါတယ်။ အလှူ့ ဒါယကာကြီးဦးသက်က ငွေတစ်ရာကျပ် ထည့်ဝင်သွားပါတယ်ခင်ဗျာ"

ထိုသို့ကြေညာစဉ်အတွင်း ထိုလူက ပြောလိုက်သည်။

"ဟော့လူ၊ ဟော့လူ… ဦးသက်က အလှူငွေတစ်ရာမဟုတ်ဘူးဗျ။ ကျုပ်အမည်က ဦးသက်တစ်ရာတဲ့။ ကျုပ်လှူမယ့်ငွေက ဆယ်ပြားထဲရယ်'

ထိုအခါ ကိုမြသင်းဆိုသူက ပြန်ပြင်၍ ကြေညာပေးလိုက်သည်။

"ဟုတ်ကဲ့… စောစောက အလှူဒါယကာ၊ ဘုရားဒါယကာ၊ သိမ်ကျောင်းဇရပ်ဒါယကာကြီး ဦးသက်က တစ်ရာထည့်ဝင်တာမဟုတ်ပါ ဘူးတဲ့။ အဲဒီလူရဲ့အမည်က ဦးသက်တစ်ရာဆိုတဲ့ အမည်ဖြစ်ပြီး အဲဒီ ဦးသက်တစ်ရာဆိုတဲ့ ဘုရားဒါယကာ၊ ကျောင်းသိမ်ဇရပ် ဒါယကာကြီး လှူဒါန်း လိုက်တာက အလှူငွေက ဆယ်ပြား…"

ကိုမြသင်းခမျာ အသံတိမ်ဝင်သွားသလို ကြားရတဲ့သူတွေ ဟား တိုက်ရယ်မောနေကြသတဲ့။ နောက်ရက် အဲဒီကုန်းကြီးရွာက လူတွေက ဦးသက်တစ်ရာဆိုတဲ့လူကို အမည်သစ်ပေးကြသတဲ့။

အဲဒီအမည်က…

"ဦးသက်က လှူဒါန်းလိုက်တာက တစ်ရာ"တဲ့။

www.burmeseclassic.com

www.burmeseclassic.com

## ရေးတဲ့အတိုင်း ရယ်လိုက်တယ်

တစ်ခါက အထက်အညာအရပ်က ရွာတစ်ရွာမှာ နှစ်စဉ်ကျင်းပတဲ့ ဘုရားပွဲတစ်ပွဲရှိခဲ့သတဲ့။ အဲဒီဘုရားပွဲက ပြာသိုလမှာ ကျင်းပပြီး နှစ်စဉ် အရပ်ဇာတ်ကကြသတဲ့။ အဲသလို အရပ်ဇာတ်ကကြတဲ့အခါ ဇာတ်ကြီးကသလို သီချင်း၊ အော်ပဒါ၊ ပြဇာတ်ကြီးတွေအထိ အရပ်သားတွေက မင်းသမီးငှားပြီး ကကြသတဲ့။

အဲဒါနဲ့ ဘုရားပွဲရက်ရောက်တော့မှာဖြစ်တဲ့အတွက် အစည်းအဝေး လုပ်ကြသတဲ့။

“အောင်မင်းရေ… မနှစ်ကအတိုင်း မင်းဟာမင်း ပြဇာတ်ရေးပြီးရင် မင်းသားနဲ့မင်းသမီးကို ပြဇာတ်တိုက်ပေးလိုက်တော့”

“ဟုတ်ကဲ့”

“ကျက်တောက သီချင်းဆိုကြမယ့် လူငယ်တွေစုပြီး စာရင်းပြုစုထား”

“ဟုတ်ကဲ့”

“ကျင်မောင်က နှစ်ပါးသွားအကအတွက် တာဝန်ယူ”

“ဟုတ်ကဲ့”

အဲသလိုနဲ့ ကိုယ့်တာဝန်ကိုယ်ပေးလိုက်တော့ အောင်မင်းက ပြဇာတ်



ရေးခဲ့ရသတဲ့။ နှစ်တိုင်းနှစ်တိုင်း သူပြဇာတ်ကခဲ့တာကိုး။ အဲသလိုနဲ့ ပြဇာတ်ရေးအပြီးမှာ ရွာထဲက အရက်သမား၊ စာမတတ်တဲ့ တေင်ဆိုတဲ့ ကောင်လေး ရောက်လာသတဲ့။

“ကိုအောင်မင်း”

“ဘာလဲကွ”

“ကျုပ် ပြဇာတ်ထဲပါချင်လို့၊ အဲဒါတစ်နေရာရာ ထည့်ပေးဗျာ။ ကျသင့်ငွေထည့်ပါ့မယ်။ ဒါမှမဟုတ် ခင်ဗျားကို ပုဆိုးတစ်ကွင်း ကန်တော့ပါ့မယ်… နော်”

“အေး… ဒါဆိုပါရစေမယ်။ ပုဆိုးကတော့ မိုးပုဆိုးကြက်သွေးရောင် ဝယ်ပေး”

“ဟုတ်ကဲ့”

အဲသလိုနဲ့ တေင်ကို ပြဇာတ်တစ်နေရာ ထည့်ပေးလိုက်သတဲ့။ အဲသလိုနဲ့ ပြဇာတ်ရေးပြီးသွားတဲ့ အောင်မင်းက မင်းသားနဲ့ အခြားဇာတ်ကောင်တွေကို ရွေးလိုက်သတဲ့။

“ကျောက်ချဉ်ကမင်းသား၊ တက်တူက လူကြမ်း၊ တေင်က လူကြမ်းရဲ့တပည့်”

အဲသလိုနဲ့ အခြားဇာတ်ကောင်တွေပါ ရွေးချယ်အပြီး ပြဇာတ်စာအုပ်ကို ဖတ်ခိုင်းခဲ့သတဲ့။ ဘုရားပွဲရက် လေးငါးရက်ပဲလိုတော့တဲ့အချိန်မှာ ငှားထားတဲ့ မင်းသမီးကို ကြိုတင်ခေါ်ပြီး ပြဇာတ်တိုက်ခဲ့ကြသတဲ့။

အောင်မင်းကတော့ မင်းသားကဘယ်လိုပြော၊ မင်းသမီးက ဘယ်လိုပြော၊ ဘယ်လိုငို၊ အခြားဇာတ်ဆောင်တွေက ဘယ်လိုသရုပ်ဆောင်၊ ဘယ်လိုပြော စတဲ့ညွှန်ကြားချက်တွေပေးရင်း ဇာတ်တိုက်ခဲ့ရသတဲ့။ ပါဝင်ကကြမယ့် မင်းသားနဲ့ အခြားဇာတ်ဆောင်တွေက ရွာသားတွေဖြစ်ပြီး မင်းသမီးက မြို့ကငှားထားတဲ့ မင်းသမီးခပ်ချောချောလေး ဖြစ်သတဲ့။ အဲသလိုနဲ့ ဘုရားပွဲရက်ရောက်တော့ ရွာသားတွေဟာ ဘုရားဝင်းထဲမှာ ဇာတ်ခုံဆောက်ကြ ဝိုင်းဝန်းကြနဲ့ပေါ့။ အဲသလိုနဲ့ အရပ်ဇာတ်ကမယ့်ည

www.burmeseclassic.com



ရောက်ခဲ့သတဲ့။ ကတဲ့ညရောက်တော့ အများမျှော်လင့်နေတဲ့ ပြဇာတ် အလှည့် ရောက်ခဲ့သတဲ့။

"ဒီကနေ့ည တင်ဆက်မယ့်ပြဇာတ်က ဒါရိုက်တာအောင်မင်း ရေးသားတင်ဆက်လိုက်တဲ့ ငိုလိုက်ရတာချစ်သူရယ်ဆိုတဲ့ ပြဇာတ်ဖြစ်ပါ တယ်။ ရှုစားကြပါခင်ဗျာ"

အဲသလိုနဲ့ ပြဇာတ်ထွက်ခဲ့သတဲ့။ ပြဇာတ်က ခပ်ကြမ်းကြမ်းဖြစ် သတဲ့။ မင်းသမီးကို လူကြမ်းက တောထဲခေါ်ခဲ့တယ်။ မင်းသားက မင်းသမီးကို လိုက်ကယ်တယ်။ မင်းသားနဲ့လူကြမ်း ထိုးကြကြိတ်ကြတယ်။ အဲဒီဇာတ်လမ်း ဖြစ်သတဲ့။ အဲသလိုနဲ့ ကခဲ့ကြတာ ပရိသတ်က တုတ်တုတ် တောင်မလှုပ်ပဲ စိတ်ဝင်စားနေကြသတဲ့။ အဲဒါနဲ့ မင်းသမီးကို လူကြမ်း ကဆွဲခေါ်တဲ့အခန်း ရောက်ခဲ့သတဲ့။ လူကြမ်းနောက်မှာ တင့်ပါလာတယ်။ တင့်က ဘာမှပြောစရာမလိုဘူး ရယ်ရုံပဲတဲ့။

လူကြမ်းက မင်းသမီးကို…

"လာ… လိုက်ခဲ့၊ တောထဲကျမှချစ်တဲ့ အကြောင်းပြောရုံပဲ"

"အို… မလိုက်ဘူး- မလိုက်ဘူး"

"မရဘူး လိုက်ခဲ့"

အဲသလိုပြောပြီး လူကြမ်းဆွဲသွားချိန်မှာ တင့်က ရယ်ရမှာဖြစ် သတဲ့။ အဲဒီအချိန် တင့်အပြော၊ တင့်အရယ်တို့ကြောင့် ပရိသတ်အားလုံး မရယ်ပဲ မနေနိုင်ဖြစ်ပြီး ဝါးလုံးကွဲရုံမက သစ်ကွဲအောင် ရယ်လိုက်ကြသတဲ့။

တင့် သရုပ်ဆောင်လိုက်တာက…

"ဘာမှမပြောရ… ဟားခြောက်၊ ဘာမှမပြောရ ဟားခြောက်- ဘာမှမပြောရ… ဟားခြောက်"

အဲသလိုပြောနေတော့ အောင်မင်းခမျာ…

"ဟေ့ကောင် တင့်၊ ဟား ဟား ဟားလို့ ခြောက်ခါရယ်ရအောင် (ဟား၆)လို့ ရေးထားတာကွ"

အဲသလိုပြောရင်း ကားလိပ်ကို အမြန်ချလိုက်ရသတဲ့။ နောက်ရက်



တင့်ကို ရွာကလူတွေ အမည်ပေးလိုက်ကြသတဲ့။

အဲဒီအမည်က…

"ဟားခြောက်တင့်တဲ့လေ"

*ရယ်မောခြင်းနှင့် ဘဝအလှန်းများ ပြေပါစေ။*

တွင်းကြီးသားတင်ဝင်းဦး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့ကျေးလက်
# ဟာသများ(၁)

## တွင်းကြီးသားတင်ဝင်းဦး



www.burmeseclassic.com